၁၀/-

483

အမရပူရ

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

(အမှတ် ၂၀-ကျမ်းစာ)

# ဘာသာရေး

နှင့်

## ဘာသာရေးပြဿနာများ
## စစ်တပ်ကျွေးတော်

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန။

သာသနာ ၂၅၂၃ ကောဇာ ၁၃၄၁ အောက်တိုဘာ ၁၉၇၉

အမရပူရ

မဟာဂန္ဓာရုံဆရာတော်၏

အရှင်ဇနကာဘိဝံသ၏

(အမှတ်-၂၀ ကျမ်းစာ)

# ဘာသာရေး

နှင့်

## ဘာသာရေးပြဿနာများ

## စိစစ်တပ်တရှူးဖေတော်

သာသနာ-၂၅၂၃ ကောဇာ ၁၃၄၁-ခု၊ သီတင်းကျွတ်လ

၁၉၇၉ ခု၊ အောက်တိုဘာလ။

ဘာသာသွေး

ရတနာ့ဂုဏ်ရည်

ကိုယ်ကျင့်အဘိဓမ္မာ

အနာဂတ်သာသနာရေး

ဗုဒ္ဓဘာသာ သင်ခန်းစာ

**ဘာသာရေးပြဿနာများ**

**ဗုဒ္ဓါနုဿတိ ဘာဝနာ**

ရုပ်ပုံရှင်ကျင့်ဝတ်

**ဗုဒ္ဓဝင်အမေးအဖြေ**

**တ ဘာ ပ သုံ သ ရော**

ဤကျမ်းစာများကို တွဲ၍ လေ့လာဖတ်ရှုပါ

မိမိနှင့်တကွ အိမ်သူအိမ်သား လူအများအတွက် အကျိုးပြုနိုင်သော

အသိဉာဏ်အလိမ္မာများရရှိရန် ကျမ်းစာများက တာဝန်ယူပါလိမ့်မည်။

ကျင့်သုံးရန်မှာ စာဖတ်သူက တာဝန်ယူပါ။


တတိယအကြိမ်

အုပ်ရေ-၃၀၀၀

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာနအတွက်
**တော်ဝင်ပုံနှိပ်တိုက် ဒေါ်ပြုထွေး (၀၂၂၇၄)က ပုံနှိပ်၍**
လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်(၀၂၅၂၇)က ထုတ်ဝေသည်။



၂၄၃၀၈

# အရှင်ဇနကာဘိဝံသ၏

## တဘဝသံသရာဖြစ်စဉ်အကျဉ်း

၁။ အရှင်ဇနကာဘိဝံသ ဆရာတော်လောင်း သူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာ ဦးဇောတိ-ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁-ခုနှစ် တပို့တွဲလပြည့်ကျော်(၁၄)ရက် (၁၉၀၀-ပြည့်၊ ဖေဖော်ဝါရီလ ၂၇-ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆-ခုနှစ်၌ ပဌမအကြိမ် ရှင်သာမဏေပြုတော်မူသည်။

၃။ ၁၂၇၅-ခုနှစ်၌ ဒုတိယအကြိမ် ရှင်သာမဏေပြုတော်မူသည်။

၄။ ၁၂၇၉-ခုနှစ်၊ သက်တော် ၁၈-နှစ်အရွယ်တွင် ပဌမကြီးတန်းစာမေးပွဲကို အောင်တော်မူသည်။

၅။ ၁၂၈၀-ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပဌမအကြိမ် ရဟန်းအဖြစ်ခံယူတော်မူသည်။

၆။ ၁၂၈၁-ခုနှစ်၊ နယုန်လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁-ခုနှစ် တပေါင်းလပြည့်နေ့၌ တတိယအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၇။ ၁၂၈၇-ခုနှစ်၌ 'ပဌမကျော်' အောင်မြင်တော်မူသည်။

၈။ ၁၂၈၉-ခုနှစ်၌ 'သက္ကသီဟ စာမေးပွဲ' ခေါ် 'ပရိယတ္တိသာသနဟိတဓမ္မာစရိယ' ဘွဲ့ ရရှိအောင်မြင်တော်မူသည်။

၉။ ၁၃၀၃-ခု၊ ဝါဆိုဦး (၁၉၄၁-၄၂)ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ရောက်သိမ်းပိုက်မည့်နှစ်တွင် ယခုလက်ရှိ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်နေရာသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသည်။ ပြောင်းရွှေ့လာခဲ့စဉ်က သံဃာတော် ငါးပါးမျှသာရှိ၍ ပျံလွန်တော်မူချိန်တွင် သံဃာတော်ငါးရာကျော်မျှ သီတင်းသုံးလျက် ရှိ၏။

၁၀။ (လွတ်လပ်ရေးရရှိပြီးနောက်) ၁၃၁၂-ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ (ရှေးဦးစွာ) 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူရသည်။

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော်စာသင်ကျောင်းများ၌ သင်ကြားရန် မူလတန်း ဗုဒ္ဓဘာသာလက်စွဲခေါ် သင်ခန်းစာများကို ရေးသားခဲ့သည်။

၁၂။ ၁၃၁၅-ခုနှစ်၌ (က) ဆဋ္ဌသံဂီတိဘိဩဝါဒါစရိယ သံဃနာယက၊
(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက၊
(ဂ) ဆဋ္ဌသံဂီတိ ပါဠိပဋိဂ္ဂဟိသောဓက၊
(ဃ) ဆဋ္ဌသံဂီတိ ဩသာနသောဓေယျပတ္တပါဌက
အဖြစ် တင်မြှောက်တော်မူခြင်းကို ခံယူရသည်။

၁၃။ ၁၃၃၃-ခုနှစ် ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ(ဒုတိယသာသနာပိုင်)အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရသည်။

၁၄။ ၁၂၉၁-ခု၊ သက်တော်(၃၀)မှစ၍ ကျမ်းစာများကို စတင်ပြုစုတော်မူခဲ့ရာ ၁၂၉၃-ခုနှစ်တွင် ပဌမဦးဆုံး ကျမ်းစာကို ရေးသားပြီးစီးတော်မူ၍ ၁၃၃၈-ခု တန်ဆောင်မုန်းလတွင် 'နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ' ကျမ်းစာကို ရေးသားပြီးလျှင် 'တဘာဝသံသရာ' အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တိုင်ရေးတော်မူခဲ့သည်။ ပဋ္ဌာနပကရဏဘာသာဋီကာနှင့် မူလဋီကာ နိဿယ ပါဠိတော်နိဿယများကို ၁၃၃၆-ခု တန်ဆောင်မုန်းလဆန်း ၅-ရက် (၁၈-၁၁-၇၄) တနင်္ဂလာနေ့ ၁-နာရီအချိန် စတင်ပို့ချ ရေးသား၍ ၁၃၃၉-ခု ဝါခေါင်လဆန်း ၁၂-ရက်နေ့မှာ ပြီးဆုံးခဲ့ပါသည်။ သုတ်မဟာဝါဘာသာဋီကာကို ၁၃၃၇-ခု ဝါဆိုလပြည့်ကျော် ၂-ရက် ကြာသပတေးနေ့ (၂၄-၇-၇၅) စတင် ပို့ချရေးသား၍ ၁၃၃၉-ခု နတ်တော်လဆန်း ၁၃-ရက် (၂၃-၁၂-၇၇) သောကြာနေ့ ပျံလွန်တော်မမူမီ ၅-ရက်အလိုတွင် ပြီးတော်မူခဲ့ပါသည်။ ပါထေယျ ဘာသာဋီကာကိုပင် တရက်မျှ ရေးသားပို့ချခဲ့ပါသေးသည်။

၁၅။ ၁၃၃၉-ခုနှစ်၊ သက်တော် (၇၈)နှစ်အရောက် နတ်တော်လပြည့်ကျော်

၂-ရက် (၁၉၇၇-ခု၊ ဒီဇင်ဘာလ ၂၇-ရက်) အင်္ဂါနေ့ ညနေ (၄)နာရီ မိနစ်(၃၀)တွင် တဘ၀အတွက် ငြိမ်းတော်မူပါသည်။

## ကျေးဇူးတော်ရှင် ဘုရားရှင်

၁။ ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်အများ၊ စိတ်ကောင်းထား လည်း၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘ၀၊ မသိရ၊ များလှ အပြစ်တွေ့။

၂။ ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန်ကြား၊ မြတ်တရား ကြောင့်၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုကံဘ၀၊ သိကြရ၊ များလှ ကျေးဇူးပေ။

၃။ ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊ ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဘို့၊ ပရိ ယတ်နှင့်၊ ပဋိပတ်နှစ်ဖြာ၊ သာသနာကို၊ ကောင်းစွာကြိုးကုတ်၊ လွန်အား ထုတ်၊ အဟုတ်ကျင့်ကြစေ။

၄။ အကျင့်မဖော်၊ ဂုဏ်လာဘ်မျှော်၍၊ စိတ်ပျော်ကိုယ်ရှင်၊ သာသနာ၀င်မူ၊ အစဉ်နောင်လာ၊ သာသနာနှင့်၊ ကိုယ်ပါနိမ့်ကျ၊ နောက်ဘ၀၌၊ ရောက်ရ လေမည့်၊ တိုင်းမသိ၊ များဘိဒုက္ခတွေ့။ (မဟာဂန္ဓာရုံ ဆရာတော်)

## ကျေးဇူးသိ၍ ကျေးဇူးဆပ်ကြပါစို့

အရှင်ဇနကာဘိဝံသ ဆရာတော်သည် ဗုဒ္ဓသာသနာတော်နှင့် တိုင်းပြည်ကို ချစ်မြတ်နိုးသူတိုင်း ကျေးဇူးအမြဲသိနေရမည့် ပုဂ္ဂိုလ်ထူးတပါး ဖြစ်ပါသည်။ ဆရာတော်သည် အကျော်အစောဘုန်းကံကြီးမားမှုကို ဦးစားမပေးဘဲ ရဟန်း ဘ၀ကို အလွန်မြတ်နိုးတော်မူပါသည်။

နှောင်းခေတ် သာသနာတော်နှင့် တိုင်းပြည်တာ၀န်ကို ထမ်းဆောင်မည့် သူများအတွက်လည်း ဆက်စပ်ထမ်းဆောင်နိုင်ရန် ပိဋကတ်တော်သင်ရိုးကို လွယ် ကူစွာ ပေါက်မြောက်အောင် သဒ္ဒါဝိနည်း အဘိဓမ္မာ၊ သုတ္တန်ကျမ်းများကို ကုန် စင်အောင် ကြိုးစားပြုစုတော်မူခဲ့သည့်ပြင် လူရောရှင်ပါ တိုင်းပြည်နှင့်သာသနာ ကို မည်သည့် အသိဉာဏ်ကိုယ်ကျင့်တရားနှင့် မည်သို့ပြည့်စုံမှ တာ၀န်ထမ်း ဆောင်နိုင်မည်ကိုရှင်း၊ ဥပမာ—ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့် အဘိဓမ္မာ၊ အနာဂတ်သာသနာ၊ ဗုဒ္ဓဘာသာသင်ခန်းစာ၊ ဘာသာသွေး၊ ဘာသာရေး

ပြဿနာများ၊ ဗုဒ္ဓါနုဿတိဘာဝနာ အစရှိသော ကျမ်းစာများကို ရေးသား ညွှန်ပြခြင်းဖြင့်၎င်း အဆုံးအမ နည်းလမ်းညွှန်ပြထားတော်မူခဲ့ပါသည်။

ကျေးဇူးရှင်ဆရာတော်ဘုရား၏ နှလုံးသားဖြင့် သာသနာတော်အား ပူဇော်သွားသော ကျမ်းစာများကို ရဟန်းရှင်လူများလက်သို့ လွယ်ကူစွာရောက်ရှိ၍ ကောင်းမြတ်သော ကိုယ်ကျင့်တရားအဖြစ်သို့ ရောက်အောင် ကြိုးစား အားထုတ်ခြင်းဖြင့် ဆရာတော်နှင့် သာသနာတော်အား ကျေးဇူးဆပ်ကြပါစို့။

**ဗုဒ္ဓ၏ အဆုံးအမသည် လက်တွေ့လုပ်၍ ဖြစ်ကြောင်း နမူနာပြခဲ့ခြင်း**

ဆရာတော်သည် အနာဂတ်သာသနာရေးကျမ်းတွင် မိမိရေးသားညွှန်ပြခဲ့သည့်အတိုင်း ဘုရားရှင်၏သာသနာသည် တကယ်သဒ္ဓါတရားရှိ၍ တကယ်လုပ်သူရှိလျှင် ဖြစ်နိုင်ကြောင်းကို မိမိ၏ မဟာဂန္ဓာရုံ ကျောင်းတိုက်ကပင် ပရိယတ္တိရော ပဋိပတ္တိပါ သာသနာ့ ကျက်သရေဆောင်ဖြစ်အောင် နမူနာစံအဖြစ် ပြခဲ့သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

ယနေ့သာသနာတော်တွင် သံဃာတော် ငါးရာ ခြောက်ရာကျော်မျှသည် တိုင်းပြည်၏ ကောင်းမှုဖြင့် မငြိုမငြင် မဆင်းရဲရဘဲ အတူနေအတူစား အတူပညာသင်လျက် နေကြသည်မှာ မြန်မာပြည်ရော ကမ္ဘာတဝှမ်းမှာ ဤတနေရာသာ ရှိပါသည်ဟုဆိုလျှင် စကားမလွန်တန်ဟု ထင်မိပါသည်။ ဤပြယုဂ်တခုနှင့်ပင် သာသနာ့ ကျက်သရေသာမက မြန်မာ့ကျက်သရေပါ တင့်တယ်လှပါသည်။

ထို့ကြောင့် ယနေ့ နိဗ္ဗာန်သို့ အမြန်ဆုံးရောက်လိုကြပါသည်ဟု ဆိုနေကြသူ အများစုသည် ကျေးဇူးသိ၍ သိသလိုပြုတတ်ခြင်းမည်သည် ဗုဒ္ဓပွင့်တော်မူခြင်းဟူသောဒုလ္လဘလောက် ခဲယဉ်းသည်ဟု အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓမြတ်စွာ ဆုံးမတော်မူခဲ့သော အဆုံးအမနှင့်အညီ 'ကတညုတ ကတဝေဒီ' သူ့ကျေးဇူးကိုသိ၍ သိသည့်အတိုင်း ကျေးဇူးကို ဆပ်ကြပါစို့။

**ဆက်လက်တည်တံ့ပါစေသော်**

ကိုယ်တည်းတယောက်၊ ချမ်းသာရောက်ဘို့၊ ခုလောက်ကြိုးကုတ်၊
အားထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရှေးခါဘိုးဘ၊ လက်ထက်
ကလျှပ်၊ ရသည့်တန်ဖိုး၊ ထမ်းညှိုးဘို့၊ အားကြိုးမာန်တက်၊ ငါဆောင်

ရှက်သည်၊ ဆက်လက် တည်တံ့ပါစေသော်။ (မဟာဂန္ဓာရုံ တောင်မြို့ ဆရာတော်)

## ပြောသလိုလုပ်၍ လုပ်သလိုပြောလေ့ရှိခြင်း

အမရပူရမဟာဂန္ဓာရုံကျောင်းတိုက် အရှင်ဇနကာဘိဝံသ ဆရာတော်သည် ပဌမကျော်၊ သက္ကျသီဟ ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့သော်လည်း ရေးသားတော်မူခဲ့သော ကျမ်းစာများတွင် ထိုဘွဲ့ထူးဂုဏ်ထူးများကို ထည့်သွင်းဖော်ပြလေ့ မရှိခဲ့ရုံသာမက၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို မြန်မာပြည် လွတ်လပ်ရေးရလျှင်ရခြင်း ဆက်ကပ်ခံခဲ့ရသော်လည်း ထိုဘွဲ့ထူးကိုလည်း ကျမ်းစာများတွင် ထည့်သွင်းရိုက်နှိပ်ခြင်း မပြုခဲ့ရပါ။

ဆရာတော်သည် သာသနာတော်ကျိုးကို ပြုစုအားထုတ်ရန်အတွက် စာမေးပွဲအောင်မြင်မှုဂုဏ်ထူးများရှိမှ တစိတ်တဒေသ အလုပ်လွယ်ကူစွာ အောင်နိုင်မှုရှိမည်ဟု ယုံကြည်သည့်မှတပါး သာသနာတော်၏ အကျိုးကိုတကယ်ကြည်ညို၍ သီလကို တကယ်လုံခြုံမှသာ မိမိအလိုရှိသော သာသနာရေး အောင်မြင်မည်ဟု အစဉ်သဖြင့် ဆုံးမဩဝါဒပေးတိုင်း စကားစပ်မိတိုင်း ပြောဆို ဆုံးမလေ့ ရှိပါသည်။

## ခေတ်ပူဇော်ပွဲများ လုပ်လေ့မရှိ

ကျောင်းတိုက်အတွင်း စာမေးပွဲအောင်သည့်ပူဇော်ပွဲ, မွေးနေ့ ပူဇော်ပွဲ စသည်ဖြင့် လုပ်လေ့မရှိပါ။ စာမေးပွဲအောင်မြင်သော သံဃာတော်တပါး အတွက် ပူဇော်ပွဲလုပ်ချင်သဖြင့် ရဟန်းဒကာက ဆရာတော်အား လာ၍လျှောက်ရာ ဆရာတော်ကိုယ်တိုင်က မလိုက်သဖြင့် စာချဘုန်းကြီးများကို ပင့်ပါရစေဟု တောင်းပန်သဖြင့် စာချဘုန်းတော်ကြီးများကိုယ်တိုင်လည်း မလိုက်ဖြစ်ခဲ့ကြပါ။

## အမြဲပြုပြင်လေ့ရှိခြင်း

ဆရာတော်သည် မည်သူမဆို မိမိ၏ကိုယ်မှုနှုတ်မှုတို့ကို အစဉ်ပြုပြင် နေသင့်သည်ဟု ယုံကြည်ပါသည်။ ဆုံးမတော်မူလေ့ရှိသည်မှာ မိမိကိုယ် ကို အမြဲပြုပြင်ပါ။ ဘယ်အထိ ပြုပြင်ရမလဲဆိုလျှင် သေတဲ့ အချိန်အထိ ပြုပြင်ရမည်ဟု ဆုံးမလေ့ရှိပါသည်။ ဤအတိုင်းပင် ဆရာတော်သည်

တစတစ မိမိ၏ ကာယကံမှု ဝစီကံမှု စသည်တို့ကို ပြုပြင်လာခဲ့သည်မှာ ကိုယ်တိုင် သိခွင့်ရခဲ့ပါသည်။

ဤမျှ ကြီးမားသော မြော်လင့်မှုဖြင့် ကျမ်းစာများကို ပြုတော်မူခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့အနေနှင့်လည်း ဆရာတော်၏ နှလုံးသားကို ထုတ်ဖော်ပူဇော်ရာဘိသကဲ့သို့ ဆရာတော်အားရင်း၊ သာသနာတော်အားရင်း လူအား ဥာဏ်အား သဒ္ဓါအားတို့ဖြင့် အစွမ်းနိုင်ဆုံး ပူဇော်ကြပါစို့။

## ကုသိုလ်ရေးမို့ ကြိုးစားမည်

ဗုဒ္ဓမြတ်စွာလောင်းလျာတုံးက၊ နောက်ဆုံးအထိ ပါရမီ၊
လူနတ်များစွာချမ်းသာရေးမို့၊ အသက်ပေးလို့ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့၊ ငါပါအသက်ဆုံးစေမည်၊
နောက်မဆုတ်ပေါင်ခုလိုတွေးလို့၊
ကုသိုလ်ရေးမို့ ကြိုးစားမည်။

## သာသနာပြု ကူညီနိုင်သောနည်း

၁။ စေတနာရှင်များအနေဖြင့် မိမိနှစ်သက်ရာ ကျမ်းစာအုပ်ကို ရွေးချယ်၍ ကျမ်းစာဖြစ်မြောက်သည်အထိရင်း၊ ကျမ်းစာအတွက် ကုန်ကျစရိတ်ကို အရင်းထုတ်ချေးခြင်းဖြင့်ရင်း၊ ကူညီနိုင်ပါသည်။ ထုတ်ချေးငွေကို ကျမ်းစာရောင်းချပြီးသောအခါ ပြန်ဆပ်ပါမည်။

၂။ စာအုပ်ရေ ရာနှုန်းသတ်၍ မိမိဆန္ဒရှိသလောက် ကျမ်းစာအုပ်များကိုလည်း လှူဒါန်းနိုင်ပါသည်။

၃။ မိမိ၏စွမ်းနိုင်သော ငွေရင်းကို ပဓာနထား၍ သင့်တော်သော ကျမ်းစာကို ရိုက်နှိပ်လှူဒါန်းလိုကလည်း ရိုက်နှိပ်ရန် စီစဉ်ပေးပါမည်။

၄။ အဖွဲ့မှ ရိုက်နှိပ်ဖြန့်ချိသော စာအုပ်များ၌ အလိုရှိသလိုသုံးရန် လှူဒါန်းနိုင်ခြင်း ဖြစ်ပါသည်။

## သာသနာသည် အဆောက်အဦ မဟုတ်

ဤနေရာတွင် ဆရာတော်အမိန့်ရှိဘူးသော ဩဝါဒကို တင်ပြလိုပါသည်။ သာသနာတည်မြဲအောင် ပြန့်ပွါးအောင် သန့်ရှင်းအောင် လုပ်ဘို့ဆိုတာ အဆောက်အဦကြီးတွေက တတ်နိုင်တာ မဟုတ်ဘူး။ ပရိယတ္တိသာသနာနှင့် ပရိယတ္တိကိုမှီသော လမ်းမှန်သည့် ပဋိပတ္တိသာသနာကသာ သာသနာကို အရှည်တည်မြဲအောင် လုပ်နိုင်မှာ ဖြစ်ကြောင်း အမိန့်ရှိပါသည်။

ဥပမာ—"စာထဲမှာ ဒုတိယသင်္ဂါယနာတင်တဲ့ အချိန်တုံးက ဘုရားရှင်နှင့်တကွ ရဟန္တာကြီးများ သီတင်းသုံးသွားတဲ့ သာဝတ္ထိ ဇေတဝန်ကျောင်းတိုက်တော်ကြီး ပုဗ္ဗါရုံကျောင်းတိုက်တော်ကြီးများနှင့် ရာဇဂြိုဟ်က ဝေဠုဝန် ကျောင်းတိုက်တော်ကြီးများက ထင်ထင်ရှားရှား ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်ကြီးများ ပါတာမတွေ့ရဘူး။ အကျင့်သီလနှင့် နေကြတဲ့ အခြားသော သာသနာ့ဝန်ဆောင် ရဟန်းတွေသာ ဦးဆောင်ပြီး သာသနာကို စောင့်ရှောက်တော်မူခဲ့ကြတာ တွေ့ရတယ်။"

"ယခု ခေတ်ကြည့်ရင်လဲ အင်ဒိုနေရှားတို့ အာဖဂန်နီစတန်တို့ အစရှိတဲ့ နိုင်ငံတွေ အိန္ဒိယ ပြည်ကြီးတပြည်လုံးအနှံ့ ပါကစ္စတန် ပရှဝါ အစရှိတဲ့ ပြည်များမှာ ကျောက်စာ သုတေသန အသီးသီးက ရှာဖွေတူးဖော်ကြရာ တပြည်းလုံးအနှံ့ ဗုဒ္ဓနှင့်ဆိုင်ရာ ရုပ်တုတော်များပစ္စည်းများ အဆောက်အဦကြီးများ စေတီကြီးများကို တွေ့ရသော်လည်း ပြည်သူအများမှာ ဗုဒ္ဓဘာသာမှအပ အခြားဘာသာခြားများသာဖြစ်၍ ဗုဒ္ဓဘာသာဟူ၍ တယောက်မျှပင် မတွေ့ရလောက်အောင် ရှိနေပြီ မဟုတ်ပါလား။"

အဲဒီတော့ သာသနာတည်ဘို့ဆိုတာ အဆောက်အဦတွေ တိုးအောင် ခန့်ငြားအောင် လှပအောင် ပြုနေခြင်းသည် အဓိကမဟုတ်။ သန့်ရှင်း၍ သက်ဆိုင်ရာလူအများ နားလည်နိုင်သော ပရိယတ္တိစာပေများ ခိုင်ခန့် ပြန့်ပွါးအောင် စာပေပရိယတ္တိတည်ရှိ၍ မှန်ကန်စွာ ကျင့်သုံးလိုသူများ ကျင့်သုံးနိုင်ခွင့်ရခြင်း ကျင့်သုံးနေကြခြင်းသည်သာ ပဓာနဖြစ်၍

သာသနာကို အလေးပြုအားထုတ်ပုံ မမှားကြဘို့ကိုသာ မကြာခဏ ဆုံးမတော်မူလေ့ရှိခဲ့ပါသည်။

ပရိယတ္တိနှင့် ပဋိပတ္တိကို တကယ်စနစ်တကျ လေးစား၍ ဝိနည်းရှိသေပြီး စိတ်ကောင်းရှိတဲ့ ဗုဒ္ဓဘာသာ ရဟန်းများ ဥပသကာများဖြစ်အောင် အထူး အလေးပေးဆုံးမတော်မူပါသည်။

## နှစ်သက်ရွှင်လန်းနိုင်ပါစေ

ဆရာတော်၏ ကျမ်းစာများ နိုင်ငံတော်နှင့် သာသနာတော်တွင် အရှည် သဖြင့် အကျိုးပြုတည်တံ့နိုင်အောင် နာယကဆရာတော်များ၏ ညွှန်ကြားချက် အရ ကျမ်းစာအုပ်များ အဆင့်အတန်းမြင့်၍ အရှည်ခိုင်ခန့်နိုင်အောင် စာရွက် ကောင်းများဖြင့်သာ ရိုက်နှိပ်၍ အားလုံးရိုက်နှိပ်သမျှ ကျမ်းစာများကိုလည်း သီချုပ် ချုပ်၍သာ ဖြန့်ချိမည်ဖြစ်ပါသည်။

စာရွက်ကောင်းခြင်း, သီချုပ် ချုပ်ရခြင်းတို့ကြောင့် ကျမ်းစာများ ဧရိတ် မှာ သာမန်စာအုပ်များထက် ဈေးပိုကျပါသည်။ သို့သော် ယခုခေတ် သာမန် စာအုပ်များထက် သက်သာသော ဈေးနှုန်းဖြင့် ရောင်းနိုင်အောင် စီစဉ်ကြ ပါသည်။

ကျမ်းစာများမှာ ထုတ်ဝေသောအခါ အချိန်မကြာမြင့်မီ ကုန်သွားတတ် ပါသဖြင့် ဝယ်မရ၍ ဈေးနှုန်းများနေသော ကျမ်းစာများကို ဦးစားပေး၍ အမြန်ရိုက်နှိပ်နေပါသည်။

'တစု' 'တယောက်'၊ ချမ်းသာရောက်ဘို့၊
ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊
ကျုပ်တို့ဆရာ၊ ထေရ်မဟာ၏၊
ဘာသာကျမ်းများ၊ စဉ်ပြန့်ပွါး၍၊
မြတ်ဖျား(ဘုရား)သာသနာ၊ ခိုင်ခန့်ရှည်ကြာလျက်၊
မြန်မာကောင်းကျိုး၊ အစဉ်တိုးအောင်၊
အားကြိုးမာန်တက်၊ ဒို့ဆောင်ရွက်သည်၊
နှစ်သက်ရွှင်လန်းနိုင်ပါစေ။

## ရိုက်နှိပ်ဆဲ နှင့် စီစဉ်ဆဲ ကျမ်းစာများ

၁။ အနာဂတ်သာသနာအတွက် ဗုဒ္ဓဘာသာသင်ခန်းစာ (ထွက်ပြီ)၊ ၂။ ရတနာ့ဂုဏ်ရည် အထူးထုတ် (ထွက်ပြီ)၊ ၃။ ရုပ်ပုံရှင်ကျင့်ဝတ်(ထွက်ပြီ)၊ ၄။ ပါတိမောက်ဘာသာဋီကာ (ထွက်ပြီ)၊ ၅။ ဗုဒ္ဓါနုဿတိဘာဝနာ-ဗြဟ္မဇာလသုတ်၊ သာမညဖလသုတ်မြန်မာပြန် ၃-အုပ်တွဲ(ထွက်ပြီ)၊ ၆။ သင်္ဂြိုဟ်ဘာသာဋီကာ၊ ၇။ အဋ္ဌကထာ အခြေပြု၊ ၈။ ကိုယ်ကျင့်အဘိဓမ္မာ၊ ၉။ အနာဂတ်သာသနာ၊ ၁၀။ အခြေပြုသဒ္ဒါ၊ ၁၁။ အခြေပြုသင်္ဂြိုဟ်၊ ၁၂။ ဘုရားဥပဒေတော်ကြီး၊ ၁၃။ အခြေပြုပဋ္ဌာန်းတရားတော်၊ ၁၄။ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်တရားတော်၊ ၁၅။ ဒုလ္လဘကထာ၊ ၁၆။ လူချမ်းသာ၊ ၁၇။ ပါရာဇိကဏ်ဘာသာဋီကာ ၄-တွဲ၊ ၁၈။ သီလက္ခန်ဘာသာဋီကာ ၄-တွဲ၊ ၁၉။ အဋ္ဌသာလိနီဘာသာဋီကာ ၄-တွဲ၊ ၂၀။ သုတ်မဟာဝါဘာသာဋီကာ ၃-တွဲ၊ ၂၁။ ပဥ္စပကရဏဘာသာဋီကာ ၆-တွဲ၊ ၎င်းကျမ်းစာများ အဆင့်ဆင့်ထွက်ပေါ်လာရန် ကြိုးစားနေကြပါသည်။

### မပျက်မကွက် အောင်ရမည်

* တို့ဆရာတော် သက်ရှိတုန်းက
နောက်ဆုံးအထိ ရေးခဲ့သည်။

* မြတ်ကျမ်းထွေထွေ ရှင်လူလက်သို့၊
ဆက်လက်ပြန့်ပွါးရောက်စေမည်။

* ကျေးဇူးတော်ရှင် ရည်ရွယ်ချက်တော့၊
မပျက်မကွက် အောင်ရမည်။

* နောက်မဆုတ်ပေါင် ခုလိုတွေးလို့၊
ကုသိုလ်ရေးမို့ ကြိုးစားမည်။

ဤကဲ့သို့ ကျမ်းစာများ ထုတ်ဝေနိုင်အောင် ငွေအား လူအား ဉာဏ်အားဖြင့် ကူညီကြသော ပုဂ္ဂိုလ်အပေါင်းသည် အတိုင်းအတာမရှိ အမြင့်မြတ်ဆုံး ပရိယတ္တိဓမ္မဒါနကြီးကို သာသနာတော် အစွန့်ရှည်ရန် ကူညီအားပေးကြသူများဖြစ်ကြသည်နှင့်အညီ သာသနာကို စောင့်ရှောက်ကူညီကြသော အရိယာပုထုဇဉ်သူတော်ကောင်း ပုဂ္ဂိုလ်မှန်သမျှတို့က မမေ့မလျော့ထိုက်တန်သလို ကူညီ

စောင့်ရှောက်ကြစေရန် မေတ္တာကို သစ္စာဖြင့် ထပ်ဆင့်၍ ဆုတောင်းမေတ္တာ ပို့လိုက်ပါသည်။

ရသင့် ရထိုက် ရခွင့်ရှိသော အကျိုးစီးပွါးတို့သည် အပိတ်အပင် အဆီး အတားမရှိ အပြည့်အစုံ ရရှိကြပါစေသတည်း။

## ကျမ်းစာများမှ ရရှိသော 'ငွေနှင့်' ဆရာတော်

တပည့်တော်က ကျမ်းစာအုပ်နဲ့စပ်ပြီး တပည့်တော်အတွက်သာ သတိထားတာ မဟုတ်ပါဘူး တပည့်တော်နဲ့ စပ်ရာအတွက်လဲ သတိထား ပါတယ်။ တပည့်တော်ရဲ့ ကျမ်းစာအုပ်တွေ ထွက်ခါစကစပြီး လူထွက် လိမ့်မယ်လို့ ထင်ကြတုန်းဘဲ။ တပည့်တော်စဉ်းစားခဲ့ဘူးပါတယ်။ သူတို့ ပြောတာလို ငါက လူထွက်ပါပြီဆိုကြစို့။ လူထွက်ရင် ဒီစာအုပ်တွေမှ ရတဲ့ငွေဖြင့် ငါရယ်၊ ငါနဲ့ ရေစက်ဆုံတဲ့သူရယ် သုံးစွဲနေရင် ဘဝသံသရာ မှာ နစ်နာလိမ့်မယ်။ ငါရော၊ ငါနဲ့ ရေစက်ဆုံတဲ့သူရော ထိုကဲ့သို့ အနစ် နာ မခံနိုင်ပါဘူးလို့ စဉ်းစားမိပါသေးတယ်။

ယခုလဲ ကျမ်းစာအုပ်တွေကို တာဝန်ယူပြီး စက်တင်ရိုက်နှိပ်ဖြန့်ဝေ နေတဲ့ မောင်ကျော်နဲ့ တူဖြစ်သူ မောင်အောင်ခန့်တို့ကို အမြဲသတိပေး ထားပါတယ်။

ကျမ်းစာအုပ်မှ ထွက်တဲ့ ငွေကို သာသနာ့အကျိုးများဘို့ သဘော ထားရမယ်။ သင်တို့ရဲ့ စီးပွါးရေးမဖြစ်ကြစေနဲ့။ ငွေမလည်လို့ ခေတ္တသုံး လဲ ပြန်ပြီး ရှင်းနိုင်မှ ကောင်းတယ်။ ခေတ်အားလျော်စွာ သင်တို့ရဲ့ တာဝန်ဆောင်ခကိုတော့ တရားသဖြင့် သုံးကောင်းတာပေါ့။ ဆွေမျိုး ရင်းထဲက အထက်တန်းပညာ သင်ကြားဘို့ လိုနေယင် ကူညီထိုက် ပါတယ်။

စီးပွါးဖြစ်အောင်တော့ ဘယ်သူမှ မသုံးကောင်းပါဘူး။ နောက် နောင် တွင်ကျယ်နိုင်သော အထက်တန်းဘာသာဋီကာတွေ ရိုက်နိုင် အောင်သာ ကြိုးစားကြပါ။

ငါဟာ သာသနာရေးအတွက် စာရေးတယ်။ တိုက်က စာချ ဘုန်းကြီးများလဲ ကူညီကြတယ်။ ဒီတော့ ဘယ်နည်းနဲ့မှ စီးပွါးရေး မဖြစ်ကောင်းပါဘူး။ စီးပွါးရေးသုံးရင် သားစဉ်မြေးဆက်အညွန့်တုံးကြ လိမ့်မယ်။

ငါမရှိတောင် ဂန္ဓာရုံ သာသနာအတွက် ဂန္ဓာရုံဆိတ်သုဉ်းသွား ယင် အခြားဘာသာရေးအတွက်သာ ဖြစ်စေလိုတယ်လို့ ပြောထား ပါတယ်။

(တဘာဝသံသရာ စာမျက်နှာ - ၃၁၇)။

ထို့ကြောင့် ဆရာတော်ဘုရား၏ အထက်ပါ ဆန္ဒတော်နှင့်အညီသာလျှင် ယခုကျမ်းစာမှ ငွေပိုများရရှိလာခဲ့သော် နာယကဆရာတော်များ၏ ညွှန်ကြား ချက်အရ သာသနာရေးဦးစီးဌာနနှင့် ပစ္စည်းအားဖြင့် ကူညီအားပေးကြသော ရဟန်း ရှင် လူ ပုဂ္ဂိုလ်များ၏ အကူအညီရမှုကို မူတည်၍ ပရိယတ္တိသာသနာ တော်အတွက် အလွန်လိုအပ်မနေသော ဘာသာဋီကာကျမ်းကြီးများကို အမြန် ဆုံး ဝယ်ယူရရှိနိုင်အောင် ရိုက်နှိပ်ဖြန့်ချီရန် ကြိုးစားမည်ဖြစ်ပါသည်။

အထက်ပါ ရည်ရွယ်ချက်ကြီး အောင်မြင်ထမြောက်ရန် သာသနာတော်နှင့် တိုင်းပြည်အကျိုးကို စနစ်တကျ လိုလားကူညီလိုကြသော လူရှင်ရဟန်းများ၏ 'ပရိယတ္တိဓမ္မဒါန'ကုသိုလ်ကိုလည်း ပစ္စည်းအား လူအားဖြင့် ကူညီနိုင်ကြရန် အခွင့်ကောင်းကြီးတခုဖြစ်ကြောင်း သိစေအပ်ပါသည်။

## အနှစ်သက်ဆုံးအလုပ်

ရတနာ့ဂုဏ်ရည်ကျမ်းစာကို ဆရာတော်သည် ၁၂၉၃-ခု၊ သက် တော် ၃၂-နှစ်အတွင်း စတင်ရေးသားထုတ်ဝေခဲ့ပါသည်။ ရိုက်နှိပ်တဲ့ ဦးတည်ချက်မှာလည်း—

သင်္ဂြိုလ်ဘာသာဋီကာကျမ်းကြီးပြီးနေပါလျက် ရတနာသုံးပါးကို ဦးထိပ်ထားရာ ရောက်အောင် ရတနာ့ဂုဏ်ရည်ကို ရိုက်နှိပ်စေရပါတယ်။

'ရတနာ့ဂုဏ်ရည်ဆိုတဲ့ စာအုပ်ကလေးရိုက်တယ်'လို့ စပ်မိစပ်ရာ ပြောတော့ ဟိုက ဒီက ငါးကျပ် တဆယ်စီထည့်ကြလို့ ၁၃ဝဝ-လောက်ရ ပါတယ်။

တအုပ်မှ ၅ဝါး (ပြားငါးဆယ်)လောက်မှန်းပြီး ငါးကျပ်လှူတဲ့ သူမှာ ဆယ်အုပ်ရပါတယ်။ စာအုပ်က တထောင်ရှိပါတယ်။ ၃၅ဝ-

ကျပါတယ်။ အဲဒီ ၃၅ဝိ-ငွေပင် မရှိလို့ ညီရဲ့ ဆိုဒိုလေး ငွေဖြစ်အောင်
စိမ်ရပါတယ်။ (တဘဝ သံသရာ စာမျက်နှာ - ၂၂၁)—
စသည်ဖြင့် ဆရာတော်ကိုယ်တိုင် ဖော်ပြထားပါသည်။ ထိုမျှလောက် ဆရာတော် တပင်တပန်း ကျမ်းစာအုပ် ဖြစ်မြောက်အောင် အားထုတ်လာရသည့် ရတနာ့ဂုဏ်ရည် ကျမ်းစာတခုမျှကို သတိပြုကြည့်ရှုခြင်းဖြင့် ဆရာတော်၏ သာသနာ့ နှလုံးသားကို မှန်းဆပူဇော်နိုင်ပါလိမ့်မည်။

ထို့ကြောင့် ယခုဆရာတော်၏ နှလုံးသားဖြင့် ဗုဒ္ဓသာသနာတော်နှင့် တိုင်းပြည်အား ကျေးဇူးပြုသွားသော ကျမ်းစာများကို မြန်မာပြည်သားလူအများ အလွယ်တကူရရှိအောင် ကြိုးစားအားထုတ် ဖြန့်ဝေ ပေးခြင်းဖြင့် ဆရာတော်နှင့် သာသနာတော်အား ကျေးဇူးဆပ်ရာတွင် ဆရာတော်၏ အနှစ်သက်ဆုံးဖြင့် ကျေးဇူးပြုခြင်းပင် ဖြစ်ပါသည်။

## ဝမ်းမြောက်တော်မူကြပါ

ဆရာတော်၏ အနှစ်သက်ဆုံး သာသနာပြု ပရိယတ္တိ ဓမ္မဒါနကြီးကို ဖြစ်မြောက်အောင် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော်များ၏ ညွှန်ကြားမှုကို ဦးထိပ်ထား၍ ပဓာနဝတ္တုပစ္စည်းအနေဖြင့် ကူညီအားပေးကြသူများမှာ—သာသနာရေးဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ရန်ကုန်မြို့ ဦးကျင်ညွန့်-ဒေါ်ကျင်ဟုန်မိသားစု။ ပဲခူးမြို့ မှ ရွှေရည်ဆေးလိပ်ရုံ ဦးကျော်အေး-ဒေါ်စောရီ မိသားစု။ ပဲခူးမြို့ မင်းကျောင်း ဘုန်းတော်လေး ဦးသူရိယ။ ရန်ကုန်မြို့ ၃၁-လမ်း ဦးသိန်းလွင်-ဒေါ်ဝင်းသီ။ ဒေါ်ရင်မေ ဗုဒ္ဓဓမ္မလောကစာစောင်။ ဦးကြည်တွဲ - ဒေါ်အေးအေး ကမ္ဘာအေးလမ်း။ ဦးကျင်ရှင်-ဒေါ်ပို လှည်းတန်း (လမ္မတော်)။ ဦးအုန်းခင် - ဒေါ်စိန်စိန် ၃၅-လမ်း။ မြင်းခြံမြို့ ဆေးရိုးစက်ပိုင်ရှင် ဦးရီ - ဒေါ်အေးသန်းမိသားစု။ ဦးသန်း-ဒေါ်ရင်ပေ ၃၉၇-အောက်ပုဇွန်တောင်လမ်း။ ကျားသူဌေးကတော် ဒေါ်ဒေါ်စော ပဌမသော်မဆင်ရိပ်သာလမ်း။ ဒေါ်ရင်မြ၊ ဒေါ်အေးတင် ၆၆၊ ယောက်လမ်း။ ဦးရင်ဇွက်-ဒေါ်ခင်ဆိုင် ၁၄၉၊ ဗိုလ်ကလေးဈေးလမ်း။ ဓမ္မကောသက ဦးမောင်မောင် - ဒေါ်သန်း ၃၂-မဟာသုခလမ်း ကျိုက်ဟော်ရပ်။ ဦးဘိုးချင် ဗိုလ်ကလေးဈေးလမ်း။ ဒေါ်လဲ့လဲ့ပိုး ၄၆-တက္ကသိုလ်ရိပ်သာလမ်း။ ဗိုလ်မှူးဖော်ဝေသိမ်း-ဒေါ်ခင်ခင်ဝင်း ၉၅-ပြည်လမ်း ရှစ်မိုင်။ ဆရာဦးစောမောင် ကျောက်ဝန်းမြို့။ ဦးချစ်-ဒေါ်နုန်းကြည် ဆဒါန်လမ်း အသုံ။

မဉမ္မာ ဖရင်ဖတ်မြို့ ဂျာမဏီပြည်။ ဂဠုန်မင်း ဦးတင်မောင်-ဒေါ်မြင့် သားသမီး မြေးများ ဂဠုန်မင်းဆေးလိပ်ရုံပိုင် မော်လမြိုင်ကျွန်းမြို့။ ဦးလှဝင်း-ဒေါ်တင်တင်လှ အမှတ် ၂၀/၂-လမ်း၊ ၃-ရပ်ကွက် တောင်ဥက္ကလာပ။ ဦးခိုင်-ဒေါ်ခင်သန့် မိသားစု ခ/၃-ရွှေတောင်ကြားရိပ်သာ၊ ရန်ကုန်မြို့။ ဦးလှခင်မောင်-ဒေါ်ညိုညို (အငြိမ်းစား) မြေတိုင်း၄ငန ညွှန်ကြားရေးဝန်၊ ရန်ကုန်တိုင်း တရားသူကြီး။ ဦးမင်းဟန်-ဒေါ်ခင်ညွှန့်ဟန် မိသားစု၊ ၉၄-ချင်းချောင်းရိပ်သာ ရန်ကုန်မြို့။ ဒေါ်သောင်းသောင်း မိသားစု။ ကမာရွတ် မင်္ဂလာလမ်း ရန်ကုန်မြို့။ ဦးအောင်ငြိမ်း-ဒေါ်ဖွားရင် မိသားစု၊ ကမာရွတ် မင်္ဂလာလမ်း ရန်ကုန်မြို့။ ဦးစောလွင်-ဒေါ်သန်းမြင့် ၁၄၂/၃၁-လမ်း၊ ရန်ကုန်မြို့။ အစရှိသော ဆရာတော်၏ သာသနာပြုလုပ်ငန်း၌ စိတ်ဝင်စားကြသူများကလည်း မိမိစွမ်းအားဖြင့် ကူညီကြပါသည်။

အစမှအဆုံးအထိ ကျမ်းစာများ ပြီးမြောက်ထုတ်ဝေ ဖြန့်ချိနိုင်အောင် တက္ကသိုလ်ရိပ်သာလစ်း (အငြိမ်းစား) ဒုပိုလ်မှူးကြီးအောင်သိမ်း (ရွှေတိဂုံဘုရားလူကြီးဟောင်း) ဒေါ်ညွှန့်မေ၊ မိသားစုနှင့် ဦးထိန်ဝင်းတို့ မောင်နှမတစုက လိုအပ်သမျှ အရပ်ရပ်တာဝန်များကို ထမ်းဆောင်၍ သာသနာတော်ကြီးနှင့် ဆရာတော်၏ သာသနာ့တာဝန်ကြီးကို ပြီးမြောက်အောင် ကြိုးစားအားထုတ်ကြပါသည်။

> ကြိုးစားအားထုတ်ရာ၌ အောင်မြင်သမျှကိစ္စရပ်တို့သည် ဆရာတော်၏ ဘုန်းကံနှင့် သာသနာတော်၏ ဘုန်းကံကြောင့်သာ ဖြစ်ပါသည်။
>
> ကျွန်တော်တို့ စွမ်းဆောင်မှုမှာ ဆရာတော်၏ အဆုံးအမအတိုင်း သာသနာတော်သည် သတ္တဝါအားပေါင်း၏ အကျိုးစီးပွါးချမ်းသာကို အကြွင်းမဲ့ပေးစွမ်းနိုင်စွမ်းရှိသည်ဟု ဗုဒ္ဓမြတ်စွာ၌ ယုံကြည်အားကိုး၍ မိမိထိန်းသိမ်းသင့်သော သီလကို ထိန်းသိမ်းပြီးလျှင် ထိုသီလနှင့်အလုပ်ကို သစ္စာပြုခြင်းသာလျှင် ဖြစ်ပါသည်။

စိတ်ပင်ပန်း ကိုယ်ပင်ပန်းစွာ ကြိုးပမ်းဆောင်ရွက်အပ်သော ဤကုသိုလ်အဘို့ကို ဆရာတော်၏ အဆုံးအမ စာပေကျမ်းစာများ၌ လေ့လာကျင့်သုံးနေကြသူများ ဝမ်းမြောက်တော်မူကြပါ။

ဤကုသိုလ်အဘို့ကို ရသင့်ရထိုက်သော ပုဂ္ဂိုလ်သတ္တဝါ အပေါင်းသည် ထပ်တူထပ်မျှ အမျှရကြ၍ မိမိတို့ အလိုဆန္ဒရှိသလို အလိုဆန္ဒရှိသလောက် ရသင့်သော အကျိုးစီးပွါးချမ်းသာကို အပြည့်အစုံ ရရှိကြပါစေသတည်း။

**စဉ်ဆက်သာသနာတည်စေသော်**

အကယ်၍သာ၊ မြတ်ဗုဒ္ဓါသည်၊ လူ့ရွာထင်ရှား၊ မပွင့်ငြားက၊ ဤကား ကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှ အပြစ်တွေ့။ ယခုခါသော်၊ မြတ်ဇိနော်သည်၊ ပွင့်ပေါ်ထင်ရှား၊ ဟော ညွှန်ကြား၍၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးပေ။

ကျေးဇူးတော်ရှင်၊ ဘုရားရှင်၏၊ များဖြင်ဒေသနာ၊ အဖြာဖြာကို၊ များစွာဗိုလ်လူ၊ သိစိမ့်ဟူ၍၊ ဆူဆူကျမ်းစာ၊ ဘာသာဋီကာနှင့်၊ စာဝါ အမျိုးမျိုး၊ ကမ္ဗည်းထိုးခဲ့၊ နောင်ကျိုးကိုမြော်၊ တို့ဆရာတော်၏၊ ဂုဏ်တော်ကျေးဇူး၊ အထူးထူးကို၊ ညွတ်နူးရည်လျက်၊ တို့ဆောင်ရွက်သည်၊ စဉ်ဆက်သာသနာတည်စေသော်။

သာဓု....သာဓု....သာဓု....။

ဗုဒ္ဓသာသနာတော်မြတ်ကြီးအား သူတော်တရားကို စွမ်းနိုင်သမျှ ကျင့်သုံး၍ ပူဇော်နိုင်ကြပါစေ....။

၁၃၄၀-ခု၊ သီတင်းကျွတ်လဆန်း ၃-ရက်။

(၂၃-၉-၇၈)။

# ဘာသာသွေး

## မာတိကာ

အကြောင်းအရာ | | စာမျက်နှာ

**အချီနိဒါန်း**


ဘုရားဖြစ်ကြောင်း ကရုဏာတော် .... .... ၁
ချမ်းသာပေးနိုင်မှ တာရှည်ခံမည် .... .... ၂
ရှေးဆရာတော်များအမြင် .... .... ၂
အလုပ်-လုပ်ဘို့အချိန် .... .... ၃
ငွေ ၅-သောင်းဒါယကာ .... .... ၃
စဉ်းစားဘွယ်ရာ အဖြာဖြာ .... .... ၄
ဘာသာသွေးအခြေခံ၍ ပြုပြင်ရန် .... .... ၄
ဘာသာသွေးနှင့် သွေးကောင်းသူ .... .... ၅

**၁။ ပါရမီပြည့်၍ ထီးနန်းစံတော်မူခန်း**

ဘာသာအစ ပါရမီက .... .... ၇
ဝေဿန္တရာဘဝ .... .... ၇
ပါရမီဖြစ်ဘို့ သတိထားဘွယ် .... .... ၈
ပါရမီပြည့်မှ ဘုရားဖြစ် .... .... ၈
ဘုရားရှင်၏အဆင်းတော် .... .... ၉
ဘုန်းနှင့်သမ္မာပါနေပုံ .... .... ၁၀
ကလေးဘဝ စျာန်ရပုံ .... .... ၁၁
ထီးနန်းစံတော်မူပုံ .... .... ၁၁

အကြောင်းအရာ စာမျက်နှာ

## ၂။ ရဟန်းပြု၍ တရားကျင့်တော်မူခန်း

| | | | |
|---|---|---|---|
| တရားရှာခြင်း | .... | .... | ၁၄ |
| ဆရာကြီးက ချီးမြှောက်ပုံ | .... | .... | ၁၄ |
| တရားကျင့်ဘို့ဒေသ | .... | .... | ၁၅ |
| ဒုက္ကရစရိယာ ကျင့်တော်မူခြင်း | .... | .... | ၁၆ |
| မူးမေ့သွားခြင်း | .... | .... | ၁၉ |
| အစာလျှော့ခြင်း | .... | .... | ၁၉ |
| မာရ်နတ် လာ၍ပြောခြင်း | .... | .... | ၂၁ |
| အကျင့်ပြောင်းပုံ | .... | .... | ၂၂ |

## ၃။ ဘုရားဖြစ်တော်မူခန်း

| | | | |
|---|---|---|---|
| ဘုရားဖြစ်မည့်နေ့ အစီအစဉ် | .... | .... | ၂၃ |
| ဗောဓိညောင်ပင်အောက် ထိုင်တော်မူခြင်း | | .... | ၂၄ |
| စိတ်အစဉ်၏ ဂုဏ်များ | .... | .... | ၂၄ |
| ပုဗ္ဗေနိဝါသဉာဏ် | .... | .... | ၂၄ |
| ဒိဗ္ဗစက္ခုဉာဏ် | .... | .... | ၂၅ |
| အာသဝက္ခယဉာဏ် | .... | .... | ၂၆ |
| ဘုရားဖြစ်တော်မူချိန် | .... | .... | ၂၇ |
| သဗ္ဗညုတဉာဏ်တော် အစွမ်း | .... | .... | ၂၇ |
| စဉ်းစားပါ | .... | .... | ၂၈ |
| ဘုရားကိုအာရုံပြုပါ | .... | .... | ၂၈ |

## ၄။ သာသနာတည်စေတော်မူခန်း

| | | | |
|---|---|---|---|
| မာရ်နတ် လာ၍လျှောက်ခြင်း | .... | .... | ၃၀ |
| ရဟန်းကောင်းများ | .... | .... | ၃၂ |
| အရှင်ဥပါလိ | .... | .... | ၃၂ |
| အကျင့်ပမာန | .... | .... | ၃၃ |

အခဲ့ကြောင်းအရာ စာမျက်နှာ

ညီတော်နှင့်သားတော် ရဟန်းပြု .... .... ၃၄
လူစည်းစိမ်ထက်ကောင်းလို့ .... .... ၃၅
အနာထပိဏ်၏ ညီနှင့်သား .... .... ၃၆
ဘိက္ခု သာဝက .... .... ၃၆
ဘိက္ခုနီသာဝိကာမ .... .... ၃၇
မိထွေးတော်နှင့် မင်းသမီးငါးရာ .... .... ၃၇
ယသော်ဓရာ, ခေမာ, ဥပ္ပလဝဏ် .... .... ၃၈-၉
ဘိက္ခုနီများဝန်ဆောင်ပုံ .... .... ၃၉
ဥပါသကာပရိသတ် .... .... ၄၀
အနာထပိဏ်သူဌေး .... .... ၄၀
စိတ္တသူကြွယ် .... .... ၄၁
ဥပါသကာများ ဝန်ဆောင်ပုံ .... .... ၄၂
ဥပါသိကာ ပရိသတ် .... .... ၄၂
ခုဇ္ဇုတ္တရာ .... .... ၄၂
သာမာဝတီ, ဥတ္တရာ .... .... ၄၃
အမျိုးသမီးများ ဝန်ဆောင်ပုံ .... .... ၄၄
ပရိသတ်စုံညီ၍ ပရိနိဗ္ဗာန်စံတော်မူခြင်း .... .... ၄၅

**၅။ ဈေးမထေရ်များကြိုးစားခန်း**

ပဌမ သံဂါယနာ စသည် .... .... ၄၆
ဓမ္မာသောကမင်း၏ ဘာသာသွေး .... .... ၄၇
ဒုဋ္ဌဂါမဏိမင်း၏ ဘာသာသွေး .... .... ၄၇

**၆။ မြန်မာနိုင်ငံ ရှေ့ပိုင်းသာသနာခန်း**

ရှင်အရဟံနှင့် အနော်ရထာ .... .... ၅၀
မြန်မာဆရာဒကာများ .... .... ၅၀
သာသနာပြုမင်း ကင်းဝေးချိန် .... .... ၅၁

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဆာ အာသာဖယ်ယာနှင့် ဘုန်းကြီးကျောင်း | .... | .... | ၅၁ |
| ဘုန်းတော်ကြီး စာသင်ကျောင်းများ | .... | .... | ၅၂ |
| အိမ်-စာသင်ကျောင်းများ | .... | .... | ၅၃ |
| စဉ်းစားဘွယ် | .... | .... | ၅၃ |
| ရှေးဦးကျောင်းများ | .... | .... | ၅၅ |
| သာသနာဆက်ခံခဲ့ပုံ | .... | .... | ၅၆ |
| လောက၏ ဖြစ်တတ်သော သဘော | .... | .... | ၅၆ |
| ဘုန်းကြီးတို့အမျိုး | .... | .... | ၅၇ |
| တိုင်းပြည်များ | .... | .... | ၅၇ |

၇။ မြန်မာနိုင်ငံ နောက်ပိုင်းသာသနာ

| | | | |
|---|---|---|---|
| ဘုန်းကြီးကျောင်းများနိမ့်ကျခဲ့ပုံ | .... | .... | ၅၉ |
| မြို့စာသင်ကိုယ်တော်များ | . | .... | ၆၀ |
| ဘုန်းကြီးကျောင်းထွက်များ | .... | .... | ၆၁ |
| ဘုန်းကြီးကျောင်းကိုအားမကိုး | .... | .... | ၆၁ |
| ငြိုးငြူသံနှင့် ပယ်လှန်သံ | .... | .... | ၆၂ |
| သတိရဘွယ် ကောင်းခဲ့သောအချိန် | .... | .... | ၆၂ |

၈။ သာသနာ့အန္တရာယ် ကာကွယ်နည်းပြဿနာ

| | | | |
|---|---|---|---|
| ကျောင်းသားမရှိပြစ် | .... | .... | ၆၃ |
| အန္တရာယ်ကို ဘယ်လိုတားမလဲ | .. | .... | ၆၃ |
| သူနာကြိုက်ဓာတ်စာ | .... | — | ၆၄ |
| ကြိုတင်၍ စဉ်းစားဘွယ် | .... | .... | ၆၄ |
| ဘာသာ့ရသင်နေကြပြီ | .... | . | ၆၅ |
| ဆရာကောင်း၍ ပျက်စီးရခြင်း | .... | .... | ၆၅ |
| အ[illegible]ကောင်း[illegible]ချင်မပျက် | . | .... | ၆၆ |
| ဆရာကောင်းထံ နည်းခံပါ | .... | .... | ၆၈ |

အကြောင်းအရာ စာမျက်နှာ


မန္တလေးနှင့် ပခုက္ကူ .... .... ၆၉
မဟာဂန္ဓာရုံဆရာတော်ထံ .... .... ၆၉
တိတ်ဆိတ်သော တောကျောင်း .... .... ၇၀
ဆရာများထံမှ အကျိုးရ .... .... ၇၀
မိမိ၏ စိတ်ဆန္ဒ .... .... ၇၁
ကြိုးစားပါလျက်အထင်သေး .... .... ၇၂
စာချပုဂ္ဂိုလ်များ ဩဇာနည်းခြင်း .... .... ၇၂
စာသင်သားများရည်ရွယ်ချက် .... .... ၇၃
ဒကာများ၏ ပကာသန .... .... ၇၃

၉။ တာဝန်ကျေပွန်ရန် ညွှန်ပြခန်း

အစိုးရတာဝန် .... .... ၇၄
ကျေးရွာ ဆရာဘုန်းကြီးများ တာဝန် .... .... ၇၄
သီလရှင်များတာဝန် .... .... ၇၅
ဘာသာခြားသီလရှင်များ .... .... ၇၅
သီလရှင်များ၏ ဝန်ဆောင်ကျောင်းတိုက် .... .... ၇၆
ကျန်းမာရေးပညာသင်ပါ .... .... ၇၆
တာဝန်ဆောင်ရခြင်း အကျိုး .... .... ၇၆
ကြုံခဲ့သော သာသနာ .... .... ၇၇

၁၀။ ခေတ်ပညာတတ်များ စဉ်းစားဘွယ်

အမျိုးကို အထင်မသေးနှင့် .... .... ၇၈
ဘာသာကိုလဲ အထင်မသေးနှင့် .... .... ၇၈
လက်တွေ့ မဟုတ်လျှင် မယုံဘူးလား .... .... ၇၉
အစစ်အမှန်သည် ပယ်စရာမဟုတ် .... .... ၇၉
အိမ်တော်ဝန် ဦးစံဖေ၏ ကိုယ်တွေ့ဝတ္ထု .... .... ၈၁
နိုင်ငံခြားမှာ နောက်ပိုင်းမချမ်းသာ .... .... ၈၂

အကြောင်းအရာ စာမျက်နှာ


| | | | |
|---|---|---|---|
| တရားတော်၏ သုခ | .... | .... | ၁၂ |
| နောက်ဘဝမရှိဟု ယူသူ ၂-ဘက်ရှုံး | .... | .... | ၁၃ |
| နောက်ဘဝရှိဟု ယူလျှင် ၂-ဘက်အကျိုးရ | .... | .... | ၁၃ |
| အမျိုးသားသူတော်ကောင်း | .... | .... | ၁၄ |
| ပညာတတ် ထက်မြက်သူများ | .... | .... | ၁၄ |
| လူ့ဘဝထက် ဆောင်နိုင်သော ဘဝ | .... | .... | ၁၅ |
| အမျိုးသမီး သူတော်ကောင်းများ | .... | .... | ၁၅ |

၁၁။ သာသနာပြုဒကာများသိဘွယ်

| | | | |
|---|---|---|---|
| ဂေါပကအဖွဲ့ | .... | .... | ၁၇ |
| အသုံးဝင်သေးပစ္စည်း | .... | .... | ၁၇ |
| မအပ်သောငွေ | .... | .... | ၁၇ |
| ငွေမှဖြစ်သောပစ္စည်း | .... | .... | ၁၈ |
| သာသနာပြု သတိ | .... | .... | ၁၉ |
| ငွေသည် အဆိပ် | .... | .... | ၁၉ |
| ပေးသာပေးကောင်း မတောင်းကောင်း | .... | .... | ၉၀ |
| တောင်းသာတောင်းကောင်း မပေးကောင်း | | .... | ၉၀ |
| ပေးလည်းပေး တောင်းလည်းတောင်းကောင်း | | .... | ၉၁ |
| ပေးလည်းမပေး, တောင်းလည်းမတောင်းကောင်း | | .... | ၉၁ |
| ဘုန်းကံရှိမှ သာသနာပြုနိုင် | | .... | ၉၂ |

၁၂။ သံဃာတော်များအား လျှောက်ထားခန်း

| | | | |
|---|---|---|---|
| သာသနာကို အထင်မကြီး | .... | .... | ၉၃ |
| သာသနာကို မြှင့်တင်ကြ | .... | .... | ၉၃ |
| ကျောင်းတိုက်များ | .... | .... | ၉၄ |

အကြောင်းအရာ စာမျက်နှာ

နှစ်တို နှစ်ရှည် စီမံကိန်း .... .... ၉၄
စီမံကိန်း ၂-မျိုး၏ အကျိုးရ .... .... ၉၅
ဖြစ်နိုင်ပါ့မလား .... .... ၉၅
မိမိကျောင်းတိုက်ပြုပြင်ပုံ .... .... ၉၆

၁၃။ ဆရာတော်များထံ ခွင့်ပန်ခန်း .... .... ၁၀၃

၁၄။ နိဂုံးခန်း .... .... ၁၀၇

၁၅။ (နောက်ဆက်တွဲ) သံဃာတော်များသို့ ထပ်မံလျှောက်ထားခြင်း .... .... ၁၁၀

# ဘာသာရေးပြဿနာများ

## မာတိကာ


အကြောင်းအရာ ... စာမျက်နှာ

**နိဒါန်း** .... .... ၁၁၇

**ဘာသာရေးအခြေခံအခန်း** .... .... ၁၂၁


**ဒါနနှင့်စပ်သော မေးခွန်းများ**


၁။ ဒါန သီလ ဘာဝနာ-ဟူသော ကုသိုလ်ရေး သုံးပါးတွင် မည်သည်က လောကုတ္တရာအကျိုးပေး အကောင်းဆုံးပါနည်း။ (၁၃၀)

၂။ အလှူဒါန ပေးကမ်းစွန့်ကြဲရာ၌ (က) တိရစ္ဆာန်များအား ကျွေးမွေး ပေးကမ်းခြင်း, (ခ) လူသတ္တဝါတို့အား ကျွေးမွေး ပေးကမ်းခြင်းနှင့် (ဂ) ရဟန်း သံဃာတို့အား လှူဒါန်းခြင်းတို့သည် အကျိုးပေးရာ၌ မည်သို့ ကွာခြားပါသနည်း။ (၁၃၃)

၃။ အလှူဒါနကြောင့် အကျိုးပေးရာ၌ (က) လှူဘွယ်ဝတ္ထု၏ တန်ခိုး,(ခ) အလှူပွဲ၏ ကြီးကျယ်ခမ်းနားမှု, (ဂ) အလှူခံ ပုဂ္ဂိုလ်အတွက် အလှူပစ္စည်း၏ အသုံးဝင်မှု,(ဃ)ဒါနရှင်၏ စေတနာ အစရှိသည်တို့တွင် မည်သည့်အပေါ်၌ မူတည်၍ အကျိုးပေးပါသနည်း။ (၁၃၅)

၄။ အလှူဒါနပြုရာ၌ ပုဗ္ဗ, မုဉ္စ, ပရ-ဟူသော စေတနာသုံးတန့်တွင် တပါးပါး၊ သို့မဟုတ် အားလုံး ချို့ယွင်းခဲ့သော် အကျိုးပေးရာ၌ မည်သို့ ထူးခြားပါသနည်း။ (၁၄၀)


**အမှာ—**

ဘာသာရေးပြဿနာ မေးခွန်းများ၏ အဆုံး လက်ျာဘက်အစွန်းတွင် ပါရှိသော ဂဏန်းများဖြင့် သက်ဆိုင်ရာအဖြေပါရှိသည့် စာမျက်နှာနံပါတ်ကို ညွှန်ပြပါသည်။

၅။ ရဟန်းသံဃာတို့အား လှူဒါန်းရာတွင် သိက္ခာသမာဓိပြည့်စုံ၍ ဝါတော်အကြီးဆုံးဖြစ်သော ကျောင်းထိုင်ဆရာတော်ကြီးအား လှူဒါန်းခြင်းနှင့် ထိုကျောင်းရှိ သံဃာအား လှူဒါန်းခြင်းတို့တွင် မည်သည့် လှူဒါန်းခြင်းက ပိုမို၍ မြတ်ပါသနည်း။ (၁၄၁)

၆။ အောက်ပါ ဖစ္စည်းတို့ကို ရဟန်း သံဃာတော်တို့အား လှူအပ်ပါသလား၊ မည်ကဲ့သို့ လှူမှ ဝိနည်းသိက္ခာပုဒ်နှင့် ညီညွတ်ပါသနည်း။
(က) ရွှေ, ငွေ, ရတနာ၊
(ခ) ကျောင်း, လယ် ယာ၊
(ဂ) အရက်၊
(ဃ) ဓား, လှံ, လက်နက်။ (၁၄၂)

၇။ အောက်ပါ ပစ္စည်းတို့ကို မွန်းလွဲအချိန်၌ ရဟန်းသံဃာတို့အား ကပ်လှူနိုင်ပါသလား။
(က) အဖျော်ရည်, ယမကာ, ဘိလပ်ရည်၊
(ခ) သစ်သီး, မုန့်သေတ္တာ, ငါးသေတ္တာ၊
(ဂ) နောက်နေ့စားရန် ဆွမ်း,ဟင်း၊
(ဃ) ဆွမ်း ဆန်, ဆီ, ဆား, ငါးပိ, ငါးခြောက်။ (၁၄၅)
(င) မကျန်းမာလျှင် သုံးစွဲရသော စားဆေး, လိမ်းဆေး, သောက်ဆေး။ (၁၄၇)

၈။ ရဟန်းသံဃာတော်တို့အား အောက်ပါပစ္စည်းများ လှူနိုင်ပါသလား။
(က) ငွေထုတ် ချက်လက်မှတ်, ငွေလွှဲစာ, တံဆိပ်ခေါင်း၊
(ခ) ထီလက်မှတ်, ငွေစုလက်မှတ်, အသက်အာမခံစာချုပ်၊
(ဂ) စာတိုက်မှ မန်နီအော်ဒါနှင့် ပို့လှူသော ငွေ။ (၁၄၇)

## အထွေထွေကောင်းမှုနှင့်စပ်သော မေးခွန်းများ

၁။ (က) ရုပ်ပွါးတော်များ, စေတီများကို ပူဇော်ကန်တော့ရာ၌ မည်ကဲ့သို့ အာရုံပြုရပါမည်နည်း။

အကြောင်းအရာ စာမျက်နှာ

(ခ) တန်ခိုးကြီးသော ဘုရားကို တကူးတက သွားရောက် ဖူးမြော်ခြင်းနှင့် အိမ်တွင် ကိုးကွယ်ထားသော ရုပ်ပွါးတော်ကို ဖူးမြော်ခြင်းတို့တွင် မည်သည့် ဖူးမြော်ခြင်းက ပို၍ အကျိုးရှိပါသနည်း။ (၁၄၉)

၂။ ယဂုခေတ် ရဟန်းသံဃာတော်များနှင့် ရတနာသုံးပါးတွင် ပါဝင်သော သံဃာတော်များသည် မည်သို့ ထူးခြားပါသနည်း။ (၁၅၀)

၃။ (က) ဘုရားပွဲ ကျင်းပခြင်းကြောင့် မည်သို့ အကျိုးရှိပါသနည်း။
(ခ) ထိုဘုရားပွဲ ကျင်းပခြင်း အစဉ်အလာသည် မည်သည့်လက်ထက်မှ အကျိုးဆင်းသက်လာပါသနည်း။ (၁၅၁)

၄။ (က) ဘုန်းကြီးပျံကို ကြီးကျယ်ခမ်းနားစွာ ကျင်းပခြင်းကြောင့် မည်သို့ ရှိပါသနည်း။
(ခ) ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူစဉ်က တပည့်သား သာဝကများနှင့် ဒကာ ဒကာမတို့ မည်ကဲ့သို့ ပူဇော်ခဲ့ကြပါသနည်း။ (၁၅၂)

၅။ (က) ရှင်ပြုရာ၌ ရှင်လောင်းလှည့်ကာ ရှင်ပြုပွဲအခမ်းအနားဖြင့် ရှင်ပြုခြင်း, ဘုန်းကြီးကျောင်း၌ ခေါင်းတုံးရိတ်မှု သင်္ကန်းဝတ်မှုပြု၍ ရှင်ပြုခြင်း ၂-မျိုးဝယ် ကုသိုလ်အကျိုး မည်သို့ ထူးပါသနည်း။
(ခ) သားတော် ရာဟုလာ မည်ကဲ့သို့ ရှင်ပြုပါသနည်း။
(ဂ) ရှင်လောင်းလှည့်ခြင်း အစဉ်အလာသည် မည်သည့်ခေတ်က ဖြစ်ပေါ်လာပါသနည်း။ (၁၅၃)

၆။ သင်္ကန်း ပရိက္ခရာ ဘိုးမျှ မရှိ, အခမ်းအနားလည်း မလုပ်နိုင်သော မိဘသည် သားကို မည်ကဲ့သို့ ရှင်ပြုနိုင်ပါသနည်း။ (၁၅၄)

၇။ ရှင်ပြုပေးရာ၌ ကလေး၏ မည်သည့်အရွယ်တွင် ရှင်ပြုပေးနိုင်ပါသနည်း။ (၁၅၄)

၈။ ဥပုသ် သီလ ဆောက်တည်ရာတွင် လပြည့် လကွယ်နေ့များတွင် ဆောက်တည်ခြင်းသည် အခြားသောနေ့များတွင် ဆောက်တည်ခြင်းထက် အကျိုးများပါသလား။ (၁၅၅)

၉။ သီလယူရာ၌ ရဟန်း သံဃာတော်ထံမှာ ယူခြင်း, ဘုရား ဆင်းတုတော် ရှေ့တွင် ယူခြင်း, မိမိဘာသာ ယူခြင်းတို့သည် မည်သို့ ထူးခြား ပါသနည်း။ (၁၅၇)

၁၀။ သီလ ဆောက်တည်ရာ၌ သီလ ယူရိုး ဖြစ်သော ပါဠိအပိုဒ်များကို ရွတ်ဆိုမှ သီလ ရပါသလား။ (၁၅၈)

၁၁။ တခါ သီလယူထားလျှင် နောက်နေ့၌ သီလ မယူဘဲ ဆက်၍ ဥပုသ် စောင့်နိုင်ပါသလား။ (၁၅၉)

---

## အကုသိုလ်နှင့်စပ်သော မေးခွန်းများ

၁။ ဘုန်းကြီးကျောင်းဝင်း, ဘုရားရင်ပြင်တော်တို့၌ ဘိနပ်စီးလျှင် မည်သို့ အပြစ်ရှိပါသနည်း။ ဗိမ္ဗိသာရမင်း၏ ခြေဖဝါးကို ဓားခွဲခံရခြင်းသည် မည်သည့် အကြောင်းကြောင့်ပါနည်း။ (၁၆၀)

၂။ သိမ်အတွင်းသို့ ဒါယိကာမများ ဝင်နိုင်ပါသလား။ မဝင်ရဟု တားမြစ်ထားပါလျက် ဝင်လျှင် မည်သို့ အပြစ်ရှိပါသနည်း။ (၁၆၃)

၃။ ဘုန်းကြီးကျောင်းဝင်း၊ သို့မဟုတ် ဘုရားကျောင်းအတွင်း၌ ရှိကြသော ဇရပ်, တန်ဆောင်း, ကျောင်းတို့ဝယ် လူဝတ်ကြောင်များ နေနိုင်ပါသလား။ (၁၆၃)

၄။ (က) ဈေးမှ သားငါးကို ဝယ်ယူ စားသောက်ခြင်း,
(ခ) အလှူလုပ်ရန် သားငါးကို ကြိုတင်၍ မှာထားခြင်း,
(ဂ) မိမိအတွက် သတ်၍ ချက်ပေးသော အသားဟင်းကို သိလျက် စားခြင်းတို့ကြောင့် ပါဏာတိပါတကံ ထိုက်ပါသလား။ (၁၆၄)

၅။ မိမိကြောင့် သူတပါး အသက်သေတိုင်း ပါဏာတိပါတကံ ထိုက်ပါသလား။ (၁၆၅)

၆။ ပါဏာတိပါတကံ ကျူးလွန်ရာဝယ် လူသတ်ခြင်း, ဆင်သတ်ခြင်းနှင့် ပုရွက်ဆိတ်သတ်ခြင်းတို့၌ မည်သို့ အပြစ်ထူးခြားပါသနည်း။ (၁၆၆)

အကြောင်းအရာ စာမျက်နှာ

## ရဟန်းတော်များ၏ ဝိနည်းသိက္ခာနှင့်စပ်သော မေးခွန်းများ

၁။ ရဟန်းတော်များသည် မိမိ၏ ပစ္စည်းလေးပါး ဒကာ ဒကာမ မဟုတ်သော သူ၏ အိမ်သို့ဝင်၍ ဆွမ်းစသော ပစ္စည်းကို အလှူခံနိုင်ပါသလား။ (၁၆၈)

၂။ မိမိအား လှူလိုက်သော ပစ္စည်းကို "ဒီဟာ မကြိုက်ဘူး၊ ဟိုဟာ ပေးပါ" ဟု ရဟန်းတော်များ ပြောကောင်းပါသလား။ (၁၆၈)

၃။ မိမိအား လှူချင်လာအောင် ဆွယ်တရား ဝါဒဖြန့်တရား ဟောကောင်းပါသလား။ (၁၆၈)

၄။ ရဟန်းတို့သည် တရားသဖြင့် မိမိပိုင်သော ပစ္စည်းကို အောက်ပါပုဂ္ဂိုလ်တို့အား လှူနိုင် ပေးနိုင်ပါသလား။

(က) ကျောင်းတိုက်ရှိ သံဃာအားလုံး၊
(ခ) မိမိလိုလားသော ရဟန်း သာမဏေ တပါးပါး၊
(ဂ) ကျောင်းသား (ကပ္ပိယ, ဝေယျာဝစ္စပြုသူ)၊
(ဃ) မိဘ ဆွေမျိုး၊
(င) လူ့ဘဝက ဇနီး, သား သမီး၊
(စ) ပစ္စည်းလေးပါး ဒကာ, ဒကာမ၊
(ဆ) ပစ္စည်းလေးပါး ဒကာ, ဒကာမ မဟုတ်သူ လူများ။ (၁၆၉)

၅။ ဘုန်းကော်ကြီး(ရဟန်း သာမဏေအားလုံး)က မပေးကောင်းသူအား ပေး၍ ပစ္စည်းရသော် ဒကာ, ဒကာမတို့မှာ မည်သို့ အပြစ်ရှိပါသနည်း။ (၁၇၁)

၆။ ရဟန်းတော်များသည် လူနေရပ်ကွက် လူနေအိမ်တွင် အခန်းငှါး၍ နေနိုင်ပါသလား။ (၁၇၁)

၇။ ဆွမ်းခံလာသော ရဟန်းတော်သည် အိမ်ရှေ့၌ လူမတွေ့လျှင် လူရှိရာ အိမ်အတွင်းသို့ ဝင်နိုင်ပါသလား။ (၁၇၂)

၈။ ရဟန်းတော်များသည် ဒကာ,ဒကာမတို့ကို ခေါ်ဆောင်၍ ခရီးအတူ သွားနိုင်ပါသလား။ (၁၇၂)

၉။ ရဟန်းတော်များသည် ဈေးသို့သွား၍ ဈေးဝယ်နိုင်ပါသလား။ ငွေမကိုင်

ဘဲ မိမိအလိုရှိရာ ပစ္စည်းကို ရွေးချယ်၍ ဒကာကို ငွေချေစေခြင်း, ငွေယူမလာဘဲ အကြွေးဝယ်ခြင်း စသည်တို့ကို ပြုလုပ်နိုင်ပါသလား။ (၁၇၃)
၁၀။ ရဟန်းတော်များသည် မိမိမှာရှိသော ပစ္စည်းကို လူ ပုဂ္ဂိုလ်နှင့်ငှင်း၊ ရဟန်း သာမဏေတို့နှင့်ငှင်း ပစ္စည်းချင်း လဲကောင်းပါသလား။ (၁၇၃)
၁၁။ ရဟန်းတော်သည် လူဝတ်ကြောင်များ၏ သားသမီး ကလေးများကို ပွေ့ချီကောင်းပါသလား။ (၁၇၄)
၁၂။ ရဟန်းတော်သည် ဒကာ, ဒကာမနှင့် ထိုသူများ၏ သားသမီး အိမ်ထောင်ရေးတွင် စေ့စပ်ကြောင်းလမ်းပေးခြင်း, အိမ်ထောင်ကွဲရာတွင် အသိသက်သေအဖြစ် ပါဝင်ခြင်းများ ပြုနိုင်ပါသလား။ (၁၇၅)
၁၃။ ရဟန်းတော်များသည် ကျောင်းကန် ဘုရားတွင်ငှင်း၊ လမ်း၌ ခရီးသွား မော်တော်ယာဉ်များကို ရပ်စေ၍ငှင်း အလှူခံနိုင်ပါသလား။ (၁၇၆)
၁၄။ ရဟန်းတော်များသည် အောက်ပါပွဲလမ်းသဘင်များကို ကြည့်နိုင်ပါသလား။ ကြည့်လျှင် မည်သို့ အပြစ်သင့်ပါသနည်း။

(က) ဘောပွဲ, လက်ဝှေ့ပွဲ, လှေပြိုင်ပွဲ, လှည်းပြိုင်ပွဲ, ကြက်ပွဲ, နွားပွဲ, အလေးမပြိုင်ပွဲ၊
(ခ) မယ်–မောင်ရွေးပွဲ, ဖက်ရှင်ပြိုင်ပွဲ၊
(ဂ) ပန်းချီပြပွဲ, စာပေပြပွဲ၊
(ဃ) ရုပ်သေး, ဇာတ်, ရုပ်ရှင်၊
(င) နိုင်ငံရေးတရားပွဲ။ (၁၇၆)

၁၅။ ရဟန်းတော်များ ဖဲရိုက်ခြင်း, အရက်သောက်ခြင်းပြုပါက မည်သို့ အပြစ်ရှိပါသနည်း။ (၁၇၇)
၁၆။ လူဝတ်ကြောင်က ရဟန်းအား သာမန်အခါတွင် ရိုက်နှက်ခြင်း, အရက်မူး၍ ရမ်းကားနေသောအခါတွင် ရိုက်နှက်ခြင်း၌ အပြစ်မည်သို့ ရှိပါသနည်း။ (၁၇၇)

## သဗ္ဗညုတဉာဏ်တော်၏
## အစွမ်းတော် ၃-ပါး

၁။ သိရန်မှန်က၊ မကျန်ရအောင်၊ လုံး၀စုံလင်၊
အကုန်မြင်၊ သဗ္ဗင်ဉာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား၊ များအပြား၌၊ ဟောထား
စဘွယ်၊ နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊
အကုန်မြင်၊ သဗ္ဗင်ဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ၊များဝေနေ၏၊ဣန္ဒြေစရိုက်၊
သူ့အကြိုက်ကို၊ နှိုက်ချွတ်စုံလင်၊ အကုန်မြင်၊
သဗ္ဗင်ဉာဏ်တော် အစွမ်းတည်း။

၄။ သဗ္ဗင်ဉာဏ်အား၊စွမ်း ၃-ပါးကြောင့်၊အများ
ဝေနေ၊ ကျွတ်လွတ်စေဘို့၊ မနေမနား၊ သက်
တော်အားဖြင့်၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ရှိ၍၊
ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်၊သယ်ယူဆောင်၊
ဘုန်းခေါင် ငါတို့ ဘုရားတည်း။

# အချီနိဒါန်း

သဒ္ဓေါဒိတော ကာရုဏိေန၊
နာထော ပရတ္ထ မာဝဟော။
ကရောပယာတ နိဗ္ဗာနံ၊
ဩသဇ္ဇ ဒုက္ကရံ ကရံ။

နာထော၊ ငါ၏ ကိုးကွယ် ငါ့ကိုကယ်၍ ငါ့နှယ်မခြား လူနတ်များ၏ ကိုးစားသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ကာရုဏိေန၊ သတ္တဝါခပင်းဆင်းရဲခြင်းကြောင့် ပြင်းပြလှစွာ မဟာကရုဏာတော်သည်။ သဒ္ဓေါဒိတော၊ မရှောင်သာအောင် ခါခါထပ်ထပ် နှိုးဆော်အပ်သည်ဖြစ်၍။ ကရောပယာတ-နိဗ္ဗာနံ၊ လက်လှမ်းမှီလောက် အနီးရောက်လျက် မျက်မှောက်ပြုရန် မြတ်နိဗ္ဗာန်ကို။ ဩသဇ္ဇ၊ အလွယ်တကူ လှမ်းမယူဘဲ ဗိုလ်လူတွက်တာ စွန့်လွှတ်ခွာ၍။ ဒုက္ကရံ၊ သာမန်လူများ မကြံအားအောင် ထူးခြားလွန်ကဲ ပြုနိုင်ခဲသော ပါရမီဖြည့်မှုကို။ ကရံ ကရောန္တော၊ လေးသင်္ချေကိန်း ကပ်တသိန်းမျှ ထိန်းသိမ်းဆင့်ဆင့် ပြုကျင့်တော်မူလျက်။ ပရတ္ထံ၊ လူနတ်အများ ချမ်းသာပွါးဘို့ တရားဖြင့်အေးကြီးပွါးရေးကို။ အာဝဟော၊ ကိုယ်ဆင်းရဲမှု လျစ်လျူရှု၍ အမှုပါအောင် ဆောင်တော်မူခဲ့ပါသတည်း။

**ဘုရားဖြစ်ကြောင်း ကရုဏာတော်** ဗုဒ္ဓမြတ်စွာသည် သုမေဓာရသေ့ဘဝ၌ ဒီပင်္ကရာ မြတ်စွာဘုရားကို ဖူးတွေ့ရစဉ် နိဗ္ဗာန်ကို မြင်နိုင်လောက်အောင် ဉာဏ်ပါရမီ ရင့်သန်ပြီး ဖြစ်နေလေပြီ။ သို့သော် သတ္တဝါအများကို သနားတော်မူသော မဟာကရုဏာ၏ နှိုးဆော်တိုက်တွန်းမှုကြောင့် လက်လှမ်း၍ မှီလောက်အောင် နီးကပ်နေသော နိဗ္ဗာန်ကို ယူတော်မမူခဲ့ပါ။ ထိုမျှလောက် နီးကပ်သောနိဗ္ဗာန်ကို စွန့်ခွါတော်မူ၍ ကိုယ်အင်္ဂါကို စွန့်လှူခြင်း

စသော သာမန်လူတို့ ကြုံရုံမျှ မကြုံရဲသော ဒါနပါရမီ စသည်တို့ကို ဖြည့်ကျင့်၍ ပြည့်စုံလုံလောက်မှ သဗ္ဗညုတဉာဏ်တော်ကိုရသော ဗုဒ္ဓအစစ်ဖြစ်တော်မူခဲ့ပါသည်။

**ချမ်းသာပေးနိုင်မှ တာရှည်ခံမည်**

ဤသို့ ဆင်းရဲသူများကို သနားချစ်၍ ဘုရားဖြစ်အောင် အဆင်းရဲခံတော်မူခဲ့သော ဗုဒ္ဓမြတ်စွာသည် ကိုးကွယ်သူတို့၏ ဆင်းရဲဘို့ရန် ဖြစ်ပေါ်လာသည်မဟုတ်ပါ။ ထိုဘုရားရှင်၏ သာသနာတော်သည်လည်း သာသနာပြု ဒါယကာဒါယိကာမတို့၏ ဆင်းရဲဘို့ရန် မဟုတ်ပါ။ စင်စစ်အားဖြင့် ကိုးကွယ်ကြသူ သာသနာပြုကြသူတို့၏ ဤဘဝ၌ရှင်း၊ နောင်သံသရာ၌ရှင်း စိတ်ချမ်းသာမှုရဘို့သာ ဖြစ်ပါသည်။ ထို့ကြောင့် ဤသာသနာတော်သည် လူအများ၏ချမ်းသာမှုကို ဆောင်နိုင်မှသာ ဤနိုင်ငံ၌ တာရှည်တည်နိုင်မည်။ လူအများ၏ ချမ်းသာကို မပေးနိုင်လျှင် အသုံးချလို့မရ၍ ရှေးဟောင်းပစ္စည်းတခုအနေဖြင့် ပြတိုက်၌ထားရသောပစ္စည်းကဲ့သို့ မိမိတို့ဘုန်းကြီးများလည်း အလွန်မကြာသော နောင်အခါဝယ် ရှေးဟောင်းပစ္စည်းများ ဖြစ်ကြရပါလိမ့်မည်။

**ရှေးဆရာတော်များ အမြင်**

ဤအချက်ကို မိမိရှေ့က ဆရာသမားကြီးများလည်း မြင်တော်မူခဲ့ကြပါသည်။ ထိုသို့မြင်တော်မူသောကြောင့် ပြုပြင်ရေးများ ညွှန်ကြားတော်မူခဲ့ကြပါသည်။

၁။ ဒုတိယ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် ဘုန်းကြီးကျောင်းသားကလေးများကို ဂဏန်းသင်္ချာသင်ပေးကြဘို့ရာ ရွှေကျင် ဝံသာနုရက္ခကျမ်း၌ တဂိုဏ်းလုံးအတွက် ညွှန်ပြတော်မူခဲ့၏။

၂။ မန်လည်ဆရာတော်, ကျောက်ပန်းတောင်း ဆရာတော်, အရှေ့ မဟာဝိသုဒ္ဓါရုံတိုက်အုပ် ဆရာတော် စသော ဆရာတော်ကြီးများသည် သာသနာပြုလိုသော စော်ဘွားကြီး၏ ပင့်လျှောက်ချက်ဖြင့် သီပေါမြို့၌ ဆုံဆည်းတော်မူကြ၏။ ထိုအခါ သာသနာရေး ဆွေးနွေးကြရာဝယ် ဂဏန်းသင်္ချာကို သင်ပေးထိုက်, မပေးထိုက်ပြဿနာ ပေါ်လာ၍ ဆရာတော်ပေါင်းများစွာ၏ ရှေ့မှောက်၌ မန်လည်ဆရာတော်က "သင်ပေးထိုက်ပါတယ်။ သို့သော် အစိုးရထံမှ လခယူ၍ သင်ပေးတာတော့ မကောင်းဘူး"ဟု အမိန့်ရှိကြောင်းကို မြောင်းမြဆရာတော်မှ တဆင့်ကြားသိရ၏။

၃။ ဒုတိယကမ္ဘာစစ်ဖြစ်ခါနီးအချိန်တုန်းက ပါဠိဘာသာပညာရေးအတွက် စုံစမ်းရေးကော်မတီ ပေါ်လာခဲ့ဘူး၏။ (ထိုကော်မတီ၏အကြံပေးချက်အရ ယခု စာချတန်းစာမေးပွဲ ပေါ်လာရသည်။) ထိုကော်မတီ၌ ပါဝင်သော အဘယာရာမဆရာတော်သည် "အစိုးရ၏ မူလတန်းကို ပါဠိဘာသာနှင့်တွဲ၍ သာမဏေများအတွက် ပဌမငယ် မဝင်မီရှေ့ပြေး စာမေးပွဲ လုပ်ပေးသင့်သည်"ဟု အကြံပေးခဲ့ဘူးပါသည်။

၄။ မိမိသည် သာသနာတော်အရေးကို မြော်တွေး၍ လွတ်လပ်ရေးရတော့မည်ဟု ကြွေးကြော်ချိန်တုန်းကပင် (လွတ်လပ်ရေးရသောအခါ ပြုပြင်ဘို့ရန်) အနာဂတ်သာသနာရေးကျမ်းစာကို ဆရာသမားများ၏ အယူအဆအတိုင်း ရေးသားခဲ့ပါသည်။

၅။ ဆဌသံဂါယနာ၏ အစပိုင်းမှာလည်း သံဂါယနာတင်နှင့် တပါတည်း ကျေးရွာသာသနာပြုဘို့ကိစ္စလည်း ပြီးစီးနိုင်သောနည်းလမ်းကို ကြံစည်ခဲ့ပါသည်။ သို့သော် အများက သဘောတူမည် မထင်၍ ထိုအကြံကို အချို့အားသာ ပြောပြခဲ့ပါသည်။

**အလုပ်လုပ်ဘို့ အချိန်** ယခုအကြိမ် ဤစာစောင်ဖြင့် သာသနာရေးကို ညွှန်ပြခြင်းကား တကယ်အလုပ်-လုပ်ကြဘို့နှင့် မိမိလည်း တတ်အားသမျှ လုပ်ကိုင်နေရာဝယ် အားတက်ဘွယ်အကူအညီများ လမ်းစပေါ်လာ၍ ညွှန်ပြခြင်းဖြစ်ပါသည်။ ဆက်ပါဦးမည်- မိမိသည် အနာဂတ်သာသနာရေးကို မရေးသားမီကပင် မိမိတတ်အားသမျှ သာသနာပြုပြင်မှုကို ကြိုးစားပါသည်။ ယခုအချိန်မှာ ကြိုးစားသလောက် ရောက်တန်သမျှ ခရီးရောက်ပါ၏။ သို့သော် "မိမိပြုပြင်မှုသည် အများစုသို့ မရောက်လျှင် မိမိကွယ်လွန်သောအခါ ပြုပြင်ထားသမျှသည်ပင် ပျက်ပြယ်စရာရှိ၏"ဟုတွေးတောကာ သာသနာပြုပြင်ရေးကို မကြာမကြာဟောပါသည်။ ထိုသို့ဟောတိုင်းပင် များစွာသော ဒါယကာတို့က "ဖြစ်ဘို့ခဲယဉ်းသည်။ အစိုးရက ပြုပြင်မှဖြစ်မည်"ဟု မှတ်ချက်ချသွားကြပါသည်။

**ငွေ ၅-သောင်း ဒါယကာ** တနေ့သော ညနေအချိန်၌ကား—မင်းကွန်း ရန်ကင်းချောင်၏ ကျောင်း ဒါယကာလည်းဖြစ်, မန္တလေးမြို့ ရွှေကျင်ငါးတိုက် အဝင် ရမည်းသင်းကျောင်းတိုက်၏ တိုက်ဒါယကာလည်းဖြစ်,

**မိမိကျောင်း၏** တိုက်ဒကာလည်းဖြစ်သော ဒကာ မောင်ကိုသည် ပွဲစားဒကာ

ထွန်းကြည်နှင့်အတူ ကျောင်းသို့ ရောက်လာ၏။ သူသည် မိမိ၏ သာသနာပြု စကားကို မကြာမကြာ ကြားရသူဖြစ်၏။ ထိုနေ့၌လည်း စပ်မိစပ်ရာ သာသနာပြု ကိစ္စကို ပြောရင်းက သာသနာကို တိုးချဲ့ပြုပြင်ရာ၌ မိမိတဦးတည်းက ငွေ ၅-သောင်း မ-တည်၍ အခြားမိတ်ဆွေများကိုလည်း တိုက်တွန်းမည့်အကြောင်း လျှောက်ထားပါသည်။

**စဉ်းစားဘွယ်ရာ အဖြာဖြာ**

ထိုသို့ လျှောက်ထားပြီးလျှင် "စာသင်သားများကို ခေတ်နှင့် လျော်အောင် စာသင်မည်ဆိုရာ၌ ဘယ်ပုံသင်ဘို့ ရည်ရွယ်ပါသလဲ" စသည်ဖြင့် လျှောက်ထား၏။ ထိုအခါ "သူသည် ငွေများစွာကို အကုန်ကျ ခံမည့်သူဖြစ်၍ သာသနာ ပြုပြင်ရေးကိစ္စကို အတိကျ နားလည်လိုပေလိမ့်မည်" ဟု သူ့ဘက်ကနေ၍ စဉ်းစားမိ၏။ မိမိဘက်ကလည်း "ထိုကဲ့သို့သော ငွေများသည် ဝိနည်းတော်နှင့် လျော်ညီစွာ အပ်အပ်စပ်စပ် မဟုတ်လျှင် အသုံးမပြုကောင်းပေ။ ဝိနည်းနှင့်မလျော်ဘဲ သာသနာကိုပြုရလျှင် လည်း စ-ကတည်းက ဘုရားအလိုတော်မကျသောကြောင့် သာသနာတော်ကို ပြုရာမရောက်ဘဲ ဖျက်ရာရောက်၍ နောက်ဆုံး၌ အကျိုးမရဘဲ အပြစ်သာ ရစရာ ရှိ၏" ဟု စဉ်းစားမိပါသည်။ ထိုသို့ စဉ်းစားမိ၍ "ဘုန်းကြီး ရည်ရွယ်ချက်ကို အပြည့်အစုံဖော်ပြထားသော စာစောင်ငယ် တခုကို ရေးသားပေးမည်" ဟု ပြောလိုက်ပါသည်။ ထို့နောက် အခြားသူများကိုလည်း ထိုစာစောင်မပြီးမီ မတိုက်တွန်းဘို့ရန် စာရေး၍ အကြောင်းကြားခဲ့ပါသည်။

**ဘာသာသွေး အခြေခံ၍ ပြုပြင်ရန်**

ထို့နောက် ဒါယကာဘက်က သာသနာပြုနှင့် စပ်၍ နားလည်ဘွယ် ဟူသမျှကို နားလည်စေနိုင်, မိမိပြုလိုသော အစီအစဉ်ကို သာသနာပြုလိုသော ဒါယကာတို့ အား တင်ကြို၍ အသိပေးနိုင်, ပြုမည့်အစီအစဉ်ကို နားလည်ပြီးမှ သဘောတူ လျှင် ပြု-သဘော မတူလျှင် ရှောင်ရှားခွင့် ရနိုင်သော ဤစာစောင်ငယ်ကို စီစဉ်ရပါသည်။ ထိုသို့ စီစဉ်သောအခါ ဘာသာခြားတို့ကို သွား၍ သတိရ ပါသည်။ အခြားတိုင်းသား အခြားဘာသာဝင်များသည် သူတို့၏ ဘာသာကို လွန်စွာ အရေးပေးကြ၏။ ဘာသာခြား ဘုန်းကြီး သီလရှင်ဆိုသူတို့သည် စားရရုံ ဝတ်ရရုံမျှဖြင့် ကျေနပ်ကြ၍ ဘာသာကြီးပွါးရေးကို အလွန်ရှက်ဆောင် ကြ၏။ ထိုသို့ရှက်ဆောင်ကြသောကြောင့်လည်း သူတို့၏ တိုင်းပြည်, သူတို့၏ ဘာသာသည် တိုးတက်လျှင် တိုးတက်, မတိုးတက်လျှင် တည်တံ့၏။ မိမိတို့

ဘာသာမှာ ကမ္ဘာများစွာ လွန်သွားပါသော်လည်း ကြုံကြိုက်ဘို့ ခဲယဉ်းလှသော ဗုဒ္ဓဘာသာဖြစ်၍ ကွယ်ဘို့ မဆိုထားဘိ ယခုလို များစွာသော လူတို့၏ အထင်သေးခံနေရခြင်းသည်ပင် ဝမ်းနည်းဘွယ် ကောင်းလှပါပြီ။ ထို့ကြောင့် ဘာသာရေးနှင့်စပ်သော သွေးကို အခြေခံ၍ သာသနာပြုပြင်ရန် နည်းလမ်းကို စဉ်းစားသင့်သည်-ဟု စိတ်ကူးမိပါသည်။

**ဘာသာသွေး နှင့် သွေးကောင်းသူ** ဗုဒ္ဓမြတ်စွာ၏ ၄၅-ဝါ ကာလကြာအောင် ဟောပြတော်မူအပ်သော တရားတော်ကို "ဗုဒ္ဓဘာသာ"ဟု ခေါ်၏။ ထိုဗုဒ္ဓဘာသာ၏ အဆီအနှစ်ဖြစ်သော အကျင့်ကောင်း အကျင့်မှန်ကို "ဗုဒ္ဓဘာသာသွေး"ဟု ခေါ်၏။ [တကယ်သွေး မဟုတ်သော်လည်း မိဘသွေးက သားသမီးများ၌ ဆက်သွားသကဲ့သို့ ထိုအကျင့်လည်း ဗုဒ္ဓဘာသာ သက်ဝင် ယုံကြည်သူတို့၏ စိတ်၌ ဆက်၍ ဆက်၍ လိုက်ပါနေသော ကြောင့် သွေးနှင့်တူရကား (ဥပစာတင်စား၍) ထိုကျင့်စဉ်ကို သွေးဟု ခေါ်ထားသည်။] ထိုဗုဒ္ဓဘာသာကို ယုံကြည်မှု၊ ဗုဒ္ဓဘာသာတရားတော်အတိုင်း ဒါန သီလ ဘာဝနာကို ကြိုးစားမှု၊ ဗုဒ္ဓဘာသာကို ဂုဏ်ရှိအောင် နေထိုင်ပြောဆိုပြုလုပ်မှု၊ ဗုဒ္ဓဘာသာနှင့် ဆိုင်ရာကိစ္စ၌ (မိရိုးဘလာ မဟုတ်ဘဲ) အကျိုးအပြစ် စိစစ်ဝေဘန်တတ်သော ဉာဏ်ရှိ၍ အကျိုးရှိကိုသာ ရွက်ဆောင်လိုမှု၊ ဘာသာထိ လျှင် မခံချိအောင် နာတတ်မှု-ဤအချက်စုနှင့် ပြည့်စုံ၍ ဘာသာတိုးပွါးအောင် ကြိုးစားသူကို "ဘာသာသွေးကောင်းသူ"ဟု ဆိုရပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသက်ဝင်သူတိုင်း၌ ဘာသာသွေး အေးစက်စက် မရှိစေဘဲ သာသနာပြုလိုသောစိတ် ထက်သန်ဘို့ရန် "**ဘာသာသွေး**"ဟူသော ဤစာစောင်ကို ရေးသားလိုက်ပါသတည်း။

၁၃၂၁-ခု

တပေါင်းလ

အရှင်ဇနကာဘိဝံသ

# ဘာသာသွေး

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ၁။ ပါရမီပြည့်၍ ထီးနန်းစံတော်မူခန်း

**ဘာသာအစ ပါရမီက**

သာသနာသွေး ဘာသာသွေးကို စဉ်းစားလျှင် ဘုရားရှင်ကို တွေ့ရမည်။ ဘုရားရှင်ကို စဉ်းစားပြန်လျှင် ဘုရားအလောင်းတော်၏ ဘဝပေါင်းများစွာက ပါရမီဖြည့်ခဲ့ရပုံကို တွေ့ရမည်။ ထို့ကြောင့် "ဘာသာသွေးအစ ပါရမီက" ဟု ဆိုထိုက်ပါသည်။ "ပါရမီ" ဟူသော စကားသည် ပါဠိစကားတည်း။ မြန်မာလို "မြင့်မြတ်သူတို့၏အလုပ်" ဟု ဆိုလို၏။ ဒါနကို ပြုပြု, သီလကို စောင့်စောင့်, ဘာဝနာကို ပွါးပွါး ပတ်ဝန်းကျင်က အထင်ကြီးအောင် ဂုဏ်ပကာသနကို ရှေ့ထား၍ မပြုမလုပ်ဘဲ "လောကတ္ထစရိယ=လူအများ ချမ်းသာအောင် ပြုကျင့်မှု, ဉာတတ္ထစရိယ= အမျိုးသားတို့ ကြီးပွါးအောင် ပြုကျင့်မှု, ဗုဒ္ဓိအတ္ထစရိယ=မိမိစိတ် ဖြူစင်အောင် ဉာဏ်ပညာရင့်လာအောင် ဒါနပြုမှု, သီလစောင့်မှု, မေတ္တာစသော ဘာဝနာ ပွါးမှု" ဤအမှုတို့ကို ပါရမီ(မြင့်မြတ်သူတို့၏ အလုပ်)ဟု ဆိုသည်။ ထိုမြင့်မြတ်သူတို့၏ အလုပ် (ပါရမီ)ကို စဉ်းစားလျှင် မိမိတို့၏ ဒါန, သီလ, ဘာဝနာအမှုများ၌ ထိုပါရမီ ဖြစ်-မဖြစ်ကို သိနိုင်ပြီ။ ပါရမီမဟုတ်သော ဒါန သီလ ဘာဝနာ အလုပ်ဟူသမျှကား (နိဗ္ဗာန်တိုင်အောင် သံသရာမှ ကျွတ်လွတ်ရေးကို မမြော်တွေးနိုင်သောကြောင့်) အမြော်အမြင် သေးနုပ်သူတို့၏ အလုပ်သာဖြစ်သည်။

**ဝေဿန္တရာဘဝ**

အများသိပြီးဖြစ်သော ဝေဿန္တရာမင်းဘဝကို စဉ်းစားကြစို့။ ၄-နှစ်သားအရွယ် လူမမယ်ဘဝ၌ပင် ဆင်ထားသော တန်ဆာများကို အထိန်းတော်တို့အား ချွတ်၍ပေး၏။ ရှစ်နှစ်သားအရွယ်၌

မျက်စိမှုစ၍ နှလုံးသားတိုင်အောင် ကိုယ်အင်္ဂါများကို ပေးလိုသော ဆန္ဒဖြစ်၏။ ၁၆-နှစ်အရွယ်ရောက်သောအခါ မဒ္ဒီမင်းသမီးနှင့်အတူ မင်းအဖြစ်ကို ခံယူပြီးနောက် မြို့တံခါး ၄-ပေါက်, မြို့အလယ်နှင့် နန်းတော်တံခါးအနီးဝယ် အလှူရုံကြီး ခြောက်ရုံဆောက်လုပ်၍ ဆင်းရဲသူအများ စားသောက်ကြဘို့ရန် နေ့စဉ် ၆-သိန်းကုန် အလှူကြီးကို ပေးလှူ၏။ နောက်ဆုံး၌ မိုးခေါင်သော ကလိင်္ဂတိုင်းသူ ပြည်သားတို့သည် ''ဆင်ဖြူတော်ရောက်ရာ၌ မိုးကောင်း၏''ဟု အယူရှိ၍ ပုဏ္ဏားရှစ်ယောက်ကို ဆင်ဖြူတော်အလှူခံဘို့ စေလွှတ်ကြလေသော် ထို ပုဏ္ဏားတို့အား ဆင်ဖြူတော်ကို လှူလိုက်၏။ နေ့စဉ် ဒါနနှင့် ဆင်ဖြူတော် လှူသောအခါ ဖြစ်သော စေတနာ စိတ်ဆန္ဒတို့သည် ဆင်းရဲသူ ဆင်းရဲသားတို့ စားကြ သောက်ကြနှင့် ချမ်းသာသုခရစေလို့, ကလိင် တိုင်းသူ ပြည်သား လူအများတို့ ချမ်းသာစေလိုသောဆန္ဒပင် မဟုတ်ပါလော။

**ပါရမီဖြစ်ဘို့ သတိထားဘွယ်** ဤသို့ ဝေဿန္တရာမင်း၏ စေတနာဆန္ဒနှင့် အလားတူစွာ ဆင်းရဲသူများကို ချမ်းသာစေလိုသော ဆန္ဒဖြင့်ငှင်း၊ သာသနာတွင်းဖြစ်လျှင် သာသနာတော် ထွန်းကား၍ လူအများ တရားသိစေလိုသော ဆန္ဒဖြင့်ငှင်း၊ မိမိစိတ်၌ နှမြောဝန်တိုတတ်သော မစ္ဆေရ အညစ်အကြေးမှ ကင်းဝေး၍ စိတ်စင်ကြယ် စေလိုသော ဆန္ဒဖြင့်ငှင်း၊ လောကကို ငြီးငွေ့၍ သံသရာမှ လွတ်မြောက်လျက် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသောဆန္ဒဖြင့်ငှင်း စွန့်ကြဲပေးကမ်း လှူဒါန်းမှသာ ပါရမီဒါန ဖြစ်နိုင်သည်-ဟု မှတ်သား၍ ယခုခေတ် ဒါနရှင်များသည် စွန့်ကြဲပေးကမ်း လှူဒါန်းရာ၌ မိမိစိတ်ထားကို တရားနှင့် ညီ-မညီ, ဒါနပါရမီဖြစ်-မဖြစ်ကို စိစစ်ထိုက်, စဉ်းစား ထိုက်ကြပေသည်။ ဒါနပါရမီ မဖြစ်ဘဲ ဂုဏ်ပကာသနနှင့် ထိုဒါနမှ အစားရမည့် လောကီအကျိုးကို မြှော်ကိုးနေပါမူကား လောဘဇော ခြံရံနေမည်ဖြစ်သောကြောင့် နောင်သံသရာ အကျိုး လုံးလုံးမရဘဲသော်လည်း ရှိပေလိမ့်မည်။ အကျိုးရပြန်လျှင်လည်း အနည်းအပါး လောကီစည်းစိမ်အကျိုးမျှသာဖြစ်၍ သာသနာတော်ခေတ်ကောင်းနှင့် တွေ့ကြုံရကျိုးမနပ်ဘဲ ပတ္တမြားထွက်သော တောင်ကိုတွေ့ပါလျက် ထိုတောင်မှ အညံ့စား ကျောက်ကလေးများကို ရရုံဖြင့် အားရကျေနပ်သူ လူဖျင်းလူအ ကဲ့သို့သာ ဖြစ်ကြပေလိမ့်မည်။

**ပါရမီပြည့်မှ ဘုရားဖြစ်** ဘုရားအလောင်းတော်သည် ဒါန, သီလ စသော ကောင်းမှုဆယ်လီကို ပါရမီစစ်စစ်ဖြစ်အောင် ဖြည့်ကျင့်ရာ၌ တချို့ပါရမီ

ကို အသက်စွန့်၍ ဖြည့်ကျင့်တော်မူခဲ့ရ၏။ ယခုခေတ် ဒါနရှင် ဆိုသူများသည် "အလှူဒါန၌ ရက်ရက်ရောရောရှိပါပေ၏"ဟု ချီးမွမ်းခံရသော်လည်း သားသမီးနှင့်ဇနီးကို လှူသော ဒါန, မိမိအသက်ကို သူတပါးစားဘို့စွန့်လှူသော ဒါနကား မရှိချေ။ ဥပုသ်သီလ စောင့်ကြရာ၌ရင်း၊ သည်းခံရာ၌ရင်း မိမိအသက်ကို စွန့်၍ စောင့်သော သီလ, သည်းခံသော ခန္တီလည်း မရှိချေ။ ကြီးစွာသော စည်းစိမ်ကိုစွန့်၍ တယောက်တည်း တောထွက်ခြင်းဟူသော နေက္ခမ္မပါရမီဖြည့်သူလည်း အထင်အရှားမရှိချေ။ ဘုရားအလောင်းတော်ကား အသက်စွန့်၍ရင်း၊ ထီးနန်း စည်းစိမ်ကို စွန့်၍ရင်း ပြုကျင့်သော သီလ ခန္တီ နေက္ခမ္မစသော ပါရမီတို့ကို ဘဝများစွာ ပြုကျင့်တော်မူခဲ့ပြီးမှ အများသိပြီးဖြစ်သော သိဒ္ဓတ်မင်းသားဘဝသို့ ရောက်တော်မူခဲ့ရသည်။ ထိုနောက်ဆုံးဘဝ၌လည်း ထီးနန်းစည်းစိမ်ကိုစွန့်လွှတ်၍ တောထွက်တော်မူပြီးမှ သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဗုဒ္ဓစင်စစ်ဖြစ်တော်မူခဲ့ရပေသည်။ [ပါရမီဖြည့်ကျင့်ရာ ဘဝနှင့် အဖြစ်တော်စဉ်ကို ဗုဒ္ဓဝင်အမေးအဖြေ စာအုပ်ကလေး၌ အကျဉ်းချုပ်ပြထားပြီ။]

**ဘုရားရှင်၏ ရုပ်အဆင်းတော်**

ဘုရားရှင်၏အမျိုးတော်သည် ခတ္တိယမျိုးတည်း။ ထိုခတ္တိယအမျိုးသည် အခြားအမျိုးနှင့်မရောသောကြောင့် အသမ္ဘိန္နခတ္တိယမျိုးဟုထင်ရှား၏။ ထိုအမျိုး၌ဘုရားအလောင်းတော်ပဋိသန္ဓေတည်ချိန်ဝယ် မာယာဒေဝီမိဖုရားခေါင်ကြီးသည် ရှစ်ပါးသီလ ဥပုသ်ကို စောင့်သုံးလျက် စိတ်စက်ဖြူစင်နေ၏။ [ဤနေရာ၌ အမျိုး၏ မြင့်မြတ်ခြင်း, မယ်တော်၏ ဖြူစင်ခြင်းကို သတိထားခဲ့ပါ။] ထိုပဋိသန္ဓေ မတည်ခင် ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်မှ စုတေခါနီးဝယ် သတ္တဝါတို့အပေါ်၌ မေတ္တာ ပွါးလျက်ရှိ၏။ ထိုသို့ မေတ္တာရှေ့တား၍ စုတေသည်နှင့် တပြိုင်နက် ကာမာဝစရ ပဋိသန္ဓေစိတ်တို့တွင် အကောင်းဆုံးဖြစ်သော စိတ်ဖြင့် မယ်တော်ဝမ်း၌ စွဲပိုက်သန္ဓေ တည်နေခဲ့ပါသည်။ ထိုသို့ ပဋိသန္ဓေ တည်နေရာဝယ် ဘဝများစွာက ဆည်းပူးခဲ့သော ပါရမီတော်တို့သည် နောက်ဆုံး အကျိုးပေးရမည့်ဘဝဖြစ်၍ အသားအရေတော်နှင့်တကွ မျက်လုံးတော် မျက်ခုံးတော် နဖူးတော် မျက်နှာတော် လက်တော် ခြေတော်မှစ၍ ကိုယ်တော်လုံးအလှဆုံးဖြစ်အောင် အကျိုးပေးလိုက်ကြသောကြောင့် ဖွားမြင်လာသောအခါ ပင်းသားကလေး၏ ရုပ်အဆင်းဝယ် စိုးစဉ်းအနည်းငယ်မျှ အပြစ်မပါ။ တကမ္ဘာလုံးတွင် အသာဆုံးဖြစ်၍ ဖွားမြင်လာပေသည်။

ပစ္ဆိမံ ဖလဒါနေန၊ ဗဟုံ ပစိတပါရမီ။
ယဿ ဝေသံ သုမာပေတ္တိ၊ ကေနာပိ အသမံ သမံ။

ဗဟုံ၊ ဤ၍ဤမျှ ဂဏန်းချ၍ မရနိုင်းညီ အတိုင်းမရှိလေအောင်။ ပစိတပါရမီ၊ လေးသင်္ချေကိန်း ကပ်တသိန်းမျှ ထိန်းသိမ်းစုံဆောင်း ပါရမီတော် အပေါင်းတို့သည်။ ပစ္ဆိမံ ဖလဒါနေန၊ ဖြစ်ပျက်ဖန်ခါ သံသရာဝယ် ခန္ဓာကိုယ်ရေး အဆုံးစွန် အကျိုးပေးသောအားဖြင့်။ ယဿ ဘဂဝတော၊ အကြင် ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ ဝေသံ၊ ရွှေမျက်နှာတော် လက်ခြေတော်နှင့် ကိုယ်တော်သဏ္ဌာန် ပုံဟန်ထင်ပေါ် အသွင်အပြင်တော်ကို။ ကေနာပိ၊ လူမင်း နတ်မင်း ဗြဟ္မာမင်းဝယ် ဘယ်သူတယောက်နှင့်မျှ။အသမံ၊ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် ဘယ်ဝယ်တိုင်းကာ မနှိုင်းသာသည် ဖြစ်၍။သမံ၊ တကိုယ်တော်လုံး ရွှေတုံးရွှေနှစ် ဇမ္ဗူရာဇ်သိင်္ဂီ နာရဏီမျှ သာကီ စင်သွေး အယဉ်ကျေးဆုံး ဖြစ်ရလေအောင်။ သုမာပေတ္တိ၊ တက်သစ် လစန်း ပွင့်သစ်ပန်းသို့ ဆန်းအဖုံဖုံ စခန်းစုံအောင် အစွမ်းကုန် ဖန်ဆင်း လိုက်ကြပေသည် တကား။

**ဘုန်းနှင့်သမ္ဘာ ပါနေပုံ**

ဖွားမြင်လာသော ဘုရားအလောင်းတော်ကို "သိဒ္ဓတ္ထ" ဟု မှည့်ကြ၏။ [သိဒ္ဓ = ပြီးစီးသော + အတ္ထ = အကျိုး။] အကျိုး အားလုံး ပြီးစီးသော မင်းသားဟု ဆိုလိုသည်။ ရှေးရှေးဘဝများစွာတို့က ပြုခဲ့သော ကောင်းမှုအဆောက်အဦများကို "သမ္ဘာ (သမ္ဘာရ)"ဟု ခေါ်၏။ ထိုကောင်းမှု သမ္ဘာရကြောင့် ဉာဏ်ပညာကြီးခြင်း, သူတပါးတို့ကို လွှမ်းမိုးအုပ်စိုးနိုင်ခြင်း, အကျင့်တရားပြည့်စုံခြင်း, အခြွေအရံ များခြင်း, ချစ်ခင်ဘွယ် ရုပ်လက္ခဏာရှိခြင်း, အလိုရှိသောအရာကို တောင့်တ သည့် အတိုင်း ရနိုင်ခြင်း, သူတပါးတို့ အားကိုးလောက်ခြင်း စသော (ဘဂဝါ ဂုဏ်တော်၌လာသော) ဂုဏ်များကို ဘုန်း(ဖုန်း)ဟု ခေါ်၏။

ဘုရားအလောင်းတော်သည် ဖွားမြင်စကပင် ထိုဘုန်းသမ္ဘာ အထိုက် အလျောက်ပါနေလေပြီ။ ထို့ကြောင့်ပင် သုဒ္ဓေါဒနမင်း၏ ဆရာ ဖြစ်သော အသိတ ရှင်ရသေ့သည် မင်းသားကိုကြည့်လို၍ နန်းတော်သို့ လာသောအခါ မင်းသားကလေးကို ခမည်းတော်ကြီးက ပွေ့ချီလျက် အရှင်ရသေ့အား ရှိခိုး ရန် လက်ကလေးနှစ်ဘက်ကို လက်အုပ်ချီဘို့ပြင်နေစဉ် ခြေကလေး ၂-ဘက်သည်

အရှင်ရသေ့၏ ဦးခေါင်းပေါ်သို့ မြောက်တက် သွားလေသည်။ [ထိုဘဝ၌ မင်းသားက ရှိခိုးရမည့်သူမရှိ။] ထိုအခါ သားတော်ကလေး၏ အံ့သြဘွယ်ကို မြင်၍ ခမည်းတော်ကိုယ်တိုင် သားတော်ကို လက်အုပ်ချီမိလေသည်။ [အသိတ အရှင်ရသေ့ကလည်း ဧကံမုချ ဗုဒ္ဓဖြစ်ပါလိမ့်မည်-ဟု မိန့်မြွက်တော်မူသည်။]

**ကလေးဘဝ၌ ချာန်ရပုံ** ဘုရားအလောင်းတော်သည် ဘုန်းနှင့်သမ္ဘာ ပါရှိခြင်းကြောင့် ဖွားမြင်ခါစကပင် မြောက်အရပ်သို့ကြွ၍ "ငါသည် အမြတ်ဆုံး" စသော စကားကြီး ၃-ခွန်းကို မိန့်မြွက်ပုံ, နတ်ဗြဟ္မာ အများ ဦးခိုက်ကြပုံကို ဗုဒ္ဓဝင်အမေးအဖြေ၌ ရေးခဲ့ပြီ။ အခါတပါး၌ကား သုဒ္ဓေါဒနမင်းသည် လယ်ထွန်မင်္ဂလာ ပြုလုပ်၏။ ထို လယ်ထွန်မင်္ဂလာပြုလုပ်ရာ ဌာန၏ မနီးမဝေး၌ အရိပ်ကောင်းသော ဇမ္ဗူသပြေပင်အောက်ဝယ် အကာ အရံပြု၍ မင်းသားကလေးကို အထိန်းတော်များနှင့်အတူ ထားပြီးလျှင် လယ်ထွန်မင်္ဂလာ ပြုလုပ်ရာအရပ်သို့ သွားကြ၏။ အတော်ကြာလျှင် အထိန်းတော်များလည်း လယ်ထွန်မင်္ဂလာကြည့်လို၍ ခေတ္တခဏသွားကြလေသော် မင်းသား ကလေးသည် ထိုင်နိုင်သောအရွယ်သို့ မရောက်သေးသော်လည်း လူသူတိတ်ဆိတ်သော ထိုအချိန်မှာ တင်ပလ္လင်ခွေ၍ ထွက်သက်ဝင်သက်ကို အာရုံပြုလေရာ ပဌမ ဈာန်ကို ရလေသည်။ (ဤသို့ ဈာန်အရမြန်ခြင်းကား ရှေးဘဝများစွာ၌ အထုံ ပါလာခြင်းကြောင့်တည်း။) ထိုသို့ ဈာန်ဝင်စားနေစဉ် အထိန်းတော်များ ပြန်လာ၍ တင်ပလ္လင်ခွေကာ ငြိမ်သက်စွာ ထိုင်နေပုံကို တအံ့တသြ မြင်ကြရသဖြင့် ခမည်းတော်ထံ အမြန်သွား၍ သံတော်ဦးတင်ကြလေသည်။ ခမည်းတော်လိုက်လာ၍ ဆင်းတုတော်ကလေးသဘွယ် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပုံကို မြင်ရသဖြင့် လက်အုပ်ချီကာ ရှိခိုးမိရှာလေသည်။ (ဤရှိခိုးခြင်းကား ကလေးဘဝ၌ ၂-ကြိမ်မြောက် ရှိခိုးခြင်းတည်း။ ထိုရပြီးသော ဈာန်လည်း နောက်ထပ်မကြိုးစားသဖြင့် မကြာမီ ကွယ်ပျောက်သွားလေသည်။)

**ထီးနန်းစံပုံ** တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ ၄-အသင်္ချေနှင့် ကမ္ဘာတသိန်းထက်က စ၍ ပါရမီဖြည့်ဘက်ဖြစ်သော နှမတော် တဝမ်းကွဲ ယသော်ဓရာ မင်းသမီးနှင့်အတူ ရာဇအဘိသိက်ကို ခံယူ၍ အခြွေအရံများစွာဖြင့် ထီးနန်းကို စံတော်မူ၏။ ဆောင်း နွေ မိုးဥတု ၃-ပါးနှင့် လိုက်လျောသော နန်း ၃-ဆောင်တွင် နွေရာသီစံနန်း၌ စံမြန်းပုံမှာ လွန်စွာကြည်နူးဘွယ် ကောင်းပါပေသည်။

၁။ နန်းတော်၏ အရပ် ၄-မျက်နှာ၀ယ်ကြာမျိုးစုံဖြင့် တင့်တယ်သော မင်္ဂလာကန်တော်များ ဖန်ဆင်းထား၏။ ထိုကန်တော်များ၌ ငှက်မျိုးစုံတို့ လာရောက်ပျော်မြူးကြ၏။ အရှေ့ကန်တော်မှ ငှက်တို့သည် နန်းတော်အထက်ခရီးဖြင့် အနောက်ကန်တော်သို့ မြူးပျော် ကြွေးကြော်လျက် ပျံသန်းကြ၏။ အနောက်ကန်တော်မှ အရှေ့ကန်တော်သို့ရင်း၊ တောင်မှ မြောက်သို့ရင်း ထိုနည်းအားဖြင့် ပျံသွားကြလေသည်။

၂။ နေ့ရာသီစံနန်း အတွင်း၀ယ် စိုစိုပြေပြေ အေးအေးမြမြရှိအောင် ရေအပြည့်အိုးအသစ်များကို ကြာညိုပန်းတို့ဖြင့် ဖုံးလွှမ်း၍ လေသောက်ပြူတင်းပေါက်တို့၏ အနီးအပါး၌ တည်ထားကြကုန်၏။ ဘုရားအလောင်း၏ စက်ရာ အနီးအပါး၌ကား နံ့သာညွန်ဖြင့်ပြည့်သော ရွှေအိုး, ငွေအိုးများကို ထား၍ ထိုအိုးများ၌ ကြာညိုပန်းရုံများကို စိုက်ပျိုးထားကြကုန်၏။ ထိုထို ဤဤ နေရာတို့၌လည်း ကြေးအိုးကြီးများတွင် နံ့သာညွန်ထည့်၍ ကြာညိုပန်း, ပဒုမ္မာကြာပန်း, ပုဏ္ဍရိက်ကြာပန်းပင်တို့ကို စိုက်ပျိုးထားကြကုန်၏။ နေရောင်ကြောင့် ပန်းပင်များ ပွင့်ကြကုန်၏။ ပျားပိတုန်းတို့သည် နန်းတော်တွင်းသို့ ၀င်ရောက်၍ ပန်းဝတ်ရည်များကို လှည့်လည်စုပ်ယူကြကုန်၏။ နန်းတော် တရပ်လုံးကား ပန်းရနံ့တို့ဖြင့် သင်းပျံ့နေလေသည်။

၃။ ၂-ထပ်နံရံတို့၏ အလယ်၌ ရေပိုက်လုံးများ တပ်ဆင်ထား၏။ နန်းတော်၏ အထက်ဆုံးအထပ်နှင့် ညီမျှသော ကောင်းကင်လွင်ပြင်၀ယ် မဏ္ဍပ်သဘွယ် အမိုးပြုလုပ်၍ ထိုအမိုး၌ ဇာပေါက်ကလေးတွေ ဖောက်ထား၏။ ထိုမဏ္ဍပ်၏ တနေရာ၌ ကျွဲရေများကို အပေါ်က ဖြန့်ကြက်ထား၏။ ရေစက်ဖြင့် ရေပြွန်မှ တက်လာသော ရေတို့သည် မဏ္ဍပ်ပေါ်၀ယ် ဖြာလျက် ဇာပေါက်တို့မှ မိုးရွာသကဲ့သို့ ကျ၍နေစဉ် ကျွဲရေများအပေါ်သို့ ကျောက်ခဲကလေးများကို ပစ်တင်ကာ မိုးရွာသံများဖြစ်လာစေ၏။ ဤနည်းအားဖြင့် နွေအခါကိုပင် မိုးတွင်းကဲ့သို့ စိတ်ရွှင်စရာ ဖြစ်စေလေသည်။

၄။ ထိုကဲ့သို့ မိုးအတုများ ရွာချနေစဉ် ဘုရားအလောင်းတော်သည် ညိုသော ကိုယ်၀တ် ညိုသောအပေါ်ခြုံကို ၀တ်ရုံ၍ ရေကစားထွက်တော်မူလာ

၏။ ယသော်ဓရာနှင့်အတူ အခြွေအရံ မောင်းမတစုလည်း ညိုသော အဝတ်များကို ဆင်တူဝတ်၍ အညိုရောင်ပန်းများကို ပန်ဆင်လျက် မဏ္ဍပ်အတွင်းဝယ် နွေရာသီအပူဝေးဘို့ အေးမြသော ရေစင်ဖြင့် ဘုရားအလောင်း၏ စိတ်တော်ကို ဖြေဖျော်ကြလေသည်။ [မဇ္ဈိမပဏ္ဏာသ၊ မာဂဏ္ဍိယသုတ္တဋ္ဌကထာ။]

## ၂။ ရဟန်းပြု၍ တရားကျင့်တော်မူခန်း

**တရားရှာခြင်း**

တဆယ့်ခြောက်နှစ် အရွယ်တော်မှစ၍ ထီးနန်းစည်းစိမ်ကို စံစားလျက် သက်တော် ၂၉-နှစ်ရှိသောအခါ ဉာဏ်ပညာလည်း ရင့်သန်လာသောကြောင့် (အများကြားဘူးသည့်အတိုင်း သုဒ္ဓါဝါသ ဗြဟ္မာမင်းတို့ ဖန်ဆင်း၍ ပြအပ်သော) "သူအို, သူနာ, သူသေ, ရဟန်း" တို့ကို မြင်ရ၍ ထိတ်လန့်သော (သံဝေဂ) ဉာဏ်ဖြင့် ထီးနန်းစည်းစိမ်ကို စွန့်လျက် တောထွက်တော်မူခဲ့လေသည်။ ထိုသို့ တောထွက်၍ ရဟန်းပြုပြီးနောက် မကြာမီပင် များစွာသော ရသေ့ဂိုဏ်းကြီး၏ ဦးစီးဆရာကြီးဖြစ်သော အာဠာရ ရသေ့ကြီးထံ ချဉ်းကပ်၍ တရားစဉ်ကို နာယူလေသည်။

နာယူပြီးသောအခါ ဤတရားအစဉ်ကို ဆရာကြီးသည် စာသဘောအားဖြင့် ယုံကြည်ရုံသာမက ကိုယ်တိုင်ကျင့်၍ ရပြီးသား ဖြစ်ပေသည်-ဟု အယူရှိသောကြောင့် မိမိလည်း အားထုတ်လို၍ ဆရာကြီးထံ ချဉ်းကပ် မေးမြန်းလေသည်။ ဆရာကြီးသည် မိမိမှာ အာကိဉ္စညာယတနစျာန်ကို ရကြောင်း ပြောပြ၏။ ထိုအခါ ဘုရားအလောင်းတော်သည် "အာဠာရ ဆရာကြီးမှာသာ ဤတရားအပေါ်၌ ယုံကြည်ချက်သဒ္ဓါရှိသည်မဟုတ်၊ ငါ့မှာလည်း သဒ္ဓါရှိ၏။ အာဠာရ ဆရာကြီးမှာသာ ဝီရိယ, သတိ, သမာဓိ, ပညာရှိသည်မဟုတ်၊ ငါ့မှာလည်း ရှိ၏"ဟု စိတ်ကို လှုံ့ဆော်လျက် ကြိုးစားအားထုတ်လေရာ ရက်အနည်းငယ် အတွင်းမှာပင် အာကိဉ္စညာယတနစျာန်တိုင်အောင် တရားပေါက်လေသည်။

**ဆရာကြီးက ချီးမြှောက်ပုံ**

တရားပေါက်ပြီးသောအခါ ဆရာကြီးထံ သွား၍ တရားအကြောင်း ပြောပြလေရာ ဆရာကြီးသည် ရုပ်အဆင်းကို မြင်စကပင် "မဟာပုရိသ=ယောကျ်ားထူး ယောကျ်ားမြတ်" ဟု အယူရှိခဲ့၍ ရက်အနည်းငယ်ဖြင့် မိမိသိအပ်သော တရားကို သိသောအခါ လွန်စွာအားရလေသည်။ ထို့ကြောင့် မိမိဂိုဏ်းသား တပည့်များကို ခေါ်ပြီးလျှင် "တဝက်သော အစုသည် ငါ့အထံ တရားမေး၍ တဝက်သော အစုက မဟာပုရိသ (ဟောဒီ ယောကျ်ားထူး ယောကျ်ားမြတ်) အထံ တရားမေးကြပေတော့။ ဤဂိုဏ်းကြီးကို ငါတို့ ၂-ပါး ခေါင်းဆောင်ကြမည်"ဟု ဆို၍ ဘုရားအလောင်းကို ဆရာကြီးက မိမိနှင့် တန်းတူထားလျက် မြှောက်စားလေသည်။

ဆရာကြီး၏ ဒကာ-ဒကာမတို့သည် အသူဒါနပြုဘို့ လာကြ၏။ ထိုအခါလည်း ကောင်းမွန်သော အစားအသောက် အိပ်ရာနေရာများကို ဘုရားလောင်းအား လှူစေ၍ မိမိကား အကြွင်းအကျန်များကိုသာ အလှူခံလေသည်။

ဘုရားအလောင်းတော်သည် ဤမျှလောက် အမြောက်အစားခံရသော်လည်း ရအပ်ပြီးသော တရားကို စဉ်းစားသောအခါ အရူပဗြဟ္မာ့ဘုံသို့ ရောက်ရုံသာ ပို့ဆောင်နိုင်သော တရားဖြစ်၍ အိုနာသေရေးက လွတ်အောင် စွမ်းဆောင်နိုင်သော တရား မဟုတ်သေးကြောင်း သိရကား ထိုစျာန်တရားမှ ငြီးငွေ့ကာ ဖဲခွါ၍ လာခဲ့လေသည်။ [ထို့နောက် ''ဥဒကရသေ့''ဟု ထင်ရှားသော ဂိုဏ်း ဆရာကြီးအထံ သွားပြန်၍ အလားတူ အားထုတ်ပြန်ရာ အာကိဉ္စညာယတန စျာန်ထက် မြင့်သော နေဝသညာနာသညာယတနစျာန်ကို ရပြန်၏။ ဥဒက ဆရာကြီးကား ဂိုဏ်းကြီးကိုပင် လွှဲအပ်၍ ချီးမြှောက်လေသည်။ သို့သော် ရှေး နည်းအတိုင်းပင် အားမရသေး၍ ခွဲခွါခဲ့ပြန်လေသည်။]

**မှတ်ချက်။** ။ဘုရားအလောင်း တောထွက်လာချိန်မှာ ထိုဆရာကြီး ၂-ပါးသည် အထင်ရှားဆုံး ဂိုဏ်းဆရာကြီးများ ဖြစ်ကြဟန်တူ၏။ ထို့ကြောင့် ထိုဆရာကြီး ၂-ပါးထံ ဘုရားအလောင်းချဉ်းကပ်တော်မူခြင်းဖြစ်လိမ့်မည်။ ထိုဆရာကြီးတို့ ရအပ်ပြီးသော တရားထူးများလည်း လောကီ စျာန်တရားတွင် ထိပ်တန်းအကျဆုံးဖြစ်၏။ ထိုမျှလောက် ထိပ်တန်း ရောက်ပြီး ဆရာကြီး ၂-ပါးသည် ဘုရားအလောင်းတော်၏ အပေါ်၌ (မိမိတို့ထက် သာလွန်၍ တက်လမ်းရှိသူ ဖြစ်သောကြောင့်) ဣဿာ, မစ္ဆရိယ=မနာလို ဝန်တို ဖြစ်မည်ဆိုလျှင် ဖြစ်စရာ ကောင်းပါပေသည်။ သို့သော် ထိုသို့ မဖြစ်ဘဲ အားရဝမ်းသာ ချီးမြှောက်နိုင်ကြသည့်အတွက် ထိုဆရာကြီး ၂-ပါး၏ စိတ်နေ စိတ်ထားကို လေးစားပူဇော်မိပါသည်။ [ဘုရားအလောင်း ဘုရားဖြစ်၍ တရားဟောဘို့ စဉ်းစားတော်မူချိန်မှာ ထိုဆရာကြီး ၂-ပါးသည် ရုပ်ခန္ဓာကိုယ် မရှိသော အရူပဗြဟ္မာ့ဘုံ ရောက်နေပြီ ဖြစ်၍ ဘုရားရှင်လည်း တရားဟောသောအားဖြင့် ကျေးဇူးဆပ်ခွင့်ရတော်မမူ။]

**တရားကျင့်ဘို့ဒေသ** ဘုရားအလောင်းတော်သည် ဥဒကရသေ့ထံမှ ခွဲခွါခဲ့ပြီး၍ နိဗ္ဗာန်တရားမြတ်ကို ရှာလျက် လှည့်လည်တော်မူလေရာ မဂဓ တိုင်း သေနာနိဂုံးသို့ ရောက်တော်မူသည်။ ထိုနိဂုံးအနီး၌

သူတော်သူမြတ်တို့ မွေ့လျော် ပျော်ဘွယ်ကောင်းသော မြေ, စိတ်ကြည်နူးဘွယ်ကောင်းသော တောအုပ်, တသွင်သွင်စီးဆင်းနေသော နေရဥ္စရာမြစ်၏ အလွန်ကောင်းသော ရေဆိပ်နှင့် ပတ်ဝန်းကျင် အနီးအပါး၌ ဆွမ်းခံ၍ လွယ်ကူမည့်ရွာကို တွေ့တော်မူလေရာ ထိုနေရာ၌ပင် တရားကျင့်ဘို့ရန် စိတ်ကို ပိုင်းဖြတ်တော်မူလျက် ပဏ္ဏသာလာ= သစ်ရွက်ကျောင်းကလေးကို စီစဥ်တော်မူပါသည်။ [ထိုအချိန်၌ ရသေ့ပြုနှင့်ကြသော ပဥ္စဝဂ္ဂီ(ငါးပါးအစု)က ဘုရားအလောင်းတော်ကို ပြုစုလုပ်ကျွေးကြသည်။]

**ဒုက္ကရစရိယာ ကျင့်တော်မူခြင်း**

ဘုရားအလောင်းတော်သည် အလွန်မကြာသေးသော ရက်အတွင်းက ကပိလဝတ်နေပြည် နန်းရာသီစံနန်းတော်၌ အခြွေအရံ များစွာ၏ အပြုအစု အယုအယ အဖြေ အဖျော်ကို ခံယူကာ သလေးဆန်မွှေးကိုသာ သုံးဆောင်တော်မူလျက် အသက်သာဆုံး အချမ်းသာဆုံး စံစားခဲ့လေသည်။ ယခုအခါ တောအုပ်အလယ် သစ်ရွက်မိုး သစ်ရွက်ကာ ကျောင်းသခ်မ်းကလေးဝယ် ရတတ်သမျှ ဆွမ်းအာဟာရဖြင့် မျှတကာ အဘင်းရဲဆုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူပါတော့မည်။ [ဒုက္ကရ=သာမန်လူတို့ မပြုနိုင် မကျင့်နိုင်လောက်အောင် ခဲယဥ်းလှသော+ စရိယာ=အကျင့်။ ထိုဒုက္ကရစရိယာ ကျင့်တော်မူပုံကို မူလပဏ္ဏာသ သစ္စကသုတ်စသည်မှာ လာသည့်အတိုင်း ပြပါမည်။]

၁။ ဘုရားအလောင်းသည် "ကောင်းသော (ကုသိုလ်) စိတ်ဖြင့် မကောင်းသော(အကုသိုလ်)စိတ်ကို နှိပ်စက်အံ့"ဟု ကြံတော်မူပြီးလျှင်အံ့ကြိတ်, တောက်ခေါက်၍ မကောင်းသောစိတ် မဖြစ်နိုင်အောင် စိတ်ကိုနှိပ်စက်ပေး၏။ ထိုအခါ ချိုင်းကြားမှ ချွေးများယိုကျလာ၏။ ဥပမာ- အားကောင်းသော ယောကျ်ားတယောက်က အားနည်းသော ယောကျ်ားတယောက်ကို ဦးခေါင်းကိုင်၍ဖြစ်စေ၊ ပခုံးကိုင်၍ဖြစ်စေ ဖိနှိပ်သောအခါ ချိုင်းကြားမှ ချွေးယိုလာသကဲ့သို့တည်း။ ထိုအခါ၌ လုံ့လဝီရိယလည်း အလွန်ကောင်း၏။ သတိလည်း အလွန်စွဲမြဲ၏။ သို့သော် ဆင်းရဲစွာအားထုတ်မှုက တကိုယ်လုံးကို ထိုးဆွသကဲ့သို့ ဖြစ်နေသောကြောင့် တကိုယ်လုံးပူရှိန်ကာ ငြိမ်းအေးမှုကို မရပါချေ။ ထိုမျှလောက် တကိုယ်လုံး ဒုက္ခဖြစ်နေသော်လည်း အားကုဂ်လိုသောစိတ်ကား ကုန်ခန်း၍ မသွားပါ။

၂။ ဘုရားအလောင်းတော်သည် ''အပါနကဈာန်ကို ဖြစ်စေအံ့''ဟု ကြံတော်မူ၍ မလျှော့သောလုံ့လဖြင့် ထွက်သက်ဝင်သက်တို့ကို ပါးစပ်နှာခေါင်းတို့မှ မထွက်မဝင်နိုင်အောင် ချုပ်တည်းထားလေသည်။ [အသက်မရှူမရှိုက်ဘဲ နေခြင်းကိုပင် အပါနကဈာန် (အရှူအရှိုက် မရှိသောဈာန်)ဟု ခေါ်၏။] ထိုသို့မရှူမရှိုက်ဘဲ ချုပ်တည်းထားသောအခါ လေတို့သည် နားပေါက်မှ ထွက်ကုန်၏။ ထိုလေထွက်သံသည် ပန်းဘဲသမားတို့၏ ဖားဖိုမှ လေထွက်သံလောက်ပင် ပြင်းထန်၏။ ထိုအချိန်မှာ လုံ့လဝီရိယလည်း အလွန်ကောင်း၏။ သတိလည်း အလွန်စွဲမြဲ၏။ သို့သော်၊ ဆင်းရဲစွာ အားထုတ်မှုက တကိုယ်လုံးထိုးဆွသကဲ့သို့ ဖြစ်သောကြောင့် တကိုယ်လုံးပူချိန်ကာ ငြိမ်းအေးမှုကို မရပါချေ။ ထိုမျှလောက် တကိုယ်လုံး ဒုက္ခဖြစ်နေသော်လည်း အားထုတ်လိုသော စိတ်ဆန္ဒကား ကုန်ခန်း၍ မသွားပါ။

၃။ ဘုရားအလောင်းတော်သည် ''အပါနကဈာန်ကိုပင် ထပ်မံ၍ဖြစ်စေအံ့''ဟု ကြံတော်မူ၍ မလျှော့သောလုံ့လဖြင့် ထွက်သက်ဝင်သက်တို့ကို ပါးစပ်, နှာခေါင်း, နားပေါက်တို့မှ မဝင်မထွက်နိုင်အောင် ချုပ်တည်း၍ ထားပြန်၏။ ထိုသို့ မရှူမရှိုက်ဘဲ ချုပ်တည်း၍ထားသောအခါ အလွန်ပြင်းထန်သော လေတို့သည် ဦးခေါင်းသို့တက်၍ တိုးဝှေ့ကုန်၏။ ထိုသို့ လေ၏ တိုးဝှေ့ပုံမှာ အားကောင်းသော ယောကျ်ားက ထက်စွာသော စူးဖြင့် ဦးထိပ်၌ မွှေနှေ့သကဲ့သို့ ဖြစ်လေသည်။ ထိုသို့ ဖြစ်သော်လည်း နောက်မဆုတ်ဘဲ အားထုတ်မြဲ အားထုတ်၏။ သတိလည်း အလွန်စွဲမြဲ၏။ သို့သော် ဆင်းရဲစွာ အားထုတ်မှုက တကိုယ်လုံး ထိုးဆွထားသကဲ့သို့ ဖြစ်သောကြောင့် တကိုယ်လုံး ပူချိန်ကာ ခန္ဓာကိုယ်၏ ငြိမ်းအေးမှုကို မရပါချေ။ ဤမျှလောက် ကိုယ်ဆင်းရဲမှု ဖြစ်ပါသော်လည်း ကြိုးစားလိုသော စိတ်ဆန္ဒကား ကုန်ခန်း၍ မသွားပါ။

၄။ ဘုရားအလောင်းတော်သည် ''အပါနကဈာန်ကိုပင် ထပ်မံ၍ ဖြစ်စေအံ့''ဟု ကြံတော်မူ၍ မလျှော့သော လုံ့လဖြင့် ထွက်သက်ဝင်သက်ကို ပါးစပ်, နှာခေါင်း,နားပေါက်တို့မှ မဝင်မထွက်နိုင်အောင် ချုပ်တည်း၍ ထားပြန်၏။ ထိုသို့မရှူမရှိုက်ဘဲ ချုပ်တည်း၍ ထားသောအခါ အလွန် ပြင်းထန်သော ခေါင်းကိုက်ဝေဒနာတို့သည် ပေါ်လာကုန်၏။ ထိုခေါင်းကိုက် ဝေဒနာ၏ ပြင်းထန်ပုံမှာ အားကောင်းသော ယောကျ်ားတယောက်က သားရေကြိုးဖြင့် ဦးခေါင်းကို ရစ်ပတ်၍ တင်းကျပ်စွာ စည်းထားသကဲ့သို့ ထင်ရလေသည်။

ထိုသို့ ဖြစ်သော်လည်း နောက်မဆုတ်ဘဲ အားထုတ်မြဲ အားထုတ်၏။ သတိလည်း အလွန်ကောင်း၏။ သို့သော် ဆင်းရဲစွာ အားထုတ်မှုက တကိုယ်လုံး ထိုးဆွသကဲ့သို့ ဖြစ်သောကြောင့် တကိုယ်လုံးပူရှိန်ကာ ငြိမ်းအေးမှုကို မရပါချေ။ ဤမျှလောက် ကိုယ်ဆင်းရဲမှု ဖြစ်ပါသော်လည်း ကြိုးစားလိုသော စိတ်ဆန္ဒကား ကုန်ခန်း၍ မသွားပါ။

၅။ ဘုရားအလောင်းတော်သည် ''အပါနကစျာန်ကိုပင် ထပ်မံ၍ ဖြစ်စေအံ့''ဟု ကြံတော်မူ၍ မလျော့သော လုံ့လဖြင့် ထွက်သက် ဝင်သက် တို့ကို ပါးစပ်, နှာခေါင်း, နားပေါက်တို့မှ မဝင်မထွက်နိုင်အောင် ချုပ်တည်း၍ ထားပြန်၏။ ထိုသို့ မရှူမရှိုက်ဘဲ ချုပ်တည်း၍ထားသောအခါ အလွန်ပြင်းထန်သော လေတို့သည် ဝမ်းဗိုက်ကို ဖြတ်တောက်သကဲ့သို့ ထိုးကျင် ကုန်၏။ ဥပမာ—ကျွမ်းကျင်သော နွားသတ်သမားက၊ သို့မဟုတ် နွားသတ်သမား၏ လက်ထောက်တပည့်ကြီးက ထက်စွာသော နွားသတ်ဓားဖြင့် ဗိုက်ကို လှီးဖြတ်လိုက်သကဲ့သို့ နာကျင်လေသည်။ ထိုသို့ဖြစ်စေသော်လည်း နောက်မဆုတ်ဘဲ အားထုတ်မြဲအားထုတ်၏။ သတိလည်း အလွန်ကောင်း၏။ သို့သော် ဆင်းရဲစွာ အားထုတ်မှုက တကိုယ်လုံး ထိုးဆွသကဲ့သို့ ဖြစ်သောကြောင့် တကိုယ်လုံး ပူရှိန်ကာ ငြိမ်းအေးမှုကို မရပါချေ။ ဤမျှလောက် ခန္ဓာကိုယ် ဒုက္ခရောက်နေသော်လည်း ကြိုးစားလိုသော စိတ်ဆန္ဒကား ကုန်ခန်း၍ မသွားပါ။

၆။ ဘုရားအလောင်းတော်သည် ''အပါနကစျာန်ကိုပင် ထပ်မံ၍ ဖြစ်စေအံ့''ဟု ကြံတော်မူ၍ မလျော့သော လုံ့လဖြင့် ထွက်သက်ဝင်သက်တို့ကို ပါးစပ်, နှာခေါင်း, နားပေါက်တို့မှ မဝင်မထွက်နိုင်အောင် ချုပ်တည်း၍ ထားပြန်၏။ ထိုသို့ မရှူမရှိုက်ဘဲ ချုပ်တည်း၍ ထားသောအခါ တကိုယ်လုံး ပြင်းပြင်းထန်ထန် ပူလောင်လာလေသည်။ ဥပမာ—အားကြီးသော ယောကျ်ား ၂-ယောက်တို့က အားနည်းသော ယောကျ်ား တယောက်ကို လက်မောင်း ၂-ဘက်ကိုင်၍ မီးကျီးအစုဌ် ကျက်နေအောင် ကင်သောအခါ ဖြစ်ပေါ်၍ လာသော ကိုယ်ပူကဲ့သို့ဖြစ်လေသည်။ ထိုသို့ဖြစ်သော်လည်း နောက်မဆုတ်ဘဲ အားထုတ်မြဲအားထုတ်၏။ သတိလည်း အလွန်ကောင်း၏။ သို့သော် ဆင်းရဲစွာ အားထုတ်မှုက တကိုယ်လုံး ထိုးဆွထားသကဲ့သို့ ဖြစ်သောကြောင့် တကိုယ်လုံး ပူရှိန်ကာ ငြိမ်းအေးမှုကို မရပါချေ။ ဤမျှလောက် ခန္ဓာကိုယ် ဒုက္ခရောက်နေသော်လည်း ကြိုးစားလိုသော စိတ်ဆန္ဒကား ကုန်ခန်း၍ မသွားပါ။

**မူးမေ့သွားခြင်း** ထိုကဲ့သို့ ခန္ဓာကိုယ်၌ ပြင်းပြသော အပူဖြစ်လာသောအခါ မိုက်ကန်းဖြစ်၍ စင်္ကြံသွားရာမှ ထိုင်လျက် လဲကျသွားလေသည်။ ထိုသို့ ထိုင်လျက် နေပုံကို မြင်ကြရသော အနီးအပါးက နတ်တို့သည် ထင်မြင်ချက် အမျိုးမျိုးဖြင့် ပြောဆိုကြကုန်၏။ တချို့နတ်များက "ကာလင်္ကတော သမဏော ဂေါတမော=ရဟန်းဂေါတမ သေပြီ"ဟု ပြောကြ၏။ အချို့နတ်များကား "န ကာလင်္ကတော သမဏော ဂေါတမော=ရဟန်းဂေါတမသည် သေ၍ မပြီးသေး။ အပိစ ကာလံကရောတိ=သေနေတုန်းရှိသေးတယ်"ဟု ပြောကြ၏။ တချို့နတ်များကမူ "န ကာလင်္ကတော သမဏော ဂေါတမော, နာပိ ကာလံကရောတိ=ရဟန်းဂေါတမသည် သေပြီးလည်း မဟုတ်, သေနေတာလည်း မဟုတ်။ အရဟံ သမဏော ဂေါတမော=ရဟန်းဂေါတမသည် ရဟန္တာဖြစ်ပြီ။ ဝိဟာရောတွေဝ သော အရဟတော=ဒီနေပုံမျိုးဟာ ရဟန္တာ၏ နေပုံသာဖြစ်သည်"ဟု ပြောကြလေသည်။ ထိုသို့ ပြောကြသူတို့တွင် သေပြီဟု ထင်သောနတ်က သုဒ္ဓေါဒနမင်းထံ သွား၍ "အသင်မင်း၏ သားတော် တရားအားထုတ်ရင်းသေပြီ"ဟု ပြောသည်။ သုဒ္ဓေါဒနမင်းက "ဗုဒ္ဓဖြစ်ပြီးမှ သေတာလား, မဖြစ်ဘဲ သေတာလား"ဟု ပြန်၍ မေးလျှင် "ဗုဒ္ဓမဖြစ်ဘဲသေတာ"ဟု နတ်က ပြော၏။ "ဗုဒ္ဓမဖြစ်သေးလျှင် သေတယ်ဆိုတာ မယုံဘူး"ဟု ပြောလိုက်လေသည်။

**အစာလျှော့ခြင်း** ပြန်၍ သတိရလာသောအခါ "အစာမစားဘဲ ကျင့်အံ့"ဟု အကြံဖြစ်တော်မူ၏။ ထိုအခါ နတ်တို့က "အစာအာဟာရကို လုံးလုံးမစားဘဲ ဖြတ်ထားလျှင် မွေးညင်းပေါက်တို့မှ နတ်သြဇာ သွင်းပေးမည်"ဟု ပြောကြသောကြောင့် လုံးလုံးအစာမဖြတ်ဘဲ နည်းနည်းစားတော်မူ၏။ ပဲနောက်, ပဲပိစပ်, ပဲလွန်း, ပဲကြီးတို့၏ အနှစ်ရည်ကိုသာ တလက်ခုပ်လောက် သောက်တော်မူ၏။ ထိုအခါ၌ အလွန်ပိန်ချုံးသွားလေ၏။ အလွန် ပင်ပန်းနွမ်းနယ်၏။—

၁။ ဘုရားအလောင်း၏ အင်္ဂါကြီးငယ်တို့သည် အရိုးဆက် အဆစ်နေရာက မောက်၍ အဆစ်မဟုတ်သော နေရာတို့၌ ပိန်၍နေကုန်၏။ ဥပမာ—အာသီတိမည်သော နွယ်, ကာလမည်သော နွယ်တို့၏ အဆစ်များနှင့် တူသည်။

၂။ ဘုရားအလောင်း၏ တင်ပါးတို့သည် ကုလားအုတ်ခွါကြီးများလို ဝစ္စမဂ်(ကျင်ကြီးစွန့်သော)နေရာက အတွင်းသို့ ချိုင့်ဝင်နေကုန်၏။

၃။ ကျောက်ကုန်း(ကျော)အရိုးတို့သည် အနိမ့်အမြင့် ဖြစ်နေကုန်၏။ ပုတီးအလုံးကြီးတွေကို ကြိုးဖြင့် သီကုံးထားသောအခါ ပုတီးလုံး ၂-လုံးအကြား၌ ချိုင့်နေရာကဲ့သို့ အရိုးတို့၏အကြား၌ အသားတွေ နိမ့်နေရကား ပုတီးအလုံးကြီးတွေ သီကုံးထားပုံနှင့် တူ၏။

၄။ နံရိုးတို့သည် အကြား အကြား၌ အသားတွေနိမ့်ကျသွားကုန်ရကား ဇရပ်အိုက အခြင်ရနယ်များလို မပြေမပြစ် ဖြစ်နေကုန်၏။

၅။ မျက်လုံးအိမ်အတွင်းရှိ မျက်လုံးတို့သည် အတွင်းသို့ ဝင်နေကြသဖြင့် ရေတွင်းနက်၌ ရေပွက်ကလေးများကဲ့သို့ မြင်ရကုန်၏။

၆။ ဦးခေါင်း အရေသည်ကား ဗူးခါးသီးနုနုကိုခူး၍ နေလှန်းထားသော အခါ တွန့်နေသကဲ့သို့ တွန့်၍ ညှိုးနွမ်းနေ၏။

၇။ ဝမ်းဗိုက်တော်သည် ကျော၌ကပ်နေရကား ဝမ်းရေကိုကိုင်လိုက်လျှင် ကျောရိုးကိုပါ ကိုင်မိ၏။ ကျောရိုးကို ကိုင်လိုက်လျှင်လည်း ဝမ်းရေ ကိုပါ ကိုင်မိသည်။

၈။ "ကျင်ကြီး ကျင်ငယ်စွန့်မည်"ဟု ထိုင်လိုက်သောအခါ ကျင်ငယ်ဖြစ် နိုင်သော အာဟာရရည်က ဝမ်းထဲ၌ မရှိသောကြောင့် ကျင်ငယ် လုံးဝမထွက်နိုင်ဘဲ ကျင်ကြီးသော်မှ တစေ့နှစ်စေ့ခန့် အလွန်ဆင်းရဲစွာ ထွက်ရ၏။ တကိုယ်လုံး ချွေးထွက်၍ မှူးမိုက်ကာ မှောက်လျက်လဲ ရလေသည်။

၉။ ခန္ဓာကိုယ် သက်သာစေလို၍ လက်ဖြင့် ပွတ်လိုက်လျှင် အရင်းက ပုပ်နေသော အမွေးတို့သည် ကိုယ်မှကျွတ်၍ လက်၌ ငြိကပ်ပါလာ ကုန်၏။

၁၀။ ဘုရားအလောင်းတော်၏ ပင်ကိုယ်အဆင်းသည် သိင်္ဂီရွှေအဆင်း ကဲ့သို့ ဝါဝင်း၏။ သို့သော် ထိုတရားကျင့်ချိန်မှာ မြင်ရသူတို့ကား "ကာဠော သမဏော ဂေါတမော=ရဟန်းဂေါတမဟာ အသား မဲကြီးဘဲ" ဟု ပြောကြ၏။ တချို့က "သာမော သမဏော ဂေါတမော = ရဟန်းဂေါတမဟာ အသားညိုကြီးဘဲ"ဟု ပြောကြ

၏။ တချို့ကမူ "မဂ္ဂုရစ္ဆပိ သမဏော ဂေါတမော = ရဟန်းဂေါတမဟာ ငါးခူ၏ အရေ အရောင်မျိုးဘဲ"ဟု ပြောကြသည်။ [မဟာသီဟနာဒသုတ် ပါဠိအဋ္ဌကထာဋီကာ]

**မာရ်နတ်လာ၍ မကျင့်ဘို့ပြောခြင်း**

ဘုရားအလောင်းတော်သည် ထိုမျှလောက် အပင်ပန်းခံ၍ ကျင့်တော်မူသော အခါ မာရ်နတ်လာ၍ သနားသည့်ဟန်ဖြင့် ဒုက္ကရအကျင့်ကို မကျင့်ဘို့ရန် ပြောသည်မှာ- အိုသိဒ္ဓတ္ထ....အသင်သည် အလွန် ပိန်၍ အားနည်းလှပြီ။ အစိတ်တထောင်နှင့် တစိတ် စိတ်လျှင် သေဘက်က တထောင်လောက်ရှိ၍ တစိတ်လောက်သာ အသက်ရှင်ဘို့ ရှိတော့သည်။ သေဘို့ရန် အလွန်နီးကပ်နေပြီ။ အသက်တာရှည်နေရခြင်းဆိုတာ အလွန်ကောင်း အလွန်မြတ်ပါသည်။ အသက်ရှည်လျှင် ကုသိုလ်ကောင်းမှုကို များစွာ ပြုရပါလိမ့်မည်။ မြတ်သောအကျင့်ကို (ဥပုသ်သီလကို) ကျင့်၍ ယဇ်မီးပူဇော်နေမည်ဆိုလျှင် ကုသိုလ်ကောင်းမှုတွေ များစွာ တိုးပွါးဘွယ် ရှိပါသည်။ ယခု အသင်ပြုနေတဲ့ ပဓာနအလုပ်(ကမ္မဋ္ဌာန်းအားဘုတ်မှု) ဆိုတာ အလွန်အထမြောက်ဘို့ ခဲယဉ်းပါသည်။ ဤသို့ တကာယ်အကျိုးလိုလား၍ သနားသည့်ဟန်ဖြင့် ကရုဏာသံပါပါ ပြောဆိုလာလေသည်။

**ဘုရားအလောင်း ကုသိုလ်မလိုချင်**

အို မာရ်နတ်....ငါသည် သင်ပြောတဲ့ ကုသိုလ်ကောင်းမှုကို အဏုမြူလောက်မျှ အလိုမရှိ။ [သန္တိပဒ=နိဗ္ဗာန်တရားမြတ်ကို အလိုရှိသည်-ဟူလို။] အသင် ယခုပြောတဲ့ စကားမျိုးကို ကုသိုလ်လိုချင်နေသူတို့ကိုသာ ပြောထိုက်သည်။ ငါ့မှာ သန္တိကို ယုံကြည်သော သဒ္ဓါလဲရှိ၊ ကျင့်မှုလဲရှိ၊ လုံ့လဝီရိယလဲရှိ၊ ပညာလဲရှိ၏။ ငါ့ကိုယ်မှာ ဖြစ်နေသော စိတ္တဇ (စိတ်ကြောင့်ဖြစ်သော)ဝါယောဓာတ်အပူသည် မြစ်ရေတွေကိုပင် ခြောက်သွေ့စေနိုင်သောကြောင့် ခန္ဓာကိုယ်မှာရှိသော အသွေးကို အဘယ်မှာ မခြောက်ခန်းစေဘဲ ရှိမှာလဲ။

"သွေးများခြောက်သွားလျှင် သလိပ်သည်းခြေလဲ ခြောက်သွားမှာဘဲ၊ အသားလဲကုန်သွားမှာဘဲ" ထိုသို့ အသားအသွေးတွေ ခြောက်ကပ်သွားလျှင် ငါ၏စိတ်ဟာ တိုး၍ကြည်လင်စရာရှိသည်။ သတိ ပညာ သမာဓိ တရားလည်း တိုး၍ ထက်မြက်တည်ကြည်စရာရှိသည်။ ငါဟာ အခုလို အလွန်ပြင်းထန်သော ဒုက္ခဝေဒနာကို ခံရသော်လည်း နောက် သို့ပြန်၍ထိုးနန်းစံလိုသော စိတ်ဆန္ဒမရှိ

ပါ။ ငါ၏သဒ္ဓါ (ယုံကြည်ချက်) သန့်ရှင်းပုံကို အသင် မာရ်နတ်ဘဲ စဉ်းစား ကြည့်ပါတော့။ ဤသို့ ပြန်၍ ပြောဆိုပြီးလျှင် မာရ်နတ်၏ ကိလေသာစစ်တပ် အဆက်ဆက်တက်၍ လာကြောင်းကိုငင်း၊ ထိုကိလေသာစစ်တပ်ကြီးကို အပြီး တိုင် ချေမှုန်းမည့်အကြောင်းကိုငင်း စိတ်ထက်သန်စွာမိန့်မြွက်တော်မူလေသည်။

**အကျင့်ပြောင်းပုံ** အတိတ်ရှေးက ဖြစ်ခဲ့ကြသော ရသေ့၊ သို့မဟုတ် ပုဏ္ဏား တို့သည် အဆင်းရဲခံ၍ ကျင့်ကြရာဝယ် ဤမျှလောက်သာ ကျင့်နိုင်ကြသည်။ ယခု ငါခံစားရသော ဒုက္ခထက် ပို၍ကား ဆင်းရဲခံ၍ ကျင့်နိုင်ကြမည် မဟုတ်။ နောင်အနာဂတ်၌လည်း ယခုထက်ပို၍ ကျင့်နိုင်ကြလိမ့် မည် မဟုတ်။ ယခု ပစ္စုပ္ပန်ခေတ်၌လည်း ငါခံစားရသော ဆင်းရဲထက် ပို၍ မကျင့်နိုင်ကြ။ ဤမျှလောက် ဒုက္ခခံ၍ ကျင့်ပါလျက် ငါသည် တရားထူးကို မရ ပါတကား။ တရားထူးကိုရဘို့ရန် လမ်းကြောင်းမှာ တမျိုးဖြစ်စရာရှိ၏ဟု အကြံ တော်ဖြစ်ပြီးလျှင် ခမည်းတော်၏ လယ်ထွန်မင်္ဂလာပွဲချိန်က ပဌမစျာန်ကိုရ၍ ချမ်းသာပုံကို သတိရသဖြင့် "ထိုစျာန်သည်ပင် တရားထူးရဘို့ မှန်ကန်သော လမ်းကြောင်းဖြစ်သည်"ဟု အသိဉာဏ်ဖြစ်ပေါ်လာ၏။ ထိုအခါ ဤမျှလောက် သော ဆင်းရဲပင်ပန်းနေသော ခန္ဓာကိုယ်ဖြင့် ထိုစျာန်ကိုရဘို့ မလွယ်ကြောင်း သိတော်မူရကား ရှေးကကဲ့သို့ ဆွမ်းအာဟာရကို ပြန်၍ စားသောက်လေသော် မကြာမီပင် အားအင်ပြည့်တင်းလာလေသည်။

**မှတ်ချက်။** ။ပဉ္စဝဂ္ဂီရသေ့ ငါးဦးတို့သည် ဘုရားအလောင်းတော်၏ အလွန် ဆင်းရဲစွာ ကျင့်စဉ်အခါ၌ "ကေန် တရားထူး ရတော့မည်" ဟု မြော် လင့်၍ လွန်စွာအားရကြကုန်၏။ ဆွမ်းအာဟာရကို ပြန်၍ စားသော အခါ၌ကား "ပစ္စည်းပေါအောင်ကျင့်ပြီး ကပ္ပဋ္ဌာန်းမှုပြန်လည်ခဲ့ပြီ"ဟု အယူရှိကာ ဘုရားဖြစ်ဘို့ရန်မြော်လင့်ချက်မရှိကြတော့ဘဲ ဗာရာဏသီမြို့ အနီး မိဂဒါဝုန်တောသို့ ရှေ့သွားကြလေသည်။

## ၃။ ဘုရားဖြစ်တော်မူခန်း

**ဘုရားဖြစ်မည့်နေ့ အစီအစဉ်**

ပဉ္စဝဂ္ဂီ ငါးဦးတို့ (တန်ခူးလကွယ်နေ့လောက်၌) ခွဲခွာ၍ သွားကြသော အခါ ဘုရားအလောင်းတော်သည် ကိုယ်တော်ဘပါးတည်း ဆိတ်ငြိမ်မှုရသောကြောင့် တရားအားထုတ်ရာ၌ သမာဓိလည်း အထူးတိုးတက်လာလေသည်။ ထိုသို့ ကိုယ်တော်တပါးတည်း ၁၅-ရက်မျှ ကြိုးစားခဲ့ပြီးနောက် ကဆုန်လပြည့်နေ့ဝယ် သုဇာတာ၏ ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် နေ့လယ်အချိန်၌ ထိုအနီးရှိ တောအုပ်ဝယ် တရားအားထုတ်တော်မူသောအခါ—

၁။ ပဌမစျာန်ကို ရတော်မူ၏။ ထိုစျာန်၏အစွမ်းကြောင့် စိတ်တော်ဝယ် ကာမနှင့်စပ်သော တဏှာ လောဘ စိတ်ဓာတ်များ ကင်းကွာနေ၏။ ဒေါသ မောဟနှင့် စပ်သော စိတ်ဓာတ်များလည်း ကင်းကွာနေ၏။ အာနာပါဏ (ထွက်သက်ဝင်သက်) အာရုံတခုအပေါ်၌ စူးစိုက်သော စိတ်အစဉ်သာ ဖြစ်နေလေသည်။

၂။ ထို့နောက် ဆက်၍ အားထုတ်သောအခါ ဒုတိယ စျာန်ကို ရတော်မူ၏။ ထိုစျာန်၏ အစွမ်းကြောင့် စိတ်၏လှုပ်ရှားမှုကို ပြုတတ်သော ဝိတက်, ဝိစာရ တို့သည် ငြိမ်သက်သွားကုန်၏။ စိတ်သည် အလွန်ကြည်လင်တော်မူ၏။ သမာဓိလည်း ပို၍အားကောင်းတော်မူလာ၏။ နှစ်သက်မှု ပီတိ, စိတ်ချမ်းသာမှုသုခတို့သည် ထင်ထင်ရှားရှား ဖြစ်လာကုန်၏။

၃။ ထို့နောက် တိုး၍ အားထုတ်သောအခါ တတိယစျာန်ကို ရတော်မူ၏။ ထိုစျာန်၏အစွမ်းကြောင့် နှစ်သက်မှုပီတိသည်ပင် ကွယ်ပျောက်၍ သုခချည်း သက်သက် ချမ်းသာလျက် ရှိ၏။ ထိုသုခအစွမ်းကြောင့် တကိုယ်လုံးလည်း ချမ်းသာ, သတိလည်း အလွန်ကောင်း, ဉာဏ်ပညာလည်း အလွန်ထက်မြက်လာသည်။

၄။ ထို့နောက် တိုး၍ အားထုတ်ပြန်သောအခါ စတုတ္ထစျာန်ကို ရတော်မူ၏။ ထိုစျာန်၏ အစွမ်းကြောင့် ချမ်းသာမှု သုခသည်လည်း ငြိမ်းသွားပြန်၏။ စိတ်အစဉ်လည်း သုခသဘောအားဖြင့် သာယာမှု မရှိ

ဇောတ္တဘဲ ဥပေက္ခာသဘောအားဖြင့် လျစ်လျူရှုလျက်, ရှေ့ကထက် ပို၍ ထက်မြက် လာလေသည်။ ထို့နောက် အရူပစျာန်ကိုလည်း ရတော်မူသည်။

**ဗောဓိညောင်ပင်အောက် ထိုင်တော်မူခြင်း**

ညနေချမ်းအချိန်ရောက်သောအခါ ထိုတောအုပ်မှ ဗောဓိညောင်ပင်ရှိရာသို့ ကြွတော်မူပြီးလျှင် လမ်းခရီးတွင် ပုဏ္ဏားတယောက်လှူလိုက်သော မြက်စိမ်း ပလ္လင်၌ "ဗုဒ္ဓ မဖြစ်သမျှ ဤနေရာမှ မထတော့အံ့" ဟု မိဋ္ဌာန်တော်မူလျက် ဗောဓိညောင်ပင်အောက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ ထိုအခါ မာရ်နတ်လာ၍ သမာဓိပျက်အောင် နှောင့်ယှက်ပြန်၏။ ထိုသို့ နှောင့်ယှက်သည်ကို မေတ္တာတော်အရင်းခံထား၍ ပါရမီများကိုညွှန်ပြလျက် နေမဝင်မီအချိန်တွင် အေးအေးဆေးဆေး အောင်မြင်တော်မူလေသည်။

**စိတ်အစဉ်၏ ဂုဏ်များ**

ဈာန်တရားကိုရပြီးသော ဘုရားအလောင်းတော်၏ အလွန်သမာဓိ အားကောင်းသော စိတ်အစဉ်သည် (၁) ရှေ့ရော နောက်ပါ ထက်ဝန်းကျင် စင်ကြယ်နေ၏။ (၂) စင်ကြယ်သောကြောင့် အရောင်ထွက်သကဲ့သို့ ဖြူစင်နေ၏။ (၃) ကိလေသာမရှိ။ (၄) ကိလေသာမရှိသောကြောင့် ညစ်နွမ်းစေတတ်သော အညစ်အကြေးမှ ကင်းရှင်း၏။ (၅) စိတ်အစဉ်သည် နူးနူးညံ့ညံ့ရှိ၏။ (၆) နူးနူးညံ့ညံ့ ရှိသောကြောင့် လိုရာအာရုံသို့ ဆွဲဆောင်ဘို့ လွယ်ကူနေ၏။ [ဥပမာ–အညစ်အကြေးကင်း၍ နူးညံ့ပျော့ပျောင်းသော ရွှေစင်ရွှေကောင်းသည် လိုရာတန်ဆာကို ပြုဘို့ရန် ကောင်းမွန်သကဲ့သို့ဖြစ်၏။] (၇) ပြခဲ့သောဂုဏ်များကို ခဏခေတ္တ ရခြင်းမဟုတ်။ ထိုဂုဏ်များ၌ ခိုင်မြဲတည်တံ့နေ၏။ ထိုဂုဏ်များ ပျောက်ပြယ်၍ မသွားနိုင်။ (၈) ထိုဂုဏ်များ၌ ခိုင်မြဲသောကြောင့်ပင် ထိုဂုဏ်များ၏ လှုပ်ရှားခြင်းမရှိ။ ဤသို့ ဂုဏ်ရှစ်ပါးနှင့်ပြည့်စုံသော စိတ်အစဉ်သည် စိတ်နှင့် ဆိုင်ရာဝယ် (ဘယ်ကိစ္စကို မဆို) ညွှတ်လိုက်လျှင် ထိုညွှတ်လိုက်ရာ အာရုံသို့ ရောက်သွားလောက်အောင် ကောင်းမွန်လျက် ရှိလေပြီ။

**ပုဗ္ဗေနိဝါသ ဉာဏ်**

[ပုဗ္ဗေ=ရှေးရှေးဘဝများစွာ၌+နိဝါသ=နေခဲ့ရ တွေ့ခဲ့ ကြုံခဲ့ရသမျှကို+ဉာဏ=သိသောဉာဏ်။] ဘဝများစွာ ကမ္ဘာများစွာတို့က ဖြစ်ပျက်ခဲ့သော အကြောင်းအရာကိုရင်း၊ ထိုဘဝတုန်းက

ပတ်ဝန်းကျင်၌ တွေ့ခဲ့ ကြုံခဲ့ ဆိုခဲ့သမျှသော အာရုံများကိုရင်း ပြန်ပြောင်း၍ အောက်မေ့နိုင်သော အသိဉာဏ်ကို "ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်" ဟု ခေါ်၏။ ဘုရားအလောင်းသည် ညစ်ကြေးမတင် လွန်သန့်စင်၍ ကြည်လင်နူးညံ့သော စိတ်တော်အစဉ်ကို ပုဗ္ဗေနိဝါသသို့ ညွှတ်ပေးတော်မူရာ ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သော အဘိညာဉ် (ဉာဏ်ထူး)ဖြစ်ပေါ်လာလေသည်။ ထိုအဘိညာဉ်ကို ရသော အချိန်မှာ (တညဉ့်ကို ၃-ပိုင်း ပိုင်း၍ ရှေ့ပိုင်း) ပဌမယာမ်ဖြစ်သည်။ ထို ပဌမယာမ်အချိန်၌ ထိုပုဗ္ဗေနိဝါသဉာဏ်ဖြင့် လွန်ခဲ့သော ဘဝမှ စ၍ သုမေဓာရှင်ရသေ့ဘဝတိုင်အောင်ရင်း၊ ထို့ထက် ရှေးကျသော ကမ္ဘာများစွာက ဖြစ်ပျက်ခဲ့သမျှတွေ့ကိုရင်း သိမြင်တော်မူ၏။ ထို ရှေးကျသော ဘဝတွေမှ ပြန်၍ ဆက်ကာ ဆက်ကာ အောက်မေ့လာခဲ့ရာ ဘုရားဖြစ်မည့် ဘဝ မရောက်မီ ဝေဿန္တရာမင်း ဘဝနှင့် ထိုဘဝမှ စုတေ၍ ဖြစ်ရသော တုသိတာနတ်ပြည်၌ နတ်မင်းဘဝတို့ကို မြင်တော်မူလေသည်။

**ဒိဗ္ဗစက္ခုဉာဏ်** [ဒိဗ္ဗ=နတ်မျက်လုံးနှင့် တူသော+စက္ခု=အဆင်းကို မြင်နိုင်သော ဉာဏ်။] နတ်မျက်လုံးသည် သေးငယ်သော အဆင်းကိုရင်း၊ ဝေးသော အဆင်းကိုရင်း မြင်နိုင်သကဲ့သို့ နတ်မျက်လုံးထက်ပင် ပို၍ မြင်နိုင်သော ဉာဏ်ကို "ဒိဗ္ဗစက္ခုဉာဏ်" ဟု ခေါ်၏။ ဘုရားအလောင်းတော်သည် ပုဗ္ဗေနိဝါသ ဉာဏ်ကို ရတော်မူပြီးသောအခါ ညစ်ကြေးမတင် လွန်သန့်စင်၍ ကြည်လင် နူးညံ့သော စိတ်တော်ကို ဒိဗ္ဗစက္ခု၏ အာရုံသို့ ညွှတ်ပေးတော်မူ၏။ ထိုအခါ သတ္တဝါတို့၏ စုတေခါနီးကိုရင်း၊ ပဋိသန္ဓေနေပြီးစကိုရင်း မြင်တော်မူ၏။ အမျိုး ဂုဏ် စသောအားဖြင့် အောက်တန်းကျသူ, အထက်တန်းရောက်သူတို့ကိုရင်း၊ လှသူ, မလှသူတို့ကိုရင်း၊ သုခရောက်သူ, ဒုက္ခရောက်သူတို့ကိုရင်း မြင်တော်မူ၏။ ထိုဉာဏ်ကို "ဒိဗ္ဗစက္ခုအဘိညာဉ်" ဟု ခေါ်၏။ ထိုအဘိညာဉ်ရသော အချိန်မှာ ညဉ့်၏ အလယ်ပိုင်း မဇ္ဈိမယာမ် ဖြစ်သည်။ ထိုဉာဏ်ဖြင့် ငရဲကောင်, ပြိတ္တာကောင်တို့ကိုလည်း မြင်တော်မူ၏။ လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအမျိုးမျိုးကိုလည်း မြင်တော်မူ၏။ ထိုသို့ မြင်ရ၍ ထိုသတ္တဝါတို့၏ ရှေးကံကို ဆင်ခြင်တော်မူသောအခါ လောဘ ဒေါသ မောဟပါသော အကုသိုလ်ကံကြောင့် ငရဲကောင် တိရစ္ဆာန်ကောင် ပြိတ္တာကောင် ဖြစ်ရပုံ, လူ့ဘုံမှာ ဖြစ်ရသော်လည်း ထိုအကုသိုလ် ကံကြောင့် လူနုံ လူမိုက် လူဆင်းရဲ ဖြစ်ရပုံကိုရင်း၊ အလောဘ အဒေါသ အမောဟ ပါသော ကုသိုလ်ကံကြောင့် လူချမ်းသာနှင့် နတ်ဗြဟ္မာဖြစ်ရပုံ, တိရစ္ဆာန်ဘဝ

မှာ ဖြစ်ရသော်လည်း ထိုကုသိုလ်ကံပါနေသောကြောင့် လှုလှုပပနှင့် သုခရနေပုံ ကိုရှင်း အစုံအလင် သိမြင်တော်မူရလေသည်။

**အာသဝက္ခယ ဉာဏ်** [အာသဝ=အာသဝေါတရားတို့၏+ ခယ=ကုန်ကြောင်းဉာဏ်။] စိမ်ရည်အိုး၌ ကြာမြင့်စွာ စိမ်ထားအပ်သော စိမ်ရည် အရက်ကို "အာသဝ"ဟု ပါဠိလို ခေါ်၏။ ခန္ဓာအစဉ်၌ ကြာမြင့်စွာပါရှိနေသော လောဘ ဒိဋ္ဌိ မောဟတို့ကိုလည်း စိမ်ရည်အရက်နှင့် တူသောကြောင့် "အာသဝ=အာသဝေါတရား"ဟု ခေါ်၏။ ထို အာသဝေါတရားတို့သည် အရဟတ္တမဂ်ဉာဏ်ကို ရတော်မူသောအခါ ကုန်သွားသောကြောင့် အရဟတ္တမဂ်ဉာဏ်ကိုပင် အာသဝက္ခယဉာဏ်ဟု ခေါ်ရသည်။ ဘုရားအလောင်းတော်သည် မဇ္ဈိမယာမ်လွန်ပြီးသောအခါ ညစ်ကြေးမတင် လွန်သန့်စင်၍ ကြည်လင်နူးညံ့သော စိတ်တော်ကို အာသဝက္ခယဉာဏ်တော်သို့ ညွတ်ပေးတော်မူ၏။

၁။ ထိုအခါ ပဋ္ဌမ၌ သစ္စာ ၄-ပါးကို မျက်စိဖြင့် မြင်ရသကဲ့သို့ သိမြင်နိုင်သော သောတာပတ္တိမဂ်ဉာဏ် သောတာပတ္တိဖိုလ်ဉာဏ် ပေါ်လာ၏။ ထိုဉာဏ်ဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာစုကို ပယ်၍ အယူမှားမှု ယုံမှား သံသယဖြစ်မှုတွေ အတွင်းခေတ်ပါမကျန်အောင် ကင်းစင်သွားတော့၏။

၂။ ထို့နောက် သစ္စာ ၄-ပါးကို ပဌမဉာဏ်ထက် ပို၍ သိမြင်သော သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါ်လာ၏။ ထိုဉာဏ်ဖြင့် ကိလေသာ တစုံတခုကိုမျှ မပယ်နိုင်သေး။ သို့သော် ကာမရာဂ ခေတ်ညစ်၊ ဒေါသ ခေတ်ညစ်တို့ကိုကား ပါးလှပ်အောင် ပယ်လိုက်ပြီ။ [တရားအားထုတ်စဉ်ကလည်း ကာမစိတ် ဒေါသစိတ်များ မဖြစ်ပါ။ သို့သော် ခေတ်သဘောကား ရှိနေသေး၏။ ဈာန်ရသော အခါလည်း ခေတ်သဘော ရှိနေသေး၏။ မဂ်ဖြင့် ယခု ပယ်ခြင်းကား ခေတ်သဘောပါ မကျန်ရအောင် ပယ်ခြင်းဖြစ်သည်။]

၃။ ထို့နောက် သစ္စာ ၄-ပါးကို ဒုတိယဉာဏ်ထက်ပင် ပို၍ သိမြင်နိုင်သော အနာဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါ်လာ၏။ ထိုဉာဏ်အစွမ်းကြောင့် ကာမရာဂခေတ် ဒေါသခေတ်များ လုံးလုံးကင်းပြတ်သွားတော့၏။ ရူပဘဝ အရူပဘဝတို့ကို နှစ်သက်သော ခေတ်၊ အမှန်အတိုင်း အထင်

ကြီးတတ်သော မာနဓာတ်ကလေးများ အလွန်သိမ်မွေ့စွာ ကျန်သေး၏။

၄။ ထို့နောက် သစ္စာ ၄-ပါးကို အစွမ်းကုန် သိနိုင်မြင်နိုင်သော အရဟတ္တမဂ်ဉာဏ်နှင့် အရဟတ္တဖိုလ်ဉာဏ် ပေါ်လာ၏။ ထိုဉာဏ်အစွမ်းကြောင့် ကျန်သေးသော အကုသိုလ်အညစ်အကြေးဓာတ်များ အလုံးစုံ ကင်းပြတ်သွားတော့၏။ ထိုအညစ်အကြေးဓာတ်တို့ ကင်းပြတ်သွားရာတွင် အရင်းခံဖြစ်သော အာသဝေါတရားတို့၏ ဓာတ်များလည်း ပါဝင်သွားရကား ဤအရဟတ္တမဂ်ဉာဏ်ကို အာသဝက္ခယဉာဏ်ဟု ခေါ်ရသည်။ ဤအာသဝက္ခယဉာဏ် ရပြီးသည်နှင့် တပြိုင်နက် အရုဏ်လည်း တက်လာတော့၏။

**ဘုရားဖြစ်တော်မူချိန်** ထိုအရဟတ္တမဂ်ဉာဏ် ရတော်မူသည်နှင့် တပြိုင်နက် သဗ္ဗညုတဉာဏ်တော်ကိုလည်း တခါတည်း ရပြီးဖြစ်တော့၏။ ထိုဉာဏ်တော်ကြောင့် "ဗုဒ္ဓ"ဟူသော အမည်တော်ကိုလည်း ရတော်မူ၏။ ဘုရားဖြစ်တော်မူချိန်သည် ကဆုန်လပြည့်ညဉ့်ကို လွန်၍ အရုဏ်တက်မည့်ဆဲဆဲ အချိန်ဖြစ်ပါသည်။ ထို အချိန်၌ ရှင်တော်မြတ်ဘုရား၏ မျက်နှာတော်သည် အလွန်ကြည်လင်တော်မူသောကြောင့် မျက်နှာတော်ကို အကဲခတ်၍ ထူးမြတ်သော ဉာဏ်တော်ကို ရတော်မူပြီဟု သိကြသော နတ်အများတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။ [သဗ္ဗ=အလုံးစုံ+ညုတ=သိနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း ဉာဏ်တော်။]

**သဗ္ဗညုတဉာဏ်တော်အစွမ်း** သဗ္ဗညုတဉာဏ်တော်သည် (၁) သိဘွယ် ဟူသမျှတို့ကို အလုံးစုံ အကုန်အစင် သိတော်မူ၏။ ထိုသို့ သိရာ၌ တခုတလေမျှလည်း အမှားအယွင်းမရှိ။ (၂) သိအပ်သော တရားတိုင်းဝယ် "သူတပါး နားလည်အောင် မည်သည့်နည်းဖြင့် ဟောထိုက်သည်"ဟု တရားတမျိုးတမျိုးလျှင် ဟောနည်း (တရားဆင်နည်း) အမျိုးမျိုးကိုလည်း သိတော်မူ၏။ (၃) တရားနာမည့် ပုဂ္ဂိုလ်တိုင်း၏ အလိုဆန္ဒ (စိတ်ကြိုက်)ကိုလည်း နှိုက်နှိုက်ကျွတ်ကျွတ် သိတော်မူ၏။ ထိုသို့ အစွမ်းသတ္တိ ၃-မျိုးရှိသော ဉာဏ်တော်ဖြင့် ချွတ်ထိုက်သော သတ္တဝါတို့ကို တရားဟောပြ၍ သံသရာဝဋ်မှ ကျွတ်လွတ်အောင် ချွတ်တော်မူလေရာ မရေ မတွက်နိုင်

အောင် မြားမြောင်သော နတ်ပြဟ္မာများနှင့် လူအတော်များများတို့ တရားထူးပေါက်ရောက်ကာ သံသရာဝဋ်မှ ကျွတ်လွတ်ကြရပေသည်။ [ဘုရားတဆူပွင့်တော်မူရာ၌ "ကုဋေ-၄၀, ဗိုလ်ချေတသိန်း ကျွတ်ကြသည်" ဟု ပြောစမှတ်ပြုကြ၏။ ထိုစကားသည် ပါဠိတော် အဋ္ဌကထာလာ စကားမဟုတ်။ ပါရမီပြည့်သူတိုင်း ကျွတ်တမ်းဝင်ရမည်ဖြစ်သောကြောင့် "ဘုရားတဆူလျှင် ကျွတ်တန်းဝင်သူ မည်မျှသာရှိသည်"ဟု အတိအကျ သတ်မှတ်ခြင်းလည်း ယုတ္တိမရှိပါ။]

**စဉ်းစားပါ**

ဤမျှသော စကားအစဉ်ဖြင့် ဘုရားရှင်၏ အကြောင်းကို ပြန်ပြောင်း၍ စဉ်းစားစေလိုပါသည်။ ပါရမီကောင်းမှုများကို ဖြည့်တော်မူစဉ်အခါဝယ် သာမန်လူများ လိုက်၍ မမှီအောင် ဒါနမှု သီလမှုစသည်ကို ပြုခဲ့သည် မဟုတ်ပါလော။ ထိုသို့ ပြုချိန်တုန်းကလည်း လောဘ ဒေါသ မာန်မာနနှင့် ဣဿာ မစ္ဆရိယ စသော ကိလေသာ အထုအထည်သည် နည်းသည်ထက် နည်း, ပါးသည်ထက် ပါးပြီးလျှင် မေတ္တာ ကရုဏာ ဉာဏ်ပညာတို့ကား ကြီးသည်ထက် ကြီး, များသည်ထက် များ၍ လာခဲ့သည် မဟုတ်ပါလော။ ဘုရားဖြစ်တော်မူမည့်ဘဝ၌လည်း ပါရမီတော်များ ရင့်နေပြီဖြစ်သောကြောင့် နတ်မင်းတမျှ စံစားရသည့် စည်းစိမ်ကိုပင် စွန့်ခွါနိုင်သည် မဟုတ်ပါလော။ ထိုသို့ စွန့်ခွါပြီးသည့်နောက် တောထဲရောက်သောအခါ အရိုးကြေကြေ အရေခြောက်ခြောက် နောက်မဆုတ်ဘဲ အားထုတ်တော်မူခဲ့သည် မဟုတ်ပါလော။ ထိုသို့အားထုတ်၍ အဆင့်ဆင့် တရားတက်လာသော အခါ ခန္ဓာအစဉ်မှာ ပါရှိသော မကောင်းဓာတ် ဟူသမျှတို့ကို တစတစ ခွါ၍ချနိုင်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် စိတ်ဓာတ် စင်ကြယ်လွန်းမက စင်ကြယ်လှမှ သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဗုဒ္ဓအစစ် ဘုရားအဖြစ်ကို ဝန်ခံတော်မူသည် မဟုတ်ပါလော။

**ဘုရားကို အာရုံပြုပါ**

ဘုန်းကြီးသည် ဘုရားရှင်၏ ပါရမီ ဖြည့်တော်မူခဲ့ပုံနှင့် တကွ ဗုဒ္ဓမြတ်စွာ ဖြစ်တော်မူသည့် တိုင်အောင် ဘုရားအဖြစ်တော်စဉ်ကို ဆင်ခြင်သောအခါ ဗုဒ္ဓမြတ်စွာအပေါ်၌ ယုံမှားသံသယ လုံးလုံးမရှိပါ။ အလွန်အမင်း ယုံကြည်ပါသည်။ ကြည်ညိုပါသည်။ ဤစာကို ကြည့်ရှုသူများသည် ဘုရားအဖြစ်တော်စဉ်ကို စဉ်းစားပြီးလျှင် (၂၉-နှစ်

တောထွက်၍ ၆-နှစ်လောက်ကျင့်ပြီးမှ ဘုရားဖြစ်သောကြောင့်) အရွယ်တော်အားဖြင့် ၃၅-နှစ်သာ ရှိတော်မူသေးသော ပွင့်သစ်စ မြတ်ဘုရား၏ ဗောဓိညောင်ပင်အောက်ဝယ် အရှေ့ဘက်သို့ လှည့်သော မျက်နှာတော်ဖြင့် ထိုင်နေတော်မူပုံကိုငှင်း၊ ဘုရားဖြစ်တော်မူပြီးချိန်ဝယ် အရှေ့အရပ်မှ နေအရုဏ်အရောင်ဟပ်နေပုံကိုငှင်း၊ ကိလေသာခါတ် ကင်းပြတ် စင်ကြယ်သော စိတ်တော်အစဉ်ဝယ် သဗ္ဗညုတဉာဏ်တော်ခါတ်လည်း ကိန်းဝပ် ပါဝင်နေရကား အလွန်ကြည်လင်သော မျက်နှာတော်ဖြင့် သပ္ပါယ်တော်မူပုံကိုငှင်း မိမိစိတ်တွင် ထင်မြင်လာအောင် အာရုံယူစေလိုပါသည်။ ဥပုသ်သီလကို စောင့်သုံးလျက် ဘုရားဂုဏ်တော်ကို အာရုံပြုနေသော အချိန်သည် သူတော်စင်များအတွက် အလွန်ကျက်သရေမင်္ဂလာရှိသော အချိန်ဖြစ်ပါသည်။ [နေအရုဏ်နှင့်တွေ့သောအခါ ပဒုမ္မာကြာ ပွင့်သကဲ့သို့ အရဟတ္တမဂ်ဉာဏ်နှင့် တွေ့၍ သဗ္ဗညုတဉာဏ်ရတော်မူခြင်းကိုပင် "ဘုရားပွင့်တော်မူခြင်း"ဟု ခေါ်စမှတ်ပြုကြပါသည်။

ပါတော ဖုလ္လံ ပဒုမံဝ၊ အဂ္ဂမဂ္ဂေန ဖုလ္လိတံ။
သောဂန္ဓိကံ ဝိရောစန္တံ၊ ဗုဒ္ဓံ ပဿာဟိ သာဒရံ။

ပါတော၊ အရုဏ်ရောင်လင်း ကပ်လာချဉ်း၍ ဆီးနှင်းရည်မော နံနက်စောစောအခါ၌။ ဖုလ္လံ၊ ရနံ့အေးကြည် မွှေးပျံ့စီ၍ ပတ်လည်စွင့်စွင့် ကားကားပွင့်သော။ ပဒုမံဣဝ။ အထပ်တရာ ချပ်အလွှာဖြင့် လွန်စွာတင့်ဆန်း ပဒုမ္မာကြာပန်းကဲ့သို့။ အဂ္ဂမဂ္ဂေန၊ ကိလေသာမှောင်စက် ပြောင်အောင်ဖျက်သည့် အရဟတ္တမဂ်ဂုဏ် နေအရုဏ်ကြောင့်။ ဖုလ္လိတံ၊ သဗ္ဗညုတံ ဗောဓိဉာဏ်ဖြင့် ရောင်လျှံစွင့်စွင့် ပွင့်တော်မူထသော။ သောဂန္ဓိကံ၊ ကိုယ်တော် ရနံ့ဂုဏ်ရနံ့ဖြင့် သင်းပျံ့မွှေးထုံ ရနံ့ပေါင်းစုံတော်မူထသော။ ဝိရောစန္တံ၊ အဆင်းတော်ရောင် ဉာဏ်တော်ရောင်ဖြင့် ထွန်းပြောင် မြင့်ကြွယ် တင့်တယ်တော်မူထသော။ ဗုဒ္ဓံ၊ ဗောဓိညောင်ခြေ နန်းအောင်မြေဝယ် ကျက်သရေအပေါင်းခညောင်းစုံလင် ဘုရားရှင်ကို။ သာဒရံ၊ လေးလေးမြတ်မြတ် စိတ်ခါတ်ကြည်ညိုအလွန်ရှိသောသည်ဖြစ်၍။ ပဿာဟိ၊ ကိုယ်စိတ်ရှင်လန်း ကြက်သီးဖြန်းမျှ မှန်း၍ထင်ထင် ဖူးမြင်စမ်းပါတော့လော။

## ၄။ သာသနာတည်စေတော်မူခန်း

**မာရ်နတ်လာ၍ လျှောက်ခြင်း**

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူပြီးသောအခါ ဗောဓိပင်၏ ပတ်ဝန်းကျင် အနီး အရပ်များ၌ ခုနစ်ရက် ခုနစ်လီ စျာန်သမာပတ် ဝင်စားတော်ပြီးနောက် ရှစ်ကြိမ်မြောက် ခုနစ်ရက်တွင် မာရ်နတ်လာ၍ အောက်ပါစကားကို လျှောက်လေသည်။ "အို အရှင်ဘုရား....အရှင်ဘုရားသည် ပရိနိဗ္ဗာန်စံတော်မူပါတော့။ သဗ္ဗညုတဉာဏ်တော်ကို ရဘို့ရန် ရည်မှန်း၍ ပါရမီ ဖြည့်လာခဲ့သော အရှင်ဘုရားမှာ ယခုအခါ၌ ရည်မှန်းချက် အထမြောက်ပါပြီ။ လောက၌ လှည့်လည်နေဘို့ မလိုတော့ပါ။ ပရိနိဗ္ဗာန် စံတော်မူပါတော့" ဤသို့ လျှောက်လာ လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ပြန်၍ မိန့်တော်မူသည်မှာ—

၁။ အို မာရ်နတ်....ငါ၏ တပည့်သာဝက ဖြစ်ကြသော ရဟန်းယောကျ်ားတို့သည် ယဉ်ယဉ်ကျေးကျေးနှင့် ထက်ထက်မြက်မြက် မရှိကြသေးသမျှ, တရားအရာတွင် အကြားအမြင် ဗဟုသုတများ၍ ထိုတရားအတိုင်း ကျင့်နေသူတွေ မများသေးသမျှ, ငါဘုရား၏ အယူဝါဒကို သင်ယူတတ်မြောက်၍ သူသပါးအား မပို့မချနိုင်သေးသမျှ, ဖြစ်ပေါ်လာသော ဆန့်ကျင်ဘက် အယူဝါဒကို တရားသဖြင့် နှိပ်နင်း၍ အကြောင်းပြလျက် တရားဓမ္မကို မဟောပြနိုင်သေးသမျှ ငါဘုရား ပရိနိဗ္ဗာန်စံဘို့ မဖြစ်နိုင်သေးဘူး မာရ်နတ်။

၂။ အို မာရ်နတ် ...ငါ၏ တပည့်သာဝိကာမဖြစ်ကြသော ဘိက္ခုနီတို့သည် ယဉ်ယဉ်ကျေးကျေးနှင့် ထက်ထက်မြက်မြက် မရှိကြသေးသမျှ, တရားအရာတွင် အကြားအမြင် ဗဟုသုတများ၍ ထိုတရားအတိုင်း ကျင့်နေသူတွေ မများသေးသမျှ, ငါဘုရား၏ အယူဝါဒကို သင်ယူတတ်မြောက်၍ သူတပါးအား မပို့ချနိုင်သေးသမျှ, ဖြစ်ပေါ်လာသော ဆန့်ကျင်ဘက်အယူဝါဒကို တရားသဖြင့် နှိပ်နင်း၍ အကြောင်းပြလျက် တရားဓမ္မကို မဟောပြနိုင်သေးသမျှ ငါဘုရား ပရိနိဗ္ဗာန်စံဘို့ မဖြစ်နိုင်သေးဘူး မာရ်နတ်။

၃။ အို မာရ်နတ်.... ငါဘုရားကို ဆည်းကပ် ကိုးကွယ်ကြ၍ ဥပါသကာ (ဒါယကာ) ဖြစ်ကြသော လူဝတ်ကြောင်တို့သည် (လူ့အလိုက်) ယဉ်ယဉ်ကျေးကျေးနှင့် ထက်ထက် မြက်မြက် မရှိကြသေးသမျှ, တရားအရာတွင်

(လူ့အလိုက်) အကြားအမြင် ဗဟုသုတများ၍ ထိုလူ့တရား လူ့ကျင့်ဝတ် အတိုင်း ကျင့်နေသူတွေ မများသေးသမျှ, ငါဘုရား၏ အယူဝါဒကို တတ်သိ နားလည်၍ သူတပါးအား တဆင့်ပြောပြနိုင်သူတွေ မများသေးသမျှ, ဖြစ်ပေါ် လာသော ဆန့်ကျင်ဘက်အယူဝါဒကို တရားသဖြင့် နှိပ်နင်း၍ အကြောင်းပြ လျက် တရားဓမ္မကို (လူ့အလိုက်)မပြောနိုင်သေးသမျှ ငါဘုရား ပရိနိဗ္ဗာန်စံဘို့ မဖြစ်နိုင်သေးဘူး မာရ်နတ်။

၄။ အိုမာရ်နတ်....ငါဘုရားကို ဆည်းကပ်ကိုးကွယ်ကြ၍ ဥပါသိကာ (ဒါယိကာမ)ဖြစ်ကြသော လူဝတ်ကြောင် မိန်းမတို့သည် (လူ့အလိုက်) ယဉ်ယဉ်ကျေးကျေးနှင့် ထက်ထက်မြက်မြက် မရှိကြသေးသမျှ, တရားအရာတွင် (လူ့အလိုက်) အကြားအမြင် ဗဟုသုတများ၍ ထို လူ့တရား လူ့ကျင့်ဝတ် အတိုင်း ကျင့်နေသူတွေ မများသေးသမျှ, ငါဘုရား၏ အယူဝါဒကို တတ်သိ နားလည်၍ သူတပါးအား တဆင့်ပြောပြနိုင်သူတွေ မများသေးသမျှ, ဖြစ်ပေါ် လာသော ဆန့်ကျင်ဘက် အယူဝါဒကို တရားသဖြင့် နှိပ်နင်း၍ အကြောင်းပြ လျက် တရားဓမ္မကို(လူ့အလိုက်) မပြောနိုင်သေးသမျှ ငါဘုရားပရိနိဗ္ဗာန်စံဘို့ မဖြစ်နိုင်သေးဘူး မာရ်နတ်။

၅။ အိုမာရ်နတ်....ငါဘုရား၏ သီလ-သမာဓိ-ပညာ ၃-မျိုးလုံးပါနေ သော သာသနာတော်သည် စည်ပင်ပြန့်ပွါး၍ ပညာရှိသော နတ်လူတို့နယ် တွင် မထင်ရှားသေးသမျှ ငါဘုရားပရိနိဗ္ဗာန်စံဘို့ မဖြစ်နိုင်သေးဘူး မာရ်နတ်။ ဤသို့ ဘုရားရှင်က ပြန်၍ မိန့်တော်မူခဲ့ပါသည်။

**မှတ်ချက်**။ ။ဤနေရာ၌ ဘုရားရှင်၏ သာသနာ့လမ်းစဉ်ကို သတိပြုသင့်၏။ သာသနာတော်ခိုင်ခံ့၍ အရပ်ရပ် ပြန့်နှံ့အောင် (၁) သာသနာ့တာဝန် ဆောင် ဘိက္ခုကောင်းများ၊ (၂) သာသနာ့တာဝန်ဆောင် ဘိက္ခုနီ ကောင်းများ၊ (၃) သာသနာတော်ကို ဆည်းကပ်ကိုးကွယ်သော တာဝန်ဆောင်ဥပါသကာ (ဒါယကာ)များ၊ (၄) သာသနာတော်ကို ဆည်းကပ်ကိုးကွယ်သော တာဝန်ဆောင် ဥပါသိကာ (ဒါယိကာမ) များ—ဤ ၄-ရပ်ကို ဗုဒ္ဓမြတ်စွာ၏ ပရိသတ် ၄-ပါးဟု ခေါ်သည်။ ထိုပရိသတ် ၄-ပါးလုံး ပြည့်ပြည့်စုံစုံရှိမှသာ ဗုဒ္ဓမြတ်စွာ၏ သာသနာ တော် အရှည်ခံ့၍ တည်တံ့နိုင်မည်ဖြစ်သောကြောင့် ဗုဒ္ဓမြတ်စွာသည်

ထို ပရိသတ် ၄-ပါးလုံး ပြည့်စုံအောင် ၄၅-ဝါ ကာလပတ်လုံး တရားဟောတော်မူခြင်းဖြင့် သာသနာတော် ပြန့်နှံ့ခိုင်မြဲအောင် ဆောင်ရွက်တော်မူခဲ့ကြောင်းကို မှတ်သားခဲ့ပါ။

**ရဟန်းကောင်းများ** "ရဟန်းကောင်း"ဟူရာ၌ အကျင့်ကောင်းသော ရဟန်းများကို ဆိုလိုသည်။ ဘုရားရှင်လက်ထက်တော်၌ တချို့ ရဟန်းတော်များသည် အမျိုးအားဖြင့် အထက်တန်းကျ၍ အကျင့်သိက္ခာလည်း ကောင်းကြပေ၏။ တချို့ ရဟန်းတော်များကား အမျိုးအားဖြင့် အထက်တန်း မကျသော်လည်း အကျင့်သိက္ခာ ကောင်းကြပေ၏။ ထိုသို့ အကျင့်သိက္ခာကောင်းကြ၍ ဘုရားတရားတော်များကို ကောင်းမွန်စွာ တတ်သိထားသော ရဟန်းတော်များသည် သာသနာတော် အရှည်ခံ၍ တည်တံ့အောင် ရွက်ဆောင်တော်မူနိုင်ကြပေသည်။

**အမှာ။** ။ဘုရားလက်ထက်တော်မှစ၍ သံဃာတော်များ၏ သာသနာတော်ကို ဆောင်တော်မူခဲ့ပုံနှင့်တကွ အရှင်သာရိပုတြာ, အရှင်မဟာမောဂ္ဂလ္လာန်, အရှင်မဟာကဿပ စသော သာသနာပြု သံဃာတော်များ၏ အကြောင်းအရာကို "အနာဂတ်သာသနာရေးကျမ်းစာ" သံဃရတနာ အခန်း၌ ရေးသားခဲ့ပါပြီ။ ဤကျမ်း၌ကား ထိုကျမ်း၌ မပါသေးသော အချို့ သံဃာတော်များကိုသာ ရေးသားပါမည်။

**အရှင်ဥပါလိ** အရှင်ဥပါလိထေရ်သည် လူ့ဘဝတုန်းက အမျိုးဇာတ်အောက်တန်းကျသော ဆတ္တာသည်ဖြစ်၍ ဘဒ္ဒိယမင်းသား အနုရုဒ္ဓါမင်းသား အာနန္ဒာ စသော မင်းသားများ၏ ဆံပင် မုတ်ဆိတ်ကို ပြုပြင်ပေးရသူဖြစ်၏။ ထိုမင်းသားများ ရဟန်းပြုသောအခါ အတူလိုက်၍ ဘုရားအထံ ရောက်လျှင် မင်းသားတို့က "ဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါ။ ထိုသို့ ရှေးဦးစွာ ရဟန်းပြုမှ ဥပါလိက ရဟန်းအဖြစ် အလျင်ကျ၍ ဥပါလိကို တပည့်တော်တို့က အရိုအသေပေးရသဖြင့် တပည့်တော်တို့၏ မာန်မာနလျော့ကျပါလိမ့်မည်"ဟု လျှောက်ကြလေသည်။ [အလွန်စိတ်ကောင်းရှိသော မင်းသားများဖြစ်ကြပါပေသည်။] အရှင်ဥပါလိသည် ရဟန်းပြုပြီးသောအခါ တောကျောင်းမှာ နေလို၍ ဘုရားရှင့်အထံ ခွင့်တောင်းလေသော် (နောင်အခါ သာသနာ့အကျိုးကို မြော်တော်မူ၍) ဘုရားရှင်သည် ခွင့်ပြုတော်မမူဘဲ

"တောကျောင်းနေလျှင် အသင့်မှာ ဝိပဿနာတာဝန်တမျိုးသာ တိုးပွါးလိမ့်မည်။ငါဘုရား၏ အထံမှာနေလျှင် ဝိပဿနာတာဝန်, ကျမ်းဂန်တာဝန် ၂-မျိုးလုံး ပြည့်စုံလိမ့်မည်"ဟု မိန့်တော်မူ၏။

အရှင်ဥပါလိသည် ဘုရားအထံတော်၌ တရားအားထုတ်၍ နေစဉ် မကြာခင် ရဟန္တာဖြစ်၏။ ထို့နောက် ဘုရားရှင်ကိုယ်တော်တိုင် ဝိနည်းတရားတော်ကို ပို့ချပေးတော်မူ၏။ အရှင်ဥပါလိသည် စင်္ကြံကြွရင်းလည်း ဝိနည်းအကြောင်းကို စဉ်းစား၏။ ရပ်နေရင်းလည်း ဝိနည်းအကြောင်းကို စဉ်းစား၏။ ဝိနည်းပိဋကသည် အရှင်ဥပါလိအတွက် အမြဲနေရာ ကျောင်းကြီးသဘွယ် ဖြစ်နေရကား "အရှင်ဥပါလိနှင့် ဝိနည်း, ဝိနည်းနှင့် အရှင်ဥပါလိ"ဟု ခွဲခြား၍ မရသလောက်ပင် ဖြစ်တော့၏။ ထို့ကြောင့် ဘုရားရှင်သည် "ဝိနည်းအရာ၌ ထိပ်တန်းအရောက်ဆုံး ပုဂ္ဂိုလ်"ဟု အရှင်ဥပါလိကို ဧတဒဂ်ထားတော်မူသည်။ ဘုရားလက်ထက်တော်၌ပင် ရဟန်းအများအား ဝိနည်းပိဋကကို ပို့ချတော်မူ၏။ ပဌမ သံဂါယနာ တင်တော်မူသောအခါ ဝိနည်းပိဋကကို ရွှေဆောင်၍ သံဂါယနာတင်တော်မူသည်။

**အကျင့်ပဓာန** ဤနေရာဝယ် အရှင်ဥပါလိ၏ အမျိုး ဇာတ် အား ဖြင့် အထက်တန်း မကျသော်လည်း အကျင့် စာရိတ္တအားဖြင့် အထက်တန်း ကျသောကြောင့် သံဃာတော်အများ၏ လေးလေး စားစား အားထားမှီခိုရာဖြစ်၍ သာသနာ့တာဝန်ကို အရေးပါပါ အရာရောက်ရောက် ထမြောက် အောင်မြင်စွာ ထမ်းဆောင်တော်မူနိုင်ပုံကို သတိပြုကြပြီးလျှင် မြတ်စွာဘုရား၏ ကောသလ မဟာရာဇာအား ဟောတော်မူသောအကြောင်းကို မှတ်သားထိုက်ပါသည်။

**ဘုရားရှင်။** ။"မဟာရာဇာ....အသင့်မှာ စစ်တိုက်ဘို့ကိစ္စ ကြုံနေ၍ စစ်သည် စုဆောင်းနေပြီ"ဆိုကြစို့။ထိုအခါ ဇာတ်မြင့်သောမင်းသားတယောက်သည် စစ်မှုထမ်းဘို့ အသင့်ထံ လာရာ၏။ သို့သော် ထိုမင်းသားသည် စစ်အတတ်ကို မသင်ဘူးသေး။သင်ဘူးစေကာမူ အလေ့အကျင့်မရှိသေး။ ထိုမင်းသားကို အမျိုးကောင်းသည့် အတွက်ကြောင့် စစ်မှုထမ်းဘို့ ရွေးချယ်မည်လော။

**မဟာရာဇာ။** ။မရွေးချယ်နိုင်ပါ။

ဤနည်းအတိုင်း စစ်အတတ်ကို မတတ်သေးသော အမျိုးကောင်း ဗြာဟ္မဏလုလင်, အမျိုးညံ့ ဝေဿ=လယ်သမား ကုန်သည် အမျိုးအစား လုလင်, အမျိုး အောက်တန်းကျသော သုဒ္ဒ (အလုပ်ညံ့ကို လုပ်ကိုင်သော)လုလင်များလာရာ၌လည်း "စစ်မှုထမ်းဘို့ရွေးချယ်မည်လော" ဟု မေးတော်မူရာ မရွေးချယ် နိုင်ပါကြောင်း လျှောက်လေသည်။ ထို့နောက်...စစ်အတတ်ကို တတ်မြောက်ပြီးသော လေ့ကျင့်ပြီး ဖြစ်သော မင်းသား, ပုဏ္ဏားသား, ကုန်သည် လယ်သမားသား, ဆင်းရဲသားတို့ စစ်မှုထမ်းဘို့ လာရာ၌ "ရွေးချယ်မည်လား" ဟု မေးတော်မူရာ "ရွေးချယ်မည့်အကြောင်းကို" လျှောက်ထားလေသည်။ [ကောသလ သံယုတ် ပါဠိတော်။]

**မှတ်ချက်။** ။ဤပြဿနာကို ဥပမာ သဘောအားဖြင့် ဘုရားရှင် မေးတော်မူခြင်းဖြစ်၏။ ဟောတော်မူလိုရင်းကား အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ရာ၌ လောဘ ဒေါသ စသော မကောင်းမှုကင်း၍ သီလ သမာဓိ စသည်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ရွေးချယ်ရမည်ဟု ဟောတော်မူလိုရင်းဖြစ်၏။ ထိုစကားကို အစဉ်လိုက်၍ စဉ်းစားလျှင် သာသနာ ပြုဘို့ရန် ပုဂ္ဂိုလ်ကို ရွေးချယ်ရာ၌လည်း နာမည်ကျော်ကြား၍ လူအများ ကိုးကွယ်-မကိုးကွယ်ကို ပမာနမထားဘဲ "သီလသမာဓိနှင့် သာသနာပြုလိုစိတ်ရှိသော ပုဂ္ဂိုလ်များကိုသာ ရွေးချယ်ရမည်" ဟု ညွှန်ပြတော်မူရာ ရောက်သည်ဟု မှတ်ယူသင့်ပါသည်။

**ညီတော်နှင့်သားတော် ရှင်ရဟန်းပြုပုံ**

ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်တိုင် သိမြင်တော်မူအပ်သော တရားတော်၏ မွန်မြတ်လှသောကြောင့် ထို တရားတော်ကို သတ္တဝါတို့အားလည်း သိစေတော် လိုသောဆန္ဒတော် ပြင်းပြလျက်ရှိ၏။ ထို့ကြောင့် လောကီအလိုအားဖြင့် အရင်းဆုံးဟု ဆိုထိုက်သော ညီတော်နန္ဒမင်းသားနှင့် သားတော် ရာဟုလာ တို့အား ထိုတရားတော်ကို သိကြဘို့ရန် ရှင်ရဟန်းပြုပေးတော်မူ၏။ ခွဲပါဦးမည်- ဘုရားရှင်သည် ကပိလဝတ် နေပြည်တော်သို့ ပဌမအကြိမ် ရောက်တော်မူ၍ ၃-ရက်မြောက်နေ့၌ ညီတော်နန္ဒမင်းသားကို ရဟန်းပြုပေးတော်မူ၏။ ထိုနေ့

ကား နှမတော် ဇနပဒကလျာဏီနှင့် လက်ထပ်၍ အိမ်ရှေနန်းအပ်ဘို့ စီစဉ်ပြီး သောနေ့တည်း။ ထိုနေ့စောစော၌ ဘုရားရှင်သည် နန္ဒမင်းသားကို သပိတ်ကိုင်စေ၍ ကျောင်းတော်ရောက်သောအခါ "ရဟန်းပြုမည်လော" ဟု မေးတော်မူလျှင် မပြုချင်သော်လည်း ငယ်စဉ်ကပင် အရိုအသေပေးရသော နောင်တော်ဖြစ်သောကြောင့်"ရဟန်းပြုပါမည်"ဟု လျှောက်ရတော့သည်။ နေပြည်တော်ရောက်၍ ၇-ရက်မြောက်နေ့၌ လောကီအမွေတောင်းလျက် နောက်တော်က ပါလာသော (၇-နှစ် အရွယ် ငယ်ရှာသော) သားတော် ရာဟုလာကို "လောကုတ္တရာအမွေပေးမည်"ဟု မိန့်တော်မူကာ ရှင်သာမဏေကလေး ပြုစေတော်မူသည်။

**လူ့စည်းစိမ်ထက်ကောင်းလို့** နန္ဒမင်းသားသည် ရဟန်းမပြုလျှင် ပဋ္ဌမ အိမ်ရှေ့မင်းဖြစ်၍ ခမည်းတော်ကြီး နတ်ရွာစံသော အခါ ရှင်ဘုရင် ဖြစ်ဘို့ သေချာသော မင်းသားပေတည်း။ သူ၏ ရုပ်လက္ခဏာ အလိုအားဖြင့် စကြာမင်း ဖြစ်ထိုက်သော ဘုန်းကံပါရှိသူလည်း ဖြစ်သည်။ ရာဟုလာမင်းသားလည်း နန္ဒမင်းသား ရဟန်းပြုပြီးဖြစ်သောကြောင့် အိမ်ရှေ့မင်းနှင့် ရှင်ဘုရင်ဖြစ်ဘို့ သေချာနေ၏။ ဘုရားသခင်နှင့်ယသော်ဓရာတို့၏ သွေးသားဖြစ်သောကြောင့် ရုပ်လက္ခဏာမှာလည်း စကြာမင်းဇာတာ ပါနေသူပင် ဖြစ်သည်။ လောကီဘက်၌ ထိုမျှလောက် အေးအေးဆေးဆေးနှင့် တက်လမ်းကောင်းသူကား ယခု ကမ္ဘာဝယ် တယောက်တလေမျှ မရနိုင်ပါ။ သို့ပါလျက် ရဟန်းပြုပေးတော်မူသည်မှာ ရဟန်းဘဝက ထိုအကောင်းထက် ကောင်းသောကြောင့်သာ ဖြစ်ပါသည်။

ဘုရားရှင်လည်း ထိုသာလွန်သော အကောင်းကိုမြော်မှန်းတော်မူနိုင်သောကြောင့်သာ လက်ရှိ ထီးနန်းနှင့် ယသော်ဓရာမိဖုရားစသော အခြေအရံများကို စွန့်လွှတ်နိုင်ပါသည်။ ထိုဘုရားရှင်ကို အတုလိုက်၍ သာကီဝင်မင်း မှူးမတ်တထောင်တို့ ရဟန်းပြုကြသည်။ ထို့နောက် အနုရုဒ္ဓါစသော မင်းသားတို့လည်း ရဟန်းပြုကြပြန်၏။ ဤသို့ လူ့ဘောင်မှာ စည်းစိမ်နှင့် နေနိုင်သူ အများအပြားပင် ရဟန်းပြုကြခြင်းကား လူ့စည်းစိမ်ထက် ကောင်းသော အကောင်းကို မြော်မှန်းနိုင်ကြ၍သာ ဖြစ်ပါသည်။ ထို့ကြောင့် ယခုအခါ ရှေးရှေးဘဝက ပါရမီဓာတ်ခံပါလာသော အမျိုးသားများလည်း (တရာတယောက် တထောင်

တယောက်ဖြစ်စေ) ရှိပါလိမ့်ဦးမည်။ ထိုခေတ်ခံပါသူတို့သည် ဤသာသနာသို့ ဝင်ရောက်၍ သာသနာ့တာဝန်ကို ထမ်းကြစေလိုပါသည်။

**အနာထပိဏ်၏ ညီနှင့် သား** အနာထပိဏ်သူဌေး၏ အဘသည် သုမနသူဌေးတည်း။ ထိုသုမန သူဌေးမှာ "သုဘူတိ" မည်သော သားတယောက်လည်းရှိ၏။ ထိုသုဘူတိသည် ဇေတဝန်ကျောင်းတော် ရေစက်ချသော နေ့၌ နောင်တော် အနာထပိဏ်နှင့်အတူ လိုက်သွား၍ တရားတော်ကို နာရ၏။ ထိုအခါ သာသနာတော်ကို ကြည်ညိုလှသဖြင့် ရဟန်းပြု၏။ ထို့နောက် တောကျောင်း၌ နေပြီးလျှင် မေတ္တာကမ္မဋ္ဌာန်းကို အခြေခံလျက် ဝိပဿနာတက်၍ ရဟန္တာ ဖြစ်လေသည်။ ဆွမ်းခံကြွသောအခါ အိမ်ပေါက်တိုင်း အိမ်ပေါက်တိုင်းဝယ် မေတ္တာစျာန်ကို ခေတ္တခဏ ဝင်စားပြီးမှ ဆွမ်းခံလေ့ရှိ၏။ ထို့ကြောင့် အလှူခံ ပုဂ္ဂိုလ်တို့တွင် ထိပ်တန်းအကျဆုံး ဧတဒဂ်အရာကို ရတော်မူသည်။ နောက်အခါ၌ အနာထပိဏ်သူဌေး၏ သားဖြစ်သော "သဒ္ဒ" အမည်ရှိသူလည်း ထိုဘထွေးတော် သုဘူတိရဟန္တာ၏ အထံဝယ် ရဟန်းပြု၍ ရဟန္တာဖြစ်လေသည်။ [ဤဝတ္ထုကို ရှု၍ ယခုအခါ ကျောင်းဒကာ ဘုရားဒကာတို့၏ ညီများ သားများလည်း အလှူဒါနပြုရုံဖြင့် အားမရကြဘဲ သာသနာ့တာဝန်ကို ကိုယ်တိုင် ထမ်းဆောင်ဘို့ရန် ကြိုးစားသင့်ကြပါသည်။]

**ဘိက္ခုသာဝက** ဘုရားရှင်၏ ဘိက္ခုသာဝက (ရဟန်းတော်တပည့်) များတွင် အနာဂတ် သာသနာရေးစာအုပ်၏ သံဃာရတနာခန်း၌ ပြခဲ့သော အရှင်သာရိပုတြာ, အရှင်မဟာမောဂ္ဂလ္လာန်, အရှင်မဟာကဿပ စသော အမျိုးလည်းကောင်း အကျင့်လည်းကောင်းသော ပုဂ္ဂိုလ်များလည်း ပါဝင်၏။ အမျိုးအထက်ဘန်းမကျသော်လည်း အကျင့်စာရိတ္တနှင့် တရားတော်ကို တတ်သိသော ပညာရှိ အရှင်ဥပါလိစသော ပုဂ္ဂိုလ်များလည်း ပါဝင်၏။ ထိုပုဂ္ဂိုလ်မြတ်များ၏ သာသနာ့တာဝန်ကို ထမ်းဆောင်မှုကြောင့် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် လောကီ ပညာရှိ ပဏ္ဍိတ်ကြီးတွေ ထွန်းကားနေသော အိန္ဒိယဒေသ, အယူဝါဒ အမျိုးအစား များပြားလှသော အိန္ဒိယဒေသ, ပူရဏကဿပ, မက္ခလိဂေါသာလ စသော ဘုရားအမည်ခံ ပုဂ္ဂိုလ်တို့၏ ကျက်စားရာဖြစ်သော အိန္ဒိယဒေသဝယ် ထယ်ထယ်ဝါဝါနှင့် ကျယ်ပြန့်နိုင်ခဲ့ပါသည်။

**ဘိက္ခုနီ သာဝိကာမ** ရဟန်းဘဝကို ယူကြသော အမျိုးသမီးများကို "ဘိက္ခုနီသာဝိကာမ" ဟု ခေါ်ကြပါသည်။ ထိုဘိက္ခုနီများတွင် အမျိုးဂုဏ်, အဆင်းဂုဏ်, ပညာဂုဏ် အားလုံးစုံသော အမျိုးသမီးတွေ အများအပြား ပါဝင်ပါသည်။ ထိုဘိက္ခုနီများနှင့် ပွန်းပွန်းတီးတီး ဆက်ဆံရခြင်းကြောင့် အမျိုးသမီးပေါင်း များစွာ လိမ္မာယဉ်ကျေးမှုကို ရကြပေသည်။ ထိုလိမ္မာယဉ်ကျေးပြီးသော အမျိုးသမီးများကြောင့် အိမ်ထောင်ဘက် အမျိုးသားများလည်း မြတ်ဘုရားသာသနာတော်ကို ယုံကြည်လေးစား အားထားကိုးကွယ်ကာ သာသနာပြုဒါယကာများ ဖြစ်လာရပေသည်။ ဤသို့ သာသနာတော်နှင့် အမျိုးဘာသာကို တိုးတက်အောင် စွမ်းဆောင်နိုင်ကြသော ဘိက္ခုနီအများတွင် အနည်းငယ် တချို့မျှကို အကျဉ်းချုပ်မျှ ထုတ်ပြပါဦးမည်။

**မိထွေးတော်နှင့် မင်းသမီး ငါးရာ** မာယာဒေဝီနှင့် ဂေါတမီ ဟူသော ညီမ ၂-ယောက်သည် ဒေဝဒဟမြို့ မဟာသုပ္ပဗုဒ္ဓမင်း၏ သမီးတော်များဖြစ်၏။ ထို ညီမ ၂-ဦးလုံးပင် "စကြာမင်းလောင်း သားရတနာများကို ဖွားကြလိမ့်မည်"ဟု ပုဏ္ဏားတို့က ဟောကိန်း ထုတ်ထားကြကုန်၏။ ထို ၂-ယောက်လုံးပင် သုဒ္ဓေါဒနမဟာရာဇာ၏ မိဖုရားများဖြစ်ကြ၍ မာယာဒေဝီမှ ဘုရားအလောင်း ဖွား၏။ ဘုရားအလောင်းဖွား၍ ၇-ရက်ကြာသောအခါ မယ်တော်မာယာနတ်ရွာစံသောကြောင့် ဂေါတမီသည် မိဖုရားကြီးဖြစ်၏။ ထိုအချိန်မှာ နန္ဒမင်းသားကို ဖွားမြင်သည်။ ဘုရားအလောင်း၏ အဒေါ်လည်းဖြစ်, မိထွေးလည်း ဖြစ်သော ဂေါတမီသည် သားရင်း နန္ဒမင်းသားကို အထိန်းတော်များထံထား၍ ဘုရားအလောင်း (တူတော်ကလေး)ကိုကား မိမိကိုယ်တိုင် နို့ချိုတိုက်ကျွေး မွေးမြူခဲ့လေသည်။

သုဒ္ဓေါဒန မဟာရာဇာသည် အနာဂါမ်တည်ပြီးနောက် ထီးဖြူအောက်မှာပင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံ၏။ ထိုအခါ မိထွေးတော် ဂေါတမီသည် ဘုရားအထံတော်သို့ လာ၍ ဘိက္ခုနီသာသနာခွင့်ပြုပါရန် အကြိမ်ကြိမ်တောင်းပန်ပြီးမှ အခွင့်ရ၍ မိမိကိုယ်တိုင် ဘိက္ခုနီပြုလျက် "ရဟန္တာမ"ဖြစ်လေသည်။ ထိုအချိန်မှစ၍ အမျိုးသမီးများစွာတို့၏ မယ်တော်ကြီးပမာ အရာရာဝယ် သွန်သင်ပြသ ဩဝါဒပေးလေသည်။ မိထွေးတော် ဂေါတမီနှင့်အတူ ဘိက္ခုနီပြုကြသော သာကီဝင်မင်းသမီးပေါင်း ငါးရာရှိ၏။ ထိုငါးရာလုံးပင် နောင်အခါ၌ တရားထူးကို ရကြသည်။ ထို့နောက် နန္ဒမင်းသား၏ နှမတော်လည်းဖြစ်, လက်ထပ်ဘို့

ကြင်ယာလောင်းလည်း ဖြစ်သော ဇနပဒကလျာဏီမင်းသမီးလည်း ဘိက္ခုနီ ပြုလုပ်၍ ရဟန္တာဖြစ်လေသည်။

**ယသော်ဓရာ** ယသော်ဓရာ မိဖုရားသည် ဘုရားရှင်ထံ လာ၍ သားတော် ရာဟုလာကို ပြန်ပေးဘို့ရန် လျှောက်ထား၏။ မိဖုရား၏ ယူဆချက်ကား "သာကီဝင်မင်းမျိုးမှ ထက်မြက်သော မင်းသားတွေ ရဟန်းပြုသွားကြသဖြင့် သာကီဝင်တမျိုးလုံး အောက်ကျ နောက်ကျ ဖြစ်တော့မည်။ သားတော်ကို ပြန်တောင်း၍ ရင်ခွင်ပိုက်လျက် သာကီဝင်တမျိုးလုံး အဆင့် [illegible] အောင် ကြိုးစားမည်" ဟူသော ရည်ရွယ်ချက်တည်း။ အလွန် ထက်မြက်၍ (လောကီအလိုအားဖြင့်) စိတ်ထား မြင့်မြတ်သော မိဖုရားပေတည်း။ ထိုသို့ သားတော်ကို တောင်းသော်လည်း သားတော်မရဘဲ ဘုရားရှင်၏ ဩဝါဒဖြင့် မိမိသာ ဘိက္ခုနီ ဖြစ်ရလေတော့သည်။ ယသော်ဓရာ၏ ထက်မြက်သော စိတ်ဓာတ်သည် ပါရမီဖြည့်စဉ်ကပင် ပါလာသောဓာတ်တည်း။ ထိုထက်မြက်သော စိတ်ဓာတ်ကို စိတ်ထားယဉ်တတ်သော အမျိုးသမီးတို့ အားကျသင့်လှပေသည်။

**ခေမာမိဖုရား** ခေမာမိဖုရားသည် မဒ္ဒတိုင်း သာဂလမြို့ဝယ် မင်းမျိုး၌ ဖွားမြင်၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားအရေ ရှိ၏။ အရွယ်ရောက်သောအခါ ဗိမ္ဗိသာရ မဟာရာဇာ၏မိဖုရား ဖြစ်၏။ ရုပ်အဆင်းလှပသလောက် အဆင်းမာန်တက်သောကြောင့် ရုပ်အဆင်း၏အပြစ်ကို ဟောပြောလေ့ရှိသော ဘုရားအထံတော်သို့ မသွားဘဲ ရှောင်လွှဲ၍နေသည်။ ဗိမ္ဗိသာရမဟာရာဇာသည် မိမိက ဘုရားကျောင်းဒါယကာ ဖြစ်ပါလျက် မိမိ မိဖုရားက ဘုရားအထံသို့ မသွားခြင်းကို မကျေနပ်သောကြောင့် ဘုရားကျောင်းတော်သို့ သွားချင်လာအောင် "ဘုရားသီတင်းသုံးတော်မူရာ ဝေဠုဝန်ဥယျာဉ်၏ သာယာကြောင်း, နတ်ပျော်သော်မှ ဝေဠုဝန်ဥယျာဉ်ရောက်လျှင် စိတ်အေးချမ်းသဖြင့် နန္ဒဝန်နတ်ဥယျာဉ်သို့ မသွားဘဲ ဝေဠုဝန်ဥယျာဉ်သို့ လာကြကြောင်းကို" အဆိုတော်တို့အား ဖွဲ့နွဲ့ သီဆိုစေလေသည်၊

ထိုအခါ ဝေဠုဝန်ဥယျာဉ်ကို ရှုစားလိုသဖြင့် မဟာရာဇာအထံ ခွင့်ပန်၍ ဝေဠုဝန်ဥယျာဉ်သို့ သွားခါနီးဝယ် ဗိမ္ဗိသာရမဟာရာဇာသည် နောက်ပါ

မင်းမှုထမ်းတို့အား ဘုရားကို မဖူးတွေ့ဘဲ မပြန်ခဲ့စေဘို့ရန် မှာလိုက်၏။ ထို့ကြောင့် ဥယျာဉ်ကို လှည့်ပတ်ကြည့်ရှု၍ ပြန်မည်ပြုသောအခါ မင်းမှုထမ်းတို့က မဟာရာဇာ၏အမိန့်ကို သံတော်ဦး တင်ကြသဖြင့် ဘုရားရှိရာသို့ သွားရလေသည်။ ထိုအခါ မြတ်စွာဘုရားသည် ခေမာမိဖုရားထက် လှသော သတို့သမီး တယောက်ကို ဖန်ဆင်းတော်မူ၍ ဘုရားရှင်အား ယပ်ခတ်နေပုံကို ပြတော်မူ၏။ ခေမာမိဖုရားသည် သူထက်လှသော သတို့သမီးကိုကြည့်ရှုနေစဉ် ထိုသတို့သမီးသည် တဖြည်းဖြည်း အို၍ နာ၍ သေသွားဟန်ကို ပြတော်မူ၏။ ထိုအခါ ရုပ်အဆင်း၏ နှစ်သက်ဘွယ်မရှိပုံ, အနှစ်သာရမရှိပုံကို မျက်မြင်တွေ့ရ၍ ရုပ်အဆင်းအပေါ်၌ ငြီးငွေ့စက်ဆုပ်လာသော ခေမာမိဖုရားအား တရား ဟောတော်မူလေသော် တရားထူးရ၍ မဟာရာဇာထံ ခွင့်ပန်ပြီးလျှင် ဘိက္ခုနီတို့တွင် ပညာဉာဏ်အထက်ဆုံး ဧတဒဂ်ရ ရဟန္တာဘိက္ခုနီ ဖြစ်လေသည်။

**ဥပ္ပလဝဏ်**
**သူဌေးသမီး**

[ဥပ္ပလ=ကြာညိုဝဏ္ဏ=အဆင်း။] ကြာညိုပန်း၏ အတွင်းကအဆင်းကဲ့သို့ အဖူးပေါ်တွင် အနည်းငယ် ညိုရောင်သန်းသော အဆင်းဖြင့် ထူးခြား တင့်တယ်သော အဆင်းရှိသောကြောင့် "ဥပ္ပလဝဏ်"မည်သော အမျိုးသမီးသည် သာဝတ္ထိမြို့ဝယ် သူဌေးမျိုး၌ ဖွားမြင်၏။ လှပသောအဆင်းကို သတင်းကြားသော မင်းသား သူဌေးသားတိုင်းလိုပင် ဖခင်သူဌေးကြီးထံ တောင်းရမ်းကြကုန်၏။ သူဌေးကြီးသည် သမီးတယောက်တည်းဖြင့် အများအလိုကို မလိုက်လျောနိုင်သောကြောင့် သမီးကို "ရဟန်းမပြုနိုင်ဘူးလား"ဟု မေးရတော့၏။ ကမ္ဘာတသိန်းမျှ ကောင်းမှု ပါရမီ ဖြည့်လာခဲ့သူ ဖြစ်ရကား ဖခင်သူဌေးကြီး၏စကားသည် အကြိမ်တရာလောက် အထပ်ထပ် ချက်ပြီးသော ဆီအေးကလေးကို ဦးခေါင်းပေါ် လောင်းလိုက်သကဲ့သို့ အေးမြသွားရကား "ရဟန်းပြုနိုင်ပါသည်"ဟု ချစ်စဘွယ် ပြန်ပြောလေသည်။ ထို့နောက် ဘိက္ခုနီပြုလုပ်၍ တန်ခိုးကြီးမားသူတို့တွင် ထိပ်တန်း အရောက်ဆုံး "ဧတဒဂ်"ရသော ရဟန္တာဘိက္ခုနီ ဖြစ်လေသည်။

**ဘိက္ခုနီများလည်း**
**ဝန်ဆောင်ပုံ**

ဗုဒ္ဓမြတ်စွာ၏ သာဝိကာမ (တပည့်မ) ဖြစ်ကြသော ဘိက္ခုနီတို့တွင် အမျိုးဂုဏ် အဆင်းဂုဏ် ပစ္စည်းဂုဏ်သိန္အားဖြင့် အထက်တန်းကျ၍ အကျင့်စာရိတ္တ ကောင်းသော အမျိုးသမီးအများအပြား ပါဝင်ကြသကဲ့သို့ ထိုဂုဏ်အားဖြင့် အဆင့်

အတန်းမမြင့်သော်လည်း အကျင့်စာရိတ္တ ကောင်းသော အမျိုးသမီးများလည်း ပါဝင်ကြပါသည်။ ထိုအမျိုးသမီး ဘိက္ခုနီ အများပင် ဘုရား တရားတော်ကို ကိုယ်တိုင်လည်းသိ, လူဝတ်ကြောင်အမျိုးသသမီးတို့အားလည်း ဟောပြောပြသ ဩဝါဒပေးခြင်း, ဆန့်ကျင်ဘက် အယူဝါဒများကို အေးဆေးချိုသာစွာ ပယ်ရှားခြင်းတို့ဖြင့် ဖခင်ဘုရား၏ သာသနာတော်ကြီး ထွန်းကားရှိ သတ္တဝါတို့ အကျိုးများအောင် ရွက်ဆောင်ခဲ့ကြခြင်းကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် အမျိုးသမီးတို့နယ်မှာလည်း ခံ့ထယ် ဝင့်ကြွားနိုင်ခဲ့ပါပေသည်။

**ဥပါသကာ ပရိသတ်**

ရတနာ ၃-ပါးကို ဆည်းကပ်ကိုးကွယ်သူသည် "ဥပါသကာ" မည်၏။ [ဥပ=ရတနာ ၃-ပါးသို့ကပ်၍+အာသက=နေတတ်သူ။] ဘုရား၌ မကြာခဏ စိတ်ရောက်နေသူ, ဘုရားဂုဏ်တော်ကို မကြာခဏ သတိရနေသူ, ဘုရားနှင့် စပ်သောကိစ္စကို မကြာခဏ ရွက်ဆောင်နေသူကို "ဘုရားကို ဆည်းကပ် ကိုးကွယ်သူ" ဟု ခေါ်သည်။ မဂ်ဖိုလ်ရသူ, မဂ်ဖိုလ်ရအောင်ကျင့်သူ, ဘုရားတရားတော်ပိဋကတ်ကျမ်းစာများကို မပျောက်မကွယ်အောင် ပူဇော်သူ, ထိန်းသိမ်း စောင့်ရှောက်သူ, ဟောပြော ပို့ချသူ, ကြားနာ မှတ်သားသူကို "တရား ကိုးကွယ် ဆည်းကပ်သူ" ဟု ခေါ်သည်။ အရိယာ သံဃာတော် များကိုရှင်း, အရိယာ ဖြစ်အောင် ကြိုးစားနေသော ပုထုဇဉ် သူတော်ကောင်း များကိုရှင်း, အားပေး ချီးမြှောက် ထောက်ပံ့လှူဒါန်းသူ, ထိုသံဃာတော်များအား ကောင်းစွာနေနိုင်အောင် စောင့်ရှောက်သူ, သူတော်ကောင်း သံဃာများ တိုးပွါးအောင် ကြိုးစားသူကို "သံဃာကိုးကွယ်သူ" ဟု ခေါ်သည်။ ဘုရားလက်ထက်တော်၌ ထိုကဲ့သို့ ကိုးကွယ်ကြသော ယောကျ်ား, မိန်းမတို့ အချားအပြားပင် ရှိခဲ့ပေသည်။

**အနာထပိဏ် သူဌေး**

အနာထပိဏ် သူဌေးသည် သာဝတ္ထိမြို့ သုမန သူဌေး၏ သားတည်း။ လွန်ခဲ့သော ကမ္ဘာတသိန်း၌ ပဒုမုတ္တိုရ် မြတ်ဘုရားလက်ယက်တော်ဝယ် အလှူဒါနနှ၌ ရက်ရောသော ဥပသကာ တယောက်ကို အားကျ၍ ဥပသကာ ဒါယကာဆုကို ပန်ခဲ့သူဖြစ်၏။ အနာထပိဏ်သည် ရာဇဂြိုဟ်သို့ ကုန်သန်းရောင်းဝယ်ကိစ္စဖြင့် သွား၍ ယောက်ဖတော်သော သူဌေးအိမ်ဝယ် တည်းခိုလေ့ ရှိ၏။ ထိုသို့ သွားလေ့ရှိရာဝယ် တခါန်၌သော် အိမ်ရှင်သူဌေးသည် ဘုရားရှင်အား နက်ဖန် ဆွမ်းကပ်ဘို့ရန် ချက်ပြုတ်ရေးကို စီမံနေသောကြောင့် ခါတိုင်းကဲ့သို့ စကားကြာကြာ မပြောအားချေ။ ညဉ့်

အချိန်ကျမှ စကားပြောခွင့်ရကြ၍ ဗုဒ္ဓမြတ်စွာ ကြွရောက်တော်မူလာကြောင်းကို ပြောပြလေရာ "ဗုဒ္ဓ"ဟူသော အသံကို ကြားလိုက်သည်နှင့် တပြိုင်နက် နှစ်သက်မှုပီတိသည် သူဌေး၏ တကိုယ်လုံး လွှမ်းဖုံးသွားသဖြင့် (မေ့သလို ဖြစ်သွားရကား) "ဗုဒ္ဓလို့ ပြောလိုက်သလား"ဟု ထပ်၍မေးရလေသည်။ ရာဇဂြိုဟ်သူဌေးကလည်း "ဗုဒ္ဓလို့ ပြောပါသည်"ဟု ထပ်၍ဖြေရလေ၏။ ဤသို့ ၃-ကြိမ်တိုင်တိုင်ဖြစ်ပြီးမှ "ဗုဒ္ဓမြတ်စွာဆိုတာ ဖူးတွေ့ဘို့ကို မဆိုထားဘိ ဗုဒ္ဓ-ဗုဒ္ဓဟူသော စကားသံကို ကြားဘို့ရန်ပင် အလွန် ခဲယဉ်းပါသည်။ ယခုလို ညဥ့်အခါမှာ ဗုဒ္ဓကို သွား၍မဖူးတွေ့နိုင်ဘူးလား"ဟု မေးလေသည်။ ဒီအချိန်မှာ မဖူးတွေ့နိုင်ကြောင်း ပြောသဖြင့် အိပ်ရာသို့ ဝင်သော်လည်း ဗုဒ္ဓကို ဖူးတွေ့လိုသောစိတ်က ပြင်းပြနေသောကြောင့် ကောင်းကောင်း အိပ်၍ မပျော်ရှာချေ။ ထို့နောက် မလင်းမီ အိပ်ရာမှထ၍ ဗုဒ္ဓအထံတော်သို့ သွားပြီးလျှင် ပဌမအကြိမ် တရားနာ၍ အဆုံးမှာပင် သောတာပန် တည်လေသည်။

**မှတ်ချက်။** ။အနာထပိဏ် သူဌေးသည် ကမ္ဘာတသိန်းလောက်ကပင် ဘုရားကျောင်းဒကာဆုကိုပန်ခဲ့၍ ဘုရားရှင်ကို ဖူးတွေ့လိုသောစိတ်က ကမ္ဘာတသိန်းလောက် အထုံရခဲ့သောကြောင့် "ဗုဒ္ဓ" ဟူသောအသံကို ကြားရုံမျှဖြင့် တကိုယ်လုံး ပီတိ လွှမ်းဖုံးသွားလေသည်။ ဤ ဖြစ်ပုံကို မှတ်သား၍ ဗုဒ္ဓကြည်ညိုသူတိုင်း ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ ဩဝါဒ သာသနာ မကွယ်မပအောင် ကြိုးစားထိုက်ကြောင်း, ထိုကြိုးစားမှု အထုံရနေပါမူ အနာဂတ်ကာလ၌ ဗုဒ္ဓနှင့်လည်း ကြုံလွယ်၍ ကြုံသောအခါ၌လည်း အနာထပိဏ်သူဌေးကဲ့သို့ တရားထူးရနိုင်စရာရှိကြောင်း ကောင်းကောင်းကြီး ယုံကြည်ထိုက်ကြပါသည်။

**စိတ္တသူကြွယ်** စိတ္တသဒ္ဒါသည် မြန်မာလို "ထူးဆန်း" ဟူသော အဓိပ္ပါယ်ကို ရ၏။ ထို သတို့သားဖွားချိန်၌ (ရှေးဆုတောင်းပါလာ၍) ထူးထူးဆန်းဆန်း ပန်းမိုးရွာသောကြောင့် "စိတ္တ" ဟု မိဘတို့က နာမည်မှည့်ကြ၏။ မစ္ဆိကာသဏ္ဍမည်သော ဇနပုဒ်မြို့ငယ်၌ သူဌေးမျိုးမှာ ဖြစ်၍ အဘကွယ်လွန်သောအခါ သူဌေးအရာကို ရသူတည်း။ ရှေးရှေး ဘုရားလက်ထက်တော်၌ ရုပ်နာမ်သင်္ခါရ အပေါ်ဝယ် အနိစ္စ ဒုက္ခ အနတ္တ ဟု ရှုခဲ့သောကြောင့် ငါတို့ ဘုရားလက်ထက်တော်ဝယ် မဟာနာမ်ထေရ်၏ တရားကို နာရ၍ အလွယ်တကူ အနာဂါမ် တည်လေသည်။ ထို စိတ္တသူကြွယ်သည်

အဟောအပြောကောင်းသော ဓမ္မကထိကဖြစ်၍ သူ၏ နောက်၌ ဥပါသကာ ငါးရာ အမြဲလိုက်ပါလျက် ရှိလေသည်။ တိတ္ထိတို့နှင့် တရားဆွေးနွေးမေးမြန်းသောအခါလည်း တိတ္ထိတို့၏ အယူဝါဒကို အကြောင်းပြ၍ နှိမ့်ချ ဖျက်ဆီးနိုင်၏။ ထို့ကြောင့် လူဝတ်ကြောင် ဓမ္မကထိကတို့တွင် ဧတဒဂ်ရ ထိပ်တန်း အကျဆုံး ဓမ္မကထိက ဖြစ်လေသည်။ [ယခုအခါ သာသနာ ပြုရာ၌ ဤဥပါသကာမျိုး ပေါ်ထွက်ဘို့ လိုအပ်ပါသည်။]

**ဥပါသကာများ ဝန်ဆောင်ပုံ**

ဗုဒ္ဓမြတ်စွာ လက်ထက်တော် အခါဝယ် အနာထပိဏ် သူဌေးကဲ့သို့ အလှူဒါနကိုပြုသောအားဖြင့် ဖြစ်စေ၊ စိတ္တသူကြွယ်ကဲ့သို့ ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို ကိုယ်တိုင်သင်ယူ၍ကျင့်ခြင်း, သူတပါးအား ဟောပြောခြင်း, သာသနာတော်၏ ဆန့်ကျင်ဘက် အယူဝါဒပေါ်လာလျှင် ထိုအယူဝါဒကို တရားသဖြင့် နှိမ်ခြင်းတို့ဖြင့် ဖြစ်စေ သာသနာတော်ကို အားပေးသူ ချီးမြှောက်သူ ထောက်ပံ့သူ ဥပါသကာ ဒါယကာတွေ အများအပြား ပေါ်ထွန်းခဲ့ပါသည်။ ထို့အပြင် ကျယ်ဝန်းသော နယ်ပယ်များ၏ အရှင်သခင်ဘုရင်များ ဖြစ်ကြသော ဗိမ္ဗိသာရ, ကောသလ မဟာရာဇာတို့၏ အားပေး ထောက်ပံ့မှုကြောင့်လည်း သာသနာတော်၏ အရှိန်အဝါ လွှမ်းစွာ တောက်ပခဲ့ပါသည်။

**ဥပါသိကာ ပရိသတ်**

ရတနာ ၃-ပါးကို ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်ကြသော ဥပါသိကာ ဒါယိကာမတို့သည် ဘုရားလက်ထက်တော်၌ အလွန် များကုန်၏။ ဝိသာခါသည် သူဌေးသမီးအဖြစ်ဖြင့် ၇-နှစ်အရွယ်က သောတာပန်တည်၍ အိမ်ထောင်ပြုပြီးသောအခါ မိစ္ဆာအယူရှိသော ယောက္ခမနှင့်တကွ ယောကျ်ားဘက်အမျိုးအားလုံးကို ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့၏။ နောင်အခါ ပုဗ္ဗာရုံကျောင်းတိုက်ကြီးကို တည်ဆောက်၍ ပုဗ္ဗာရုံ ကျောင်းအမဟု ထင်ရှား၏။ ဝိသာခါ၏ အိမ်၌ ရဟန်းငါးရာလောက် အမြဲ ဆွမ်းဘုန်းပေးကြရသည်။ ထို့ကြောင့် အလှူဒါနဖြင့် မွေ့လျော်သူတို့တွင် ဝိသာခါသည် ထိပ်တန်းအကျဆုံး ဖြစ်၍ ဧတဒဂ်ရ ဒါနရှင် ဖြစ်လေသည်။

**ခုဇ္ဇုတ္တရာ**

ကောသမ္ဗီပြည် ဃောသကသူဌေး၏ အိမ်၌ ကလေးထိန်းမိန်းမမှ ဖွားသော သတို့သမီးငယ်သည် အနည်းငယ် ခါးကုန်းသော

ကြောင့် "ခုဇ္ဇာ"ဟုဂုင်း၊ အရာရာ၌ လိမ္မာ ပါးနပ် မြင့်မြတ်သောကြောင့် "ဥတ္တရာ"ဟုဂုင်း အမည်ရ၍ နာမည်နှစ်ခု ပေါင်းစပ်လျက် "ခုဇ္ဇုတ္တရာ"ဟု ထင်ရှား၏။ နောင်သောအခါ သာမာဝတီမိဖုရား၏ အလုပ်အကျွေး ဖြစ်၍ နေ့တိုင်း ပန်းသည်ကြီး၏အိမ်သို့ ပန်းဝယ်သွားရ၏။ ပန်းဖိုး ရှစ်ကျပ်ကို အမြဲပေးလိုက်ရာ ၄-ကျပ်ဖိုးသာဝယ်၍ ၄-ကျပ်ကို မိမိယူထား၏။ [ခိုးထားခြင်းတည်း။] တနေ့၌ကား ပန်းသည်ကြီးအိမ်ဝယ် ဘုရားအမှူးရှိသော သံဃာတော်များ ဆွမ်းကပ်ခိုက်နှင့် ကြုံကြိုက်နေ၍ ဘုရားရှင် မိန့်တော်မူသမျှ စကားတို့ကို အရကျက်ထားလိုက်၏။ ဆွမ်းဘုဉ်းပေးပြီး၍ တရားဟောတော်မူသောအခါ သောတာပန် တည်လေသည်။

ထိုသို့ သောတာပန် တည်သောအခါ ပန်းဖိုး ၄-ကျပ်ကို မိမိမယူတော့ဘဲ ရှစ်ကျပ်ဖိုး ဝယ်သွား၏။ ပန်းတွေများနေသောကြောင့် သာမာဝတီမိဖုရားက မေးသောအခါ ရှေးရှေးက ၄-ကျပ်ဖိုးသာ ဝယ်၍ ၄-ကျပ်ကို မိမိသုံးကြောင်း, ယနေ့ ဘုရားတရားတော်ကို နာရ၍ အမတကို (နိဗ္ဗာန်ကို) ရလာသောကြောင့် ထိုကဲ့သို့ မတရားမလုပ်တော့ဘဲ ရှစ်ကျပ်ဖိုးပင် ဝယ်လာကြောင်း ပြောပြလေသော် သာမာဝတီမိဖုရားနှင့် တကွ အခြွေအရံအားလုံး သဘောကျသဖြင့် "အဲဒီ အမတကို ပေးစမ်းပါ, အဲဒီအမတကို ပေးစမ်းပါ" ဟု ဝိုင်း၍ တောင်းကြလေသည်။ "အို....အဲဒီ အမတဆိုတာ ပေးလို့ရကောင်းတာ မဟုတ်ဘူး။ ကျုပ်က ဘုရားဟောတော်မူတဲ့အတိုင်း ပြောပြမယ်။ ရှင်မတို့က နေရာအနိမ့်က နေ၍ နာယူကြ"ဟု ပြောပြီးလျှင် မိမိက အမြင့်ကနေ၍ ဟောပြလေသည်။ ထိုသို့ ဟောပြလျှင် တရားကို သဘောကျ၍ အားလုံး သောတာပန် ဖြစ်ကြလေသည်။ ထိုအချိန်မှစ၍ ခုဇ္ဇုတ္တရာသည် မိဖုရား၏အစေအပါး မလုပ်ရတော့ဘဲ ကောသမ္ဗီပြည်ဝယ် ဘုရားရှင် သီတင်းသုံးတော်မူသမျှ ဘုရားအထံမှ တရားနာ၍ မိဖုရားနှင့် အခြွေအရံတို့အား တဆင့်ဟောပြရသော မမ္မကထိက ဖြစ်လေသည်။

**သာမာဝတီ** သာမာဝတီ မိဖုရားနှင့် အခြွေအရံများသည် မေတ္တာဖြင့်နေလေ့ရှိကြ၏။ ထိုသို့ မေတ္တာ အလေ့အကျင့် ရနေသောကြောင့် မိမိတို့ကို အထင်လွဲ၍ မြှားဖြင့် ပစ်သတ်ဘို့ကြံသော မိမိတို့၏ အရှင်သခင် ဥတေနရှင်ဘုရင်သည် (ပစ်သတ်ဘို့ကို မဆိုထားဘိ) လေးမှ မြှားထွက်သွားအောင်ပင်

မပစ်နိုင်ဘဲ ရှိရလေသည်။ ထိုနောက် ဥဒေနမင်းက မှားကြောင်းကို ဝန်ချသောအခါ "ဘုရား တရား သံဃာကို ကိုးကွယ်ပါ"ဟု တိုက်တွန်း၍ ဥပါသကာအဖြစ်သို့ ရောက်စေနိုင်လေသည်။ [ဤဝတ္ထု၌ ရှင်ဘုရင်၏ ဘုရားကိုးကွယ်ခြင်းမှာ သာမာဝတီ၏ အရင်းခံ မေတ္တာကြောင့် ဖြစ်သည်။]

**ဥတ္တရာ** ဥတ္တရာမည်သော သူဌေးကတော်လည်း မေတ္တာဖြင့် နေလေ့ရှိ၏။ သူမကို မနာလို၍ ဆီပူဖြင့် ဦးခေါင်းပေါ်၌ လောင်းချသော သိရိမာအပေါ်၌ မေတ္တာစိတ်ထားနိုင်သောကြောင့် ဆီပူမလောင်ဘဲ ဦးခေါင်းမှ လျှောကျ သွားစေသည်။ သိရိမာက တောင်းပန်သောအခါ (ဘုရားကိုကိုးကွယ်စေလိုသောကြောင့်) "ခမည်းတော် ဘုရားကို တောင်းပန်မှ ကျေနပ်မည်"ဟု ပြော၍ ဘုရားအမှူးရှိသော သံဃာတော်ကို ပင့်ပြီးလျှင် တောင်းပန်သော အခါ ဘုရားရှင်က "ကျေနပ်ပါသည်"ဟု မိန့်တော်မူ၏။ ထို့နောက် ဆက်လက်၍ တရား ဟောတော်မူသော အခါ သိရိမာလည်း သောတာပန် တည်လေသည်။ [ဤဝတ္ထု၌ သိရိမာ၏ သောတာပန်တည်ရခြင်းမှာ ဥတ္တရာ၏ မေတ္တာအရင်းခံကြောင့် ဖြစ်သည်။ တယောက်အပေါ်၌ တယောက်က ကောင်းကျိုးလိုလား၍ ကောင်းအောင်ပြောဆို ဆုံးမခြင်းကို မေတ္တာ၏အလုပ်ဟုမှတ်။]

**အခြားအမျိုးသမီးများ ဝန်ဆောင်ပုံ** ရှင်သီဝလိ၏ မယ်တော်ဖြစ်သော "သုပ္ပဝါသာ" မည်သော ကောလိယမင်းသမီးသည် သောတာပန် တည်ပြီးနောက် ဆွမ်းကပ်လှူသောအခါ မွန်မြတ်သော အရသာမျိုးစုံပါသော ဟင်းကောင်း ဟင်းလျာတို့ဖြင့် ကပ်လှူလေ့ ရှိ၏။ "သုပ္ပိယာ" မည်သော ဒါယိကာမကား ဂိလာန ပုဂ္ဂိုလ်အား သင့်တော်သော အာဟာရကို ချက်ပြုတ် လှူဒါန်းလေ့ရှိ၏။ ကာတိယာနီ (ကစ္စာနီ) မည်သော ဥပါသိကာမသည် ရတနာ ၃-ပါးကို ဆည်းကပ်ကြည်ညိုရာ၌ လေးလေးနက်နက် ရှိလှ၏။ အခါ တပါး၌ သူ၏သားဖြစ်သော "သောဏ" မထေရ်သည် ညဉ့်အခါ၌ တရားဟောနေ၏။ အမိမယ်တော် ကစ္စာနီသည် တရားနာရင်း အိမ်သွား၍ မီးခွက်ယူဘို့ရန် အိမ်စေမကို ခိုင်းလိုက်၏။ အိမ်စေပသွားသောအခါ သူခိုးတွေက အိမ်ထဲဝင်ဘို့ ဥပင် (လိုဏ်) ဖောက်နေပုံကို မြင်၍ ပြန်ပြေးလာပြီးလျှင် အကြောင်းကို ပြောလေသော်—"သူခိုးတွေယူလျှင် သူတို့တွေတာလောက်သာ ယူနိုင်မှာဘဲ။ ငါ တရားနာအပျက်မခံနိုင်ဘူး"ဟုပြော၍ တရားနာမြဲ နာနေ၏။ ထိုပြောသံကို စုံထောက်လုပ်နေသော ခိုးသူကြီးကြား၍ နံနက်အခါ ယူမိသမျှ

ပြန်ပေး၍ ကန်တော့ တောင်းပန်ကြပြီးလျှင် အရှင်သောဏ၏အထံ၌ ရဟန်းပြုကာ ရဟန္တာ ဖြစ်ကြလေသည်။ [ကာတိယာနီ၏ တရားနာ လေးနက်ခြင်းကြောင့် ခိုးသူများ ရဟန္တာ ဖြစ်ကြရသည်။]

ဤသို့ စသည်ဖြင့် ဘုရားရှင် လက်ထက်တော်၌ သာသနာ့ ဂေဇက်ဝင်ပါရမီရှင် အမျိုးသမီးများ၏ စိတ်ကောင်းထားမှု ကြိုးစားမှုတို့ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် အမျိုးသမီးများနယ်၌ ဂုဏ်သိန်မငယ်ဘဲ ထယ်ထယ်ဝါဝါ ရှိရကား မလ္လိကာမိဖုရား စသော မိဖုရားတို့နှင့် ဝိသာခါ စသော သူဌေးကတော် သူကြွယ်ကတော်များပင် ဘုရား တရားနှင့် အရိယာ သံဃာတော်များကို လေးလေးစားစား ကိုးကွယ်ဆည်းကပ်၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို မိမိတို့ စွမ်းရာဘက်မှ အချက်ကျကျ မြှင့်တင်ခဲ့ကြပေသည်။

**ပရိသတ်စုံညီ၍ ပရိနိဗ္ဗာန်စံတော်မူခြင်း**

ဗုဒ္ဓမြတ်စွာသည်ဘုရားဖြစ်တော်မူပြီးစကပင် ပရိနိဗ္ဗာန်စံတော်မူပါရန် လျှောက်ထားလာသော မာရ်နတ်ကို "သာသနာ့တာပန် ဆောင်နိုင်မည့် ပရိသတ် ၄-မျိုး မစုံညီသေးသမျှ ပရိနိဗ္ဗာန် စံတော်မူဦးမည်မဟုတ်" ဟု ပယ်မြစ်တော်မူခဲ့၏။ ယခုအခါ တာဝန်ဆောင်မည့် ပရိသတ် ၄-မျိုးလည်း ပြည့်စုံ၍ အသက်တော်လည်း ရှစ်ဆယ်ပြည့်နေပြီ ဖြစ်သောကြောင့်သာ ပရိနိဗ္ဗာန် စံတော်မူပါသည်။ ဤအချက်ကို စဉ်းစားလျှင် ဗုဒ္ဓသာသနာတော်ကို ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ-ဟူသော ပရိသတ် ၄-ပါးတို့ကသာ အမြဲတာဝန်ဆောင်နိုင်၍ ထိုပရိသတ် ၄-ပါးတွင် တပါးပါးလျော့လျှင် တာဝန်ဆောင်အဖွဲ့လျော့၍ သာသနာတော် အားပျော့ရပေလိမ့်မည်။ တာဝန်ဆောင် ပုဂ္ဂိုလ်များတွင်လည်း အတော်များများက စိတ်အား လျော့လိုက်လျှင် သာသနာတော် အားပျော့ရမည်မှာ ဓမ္မတာ (ထုံးစံ) ပင် ဖြစ်သည်။ ထို့ကြောင့် ရှေးရှေးက တာဝန်ဆောင် ပုဂ္ဂိုလ်တို့ အားမလျော့ဘဲ သာသနာ့ တာဝန် ထမ်းဆောင်ခဲ့ကြပုံကို ပြပါဦးမည်။

## ၅။ ရွေးမထေရ်များ ကြီးစားခန်း

**ပဌမသံဂါယနာ** ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံပြည်၌ အရှင်မဟာကဿပသည် ၇-သိန်းသော ထေရ်ကြီးများအား မိန့်တော်မူသည်မှာ— ငါရှင်တို့….ပါဝါပြည်မှ ဤကုသိနာရုံပြည်သို့ လာသောအခါ လမ်းခရီးအကြား၌ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူကြောင်းကို ကြားရသည်။ ထိုအခါ ဘုရားကို မဖူးတွေ့ဘူးသော ရဟန်းငယ်အများ ငိုကြသော်လည်း "သုဘဒ္ဒ"တောထွက်ကြီးကား ဝမ်းသာသော မျက်နှာဖြင့် "ငါရှင်တို့ မငိုကြပါနှင့်။ ရှေးတုန်းက ငါတို့မှာ ရှင်ဂေါတမ၏ အချုပ်အချယ်ကို ခံခဲ့ကြရသည်။ ယခုတော့ သူ့လက်က လွတ်ကြပေါ့။ ငါတို့ လုပ်ချင်တာ လုပ်နိုင်၊ မလုပ်ချင်ဘာ မလုပ်ဘဲ နေနိုင်ကြပြီ" ဟု ပြောပါသည်။ ငါရှင်တို့…. အဓမ္မ မထွန်းကားမီ၊ အဓမ္မက ဓမ္မကို မလွှမ်းမိုးမီ၊ အဓမ္မကိုပင် အကောင်းဟု ပြောလေ့ရှိသူတို့ ပထွန်းကားမီ၊ ဓမ္မကို အကောင်းဟု ပြောလေ့ရှိသူတို့ အားမသေးမီ၊ ဝိနည်းလမ်း၏ ဆန့်ကျင်ဘက်ကို အကောင်းဟု ပြောလေ့ရှိသူတို့ မထွန်းကားမီ၊ ဝိနည်းကို အကောင်းပြောလေ့ရှိသူတို့ အားပသေးမီ ယခုနှယ်က သံဂါယနာ တင်ကြပါစို့"ဟု ပြော၍ အများသဘောကျ သံဂါယနာတင်ပထေရ်များကို ရွေးချယ်ပြီးလျှင် ရာဇဂြိုဟ်မြို့ဝယ် ပဌမသံဂါယနာ တင်ခဲ့ပါသည်။

**မှတ်ချက်။** ။အဓမ္မ-ဟူသည် အကုသိုလ် တရားတည်း။ ဓမ္မ-ဟူသည် ကုသိုလ်တရားတည်း။ အဓမ္မကိုပြုဝံ့သူတွေ နေရာတိုင်း၌ လူတွင်ကျယ် ဖြစ်ခြင်း၊ အဓမ္မပြုသူကိုပင် ချီးကျူးခြင်း၊ ထိုသူတို့မှာ စီးပွါးဥစ္စာတိုးတက်၍ (ရဟန်းဖြစ်လျှင် ဘုန်းကံကြီးမား၍) နောက်လိုက်များခြင်း၊ အဓမ္မပြုဝံ့သည်ကိုပင် အသားယူခြင်းသည် အဓမ္မထွန်းကားခြင်းမည်၏။ ထိုသို့ အဓမ္မထွန်းကားသောခေတ်၌ ဓမ္မအတိုင်း ပစ္စည်းဥစ္စာရှာဖွေ နေထိုင်သူတို့ ဦးခေါင်းမပြုဝံ့အောင် အောက်ကျ နောက်ကျဖြစ်ရခြင်းသည် အဓမ္မက ဓမ္မကို လွှမ်းမိုးရာရောက်၏။ ထိုအခါ အဓမ္မဘက်သားတို့ အားကောင်း၍ ဓမ္မဘက်သားတို့ အားနည်းကြရသည်။ ထို့အတူပင် ဝိနည်းပညတ်တော်ကို အပိုဟုပင် အထင်ရှိနေသူနှင့် ဝိနည်းတော်အတိုင်း မနေသူတို့ အားကောင်းလာသော အခါ ဝိနည်းတော်အတိုင်း နေသူတို့ အာရုရာမှာ အရေးမပါ အရာမရောက်ဘဲ အားနည်းကြရသည်။ ယခု ထိုခေတ်သို့ ရောက်လုပြီလော၊ သို့မဟုတ် ရောက်နေပြီလော။

**ဒုတိယ သံဂါယနာ** ဒုတိယ သံဂါယနာတင်ခြင်း၏ အကြောင်းရင်းမှာ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီး၍ အနှစ်တရာလောက် အကြာတွင် ဝဇ္ဇီတိုင်းသား ရဟန်းတို့ ငွေအလှူခံခြင်းပင်တည်း။ [အကျယ်ကို အနာဂတ်သာသနာရေးကျမ်းစာ၌ ပြခဲ့ပြီ။] ထို ဒုတိယသံဂါယနာ မတင်မီ ငွေအလှူခံသော ဝဇ္ဇီတိုင်းသား ရဟန်းတို့ကို နှိမ်နင်းရာ၌ အရှင်ယသ၏ လျှောက်ထားချက်ကြောင့် ရဟန္တာကြီးအများပင် ပါဝင်တော်မူကြ၏။ တမြေပြင်လုံး၏ အကြီးဆုံးဖြစ်၍ ရဟန်းဝါတော်ပင် တရာ့နှစ်ဆယ် ရတော်မူပြီးသော ''သဗ္ဗကာမီ''မည်သော ဆရာတော်ကြီးပင် ပါဝင်တော်မူ၏။ ထို ဆရာတော်ကြီးကား အရှင် အာနန္ဒာ၏ တပည့်ကြီးဖြစ်၍ ဘုရားရှင်ကို မှီလိုက်၏။ ဤသို့လျှင် ငွေအလှူခံမှု ကိစ္စအတွက် သံဂါယနာတင်ရသည်အထိ သက်တော်ကြီး၍ ရဟန္တာ ဖြစ်ပြီးသော မထေရ်ကြီးအများပင် ကြောင့်ကြစိုက်တော်မူကြပုံကို ယခုအခါ သူတော်စင် အရှင်ကောင်းတို့ လေးလေးနက်နက် စဉ်းစားသင့်ကြပါသည်။

**မထေရ်များ၏ အမြော်အမြင်** ဒုတိယ သံဂါယနာ တင်ပြီးသောအခါ နောင်ရေးနောင်တာကို တွေးတော်မူရာ – နောင်အခါ အသောကမဟာရာဇာ၏ လက်ထက်၌ သာသနာတော်ဝယ် ဘေးရန် ပေါ်မည်ကို မြင်တော်မူကြ၏။ ထို ဘေးရန်ကို နှိမ်နင်းမည့် ပုဂ္ဂိုလ်ကို လူ့ပြည်နတ်ရပ်၌ ရှာသောအခါ မတွေ့ကြရဘဲ ဗြဟ္မာ့ပြည်ကို ကြည့်မှ တိဿ ဗြဟ္မာမင်းကို တွေ့၍ လူ့ပြည်၌ဖြစ်ကာ သာသနာပြုပါရန် တောင်းပန်ကြလေသည်။ [အကျယ်ကို အနာဂတ်သာသနာရေး ကျမ်းစာ၌ ရေးခဲ့ပြီ။] ဤနေရာဝယ် အရှင်မဟာယသ အစ အရှင်သဗ္ဗကာမီ အဆုံးရှိသော ရဟန္တာအရှင်တို့သည် မျက်မှောက်သာသနာ၏ ဘေးရန်ကို နှိမ်နင်းရုံသာမက အနာဂတ်သာသနာရေးကိုပါ ကြောင့်ကြစိုက်တော်မူကြပုံကို တွေးမိတော် မူကြပါလျှင် ယခုအခါ သာသနာတော်အရေးကို ကိုယ့်အရေးမဟုတ်သလို လျစ်လျူမရှုသင့်ကြတော့ပါ။

**တတိယ သံဂါယနာ** တိဿဗြဟ္မာစုတေ၍ လူ့ပြည်၌ ဖြစ်ပုံ, ရဟန်းပြု၍ ရဟန္တာဖြစ်ပုံ, ဓမ္မာသောကမင်း သာသနာကြည်ညိုပုံ, ညီတော်ရဟန်းပြုပုံ, ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို ပူဇော်သောအားဖြင့် ဓမ္မာသောကမင်း၏ကျောင်းတိုက်ပေါင်း စေတီပေါင်း ရှစ်သောင်းလေးထောင်

တည်ဆောက်လှူဒါန်းပုံ, ထိုကျောင်းရေစက်ချ၍ အလှန်သဒ္ဓါဖြစ်၍ အိမ်ရှေ့မင်းလောင်းဖြစ်သော သားတော် မဟိန္ဒမင်းသားနှင့် သမီးတော် သံဃမိတ္တာတို့ကို ဘိက္ခု-ဘိက္ခုနီပြုပေးပုံ, ပစ္စည်း ၄-ပါး ပေါများသော သာသနာတွင်းသို့ ပစ္စည်းရှားပါးသော တိတ္ထိတို့ အချောင်ဝင်လာပုံ, ထိုတိတ္ထိတို့ကြောင့် တတိယ သံဂါယနာ တင်ရပုံ, သားတော် အရှင် မဟိန္ဒနှင့် သမီးတော် သံဃမိတ္တာတို့ ရဟန္တာဖြစ်၍ သီဟိုဠ်ကျွန်း၌ သာသနာပြုကြပုံကို အနာဂတ်သာသနာရေး ကျမ်းစာ၌ စုံစုံလင်လင် ရေးသားခဲ့ပါပြီ။

**အသောကမင်း၏ ဘာသာသွေး**

ဓမ္မာသောကမင်းသည် ဘာသာသွေး အလွန်ထက်သန်လှ၏။ ထိုသို့ ထက်သန်သောကြောင့်ပင် ရှစ်သောင်း ၄-ထောင်သော ကျောင်းတိုက်စေတီများကို တည်ဆောက်ပူဇော်ရရုံဖြင့် အားမရဘဲ အိမ်ရှေ့မင်းလောင်း သားတော်ကို ရဟန်းပြုပေးနိုင်လောက်အောင် သာသနာတော် ထွန်းကားစေလိုသော သဒ္ဓါဆန္ဒပြင်းပြလေသည်။ ဗုဒ္ဓဘာသာဖြစ်သည်မှ စ၍ တိုင်းပြည်ကိုလည်း ဗုဒ္ဓတရားတော်နှင့်အညီ အုပ်ချုပ်၏။ လူနှင့်ဆိုင်သော တရားစာ တချို့ကိုလည်း ကျောက်စာထွင်း၍ လူမြင်ကွင်းမှာ စိုက်ထူထား၏။ ဗုဒ္ဓဘာသာဝင်ဖြစ်၍ တိုင်းပြည်ကို သိမ်သိမ်မွေ့မွေ့ အုပ်ချုပ်ခါမှ သာ၍ တိုင်းပြည်ငြိမ်ဝပ်ပိပြားပါသေးသတဲ့။ ထိုဓမ္မာသောကမင်း၏ သားတော်ဖြစ်သော အရှင် မဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ သာသနာပြု ကြွတော်မူသောအခါ - ဓမ္မာသောက မဟာရာဇာ၏ အကြည်တော် (အဆွေတော်) ဖြစ်သော ဒေဝါနံပိယဟိဿ မဟာရာဇာသည် ဗုဒ္ဓသာသနာတော်ကို လွယ်ကူစွာလက်ခံ၍ မကြာမီပင် သီဟိုဠ်တကျွန်းလုံးကို ဗုဒ္ဓသာသနာ လွှမ်းဖုံးစေပါသည်။ ဤနည်းအားဖြင့် ဓမ္မာသောက မဟာရာဇာ၏ ဘာသာသွေးသည် ဒေဝါနံပိယတိဿ မဟာရာဇာသို့ ကူးစက်ပြန့်ပွါးခဲ့လေသည်။

**ဒုဋ္ဌဂါမဏိမင်း၏ ဘာသာသွေး**

အရှင်မဟိန္ဒ၏ ကြိုးစားမှုကြောင့် သီဟိုဠ်ကျွန်း၌ သာသနာတော် ခိုင်မြဲသောအခါ - ကျွန်းသူ ကျွန်းသားနှင့် ဘုရင်မိဖုရားတို့သည် ဘာသာသွေး ထက်သန်ကြ၏။ ဒုဋ္ဌဂါမဏိ အဘယမင်းကား ထူးထူးခြားခြား ဘာသာသွေးများသော မင်းပေတည်း။ သာသနာတော်ကို အန္တရာယ်ပြုမည့် ကျေးကုလားတို့ကို နှိမ်နင်းဘို့

စစ်ထွက်ရာ၌ပင် ရဟန်းတော်များကို ပင့်၍သွား၏။ ထိုမင်းသည် စစ်တိုက်ထွက်ခါနီး၌ အောက်ပါအတိုင်း အဓိဋ္ဌာန်ပြုလေ့ရှိ၏။

"ငါ့တွက်များမြောက်၊ ချမ်းသာရောက်ဘို့၊ ခုလောက်ကြိုးကုတ်၊
အားမထုတ်ဘူး။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရှည်စွာအစွန့်၊ ရောင်လျှံ့
ကွန့်ဘို့၊ စွန့်စွန့်စားစား၊ ငါကြိုးစားသည်၊ စိတ်ထားငါ့မှာ အမြဲတည်း။

ဆိုလိုရင်းမှာ — "ငါချမ်းသာဘို့အကျိုးငှါ စစ်တိုက်ခြင်းဖြင့် ယခုလို အပင်ပန်းခံသည်မဟုတ်။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော် တာရှည်စွာ တည်နိုင်ဘို့အကျိုးငှါးသာ ဗုဒ္ဓဘာသာကို အန္တရာယ်ပြုမည့် ရန်သူများကို နှိမ်နင်းရပါသည်"ဟု ဆိုလိုသည်။ ထိုမင်းသည်ပင် စုတေခါနီး၌ စစ်တိုက်စဉ်က အလွန်အားကိုးရသော ထိုအချိန်မှာ ရဟန်းပြု၍ ရဟန္တာဖြစ်သော အဘယမထေရ်၏ တရားကို နာယူရင်း စုတေ၍ တုသိတာနတ်ပြည်၌ ဖြစ်လေသည်။

---

## ၆။ မြန်မာနိုင်ငံ ရှေ့ပိုင်းသာသနာခန်း

**အရှင်အရဟံနှင့် အနော်ရထာ**

အိန္ဒိယ—သီဟိုဠ်ဝယ် ရှေးရှေး ရဟန္တာ အရှင်မြတ်များနှင့် ရှေးရှေး သာသနာပြု မင်းအများတို့ သာသနာ အရေး ဘာသာသွေးကို သွေးခဲ့ကြ သကဲ့သို့ မြန်မာနိုင်ငံ ရဟန်းတော် အရှင်မြတ်များနှင့် မင်းတရားတို့လည်း ဘာသာသွေး မအေးခဲ့ကြပါ။ အရှင်အရဟံနှင့် အနော်ရထာမင်းတို့သည် ယုတ်မာညစ်ညမ်းသော အရည်းကြီး ခေါ် ရဟန်းတုများကို အတင်းပြုပြင်ခဲ့ကြပါသည်။ ဆက်ပါဦးမည်—အစစ် အမှန်ကို အကြောင်းပြု၍ အတုအပ အယောင်ဆောင်များ ရှိနေခြင်းမှာ ထုံးစံ ဓမ္မတာလိုဖြစ်နေ၏။ ဥပမာ—ရွှေအစစ် စိန်အစစ်၏ အဖိုးတန်မှုကို အကြောင်း ပြု၍ ရွှေအတု စိန်အတုများ ပေါပေါက်သကဲ့သို့တည်း။ အစစ်နှင့် အတု ၂-မျိုးရှိပြန်လျှင် အသိဉာဏ်ရှိသူ၊ သို့မဟုတ် ကံကောင်းသူတို့သာ အစစ်ကို သုံးစွဲ ရ၍ ဉာဏ်မရှိ ကံမရှိသူတို့မှာ အတုကိုသာ သုံးစွဲရလေသည်။

ဤသာသနာရေး၌လည်း ရှေးရှေးကပင် အစစ်နှင့်အတု ဒွန်တွဲကာ ဉာဏ်ရှိသူ ကံရှိသူတို့သည် အစစ်ဘက်မှာ ပါဝင်၍ ဉာဏ်မရှိသူ ကံမရှိသူတို့ကား အတု ဘက်၌ ရောက်ရှိနေကြလေသည်။ ထို့ကြောင့် အရှင်အရဟံနှင့် အနော်ရထာ မင်းတရားတို့ အရည်းကြီးများကို မနှိမ်ရသေးမီ အချိန်က ဉာဏ်မရှိသော, ဉာဏ်ရှိသော်လည်း ကံမရှိသော တိုင်းသူ ပြည်သားတို့သည် အရည်းကြီးတို့ ဟောပြောသမျှကို သဘောကျကျ-မကျကျ လိုက်နာ၍ နေခဲ့ ကြရလေသည်။ ဘုန်းကံလည်းရှိ ဉာဏ်လည်းရှိသော အနော်ရထာမင်း လက်ထက်ကျမှ အရှင် အရဟံကြွလာ၍ သာသနာ အစစ်အမှန်ကို သိရသဖြင့် ယုတ်မာ ညစ်ညမ်း ဆိုးသွမ်းသော အရည်းကြီးတို့ကို ဖယ်ရှားလျက် အစစ်အမှန် သာသနာကို ကိုးကွယ်ကြရပေသည်။

**မြန်မာဆရာ ဒကာများ**

ပုဂံခေတ်မှစ၍ ကောင်းမွန်လာသော မြန်မာနိုင်ငံ သာသနာ တော်သည် သာသနာ့ဝန်ဆောင် ဆရာတော်များနှင့် သာသ နာပြု မင်း, မှူးမတ်မှစ၍ ရပ်သူရွာသား ဒါယကာ ဒါယိကာမ များ တိုင်အောင် အရှိန်မပျက်ခဲ့ပါ။ အလွန် သဒ္ဓါတရားကောင်းသော မင်း တုန်းမင်း၏ လက်ထက်မှာမူ ပရိယတ် (စာပေ သင်ကြား ပို့ချမှု) ဘက်က တိုးတက်၍လာသကဲ့သို့ ထင်ရ၏။ မင်းတုန်းမင်းတရားသည် သာသနာတော်ကို

ကြာရှည်စွာ တည်စေလိုသဖြင့် ပိဋက ပါဠိတော်များကို ကျောက်ပြား၌ ထွင်းကာ ပဉ္စမသံဂါယနာကိုပင် တင်ပါပေးသည်။ ပဋိပတ် (အကျင့်အကြံ) ဘက်၌လည်း ဉာဏ်မှီသမျှ အားပေးခဲ့ပါသည်။ ဓမ္မဝိနယ ပြန်တမ်းကို ထုတ်၍ “ရဟန်းသာမဏေတို့ ပွဲမကြည့်ရ, ဈေးမဝယ်ရ, ပိုက်ဆံမကိုင်ရ” စသည်ဖြင့် ထိုခေတ်အလိုက် အမြင်မတော်မှုများကိုလည်း အတင်းအကြပ် နှိပ်ကွပ်တားမြစ် ခဲ့ပါသည်။

**သာသနာပြုမင်း ကင်းဝေးချိန်**

မြန်မာတပြည်လုံး အင်္ဂလိပ်လက်အောက်ရောက်သွားသော အခါ၌လည်း မြန်မာ ဆရာတော်ကြီးများနှင့် မှူးကြီး မတ်ကြီး လူကြီးလူကောင်းတို့ တိုင်ပင်၍ သာသနာရေးကို ထိန်းသိမ်းခဲ့ကြပါသည်။ ယခုတွေ့မြင်ရသော အစိုးရပဋ္ဌမပြန်, သကျသီဟ စာပြန်ပွဲတို့သည် ထိုဆရာတော်, ထိုလူကြီး လူကောင်းတို့ စတည်ခဲ့သော ကောင်းမှုများ ဖြစ်ကြပါသည်။ ထိုသို့ ဆရာတော်များနှင့် လူကြီးလူကောင်းတို့ ဇာတိသွေး ဘာသာသွေး ထက်သန်ခြင်းကြောင့် ဒုတိယ ကမ္ဘာစစ် မတိုင်မီ ကာလ၌ အင်္ဂလိပ်လက်အောက်မှာ နေကြရသော်လည်း အမျိုးသားများသည် ဘာသာခြား အတုလိုက်မှုနည်းပါး၍ အမျိုးသမီးများလည်း လူမျိုးခြားနှင့် လက်ထပ်မှု နည်းပါးခဲ့သေး၏။ သာသနာတော်လည်း အတော်ဣန္ဒြေရပါ သေး၏။ ဤသို့ မြန်မာနိုင်ငံက အစစအရာရာဝယ် အကျင့်စာရိတ္တ အပျက်အစီး နည်းပါးကြောင်းမှာလည်း သူတပါးလက်အောက်၌ နေရသော နိုင်ငံချင်းယှဉ်၍ ကြည့်မှ သိသာပါသည်။ အချို့နိုင်ငံ၌ တိုင်းရင်းသားအယူအဆနှင့် ဘာသာရေးများ ကွယ်လုမတတ်ရှိ၍ တချို့ နိုင်ငံ၌ကား ကွယ်ပျောက် သလောက်ပင် ရှိကြလေပြီ။

[ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး မော်ကွန်း စာအုပ်မှ အောက်ပါ အချက်များကို ထုတ်ပြလိုပါသည်။]

**ဆာ-အာသာဖယ်ရာနှင့် ဘုန်းတော်ကြီးကျောင်း**

ဗြိတိသျှ အစိုးရသည် အောက်မြန်မာပြည်ကို သိမ်းယူပြီးနောက် မြန်မာသက္ကရာဇ် ၁၂၂၅-၂၆-ခုနှစ်၌ မဟာဝန်ရှင်တော်မင်းကြီး ဖြစ်သော ဆာ-အာသာ ဖယ်ရာသည်—ဘုန်းတော်ကြီး ကျောင်းများ၏ ကျောင်းဝိုင်း ကျယ်ပြန့်ပုံ, အဆောက်အဦကောင်းပုံတို့ကိုရင်း၊ ဆရာဘုန်းတော်ကြီးများ၏ သြဇာရှိပုံကို

ရင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ သင်ရိုးပညာများ၏ အကျင့်စာရိတ္တ ကောင်းစေနိုင်ပုံကိုရင်း သိမြင်လေသည်။ ထိုသို့ သိမြင်သည်အားလျော်စွာ—

(၁) တိုင်းရင်းဘာသာ ပညာ သင်ကြားရေးအတွက် ဘုန်းတော်ကြီး ကျောင်းများကိုသာ အားကိုးထိုက်ကြောင်း,

(၂) ဘုန်းတော်ကြီးများက ဗုဒ္ဓဘာသာ သင်ခန်းစာအပြင် လောကီ၌ အသုံးဝင်မည့် သင်ခန်းစာများကိုလည်း တွဲဖက်ပို့ချပါရန် တောင်း ပန်လျှောက်ထားသင့်ကြောင်း,

(၃) ထိုသို့ လျှောက်ထားရာ၌လည်း ဖြစ်မြောက်နိုင်လောက်သော အကြံ ဉာဏ်များဖြင့် မြော်မြင်နိုင်းဆ၍ လျှောက်ထားရန် လိုကြောင်း,

(၄) လိုရာ စာအုပ်များကို ဘုန်းတော်ကြီးများအား လှူဒါန်းရမည် ဖြစ်ကြောင်း,

(၅) မြို့ရယ်များနှင့် ရွာများတွင်လည်း အိမ်ကျောင်းများ ဖွင့်လှစ်ခဲ့သော် ဘုန်းတော်ကြီးကျောင်းများနှင့် အပြိုင်အဆိုင်ပြုရာ ရောက်မည်ဖြစ်၍ အိမ်ကျောင်းများ မဖွင့်သင့်ကြောင်းကို ညွှန်ကြားခဲ့ဘူးလေသည်။ [လူဝတ်ကြောင်ဆရာ၏ စာသင်ကျောင်းကို "အိမ်ကျောင်း" ဟု ခေါ်ထားသည်။]

**ဘုန်းတော်ကြီး စာသင်ကျောင်းများ**

ထို ညွှန်ကြားချက် အတိုင်း အစိုးရ အမှုထမ်းတို့၏ လျှောက်ထားချက်ကြောင့် မြန်မာသက္ကရာဇ် ၁၂၂၉-ခုနှစ်တွင် အစိုးရ အသိအမှတ်ပြုအပ်သော ဘုန်းတော်ကြီးကျောင်း ၃၁-ကျောင်း စတည်မိ၍ ၁၉-နှစ်လောက်ကြာသော ၁၂၄၈-ခုနှစ်၌ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၉၇၅-ကျောင်းအထိ အောက်နိုင်ငံ၌ တည်ရှိခဲ့လေသည်။ အထက်မြန်မာနိုင်ငံကို သိမ်းယူပြီးနောက်လည်း ထို ညွှန်ကြားချက်အတိုင်း ကြိုးစားရွက်ဆောင်ကြလေရာ ၁၂၅၈-ခုနှစ်၌ အစိုးရအသိအမှတ် ပြုအပ်သော ဘုန်းတော်ကြီး စာသင်ကျောင်းပေါင်း အထက်နိုင်ငံ၌ ၂၀၉၀-ကျောင်း ရှိလေသည်။ [အထက်အောက် ၂-ရပ်ပေါင်းလျှင် ၆၀၇၃-ကျောင်းဖြစ်၏။] သို့ရာတွင် ထိုနှစ်များ၏ နောက်၌ကား အသိအမှတ် ပြုအပ်သော ဘုန်းတော်ကြီး စာသင်ကျောင်းများ ယုတ်လျော့၍ လာခဲ့လေရာ

၁၂၇၈-ခုနှစ်၌ အထက်အောက် ၂-ရပ်ပေါင်းမှ ဘုန်းတော်ကြီးစာသင်ကျောင်း ၃၀၉၁-ကျောင်းသာ ရှိလေတော့သည်။

**အိမ်စာသင်ကျောင်းများ** မြန်မာပြည် အစိုးရမင်းတို့သည် တိုင်းရင်းဘာသာပညာရေးအတွက် ဘုန်းတော်ကြီးကျောင်းများကို အားကိုးသော်လည်း မှန်းတိုင်းမပေါက် ခရီးမရောက်သောအခါ ဘုန်းတော်ကြီးကျောင်းများကို အားပေးမှု လက်မလွတ်စေဘဲ အိမ်ကျောင်းများကိုလည်း အားပေးခဲ့ရလေတော့သည်။ ထို့ကြောင့် မြန်မာသက္ကရာဇ် ၁၂၃၀-ခုနှစ်အတွင်း၌ အိမ်ကျောင်း အလျဉ်းမရှိခဲ့သော်လည်း နှစ်ပေါင်း ၄၀-ခန့်လောက်ကျော်လွန်ရာ ၁၂၇၈-ခုနှစ်မှာ အိမ်ကျောင်းပေါင်း ၃၆၇၀-အထိ ရှိလာလေသည်။ [ထိုနှစ်၌ ဘုန်းတော်ကြီးကျောင်းထက် အိမ်ကျောင်းက အနည်းငယ်ပိုလွန်လာလေပြီ။] ကျောင်းအရေအတွက်အားဖြင့် အိမ်ကျောင်းက အနည်းငယ်သာ ပိုလွန်သော်လည်း ကျောင်းသား အရေအတွက်မှာ အိမ်ကျောင်း၌ကျောင်းသားပေါင်း ၂-သိန်းခွဲခန့်ရှိ၍ ဘုန်းတော်ကြီး စာသင်ကျောင်းများ၌ကျောင်းသားပေါင်း တသိန်းကျော်မျှသာ ရှိတော့ရကား ကျောင်းသားအရေအတွက်ချင်း များစွာ ကွာခြားလေသည်။

[ ဤကား ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး မော်ကွန်းစာအုပ်မှ ထုတ်ယူ ဖော်ပြချက်တည်း။]

**စဉ်းစားဘွယ်** မြန်မာနိုင်ငံဝယ် အထက်အောက် ဒေသ ၂-ရပ်၌ အစိုးရ အသိအမှတ်ပြုအပ်သော ဘုန်းတော်ကြီး စာသင်ကျောင်း(၆၈၇၃)ကျောင်း ရှိခဲ့ဘူးပါလျက် ယခုအခါ ထိုကျောင်းအများအပြားပင် ကွယ်ပျောက်သွားရာ၌ များစွာ စဉ်းစားဘွယ်ရှိသည်ကား—

(၁) ဘုန်းတော်ကြီးများသည် ကျောင်းအုပ်အဖြစ်ဖြင့် ကျောင်းကိုအုပ်ချုပ်ရုံသာ အုပ်ချုပ်၍ သင်ပြသော ဆရာတို့က လူဝတ်ကြောင်များဖြစ်သောကြောင့် အတော်ကြာလျှင် ဘုန်းကြီးသြဇာမရှိသဖြင့်ကျောင်းပျက်ရလေသလော၊

(၂) ဘုန်းတော်ကြီးသည် ကျောင်းအုပ်ချုပ်ခကို ယူထားသော်လည်းအစိုးရ၏ စည်းကမ်းဥပဒေအတိုင်း လိုက်နာဘို့ရန် ခဲယဉ်းသောကြောင့် ကျောင်းပျက်ရလေသလော၊

(၃) ဘုန်းတော်ကြီးနှင့် ပညာအုပ်များ ဆက်ဆံရာဝယ် သဘာဝအား ဖြင့် ဘုန်းကြီးက အထက်က နေရသော်လည်း ဥပဒေအရ ပညာအုပ်၏ အောက်ကျနေသဖြင့် ဆက်ဆံရေး အဆင်မပြေသောကြောင့် ကျောင်းပျက်ရလေသလော၊

(၄) တရံတခါ ဗုဒ္ဓဘာသာမဟုတ်သော ပညာအုပ်သည် ဘုန်းကြီး ကျောင်းသို့ ရောက်သောအခါ သွားလာနေထိုင် ပြောဆိုလျှောက် ထားမှုမှ စ၍ အဆင်မပြေဘွယ် ကိစ္စတွေရှိနိုင်ရကား ထိုအကြောင်းလည်း ကျောင်းပျက်ရခြင်း၏ အကြောင်းတပါး ဖြစ်ရလေသလော၊

(၅) အစိုးရလခကိုယူ၍ အုပ်ချုပ်သော ကျောင်းအုပ် ဘုန်းတော်ကြီး များကို များစွာသော အခြားဘုန်းကြီးများနှင့် အချို့သော လူကြီး တို့က အထင်သေး အမြင်သေး ဖြစ်ခြင်းကြောင့် တစတစနှင့် ကျောင်း ပျက်ရလေသလော—

ဤသို့ စသောအားဖြင့် စဉ်းစားဘွယ်တွေ များစွာ ရှိနေပါသည်။ ထို့ပြင် ဘုန်းတော်ကြီးက ကျောင်းကို အုပ်ချုပ်ရှိသော အုပ်ချုပ်၍ လူဝတ်ကြောင်ဆရာက အတန်းစာကို သင်ပြလျှင် "ထိုကျောင်းသားများသည် ဘုန်းကြီးထက် အတန်းဆရာကို ပို၍ မလေးစားပေဘူးလား"ဟု စဉ်းစားဘွယ်ရှိပြန်၏။ [ယခုအခါ သာသနာဘက်၌ စာမပို့ချနိုင်သော, သံဃာများကို ဆွမ်း သင်္ကန်း ဝေငှနိုင်လောက်အောင် ဘုန်းကံလည်း မရှိ, ရှိစေကာမူ ဝေငှလေ့မရှိသော ကျောင်းထိုင် တိုက်အုပ် တိုက်ကြပ်ပုဂ္ဂိုလ်များသည် ထိုကျောင်းမှာ ကိုတိုက်မှာ စာချနေသော ဘုန်းကြီးများလောက် ဩဇာမရှိပါ။ စာသင်သားတို့ကလည်း စာမပို့ချသော ထိုတိုက်အုပ် စသည်ကို "ဆရာ"ဟု အသိအမှတ် မပြုကြပါ။]

ထို့ပြင် ဘုန်းကြီးက ကျောင်းအုပ်ဖြစ်၍ လူဝတ်ကြောင်ဆရာတို့က အတန်းစာကို ပြလျက် ကြီးပွါးနေရစ်သေးသော ကျန်သမျှ ကျောင်းများ၌ သာသနာ့အညွန့်အတက် ရဟန်းငယ် မည်မျှ ထွက်သနည်းဟု ပြဿနာတခု ပေါ်ထိုက်ပါသည်။ အကယ်၍ သာသနာ့အညွန့်အတက် မထွက်ဘဲ လူဝတ်ကြောင်အဆက်ဆက်သာ ထွက်နေပါလျှင် ထိုကျောင်းသည် လောကီ လူဝတ်ကြောင်များ အုပ်ချုပ်သော ကျောင်းထက် ဘာသာရေးဘက်၌ အကြားအမြင်များရုံမှတပါး ထူးခြားသော အကျိုးမထင်ပါ။ လူဝတ်ကြောင်တပည့်

အဆက်ဆက် ဗုဒ္ဓဘာသာဝင်တွေ ဖြစ်သောကြောင့် အကျိုးများဟန်သလောက် များသော်လည်း ကျောင်းကို ဆက်၍ အုပ်ချုပ်နိုင်သော သာသနာ့အညွန့် အတက် ရဟန်းများ မပေါ်ထွက်လာလျှင် ထိုကျောင်းသည် ဘုန်းကြီး ကျောင်းအဖြစ်မှ ရွေ့လျောပျောက်ကွယ်ရမည် မဟုတ်ပါလော။ [ယခုအခါ ဘုန်းကြီးများ၏ ကျောင်းအတွင်း၌ လူဝတ်ကြောင်ဆရာများ သင်ပြမည့် မူလတန်းကျောင်းကို လိုလားသော ပုဂ္ဂိုလ်များသည် အစိုးရ အသိအမှတ် ပြုအပ်သော ကျောင်းပေါင်း ခြောက်ထောင်ကျော် ပျက်ခဲ့ရပုံကို စဉ်းစား သင့်ကြပါသည်။]

**ရှေးရိုးကျောင်းများ** မိမိတို့ မမွေးခင် ရှေးယခင်က အစိုးရအထောက်အပံ့ မခံသော ရှေးရိုးဘုန်းတော်ကြီးကျောင်းများလည်း ရှိ၏။ ထိုကျောင်းများ၀ယ် များစွာသော ဘုန်းတော်ကြီးတို့သည် အနေ အထိုင်အားဖြင့် ကြည်ညိုစရာကောင်း၍ ကျောင်းသား သူငယ်များကိုလည်း မင်္ဂလသုတ်စသော လိမ္မာယဉ်ကျေးဘွယ်ရာ ဘာသာရေး စာပေများနှင့်တကွ ထို အချိန်က အသုံးဝင်မည့် လောကီရေးရာ ဂဏန်းသင်္ချာများနှင့် လက်ရေး လက်သား သတ်ပုံ သတ်ညွှန်းများကိုလည်း သင်ပြတော်မူကြ၏။ အနေ အထိုင် အပြောအဆိုမှ စ၍ ယဉ်ကျေးစေနိုင်သော ဆုံးမစာကိုလည်း စာတွေ့ လက်တွေ့ သင်ပေးတော်မူကြ၏။

ထို့ကြောင့် ဘုန်းကြီးကျောင်းမှထွက်သော ရှင်လူထွက်တို့သည် လူလောက တွင် လူရာဝင်ခဲ့ကြလေသည်။ လူရာဝင်သောကြောင့်လည်း ဆရာဘုန်းတော် ကြီးကို ကျေးဇူးတင်ကာ ''အာစရိယဂုဏော အနန္တော''ဟု စိတ်စောလျက် အိမ်ထောင်ကျသည့်တိုင်အောင် မိဘထက်ပင် ဆရာဘုန်းတော်ကြီးကို ရိုသေ လေးစားကြသည်။ ဆရာဘုန်းတော်ကြီးက ခေါ်၍ ဆုံးမသောအခါ အများအားဖြင့် နားထောင်ကြသည်။ ထိုခေတ်က ထိုဘုန်းတော်ကြီးများ၏ ကျောင်းသည် ရွာဦးရွာထိပ်၌ ရေတွင်း၊ သို့မဟုတ် ရေကန်, သစ်ပင်အုပ်အုပ် ဆိုင်းဆိုင်း ညိုညိုမှိုင်းမှိုင်းနှင့် ရွာသားကလေးများ၏ ယဉ်မာရေး ပညာရေး ကျန်းမာရေးကို ရရှိစေရာလည်းဖြစ်, ရွာသူရွာသားတို့၏ လောက ဓမ္မဆိုင်ရာ အသိပညာ အလိမ္မာ တိုးပွါးရာလည်းဖြစ်သော ရွာ့ကျက်သရေဆောင် ဌာနကြီး ဖြစ်ပါပေသည်။

**သာသနာ ဆက်ခံခဲ့ကြပုံ**

ရှေးရှေးကသော်ကျေးရွာကျောင်းတကျောင်း၌ ကျောင်းသား ၅၀-ခန့်ရှိလျှင် အရွယ်ရောက်လာသူတိုင်း ရှင်သာမဏေတက်၍ အတော်ကြာမှ လူထွက်ကြသဖြင့် သူ့ခေတ်အလိုက် အလိမ္မာ-စာတတ်သူလည်း မနည်းခဲ့ပါ။ ဉာဏ်ထက်သူ ဖြစ်၍ ဇာတ်ကြီးဆယ်ဘွဲ့ စသော တရားစာများတိုင်အောင် သင်အံ ကျက်မှတ်ရသူတချို့ကား ထိုဇာတ်တော်ကြီးများကို အားကျ၍ တချို့မှာ ရဟန်းဘဝအထိ ဆက်လက် နေကြသည်။ ကျောင်းသား ၅၀-ခန့်မှ ၄-၅-ယောက်လောက် ရဟန်းဖြစ်၍ သာသနာ့ဝန်ကိုထမ်းဆောင်သောအခါ ၄၅-ယောက်လောက် ကျောင်းသားဟောင်းများသည် သာသနာ့ဒါယကာများ အဖြစ်ဖြင့် ဆွမ်း သင်္ကန်း ကျောင်းများကို တာဝန်ယူကြ၏။ မိမိတို့ သားများကိုလည်း မိမိတို့ နေခဲ့သော ကျောင်းမှာပင် ဆက်လက် ပညာသင်စေခဲ့ကြ၏။ ဤနည်းအားဖြင့် မြန်မာနိုင်ငံသို့ ရောက်လာသော သာသနာကို မြန်မာဒကာ မြန်မာဆရာတို့ အဆက်ဆက် ဆောင်ယူလာခဲ့ကြပါသည်။ ထိုကျောင်းများသည် ယခုအချိန်တိုင်အောင် မယုတ်မလျော့ဘဲ တည်ရှိနေသေးပါမူ ခေတ်အလိုက် ပြုပြင်ပြောင်းလဲကာ နိုင်ငံတော်၌ စရိတ်ကျဉ်းကျဉ်းနှင့် အကျိုးအများဆုံး ဌာနအဖြစ်ဖြင့် ရွာအသီးအသီးမှာ တည်တံ့နိုင်စရာ မရှိပါလော။

**လောက၏ ဖြစ်တတ်သောသဘော**

ဤလောက၏ သဘောကို စဉ်းစားသောအခါ ဖြစ်တတ်သော သဘောတမျိုးကို တွေ့ရ၏။ ထိုသဘောကား နေသာ ထိုင်သာ ရှိကြသောအခါ၊ သို့မဟုတ် အထက်တန်းသို့ ရောက်သောအခါ ရှေ့သို့တိုးတက်ဘို့ရန် ကြိုးစားချင်စိတ် မရှိသောသဘော, အေးအေးဆေးဆေး နေလိုသောသဘော,စည်းစိမ်ခံချင်သော သဘောတည်း။ ထိုသဘောမျိုးဖြစ်သောအခါ နေသာထိုင်သာ သဘောမှ လျှောကျ၍ မနေသာ မထိုင်သာ ဖြစ်သွားတတ်၏။ အထက်တန်းမှ အောက်တန်းသို့ လျှောကျ သွားတတ်၏။ မှန်၏—အသင်္ခတနိဗ္ဗာနဓာတ်မှ တပါး ဘယ်အရာမျှခိုင်မြဲတည်တံ့သော သဘောမရှိ။ ပျက်၍ ပျက်၍ နေ၏။ ထိုပျက်သမျှကို အစားထိုးမိအောင် အမြဲကြိုးစား၍ ကြိုးစား၍ နေရ၏။ မကြိုးစားလျှင် ပျက်သမျှကို အစားမထိုးနိုင်ဘဲ အပျက်က လွှမ်းမိုးသွားမြဲ ဖြစ်လေသည်။

**ဘုန်းကြီးတို့အမျိုး** ဘုန်းကြီးတို့အမျိုးတွင် ဘုန်းကြီး၏ နှစ်ဘက်သော အဘိုးများသည် ရောက်ရှိသော အဆင့်အတန်းတွင် အေးအေးဆေးဆေး နေတတ်သူများ ဖြစ်ကြ၏။ ဘုန်းကြီးမှတ်မိသမျှ ပင်ပင်ပန်းပန်းအလုပ်-လုပ်သည်ကို မတွေ့ရဘူးချေ။ ရရှိသော လယ်စု ယာစုဖြင့်သာ ထိုက်တန်သလောက် လှူဒါန်းပေးကမ်း၍ ချမ်းသာစွာ နေသွားကြလေသည်။ ထို အနေမျိုး နေသွားကြသော ဦးကြီး ဘကြီး စသူတို့လည်း ရှိ၏။ သူတို့၏ သားသမီးများလည်း အများအားဖြင့် အေးဆေးကြ၏။ ထူးထူးထွေထွေလည်း အလုပ်-လုပ်တတ်ကြဟန် မတူ။ ဝမ်းကွဲ တော်စပ်ကြသော ဆွေမျိုး အချို့ကား ရရှိသော လယ်စု ယာစုအပြင် တင်ကြို၍ ငွေပေး ဝယ်ထားသော စပါးလည်း များစွာရှိ၏။ ငွေတိုး ကြေးတိုးလည်း ပေးကြ၏။ သူတို့သားသမီး အများစုလည်း ထိုမိဘ၏ ခြေရာအတိုင်း လိုက်ကြ၏။ နောင် သားစဉ် မြေးဆက် ရောက်လာသောအခါ အဘိုးရင်းများ၏ သားသမီးမြေးများသည် (အနည်းငယ်မှ တပါး) ဘိုးဘွားတို့၏ အဆင့်အတန်းကို မမှီတော့ပါ။ ဝမ်းကွဲ ဆွေမျိုးများ၏ သားစဉ် မြေးဆက်ကား မိဘ၏ အဆင့်အတန်းကိုပင် (ခေတ်အလိုက်)လွန်တက်သွားဟန် တူပါသည်။ မြန်မာပြည် ရပ်တိုင်း ရွာတိုင်းလည်း ဤအတိုင်း အေးအေးဆေးဆေး နေတတ်သူတို့ အစဉ်အဆက် တန်းလျော၍ ဉာဏ်လည်းရှိ ဝီရိယလည်း ရှိသူတို့သာ အဆင့်ဆင့် မြင့်တက်သွားကြပါသည်။

**တိုင်းပြည်များ** နိုင်ငံ၏အစိတ်အပိုင်းသာမက မြန်မာနိုင်ငံလည်း ကံဉာဏ် ဝီရိယရှိကြသော အနော်ရထာ, ဘုရင့်နောင်, ဦးအောင်-ဇေယျတို့လက်ထက်က နယ်နိမိတ်ကျယ်ပြန့်ခဲ့ပါလျက် ဘုန်းကံနည်း ဉာဏ်နည်း ဝီရိယနည်းသော မင်း မှူးမတ်တို့ လက်ထက်၌ နယ်နိမိတ် ကျဉ်း၍ကျဉ်း၍ လာခဲ့ရာမှနောက်ဆုံးဝယ် လုံးလုံးကြီး ကျွန်သပေါက်ဘဝသို့တမျိုးလုံးရောက်ခဲ့ရသည် မဟုတ်ပါလော။ မိမိတို့ မြန်မာနိုင်ငံသာမက အခြားနိုင်ငံများလည်း (အိန္ဒိယနိုင်ငံကြီးသော်မှလည်း) ဉာဏ်ပညာအမြော်အမြင်နှင့် လုံ့လဝီရိယ နည်းပါးမှုကြောင့် အသီးသီး ကျွန်သပေါက် ဖြစ်ခဲ့ကြဘူးလေပြီ။ ယခုလည်း အချို့နိုင်ငံကြီးတွေသည် တချိန်က စည်းစိမ်ရစ်မှု လုံ့လဝီရိယ နည်းပါးမှုကြောင့် ထိပ်တန်းအဆင့်မှ လျှောကျစ ပြုနေလေပြီ။ အမြော်အမြင်နှင့် လုံ့လဝီရိယကြီးမားသော တိုင်းပြည်ကြီးများသည် ထိပ်တန်းသို့ လှမ်းနေ၍ ရောက်လည်း

ရောက်နေကြလေပြီ။ ဤသို့လျှင် ဉာဏ်အမြော်အမြင်နှင့် လုံ့လဝီရိယရှိခြင်း မရှိခြင်းကြောင့် လူတယောက် လူတမျိုးမှ စ၍ တိုင်းကြီး ပြည်ကြီးများတိုင် အောင် အကျိုးမဲ့-အကျိုးရှိ ကွဲပြားပုံကို သတိပြုပြီးလျှင် ဤသာသနာ့အရေး မှာလည်း (ပေါ့ပေါ့ဆဆနှင့် အေးအေးဆေးဆေး နေခဲ့မှုကြောင့်)လျှောကျရပုံ ကို တွေးမိကြစေလိုပါသည်။ ဓမ္မပဒပါဠိတော်၌ကား ထိုကဲ့သို့ ဖြစ်တတ်ပုံကို သံသရာခရီးအတွက် ဘုရားရှင် မိန့်တော်မူထားသော တရားတော်ကို တွေ့ရ၏။ ထိုတရားတော်သည် လောကီကြီးပွါးရေး ဆုတ်ယုတ်ရေးနှင့်လည်း သက်ဆိုင် ပါသည်၊

အပ္ပမတ္တော ပမတ္တေသု၊ သုတ္တေသု ဗဟုဇာဂရော။
အဗလဿံဝ သီဃဿော၊ ဟိတွာ ယာတိ သုမေဓသော။

လူအများသည် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ အေးစက်စက် နေထိုင် ကြစဉ် မမေ့မလျော့ မပေါ့မဆ ထထကြွကြွနှင့် အမြော်အမြင် ပညာရှိသူ လူအနည်းငယ်သည် ထိုမေ့လျော့ ပေါ့ဆသူများကို စီးပွါးရေး၊ တရားရေးအား ဖြင့် လွန်တက်သွား၏။ လူအများသည် ပေါ့ပေါ့ဆဆနှင့် အိပ်ပျော်၍နေကြ စဉ် နိုးကြားထကြွ လုံ့လဝီရိယများစွာရှိ၍ အမြော်အမြင် ပညာရှိသူ လူအနည်းငယ်သည် ထိုအအိပ်များ၏ အပျင်းအားကြီးသူ လူအပေါင်းကို စီးပွါးရေး, ပညာရေးအားဖြင့် လွန်တက်သွား၏။ ဥပမာ—အားအင်မဲ့၍ ချိနဲ့သော မြင်းအိုကို လျင်မြန်သွက်လက်၍ အားအင်ပြည့်သော မြင်း အာဇာနည်က လွန်တက်သွားသကဲ့သို့တည်း။

## ၇။ မြန်မာနိုင်ငံနောက်ပိုင်း သာသနာ

**ဘုန်းတော်ကြီးကျောင်းများ နိမ့်ကျခဲ့ရပုံ**

လောက၌ ဖြစ်တတ်သော သဘောကို ရေးသားခြင်းမှာ ဘုန်းကြီးကျောင်းများ နိမ့်ကျရခြင်း၌ လောက သဘောနှင့် ကိုက်ညီပုံကို ပြလိုသောကြောင့် ဖြစ်ပါသည်။ မိမိသည် အစိုးရအသိအမှတ်မပြု အပ်သော ဘုန်းကြီးကျောင်းမှာ နေခဲ့ရသောကြောင့် ထိုဘုန်းကြီးကျောင်းများ၏ တဖြည်းဖြည်း နိမ့်ကျလာပုံကို စုံစုံလင်လင် နားလည်ပါသည်။ မိမိငယ်စဉ်က မိမိတို့ ရပ်ရွာနှင့် ပတ်ဝန်းကျင် ရပ်ရွာများဝယ် တည်ရှိကြသော ဘုန်းတော်ကြီး ကျောင်းများသည် ကျောင်းသား, ရှင်သာမဏေ, ရဟန်းငယ်များနှင့်တကွ မန္တလေးသို့ စာသင်သွားနေကြသော ရဟန်းသာမဏေများပါ အတော် စည်စည်ကားကား ရှိခဲ့ကြ၏။ ယခုသော် မိမိနေခဲ့ရာ ကျောင်း၌ ဘုန်းကြီး တပါးတည်းသာ ရှိ၏။ ရှင်ရဟန်းကို မဆိုထားဘိ ကျောင်းသား တယောက်မျှ မရှိတော့။ အခြားကျောင်းများလည်း ပိန်မသာ လိန်မသာပင် ဖြစ်၏။ အနီးဆုံး ကျောင်းတကျောင်းကား ကျောင်းစောင့် ဘုန်းကြီးမျှပင် မရှိတော့ချေ။

**ဘာ့ကြောင့် ဤသို့ဖြစ်ရသနည်း**

ဘုန်းကြီးတို့ကျောင်းမှ ဆရာတော်နှင့် အခြားတကျောင်းမှ ဆရာတော်ကြီးသည် သက်တော် ကြီးရင့်ပြီဖြစ်၍ ကျောင်းတာဝန်ကို ဆောင်တော်မမူကြ။ လက်ထောက် ရဟန်းတော်ကြီးများက တာဝန် ဆောင်နေ ကြသည်။ ဝါတွင်း အခါ၌ မိမိတို့ရွာနှင့် ပတ်ဝန်းကျင်ရွာများဝယ် တသီတင်း အတွင်း၌ ၃-ရက်မျှ ဆွမ်းလုပ်ကျွေးနှင့် ဆွမ်းကြီးခံရှိ၏။ ကျောင်းသား ကိုရင် ရဟန်း ရှိသမျှအားလုံး သွားကြ၏။ ထိုရက်များ၌ နံနက်ပိုင်းဝယ် စာအံစာတက် မရှိ။ ကျောင်းသား ကိုရင်များကလည်း စာမအံရခြင်း, ဟင်းကောင်းစားရခြင်း, ရောက်ရာအရပ်၌ အမျိုးမျိုး ကစားရခြင်းကြောင့် ထိုသို့ လိုက်ရ သွားရသည်ကိုပင် ပျော်ရွှင်ကြ၏။ ပျော်ရွှင်ရုံမက ကျောင်းသားကြီးတွေက ကိုရင်ဘဝကို အများဆုံး အားကျကြ၏။ မိမိလည်း ထိုအချိန်က အားကျမိပါလိမ့်မည်။ ဘာ့ကြောင့် နည်း-အလှူအတန်းရှိသောအခါ ကိုရင်များသည် ကျောင်းသားထက် ဟင်းကောင်းစားရ, လဘက်ရည် မုန့်များပါ ရဟန်းတော်များ ကဲ့သို့ စားရသောက်ရသောကြောင့်တည်း။

ထိုသို့ ပုံမှန် ဆွမ်းကျွေးများအပြင် ဘုရားပွဲများလည်း ရှိသေး၏။ စပါး ရိတ်သိမ်းပြီးသောအခါ ပတ်ဝန်းကျင်ရွာများ၌ ရှင်ပြုကိစ္စများလည်း (စပါး ရလျှင် ရသလောက်) ရှိသေး၏။ ထိုရှင်ပြုကိစ္စ၌ကား ကျောင်းသား ၄-၅ ယောက်နှင့်တကွ ကျောင်းအုပ်ချုပ်သော လက်ထောက် ဘုန်းတော်ကြီးကိုယ်တိုင် ညနေအထိ သွားရောက်တတ်၏။ ကျောင်း၌ ကျန်ရစ်သော ကျောင်းသားများကို ကျန်ရစ်သော ဦးပဥ္စင်း ကိုရင် ကျောင်းသား အချင်းချင်း စာချရသည်။ ထိုကဲ့သို့ နေ့ပျက် ရက်ပျက်နှင့် စာသင်ရသည့်ပြင် များစွာသော မိဘတို့က မကြာမကြာ ကျောင်းမှ နုတ်ယူ၍ လူမမယ် သားငယ်ကလေး များကို နွားကျောင်းခိုင်း စာခြောက်ခိုင်းကြသေး၏။

**သင်ရသော စာ**

ထိုကဲ့သို့ နေ့ပျက် ရက်ပျက်များစွာဖြင့် သင်ရသော စာကို ကြည့်ကြပါဦး-သင်ပုန်းကြီး, မင်္ဂလသုတ်, ပရိတ်ကြီး, လောကနီတိ စသော သင်ရိုးစာများဖြစ်၏။ မင်္ဂလသုတ်, လောကနီတိ မှာ လူ့ဘဝ၌အလွန် အသုံးဝင်သော စာများဖြစ်ကြပါ၏။ သို့သော်လည်း ကျောင်းသားသူငယ်များသည် နှုတ်တက်ရသည်မှတပါး စာ၏ ဆိုလိုချက်ကို နားမလည်ရှာပါ။ အမှန်အားဖြင့် စာကလည်း ကလေးနှင့်မတန်အောင် မြင့် လွန်းပါသည်။ လက်ရေးကို သင်ကြရပါ၏။ သို့သော် သတ်ပုံကိုဇ်င်း၊ မြန်မာ စကားပြေ ရေးနည်းကိုဇ်င်း မသင်ရပါ။ အတော် အထက်တန်း ရောက်သော အခါ "နောဧကနော" စသော ဂဏန်းအတွက်ကို သင်ရပါ၏။ သို့သော် ထိုအခြေရောက်နိုင်သူကား အများအပြား မရှိပါ။ ထို့ပြင်- အကျင့်စာရိတ္တ ကိုလည်း မင်္ဂလသုတ် စသည်၌ ပါရှိပြီးဖြစ်၍ အထူးမသင်ကြတော့ပါ။ ထိုသို့ စာရိတ္တ ယဉ်ကျေးမှုကို အထူးမသင်ရသောကြောင့်လားမသိ ကျောင်းပေါင်းစုံ ထမင်းစားကြရာ၌ တိုး၍ ဝှေ့၍ လု၍ ယက်၍ စားကြလေသည်။ ထိုစားရင်း ရန်ဖြစ်သူလည်း မရှားပင်တည်း။ "ကျန်းမာရေး" ဆိုသည်မှာ (သင်ပြဘို့ကို မဆိုထားဘိ) ကြားမျှ မကြားရပါ။

**မြို့စာသင် ကိုယ်တော်များ**

ဘုန်းကြီးတို့၏ ရွာကျောင်းမှ မန္တလေးမြို့သို့ စာသင်ထွက် ကြသော ကိုယ်တော်များ မနည်းလှပါ။ ထိုကိုယ်တော် များသည် မြို့သို့ရောက်သောအခါ စာသင်တိုက်၌ သင် လေ့ရှိသော စာများကို သင်၍ စာမေးပွဲကိုအောင်မြင်ကြပါ၏။ စာမေးပွဲ အောင်ပြီးသောအခါ တချို့ လူထွက်, တချို့ ပြန်တော်မူကြ၏။မိမိကျောင်း

သို့ပြန်၍ ကလေးသူငယ်များကို လူတန်းစေ့အောင် လူရာဝင်အောင် စာသင်ပေးဘို့ အတတ်ပညာကိုကား ထိုစာမေးပွဲ အောင်မြင်ရေးတွင် မသင်ခဲ့ရသဖြင့် မိမိ၏ ဆွေမျိုးသားချင်း ကလေးသူငယ်များ၏ အကျိုးကို မဆောင်နိုင်ကြပါ။ ဤနည်းအတိုင်းသာ သွားရပါမူ နောင်အခါ၌လည်း မြွေ်လင့်ဘွယ် မရှိရုံသာမက မြို့သို့ စာသင်တက်ဘို့ရာ ရှင်ရဟန်း၏ အခြေခံ ကျောင်းသားပင် မရှိတော့သော အခြေအနေသို့ ရောက်နေပြီမဟုတ်ပါလော။

**ဘုန်းကြီး ကျောင်းထွက်များ**

ပြခဲ့သော နည်းဖြင့် နေ့ပျက် ရက်ပျက်နှင့် အရကျက်ပညာကို နှုတ်တက် ရအောင် သင်အံ ပြီးနောက်ကျောင်းကထွက်သော ကလေးများသည် အိမ်သို့ရောက်သောအခါ မိဘတို့၏ လုပ်ငန်းကို ကူညီလုပ်သူလည်း ရှိ၏။ ကူညီမလုပ်ဘဲ ပေါ့ပေါ့ဆဆနေသူလည်း ရှိ၏။ ဖဲသမား ထန်းရည်သမားလည်း ရှိ၏။ ကျောင်းက ရခဲ့သော ပညာကို အသုံးပြုနိုင်သူကား အလွန့်အလွန် နည်းပါး၏။ ရှေးရှေးကသော် ''မိမိကျောင်းထွက် တယောက်တလေ မိဘစကားနားမထောင်ဘဲ ဆိုးသွမ်းနေတယ်''ဟု ဆိုလျှင် ကျောင်းက ဘုန်းတော်ကြီးသည် ခေါ်၍ဆုံးမနိုင်ခဲ့၏။ ယခုသော် ထိုသို့ မဆုံးမနိုင်တော့။ ဆုံးမနိုင်၍ ခေါ်ယူဆုံးမပြန်လျှင် ရှေ့တွင်တော့ ''မသောက်တော့ပါ၊ မကစားတော့ပါ'' ဟု တာဝန်ခံ၏။ ရွာထဲရောက်လျှင်ကား သောက်မြဲသောက်, ကစားမြဲ ကစားသည်သာ။

**ဘုန်းကြီးကျောင်းကို အားမကိုးတော့**

လောက၌ အကျိုးမရသော ဌာနကို လေးလေးစားစား အားမကိုးကြခြင်းသည် ထုံးစံမွှတာဖြစ်၏။ ထို့ကြောင့် ယခုအခါ များသောအားဖြင့် ဘုန်းတော်ကြီးများ၏ ကျောင်းမှ ထွက်ခဲ့ကြသူတို့သည် မိမိတို့၏ သားများကို မိမိနေခဲ့သော ဘုန်းတော်ကြီးကျောင်း၌ ထားလိုစိတ် မရှိကြတော့။ လောကီ လူကျောင်းသို့သာ ပို့ကြတော့၏။ လောကီ လူကျောင်းမရှိသော ရွာကလေး၌သာ မလွဲသာ၍ ဘုန်းတော်ကြီးကျောင်းသို့ ပို့ရတော့သည်။ မိမိတို့ ဘုန်းတော်ကြီးများသည် တချိန်က တနိုင်ငံလုံး၏ အားကိုးရာ ဖြစ်၍ အားလည်းကိုးလောက်ခဲ့ကြပါလျက် ယခုအခါ အားကိုးမခံရခြင်း, အားမကိုးလောက်ခြင်းကို တွေးကာ မိမိတို့အဖြစ်ကို မိမိသနားရတော့မလို ဖြစ်ပါတော့သည်။

**ငြီးငွေ့သံနှင့် ပယ်လှန်သံ**

မိမိတို့ရွာကဲ့သို့ များစွာသော ရွာတို့ဝယ် ဘုန်းတော်ကြီး ကျောင်းများ၌ စာသင်မည့် ကျောင်းသား မရှိတော့ပါ။ ရှိပြန်လျှင်လည်း များများစားစား မရှိတော့ပါ။ ထိုသို့ ကျောင်းသားမရှိသည့်အတွက် ခိုင်းစရာမရှိကြသော ဘုန်းတော်ကြီးများသည် "သားများကို မိမိတို့ကျောင်းမထားသော မိဘများ၏ အပြစ်လိုလို့ လောကီ လူကျောင်းများရှိသောကြောင့်လိုလို" နှင့် ကိုယ်၏ ချို့ယွင်းချက်ကို သတိ မထားဘဲ သူတပါးကို အပြစ်တင်လိုကြ၏။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်းများ၌ "ခိုင်းစရာကျောင်းသားမရှိ"ဟု ကျက်သရေမင်္ဂလာမရှိသော ငြီးငွေ့သောအသံ ဆူညံနေချိန်မှာ ဘာသာခြား သာသနာပြုကျောင်းများ ၌ကား ဗုဒ္ဓဘာသာဝင် ကလေးတွေကို အပြေး အလွှား အပ်နေကြသဖြင့် "လက်မခံနိုင်ဘူး၊ နေစရာမရှိတော့ဘူး" ဟု ပယ်လှန်ရလောက်အောင် (ဉာဏ် ဝီရိယ အကျိုးကို ဖော်ပြသည့်)ကျက်သရေမင်္ဂလာအသံများ နားမဆံ့အောင် ကြားနေရပါသည်။

**သတိရဘွယ်ကောင်း ခဲ့သောအချိန်**

ယခုအခါ အလွန် တိုးတက်နေသော ဘာသာခြား ကျောင်းများ၏ အရင်းအစမှာ မင်းတုန်းမင်း လက် ထက်၌ မန္တလေး နေပြည်တော်ဝယ် စ၍ ပေါ်ခဲ့သော (ယခုလည်း ရှိနေသော) "သံတဲကျောင်း" ပင် ဖြစ်၏။ ထိုသံတဲကျောင်း၌ မင်းဆွေ မင်းမျိုးများ အပြင် ဘုရင်မင်း၏ သားတော်အချို့ပါ အခြွေအရံ များစွာဖြင့် နေ့စဉ်သွား၍ အင်္ဂလိပ်စာကို သင်ကြပါသတဲ့။ ထိုသို့ မင်းသား များ၏ ဘာသန္တရ သင်ခြင်းသည် နိုင်ငံခြားနှင့် ဆက်ဆံရာဝယ် စကားပြန် မထားဘဲ မိမိတို့ဘာသာ ဆက်ဆံနိုင်အောင် သင်ခြင်းဖြစ်ပါလိမ့်မည်။ သို့ဖြစ် လျှင် "ဘုန်းတော်ကြီးများထံမှ ရရှိသော သင်ရိုးပညာသည် နေရာတိုင်းမှာ အသုံးချ၍မရ" ဟူသော အဓိပ္ပါယ် သက်ရောက်နေရကား ထိုအချိန်ကပင် ထိပ်ခေါင်တင် ဆရာတော် အချို့လည်း ထိုအဓိပ္ပါယ်ကို စဉ်းစားမိတော်မူကြ ပါလိမ့်မည်။ ထို့ကြောင့် ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားသည် အင်္ဂလိပ် စာကို အတော်အတန် လေ့လာတော်မူသည်ဟု တဆင့် စကား ကြားရဘူး ပါသည်။

## ဂ။ သာသနာ့အန္တရာယ်ပြခန်း

**ကျောင်းသားမရှိပြစ်** ကျေးရွာ ဘုန်းတော်ကြီး ကျောင်းများ၌ ကျောင်းသား မရှိခြင်းသည် သာသနာတော် အတွက် သာမန် အန္တရာယ်မဟုတ်ပါ။ သစ်ပင်ကြီး၌ ရေသောက်မြစ်ပြတ်နေသည့်ပမာ ကြီးစွာသော ဓမ္မအန္တရာယ် ဖြစ်ကြောင်းကို အများပင် စဉ်းစားပြီး ဖြစ်ပါလိမ့်မည်။ မိမိတို့၏ လက်ရှိ သာသနာ့ဝန်ဆောင်များသည် ငယ်စဉ်ကစ၍ ပိဋက ပညာ အလိမ္မာတို့ကို အခြေခံရခဲ့သောကြောင့် တစတစ ကြီးပွါးလျက် သာသနာ့တာဝန်ကို ဆောင်နိုင်ကြသည် မဟုတ်ပါလော။ ဘုန်းကြီးကျောင်းသားမရှိလျှင် ရှင်သာမဏေလည်း ကြာရှည်စွာ ဖြစ်မည့်သူ မရှိနိုင်။ သာမဏေမှ တက်၍ အဆက်ဆက် တာဝန်ဆောင်မည့် ရဟန်းတော်များလည်း မရှိနိုင်ပါ။

ထို့ပြင်—ဘုန်းတော်ကြီးများ၏ သွန်သင်ပြသမှုကို မခံခဲ့ကြရသော တိုင်းသူပြည်သားလည်း ဘုန်းတော်ကြီးများကို မိရိုးဖလာ ကိုးကွယ်မှုလောက်သာ ရှိတော့မည်ဖြစ်၍ "သာသနာစစ်စစ်ကို ထောက်ပံ့မည့် သူများ" ဟုကိုးစားလောက်သူများ မဖြစ်နိုင်တော့ပါ။ သစ်ပင်ကြီးများမှာ ရေသောက်မြစ် ပြတ်နေသည့် အပြင် ပတ်ဝန်းကျင် အမြစ်ကလေးများမှာလည်း အအေးဓာတ် မရတော့ သကဲ့သို့ အခြေခံ ကျောင်းသားမရှိသည့်ပြင် ထောက်ပံ့ချင်သူလည်း တစတစ နည်းပါးရာမှ လုံးဝမရှိသော အဖြစ်သို့ ရောက်ရတော့မည် ဖြစ်၍ ဗုဒ္ဓမြတ်စွာ သာသနာသစ်ပင်ကြီးသည် မကြာမီပင် ခြောက်သွေ့ ယိုင်လဲ၍ မခိုင်မြဲသော ဘဝသို့ ရောက်ရပါတော့မည်။

**အန္တရာယ်ကို ဘယ်လိုတားမလဲ** ဘုန်းကြီး တို့၏ ရှင်တော် ဘုရားသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှ စ၍ အကြောင်းရှိမှ အကျိုး ဖြစ်ပုံကို ဟောပြတော်မူလေ့ ရှိ၏။ "အကြောင်း မရှိဘဲ အကျိုး ဖြစ်သည်" ဟု တခုတလေမျှ ဟောတော်မမူပါ။ သာသနာတော်၏ ဆုတ်ယုတ်ရာမှ ကွယ်ပမည့် အချက်၌လည်း ပြခဲ့သော အကြောင်း အကြောင်းတွေ ထင်ရှားနေပြီ မဟုတ်ပါလော။ မကောင်းသော အကြောင်းကြောင့် မကောင်းသော အကျိုးကိုတွေ့ရလျှင် မကောင်းသော အကြောင်းနေရာဝယ် ကောင်းသော အကြောင်းကို လဲလှယ်နိုင်ပါမူ ကေန်မုချ ကောင်းကျိုးရဦးမည်ကိုသည်း သိနိုင်ပါသည်။ ယခုအခါ ဘုန်းတော်ကြီးကျောင်းများ၌ ကျောင်းသားမရှိမှု

သည် အရေးအကြီးဆုံးအကြောင်းဟု ကောင်းကောင်း သဘောပေါက်သော မိမိတို့သည် ကျောင်းသားရှိလာအောင် ဘယ်လို ပြုပြင်ကြမည်နည်း။ ခေတ်ဟောင်းတုန်းက ပဋ္ဌမပြန် စုံစမ်းရေးကော်မတီပေါ်လာသောအခါ ထိုကော်မတီတွင် ပါဝင်သော ကျေးဇူးရှင် အဘယာရာမ ဆရာတော် ဘုရားသည် မူလတန်း ဂဏန်းသင်္ချာနှင့် အခြေခံပါဠိမျှကို ပဋ္ဌမငယ်တန်းမဝင်မီ တဆင့်ထားဘို့ အကြံပေးခဲ့ဘူးကြောင်းကို ပြခဲ့ပါပြီ။

**သူနာကြိုက် ခေတ်စာ** ယခုအခါ သာသနာတော်ကို ပြုပြင်လိုသော ပုဂ္ဂိုလ်များ အတော်ကလေး လှုပ်လှုပ်ရွရွ ဖြစ်လာကြပါပြီ။ လှုပ်လှုပ်ရွရွ ဖြစ်လာခြင်းမှာလည်း "ဤအတိုင်းသွားလျှင် မြန်မာ နိုင်ငံ သာသနာသည် သိပ်မကြာတော့" ဟု အမြင်ပေါက်သူတွေ များလာသောကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံ သာသနာသည် တနည်းအားဖြင့် ဆေးမှားမခံသော သူနာနှင့်တူပါလည်း။ ဘာဆေးမျှမကျွေးဘဲ လက်ရှိခေတ်စာများနှင့် ထားလျှင် ဤသူနာသည် သူ့အလိုလို တဖြည်းဖြည်း သွားရရှာပါလိမ့်မည်။ ခေတ်ပေါ်ဆေးများကို တိုက်ကျွေး ကုသပါလျှင်ကား အနာနှင့် ဆေး သင့်အောင်ပေးဘို့ အရေးကြီးပါသည်။ ဆေးတချက်မှားလျှင် ဖြတ်ကနဲ သွားပါလိမ့်မည်။ ဤဥပမာဖြင့် ဘာကိုဆိုလိုပါသလဲဟု မေးလျှင်— လက်ရှိ စာသင်စာချ စာမေးပွဲ ကျင်းပ၍ ဘုရားပွဲ ကျောင်းပွဲ ကထိန်ပွဲ ရှင်ပြုပွဲ စသော ပကာသန ဒါနမှုနှင့် အပျော်အပါး ဒါနမှုတို့သည် သူနာကြိုက် ခေတ်စာများနှင့်တူ၏။ ဘာကြောင့်နည်း—မြှော်လင့်ချက်မရှိသော လူနာမကို "စားချင်တာ စားပါစေတော့" ဟု ဆေးဆရာက ပြောသဖြင့် ဆွေမျိုးများက စားချင်တာကို ပေးနေသည်နှင့် တူသောကြောင့်တည်း။ ဤနည်းကို "ဖြည်းဖြည်းသွားမည့် သူနာကြိုက်ခေတ်စာပေးနည်း" ဟု ဆိုလိုပါသည်။

**ကြိုတင်၍ စဉ်းစားဘွယ်** တဖန် "အင်္ဂလိပ်စာ ဂဏန်းသင်္ချာတို့ကို ဆရာလုပ်ဘို့ သင်ပေး၍ ကျေးရွာ ကျောင်းများ၌ ကျောင်းသားတွေ ပြန်လည်လာစေမည်" ဟု ရည်ရွယ်သော်လည်း တကယ် တတ်လာသောအခါ လူထွက်သူက ထွက်, ကျောင်းလခယူ၍ စာပြသူက ပြ- ဤသို့ လုပ်နေကြလျှင်ကား ဆေးမှားသော သူနာလို မကြာခင် သာသနာ ကွယ်သွားပါလိမ့်မည်။ ဤအချက်သည် အမှန်ကြိုတင်၍ တွက်ဒ္ဓမည့် အချက် ဖြစ်ပါသည်။

ဘာ့ကြောင့်နည်း—အနုမြူခေတ်ကို တွေ့ရှိအောင် ကြိုးစားသော လောက ခေတ် ဆရာတို့သည် သူတို့၏ အနုမြူကို လူသားများ အကျိုးရှိသောနေရာတွင် သုံးစေလိုသော်လည်း အုပ်ချုပ်သူတို့က လူသားတွေ အစုလိုက် အပြုံလိုက် သေမည့် ကိစ္စ၌ပင် အသုံးချနေသကဲ့သို့ မြော်လင့်ချက်က တခြား၊လက်တွေ့က တခြား ဖြစ်နေယတ်သောကြောင့် ဘာသန္တရ အတွက် သာသနာကွယ်လွန်မည့် အချက်ကိုလည်း ကြိုတင်၍ တွက်ရပါလိမ့်မည်။

**ဘာသန္တရ သင်နေကြပြီ**

ယခုအချိန်၌ အတော်များများ ပုဂ္ဂိုလ်တို့ အင်္ဂလိပ်စာကို သင်ယူ နေကြပါပြီ။ ထိုပုဂ္ဂိုလ်တို့တွင် စာချတန်း အောင်ပြီး သော ပုဂ္ဂိုလ်အများအပြားပါဝင်၏။ ထိုပုဂ္ဂိုလ်တို့၏ ရည်ရွယ် ချက်ပင် ဖြစ်ပါလိမ့်မည်။ သို့သော် အတော်ကြာကြာ သင်မိသောအခါ စိတ်ကူးတမျိုး အမြင်တမျိုး ပြောင်းလဲသွားကြဟန် တူ၏။ ထို့ကြောင့် တချို့ အထံမှ တဆင့်ကြားရသော စကားတို့၌ ဗုဒ္ဓမြတ်စွာ၏ တရားတော်နှင့် ဗုဒ္ဓ မြတ်စွာ၏ သဗ္ဗညုတ ဉာဏ်တော်ကို မယုံကြည်သံပါလာ၏။ တချို့ကား ထိုအမြင်ပြောင်းမှုကြောင့်ရင်း၊ အမြင် မပြောင်းသော်လည်း အကြောင်း အမျိုးမျိုးကြောင့်ရင်း လူ့ဘောင်သို့ ပြောင်းကြ၏။ ထိုသို့အဖြစ်များနေပုံကို မြင်ရကြားရသော ဒကာ-ဒကာမတို့သည် အင်္ဂလိပ်, ဟိန္ဒူ, သက္ကတ ဟူသော ဘာသန္တရ (ဘာသာအမျိုးမျိုး)သင်ယူခြင်းကို အားမပေးဝံ့ကြပေ။

**ဆရာကင်း၍ ပျက်စီးရခြင်း**

ဘာသန္တရ သင်၍ ပျက်စီးရာ၌ အခြေခံကို စဉ်းစားဘို့ လိုပါသည်။ ဘာသန္တရ သင်ကြရာ၌ မိမိကို ဆိုဆုံးမမည့် ဆရာသမားနှင့် ကင်းကွာ၍ နေရသူက များပါသည်။တချို့ မှာလည်း လူဝတ်ကြောင်များနှင့် ရောနှော၍ သင်ယူရပါသည်။ အင်္ဂလိပ် စသော ဘာသာများ၌ ဘုရားဟောတော်မူအပ်သော ပိဋက တရားတော် များကဲ့သို့ သဒ္ဓါတရားတိုးပွါးစေနိုင်သော သင်ခန်းစာများ မရှိပါ။ လောက ဆိုင်ရာ အတွေးအခေါ် ကြံလုံး ဖန်လုံးတွေသာ အများအပြား ရှိပါသည်။ ဤသို့ ဆရာနှင့် ကင်းကွာနေလျှင် အင်္ဂလိပ်စာ သင်သူ မဟုတ်သော်လည်း ပျက်စီးတတ်ပါသေး၏။ ဤစကားနှင့်စပ်၍ ဆက္ကအင်္ဂုတ္တိုရ်, ဒုတိယပဏ္ဏာသ, မဟာဝဂ်, ဟတ္ထိသာရိပုတ္တသုတ်ကို ညွှန်ပြလိုပါသည်။

"ဤလောက၌ အချို့ ပုဂ္ဂိုလ်သည် မြတ်စွာဘုရားကိုသော်ရင်း၊ အလေးပြုလောက်သော(ဆရာ စသော) သီတင်းသုံးဖော်ကိုသော်ရင်း

မှီ၍ နေခိုက်ဝယ် ကောင်းသောအလုပ်ကိစ္စ၌ မွေ့လျော်၏။ မိမိထက် ကြီးသူတို့အပေါ်၌ ရိုသေစွာ မိမိကို နှိမ့်ချ၏။ အလွန် ငြိမ်ငြိမ် သက်သက်နေ၏။ မြတ်စွာဘုရားမှရင်း၊ အလေးပြုအပ်သော (ဆရာစသော) သိတင်းသုံးဖော်မှရင်း ဖဲ့ခွါ၍ အခြား ရဟန်းများနှင့် ဖြစ်စေ၊ ဘိက္ခုနီ ဥပါသကာ ဥပါသိကာမတို့နှင့် ဖြစ်စေ၊ မင်း မှူးမတ်တို့နှင့် ဖြစ်စေ၊ တိတ္ထိဆရာ တိတ္ထိတပည့်တို့နှင့် (ဘာသာခြားဆရာ-ဘာသာခြားတပည့် တို့နှင့်)ဖြစ်စေ ရောရောနှောနှော နေသောအခါ ထိုသူတို့နှင့် စကား မျိုးစုံပြောလျက် နေရသောကြောင့် ကိလေသာရာဂ ထကြွ၍ သိက္ခာ ချလျက် လူထွက် တတ်လေသည်'' [ထို မိစ္ဆာ အယူဝါဒကိုလည်း ယူသွားတတ်ပါသေး၏။

ဤသို့ စသည်ဖြင့် ဆရာကင်း၍ အခြားသူများနှင့် ရောရောနှောနှော စကား ပြောလျက် နေတတ်သူမှာ စျာန်ရပြီး ဖြစ်စေကာမူ လူထွက် တတ်သည်ဟု အရှင်ကောဋ္ဌိက မထေရ်က အခြားရဟန်းများကို ဟောပြပါသည်။ ထို့ကြောင့် သဒ္ဓါတရား မတိုးပွါးစေနိုင်သော ဘာသန္တရကို သင်သူမှာ တော်တော်တန်တန် သဒ္ဓါအခြေခံရှိရုံဖြင့် စိတ်မချရကြောင်း, လူမထွက်သော်လည်း ဘုရား တရား သံဃာများ၌ ယုံကြည်မှု လေးစားမှု နည်းသွားတတ်ကြောင်းကို ဤပါဠိတော် စာတွေ့, ယခုခေတ် လက်တွေ့အားဖြင့် ကောင်းကောင်းကြီး သဘောပေါက် ထားသင့်ကြပါသည်။

**အခြေခံကောင်းလျှင် မပျက်** ဘာသာအမျိုးမျိုးကို သင်ယူတတ်မြောက်သော်လည်း ပျက်စီးမသွားဘဲ သာသနာ့တာဝန်ကိုပို၍ထမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များကိုလည်း တွေ့နိုင်ပေသည်။ (၁) ပဌမရွှေကျင်ဆရာတော်ပြန်လွန်တော်မူ၍ ဒုတိယရွှေကျင်သာသနာပိုင်ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် ဝေဒကျမ်းတတ် ပြာဟ္မဏ တို့ကို ခေါ်၍ သက္ကတဘာသာကို သင်ယူတော်မူ၏။ တတ်ကျွမ်းတော်မူသော အခါ သဒ္ဒါဘက်၌ အမြင်ကျယ်လာ၍ ထိုအချိန်က ပညာရှိအများ လေးစား လောက်သော ဝိသုဒ္ဓါရုံသုတ်နက်ကျမ်းကြီးကို စီရင်တော်မူသည်။ ပရမတ္ထသ ရူပ, ဆိဒ္ဒပိဓာနနီ စသော ကျမ်းများကိုလည်း စီရင်တော်မူ၏။ ရွှေကျင်ဂိုဏ်း ကြီးကိုလည်း အထက်အောက် ကျယ်ပြန့်စေတော်မူသည်။

(၂) ဘုန်းကြီး၏ ကျေးဇူးတော်ရှင် ဖြစ်တော်မူသော ရွှေကျင် နိကာယ ဥက္ကဋ္ဌ-မဟာနာယက-အဂ္ဂမဟာပဏ္ဍိတ- သကျသီဟဓမ္မာစရိယ - အဘယာရာမ ရွှေဂူ ဆရာတော်သည် ထို မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး အထံ၌ သက္ကတ ဘာသာကို လေ့လာတော်မူ၏။ ထိုနောက် ဆရာတော်ကြီး လက်ထက်၌ပင် အိန္ဒိယသို့ ကြွ၍ ပဏ္ဍိတ်ပြာဟ္မဏတို့အထံ ထပ်မံလေ့လာပြန်၏။ (အင်္ဂလိပ်စာ ကိုလည်း နည်းနည်းပါးပါး လေ့လာတော်မူ၏။) ထိုကဲ့သို့ လေ့လာ၍ အရာရာ ဉာဏ်အမြင် ကျယ်ပြန့်လာရကား ပါဠိသက္ကတနည်းမျိုးစုံပါသော အဘိဓာန် နိဿယ, မောဂ္ဂလ္လာန်နိဿယ, အမရကောသနိဿယ စသော ကျမ်းစာတို့ကို ရေးသားတော်မူခဲ့၏။ ထိုကျမ်းများသည် ယခုအခါ စာချဘုန်းတော်ကြီး ခတ်များများ၏ လက်စွဲများ ဖြစ်ကြပေသည်။

(၃) ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက-အဂ္ဂမဟာပဏ္ဍိတ ဖြစ်တော် မူသော ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပဌမဆရာတော်သည် အင်္ဂလိပ်စာ နှင့် သက္ကတ၌ ကျွမ်းကျင်တော်မူ၏။ ထိုဆရာတော်ဘုရားကြီးသည် မင်္ဂလာ လက်စွဲစသော လူအများသုံး ကျမ်းစာ (သက္ကတသုံး များစွာဖြင့်) အလင်္ကာ နိဿယ စသော သာသနာဝင်ကျမ်းစာတို့ကို စီစဉ်တော်မူခဲ့၏။ အနာဂတ် သာသနာအတွက် ရွှေဟင်္သာကျောင်းတိုက်ကြီးကိုလည်း ခိုင်ဖြိုးတိမတ် သပ်ရပ် စေတော်မူခဲ့ပါသည်။

(၄) အဂ္ဂမဟာပဏ္ဍိတ, သကျသီဟ ဓမ္မာစရိယ, မင်းကွန်း ဝိဇ္ဇာလင်္ကာရ ချောင် အရှင်သုန္ဒရာဘိဝံသ ဆရာတော်သည် အိန္ဒိယသို့ ကြွ၍ ဟိန္ဒူ, သက္ကဘ, အင်္ဂလိပ်ဘာသာများကို လေ့လာတော်မူ၏။ မြန်မာနိုင်ငံသို့ ပြန်ရောက်တော် မူသောအခါ မြောက်ပိုင်း ဗုဒ္ဓဘာသာတို့၏ ဗုဒ္ဓဝင်ဟု ခေါ်ရသော လလိတ ဝိတ္ထာရသုတ္တန်ကို မြန်မာပြန်၍ ရေးသားတော်မူပါသည်။

(၅) ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက အဂ္ဂမဟာပဏ္ဍိတ, သကျသီဟ ဓမ္မာစရိယဖြစ်တော်မူသော စည်ရှင်ဆရာတော်သည် မြန်မာနိုင်ငံ၌၎င်း၊ အိန္ဒိယ၌ ၎င်း၊ ဟိန္ဒူသက္ကတ အင်္ဂလိပ်ဘာသာတို့ကို သင်ယူတော်မူ၏။ ရွှေကျင်ဂိုဏ်း ကြီး၏ တာဝန်ကိုလည်း အထူးဆောင်ရွက်တော်မူ၏။ မိမိ၏ လက်ရုံး တပည့် တပါးဖြစ်သော သကျသီဟ ဓမ္မာစရိယ ပဌမကျော် အရှင်အာနန္ဒပဏ္ဍိတ

ကိုလည်း ဗာရာဏသီသို့ စေလွှတ်၍ ဟိန္ဒူ၊ သက္ကတ အင်္ဂလိပ်စာတို့ကို သင်ယူစေတော်မူပါသည်။

(၆) ဘုန်းကြီး၏ ကျေးဇူးတော်ရှင် ရွှေကျင်နိကာယ (ဒုတိယ) ဥက္ကဋ္ဌ မဟာနာယက, အဂ္ဂမဟာပဏ္ဍိတ, သက္ယသီဟ ဓမ္မာစရိယ မြောင်းမြဆရာတော်သည် မြန်မာနိုင်ငံ၌ရှင်း၊ အိန္ဒိယ၌ရှင်း ဟိန္ဒူ၊ သက္ကတ အင်္ဂလိပ်ဘာသာတို့ကို သင်ယူတော်မူ၏။ ယခုအခါ ရွှေကျင်ဂိုဏ်းကြီး၏ တာဝန်ကို အထူးဆောင်တော်မူ၏။ မြောင်းမြမြို့ ပဇ္ဇောတာရုံတိုက်၏ နာယက ဓမ္မာစရိယဖြစ်သော မိမိ၏ တပည့်ရှင်း အရှင်ဉာဏိကကိုလည်း ပဇ္ဇောတာရုံကျောင်းတိုက်ကို တိုးချဲ့သင်ပြနိုင်ဘို့ရန် အိန္ဒိယသို့ စေလွှတ်၍ ယခုအခါ ဟိန္ဒူ၊ သက္ကတ အင်္ဂလိပ်ဘာသာတို့ကို အသက်တန်းရောက်အောင် လေ့လာစေတော်မူ၏။

ဤကား ဘုန်းကြီး ကောင်းကောင်း သိသားသော ရွှေကျင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌ ဆရာတော်များ ဘာသန္တရ လေ့လာပုံဖြစ်၏။ ထိုဆရာတော်များကဲ့သို့ အခြားဂိုဏ်းမှာလည်း ဘာသန္တရတတ်မြောက်၍ သာသနာ့တာဝန်ကို ဆောင်နေသော ဆရာတော်ကြီးများကို ကြားဘူးပါ၏။ အသေအခြာ မဟုတ်သောကြောင့် မဖော်ပြဘဲ ထားပါသည်။ "ထိုဆရာတော်များသည် ဘာသန္တရကို လေ့လာတတ်မြောက်ကြပါလျက် ဘာ့ကြောင့် ဖောက်ဖောက်ပြန်ပြန် မရှိကြသလဲ"ဟု စဉ်းစားထိုက်, မေးမြန်းထိုက်၏။ ထိုဆရာတော်များသည် နိုင်ငံခြားသို့ ရောက်စေကာမူ ဆရာတော်ဘုရားကြီး၏ ဩဝါဒဆို နာယူမြဲ နာယူနေကြ၏။ ပိဋကတ်၌ ကျွမ်းကျင်ရကား သာသနာတော်ဝယ် သဒ္ဓါတရား အခြေစိုက်ပြီးဖြစ်ကြ၏။ ရည်ရွယ်ရင်းကလည်း "ဘာသန္တရကို လေ့လာ၍ ထိုဘာသန္တရမှ ယူသင့်ရာကို ယူပြီးလျှင် ပါဠိဘာသာကို တန်ဆာဆင်မည်"ဟု ရည်ရွယ်ရင်းဖြစ်၏။ ထိုအကြောင်းများကြောင့် ထိုဆရာတော်များ ယိမ်းယိုင်ခြင်းမရှိကြဘဲ သာသနာ့တာဝန်ဆောင် အဖြစ်ဖြင့် ခိုင်မြဲတော်မူကြသည်ဟု အဖြေထွက်ပါသည်။ [ထိုကဲ့သို့ ဝန်ဆောင်ကောင်း ပုဂ္ဂိုလ်တပါးကို သာသနာတော်မှာ ရရှိခြင်းအတွက် ဝန်မဆောင်လိုသော ဘာသန္တရတတ်ကျွမ်းသူအများ ပျက်သွားခြင်း၌ ဝမ်းမနည်းထိုက်တော့ပါ။]

**ဆရာကောင်းထံ နည်းခံပါ**

ဆရာကင်း၍ ဘာသန္တရ သင်ယူခြင်း၌ ပျက်စီးဘွယ်များကြောင်းကို ပြ၍ ဆရာကောင်းများ၏ ဩဝါဒ မကင်းသော ဘာသန္တရသင် ပုဂ္ဂိုလ်များ မပျက်စီးကြောင်းကို

ပြခဲ့ပါပြီ။ ထို့ကြောင့် "ဂဏန်းသင်္ချာနှင့် ဘာသန္တရတို့ကို (သာသနာ ထိန်းသိမ်းမည်ဟူသော သမ္မာဆန္ဒဖြင့်) သင်ယူကြသော ပုဂ္ဂိုလ်များသည် အလေးပြုလောက်သော ဆရာသမားများအထံ၌ နည်းခံသင်ယူမှသာ ရည်ရွယ်ချက် အထမြောက်ဧရာရှိသည်"ဟု မှတ်ချက်တခု ရနေပါသည်။ ထိုမှတ်ချက်သည် မှန်လှပေ၏။ မိမိသည်ပင် အလေးပြုလောက်သော ဆရာအဆက်ဆက် အထံ၌ နည်းခံသင်ယူ၍ ဆုံးမဩဝါဒနှင့် အုပ်ချုပ်နည်းကိုပါ လက်တွေ့ရခဲ့ သောကြောင့် ယခုအခါ စာရေးစာချ၍ တိုက်တာအုပ်ချုပ်မှုတာဝန်ကို ဆရာများ၏ နည်းကို မှီး၍ သိပ်သည်းစွာ ဆောင်နိုင်ပါသည်။ ထို့ကြောင့် မိမိ၏ ဆရာသမားများထံမှ နည်းရခဲ့ပုံကို အကျဉ်းချုပ်မျှ ပြပါဦးမည်။

**မန္တလေးနှင့် ပခုက္ကူ**

မိမိသည် ငယ်ရွယ်စဉ်ကစ၍ အနေအထိုင်ကောင်းသော ဆရာသမားများနှင့် အဆင့်ဆင့် ကြီးပွါးခဲ့ရ၏။ ရွှေကျင်ဂိုဏ်းကြီး၏ ဒုတိယ သာသနာပိုင်သည် ဘေးတော်-တော်စပ်၏။ ပြခဲ့သော ဥက္ကဋ္ဌ မဟာနာယကဆရာတော်များသည် စာသင်ပေးသော ဆရာ, ဩဝါဒပေးသော ဆရာများ ဖြစ်ကြ၏။ စာသင်သားဘဝဖြင့် ပခုက္ကူသို့ ရောက်သောအခါ မဟာဝိသုတာရာမတိုက်ကြီး၏ ဥက္ကဋ္ဌ မဟာနာယက ဆရာတော် ၃-ပါးလုံးအထံ၌ ကိုယ်တိုင် ၃-နှစ်ခန့်မျှ စာဆိုခဲ့ရ၏။ ရဟန်း ၃-ဝါအရတွင် စာချအဖြစ်ဖြင့် ဆရာတော်များက ချီးမြှောက်တော်မူကြ၏။ ထိုစဉ်က သံဃာ ၆-ရာကျော်ကို ၁၀-ပါးလောက်က တာဝန်ယူ၍ စာချရာတွင် အငယ်ဆုံးစာချ ဖြစ်ခဲ့၏။ ထို ပခုက္ကူဆရာတော်များ အထံဝယ် (မန္တလေး၌ ပို့ချလေ့မရှိသော) အထက်နိကာယ်ကြီးများကို ကိုယ်ဘိုင် ဆိုခုစဉ်က ဘုရားရှင်နှင့် တရားတော်များကို အလွန်ကြည်ညိုခဲ့၏။ ပခုက္ကူတိုက်ကြီးဝယ် စာချဘုန်းကြီးအချင်းချင်း မေတ္တာအားကြီးပုံကို ကိုယ်တွေ့ သိခဲ့ရ၏။ မိမိကိုကား အငယ်ဆုံးဖြစ်၍ အားလုံးကပင် အရေးပေးကြပါသည်။

**မဟာဂန္ဓာရုံ ဆရာတော် အထံ**

၁၄-နှစ်သားလောက်ကစ၍ စစ်ကိုင်းတောင်ရိုး ပဌမ မဟာဂန္ဓာရုံဆရာတော်, ဒုတိယ မဟာဂန္ဓာရုံ ချမ်းအေးဆရာတော်တို့၏ အရိပ်အောက်သို့ မကြာခဏ ရောက်ခဲ့၏။ ပဌမရောက်ချိန်ကား မဟာဂန္ဓာရုံဆရာတော်ဘုရားသည် လူတွေ့မခံဘဲ ၃-နှစ်ခန့်မျှ တပါးတည်း တရားကျင့်ခိုက်ဖြစ်၏။ ဆရာတော်ကြီးသည် ပတ်ဝန်းကျင် ကာရံသားသော မဟာသုခချောင် အတွင်းဝယ် တပါးတည်း သီတင်းသုံးတော်မူ၏။

ဂ-နာရီလောက် ဆွမ်းပို့သွားသော ဆရာတော်သည် မိမိကို ခေါ်သွား၏။ ခြေသံမကြားစေနှင့်ဟု သတိပေးတော်မူ၏။ ချောင်အဝသို့ ရောက်သောအခါ သော့ခလောက်ကို အသာဖွင့်၍ ဝင်သွားကြ၏။ ဆရာတော်ဆွမ်းဘုဉ်းပေးနေကျ နေရာ၌ ယူလာသော ဆွမ်းချိုင့်ကို အသာချ၍ မနေ့က ထားခဲ့သော ဆေးကြောပြီးသား ဆွမ်းချိုင့်ကို ယူကာ ပြန်ထွက်ခဲ့ကြ၏။ ဆရာတော်ကိုကား မတွေ့ခဲ့ရပေ။ ချောင်အဝပြန်ရောက်သော် (ဆွမ်းပို့ထားခဲ့ပါကြောင်း အထိမ်းအမှတ်ဖြင့်) ဆွဲ[illegible]သော တုံးကလေးကို ၃-ချက်ခေါက်၍ တံခါးကို သော့ခတ်ပြီး ပြန်ခဲ့ရပါသည်။

**တိတ်ဆိတ်သော တောကျောင်း**

ထိုအချိန်၌ ပတ်ဝန်းကျင်နှင့်တကွ မဟာဂန္ဓာရုံချောင်ကြီးသည် တောကျောင်းပီသစွာ သာယာ တိတ်ဆိတ်လှပါပေ၏။ သကျသိဟ အားထုတ်ခိုက်ဖြစ်သော မြောင်းမြဆရာတော်တို့သည် တိတ်ဆိတ်စွာ စာကြည့်တော်မူကြသကဲ့သို့ မိမိလည်း တိုးတိုးကလေး စာအံကာ လွန်စွာ ပျော်မွေ့၏။ နေ့ဆွမ်းစားချိန်၌ မိမိလည်း မြေဇလုံကြီးဝယ် သက်သတ်လွတ်ဟင်းများကို ထည့်၍ သံဃာတော်များ စားသကဲ့သို့ တင်ပလ္လင်ခွေ၍ စားရ၏။ ဆွမ်းလုပ်ပြင်ပုံကို အနားမှ ဒဏ်ပူစားနေသော(ဒုတိယမဟာဂန္ဓာရုံ) ချမ်းမအေးဆရာတော်ဘုရားက အမြဲသင်ပြတော်မူ၏။ မဟာဂန္ဓာရုံဆရာတော်ဘုရားသည် မိမိရဟန်းဖြစ်ခါနီးအချိန်ဝယ် တပါးတည်းနေရာမှ ထွက်တော်မူ၍ အတော်ကြာပေပြီ။ ထိုအခါ၌ မိမိ၏ ရဟန်းဖြစ်ရေးကို မဟာဂန္ဓာရုံဆရာတော်နှင့် ချမ်းအေးဆရာတော်ကြီး နှစ်ပါးလုံးပင် ကြောင့်ကြစိုက်တော်မူကြပါသည်။ ပဌမမဟာဂန္ဓာရုံ ဆရာတော်ဘုရားသည် မိမိအား နောက်ဆုံး ဥပဇ္ဈာယ်ပေး၍ ထိုနှစ်မှာပင် ပြန်လွန်တော်မူပါသည်။ ဒုတိယမဟာဂန္ဓာရုံ ချမ်းအေးဆရာတော်ဘုရားကြီးကား မိမိ၏ နေရာမှာပင် မိမိသံဃာများ၏ အပြုအစုကို ခံတော်မူကာ သက်တော် ၉၁-နှစ်မှာ ပြန်လွန်တော်မူပါသည်။

**ဆရာများထံမှ အကျိုးရ**

မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်မှ အခြေခံ စာသင်နည်းနှင့် ပါဠိ အဋ္ဌကထာ သွားလာနည်းကို ရခဲ့၍ ပခုက္ကူတိုက်ကြီးမှ နိကာယ်များစွာ မဟာသမုဒ္ဒရာကူးခပ်နည်းကို ရခဲ့ပါသည်။ ထိုပခုက္ကူတိုက်ကြီး၌ မပျင်းမရိ စာချခြင်း, လက်အောက် စာချ အချင်းချင်း မေတ္တာအားကြီးခြင်း အလေ့အထကိုလည်း

ဓာတ်ခံတခု အနေအားဖြင့် ရခဲ့ပါသည်။ မဟာဝိသုဒ္ဓါရုံတိုက် သူငယ်ဘဝမှ စ၍ စီမံအုပ်ချုပ်သမျှကို လိုက်နာခဲ့ခြင်း, ပခုက္ကူနေစဉ် အုပ်ချုပ်သော စာချပုဂ္ဂိုလ်တို့တွင် ပါဝင် ခဲ့ရခြင်းကြောင့် တိုက်ကြီးနှစ်တိုက်မှ တိုက်တာ အုပ်ချုပ်နည်းကိုလည်း ရခဲ့ပါသည်။ မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ ယောဂီ သံဃာတော်များမှရင်း၊ မြောင်းမြ ဆရာတော်များ အထံမှရင်း သင်္ကန်း အသွေးအရောင် ရင့်ရင့်ဝတ်ခြင်း, မတိုမရှည် ညီညီဝတ်ခြင်း, အသံကျယ်ကျယ် စာမအံရခြင်း, အသံကျယ်ကျယ် မပြောမဆိုရခြင်း ဟူသော အလေ့အကျင့် များကို ဝါသနာပါအောင် ရခဲ့ပါသည်။ ထို ဆရာတော် အားလုံးအထံမှ ဒါယကာ ဒါယိကာမတို့ကို မြှောက်လည်း မမြှောက်, နှိပ်လည်း မနှိပ်ဘဲ မေတ္တာ ကရုဏာ မှန်မှန်ဖြင့် ဟောပြော ဆုံးမခြင်း အလေ့အထကို ရခဲ့ပါ သည်။ ရရှိသော ပစ္စည်းလာဘ်များကို "မိမိဘို့" ဟု သဘောမထားဘဲ တိုက်တာ သံဃာတော်အားလုံး, တိုက်တာ ကျေးဇူးများသူ အားလုံးကို ဝေငှ သုံးစွဲခြင်း အလေ့အထကိုလည်း ထိုဆရာသမားအားလုံး အထံမှပင် ရခဲ့ပါ သည်။ တိုက်တာ-ကျောင်းများကို ဆရာလုပ်၍ အုပ်ချုပ်မည့် ပုဂ္ဂိုလ်တိုင်း ဆရာသမားများ၏ အထံမှ အလားတူ နည်းကောင်းများ ရအောင် ကြိုးစား ထိုက်ကြသည် မဟုတ်ပါလော။

**မိမိ၏ ဆန္ဒ**

ဤသို့လျှင် မိမိသည် ဝိပဿနာ ကမ္မဋ္ဌာန်း ဆရာတော်ဘုရားများ၏ အရိပ်အာဝါသ, ရွှေကျင်ဂိုဏ်း ဆရာတော်များ၏ အရိပ်အာဝါသ, ပခုက္ကူမဟာဝိသုတာရာမ တိုက်ကြီး၏ အရိပ် အာဝါသဝယ် အေးမြပျော်ရွှင်စွာ အကျင့်စာရိတ္တနှင့် အထက်တန်း နိကာယ် ကြီးများကို လက်တွေ့ရခဲ့သောကြောင့် "မိမိ အမြင်မှာ နိုင်ငံရေး သာသနာ ရေးအတွက် တမျိုးကြီး ဖြစ်နေလေသလော" ဟု မပြောတတ်ပါ။ ပြုပြင်လို သော ဆန္ဒကား အလွန်ပြင်းပြလျက် ရှိပါသည်။ ပြုပြင်လိုသောဆန္ဒ ပြင်းပြ လှသောကြောင့်ပင် တပါတည်း စွမ်းနိုင်သမျှ ရေးသားပို့ချ အုပ်ချုပ်ခြင်း ဖြင့် ပြုပြင်ခဲ့သည်မှာ အတော်ကြာ၍ အတော်လည်း အရာထင်ပါပြီ။ မိမိ၏ ကျောင်းတိုက် သံဃာသည် များသောအားဖြင့် (ခေတ်အလိုက်)ကျေနပ်ဘွယ် အနေအထိုင်ဖြင့် ညွှန်ပြသမျှကို လိုက်နာကြပါသည်။ မိမိ၏ ကျမ်းစာများ ကိုလည်း လူရှေ့ရှင်ပါ အတော်များစွာက လက်ခံကြပါသည်။ ထို့ကြောင့် 'ယခု အခြေအနေထက် တိုးချဲ့၍ နိုင်ငံအကျိုး သာသနာတော် အကျိုးကို

ရှက်ဆောင်နိုင်လျှင် ကောင်းလေစွ''ဟု အကြံဖြစ်နေသည်မှာ ကြာခဲ့ပါပြီ။ ဘာ့ကြောင့်နည်း—၄-ဘက် ၄-ဌာန ကြိုးစားကြပါလျက် သာသနာ မတိုးတက်သောကြောင့်တည်း။

**ကြိုးစားပါလျက် အထင်သေး**

ယခုအခါ စာချပုဂ္ဂိုလ်, စာသင်သား, တိုင်းသူပြည်သား, အစိုးရဟု သာသနာ့တာဝန်ဆောင် ၄-မျိုးကို တွေ့ရ၏။ စာချပုဂ္ဂိုလ်များသည် အချိန်အားလျော်စွာ စာချနေကြ၏။ တချို့ကား အတော်ပင်ပင်ပန်းပန်း စာချတော်မူကြ၏။ စာသင်သားတို့လည်း စာမေးပွဲဝင်ဘို့ရန် အတော် ပင်ပင်ပန်းပန်း သင်ယူလေ့ကျက်နေကြ၏။ တချို့မှာ စာသင်ရာမှ လူစဉ် မမှီအောင် ရောဂါရကြ၏။ တိုင်းသူပြည်သားတို့လည်း နေ့စဉ်ဆွမ်းလောင်းခြင်း, နေ့ကြီးရက်ကြီးများ၌ အထူးဆက်ကပ် လှူဒါန်းခြင်း, သားရှင်ပြု ဘုရားပွဲ ဘုန်းကြီးပျံစသော ကိစ္စအတွက် များစွာ အကုန်အကျခံ၍ လှူဒါန်းခြင်း—ဤသို့အားဖြင့် သာသနာနှင့်စပ်၍ ကုန်ကျစရိတ်ကို များစွာအသုံးပြုနေကြ၏။ အစိုးရကလည်း တိုင်းသူပြည်သားတို့ အထံမှ ကောက်ခံရရှိသော ဘဏ္ဍာတော်ဖြင့် ဗုဒ္ဓသာသနာအတွက် စာမေးပွဲပြုလုပ်ပေးခြင်း စသည်ဖြင့် နှစ်စဉ်လစဉ် ဘဏ္ဍာတော်ကို အသုံးပြုနေ၏။ ဤသို့ ၄-ဘက် ၄-တန် သာသနာ့ အလုပ်ကို အားထုတ်နေကြပါလျက် တိုင်းသူပြည်သားတို့က သာသနာတိုးတက်လာသည်ကို မမြင်ရဘဲ သာသနာဆုတ်ယုတ်နေပြီဟု အယူရှိရုံမက တချို့ကမူ သာသနာရေး၌ အထင်သေး အမြင်သေးပင် ဖြစ်နေပါသည်။

**စာချပုဂ္ဂိုလ်များ ဩဇာနည်းခြင်း**

စာချ ပုဂ္ဂိုလ်သည် စာသင်သားတို့ အပေါ်၌ ဩဇာ ရှိသင့်၏။ ဩဇာရှိအောင်လည်း ဆရာ့ဂုဏ်အင်္ဂါနှင့် ပြည့်စုံ ရပေလိမ့်မည်။ ယခုသော်နာမည်ကြီးသော စာချပုဂ္ဂိုလ်အထံ၌ ကျောင်းတိုက် အမျိုးမျိုးမှ စာသင်သားများ လာရောက်၍ ခေတ္တ ခဏမျှ နားထောင်ကြ စာလိုက်ကြ၏။ စာလိုက်ပြီးလျှင် ဆိုင်ရာ ကျောင်းသို့ ပြန်ကြ၏။ ထို့ကြောင့် မြို့ကြီးများ၌ စာချဘုန်းကြီးသည် ဝတ္တရားအတိုင်း စာချရသော်လည်း စာသင်သားတို့အပေါ်မှာ ငါ၏ဩဇာခံ တပည့်များဟု သဘောမထားနိုင်ကြတော့ပေ။ ဤသို့ ဆရာတပည့် ရင်းရင်းနှီးနှီး မနေကြသဖြင့် ဆရာလည်း ဆရာ့ဘာသာနေ, တပည့်လည်း တပည့်ဘာသာနေရခြင်းသည် တိုးတက်လမ်းပိတ်နေသော ဖြစ်ပုံတရပ်တည်း။

**စာသင်သားများ ရည်ရွယ်ချက်**

ထို့ပြင် စာသင်သားတို့သည် များသောအားဖြင့် စာမေးပွဲအောင်ဘို့ကို ရည်ရွယ်၍ စာသင်ကြ၏။ စာမေးပွဲအောင်ခြင်းကြောင့် ဂုဏ်ရှိခြင်း၊ ဆရာ မိဘ ဒကာ ဒကာမတို့က အရေးပေးခြင်း၊ ဆုလာဘ်ရခြင်းဟူသော အကျိုးများသည် များစွာသော စာသင်သားတို့စိတ်တွင် ပေါ်ထင်နေသော အကျိုးများ ဖြစ်၏။ များစွာသော ဆရာတို့ကလည်း စာမေးပွဲကို အားပေးကြ၏။ မိမိ ကျောင်းတိုက်မှ စာမေးပွဲ မည်မျှအောင်သည်ဟု ဂုဏ်ယူလိုကြ၏။ စာတတ်အောင်၊ စာတတ်လျှင် သာသနာ့တာဝန် ဆောင်ရွက်ရအောင် ရည်ရွယ်ရမည့်အစား စာမေးပွဲအောင်ဘို့ကို ရည်ရွယ်ခြင်းသည် (မြတ်စွာဘုရား ဟောတော်မူအပ်သော စာသင်နည်း သုံးမျိုးတွင်) မြွေဖမ်းမတတ်ဘဲ ဖမ်းသော အလမ္ပါယ်ဆရာ၏ မြွေကိုက်ခံရသော နည်းတည်း။ ယခုအခါ စာချတန်း အောင်ပြီး ပုဂ္ဂိုလ်အတော်များများသည် ဆရာနှင့်ကင်း၍ အင်္ဂလိပ်စာကို သင်နေကြပြန်၏။ ဤသို့ ဖြစ်ခြင်းလည်း ပျက်စီးဘို့ရာ နီးကပ်လာသော အဖြစ်တရပ်ပင်တည်း။

**ဒကာများ၏ ပကာသနများခြင်း**

ဒကာများ၏ အလှူဒါနပြုရာဝယ် နေ့စဉ် ဆွမ်းလောင်းကိစ္စမှတပါး များစွာသော ဒါနတို့၌ အတုအပပြုခြင်း၊ ဂုဏ်ရှိအောင်ပြုခြင်း (ဤပြုခြင်းကို ပကာသနဒါနဟု ဆို၏။)၊ နောက်ဘဝ စည်းစိမ်ကို တောင့်တ၍ ပြုခြင်းတို့ကြောင့် ငွေကုန်သလောက် သာသနာကျိုးမသက်ရောက်ဘဲ ရှိရသည်။ သာသနာရေးနှင့် စပ်သော ဒါနမှန်လျှင် သာသနာအကျိုးသက်ရောက်မှသာ သာသနာပြုရာ ရောက်မည်။ မန္တလေး၌ ဒါယကာ-ဒါယိကာမတို့သည် သာသနာပြုဒါနကိုသာ ပြုကြမည်ဆိုလျှင် ကထိန်ခေတ်အတွင်း ကုန်ကျစရိတ်မျှဖြင့် မန္တလေးအတွက် သာသနာ့ဝန်ဆောင် တက္ကသိုလ်ကြီး ဖြစ်လာစရာရှိ၏။ ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ် စသော မြို့ကြီးများ၌လည်း ထို့အတူတည်း။ ထို့ကြောင့် သာသနာကို တိုးတက်စေလိုသော ဘာသာသွေးရှိသူမှန်သမျှ သာသနာပြုဒါနကို ပြုသင့်ကြပါသည်။

## ၉။ တာဝန်ကျေပွန်ရန် ညွှန်ပြခန်း

**အစိုးရ၏ တာဝန်**

အစိုးရဆိုသည်မှာ သဘာဝအားဖြင့် တိုင်းသူပြည်သား၏ မိဘပင်တည်း။ မိဘသည် သားသမီးအလိုကို လိုက်ဘို့ထက် သားသမီးကြီးပွါးရေးကိုသာ ဂရုစိုက်ရသကဲ့သို့ အစိုးရလည်း တိုင်းသူပြည်သား၏ ကြီးပွါးရေးကိုသာ ကြည့်ရပေလိမ့်မည်။ မိမိတို့ သုံးစွဲနေသော အခွန်ဘဏ္ဍာသည် (သာသနာ့ထုံးစံအားဖြင့်) သံဃိက အများဆိုင် ပစ္စည်းပင် ဖြစ်၏။ သံဃိကပစ္စည်းနှန်လျှင် တိုက်ပိုင်ဆရာတော်ကြီးသော်မှ ပိုင်စိုး ပိုင်နင်း မသုံးစွဲရ။ သုံးစွဲလျှင် ကြီးလေးသော အပြစ်ရှိ၏။ ဘဏ္ဍာစားပြန်၍ ပေးရ၏။ မပေးဘူးဟုငြင်းလျှင် ပါရာဇိကအထိ အပြစ်ကြီး၏။

ထို့ကြောင့် သာသနာရေးအတွက် သုံးစွဲရာ၌ သာသနာ အကျိုးရှိလောက်မှသာ သုံးစွဲသင့်၏။ သာသနာ ဆုတ်ယုတ်ကြောင်း ဖြစ်နေမှန်းသိလျက် ဆန္ဒ(ချစ်ခင်သော)ကြောင့် ဖြစ်စေ၊ ဘယ(ကြောက်သော)ကြောင့် ဖြစ်စေ တစုံတယောက် အသင်းအဖွဲ့အတွက် သုံးစွဲပေးလျှင် အဂတိ လိုက်ရာရောက်၏။ မိမိမလိုလားသူ့အတွက် သုံးစွဲသင့်လျက် မသုံးစွဲပြန်လျှင် ဒေါသာဂတိလိုက်ခြင်းပင် ဖြစ်၏။ သာသနာဆုတ်ယုတ်ကြောင်း မသိ၍ သုံးစွဲမိပြန်လျှင် မောဟာဂတိ လိုက်ရာ ရောက်ပြန်၏။ အဂတိလိုက်လျှင် မုချ ဂုဏ်သတင်း ယုတ်လျော့ရမည်သာ။ ထို့ကြောင့် သာသနာရေး အတွက် သုံးစွဲနေသော ဘဏ္ဍာတော်သည် သာသနာ၌ မည်၍မည်မျှ အကျိုးသက်ရောက်-မသက်ရောက်ကို တာဝန်ရှိသူတိုင်း သတိပြုသင့်ကြပေသည်။

**ဆရာဘုန်းကြီးများ တာဝန်**

စာသင်သားတိုင်း အခြေခံ နည်းမှန်ရဘို့ အရေးကြီးပါသည်။ အခြေခံဟူရာ၌ စာတမျိုးကိုသာ ဆိုလိုသည် မဟုတ်ပါ။ အနေအထိုင် အဝတ်အစား အပြောအဆိုများကို ဆိုလိုပါသည်။ စာသင်သားဘဝသည် ပဋိသန္ဓေ တည်စနှင့် တူ၏။ အမျိုးညံ့၌ ပဋိသန္ဓေ တည်မိလျှင် တဘဝလုံး ထိုအမျိုး၏ ထုံးစံအတိုင်း အညံ့နည်းကို ရသကဲ့သို့ ထို့အတူ စည်းကမ်းမရှိသော ဆရာ့အထံ၌ စာသင်သားဘဝ ရောက်နေရလျှင် ထိုဆရာသခင်၏ ထုံးစံအတိုင်းသာ ပြောဆို နေထိုင်နည်းကို ခံယူရပါလိမ့်မည်။ အမျိုးကောင်း၌ ပဋိသန္ဓေ တည်နေမိလျှင်ကား ထိုအမျိုးကောင်း၏ ထုံးစံကောင်းကို ရရှိနိုင်သကဲ့သို့ ထို့အတူ ဆရာကောင်း

ထံ၌ စာသင်သားဘဝရောက်နေလျှင် ထိုဆရာ့အထံမှ ကောင်းသောနည်းများကို ခံယူရရှိပါလိမ့်မည်။ ထို့ကြောင့် ကျေးရွာဆရာသခင်များသည် မိမိတပည့်ကို နည်းကောင်းရမည့်လမ်းကိုသာ ညွှန်ပြဘို့တာဝန် ရှိကြပါသည်။

**သီလရှင်များ တာဝန်**

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်ပြီး၍ မကြာခင် ပရိနိဗ္ဗာန်စံဘို့ တောင်းပန်လာသော မာရ်နတ်အား "ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ"ဟူသော ပရိသတ် ၄-ပါးတို့ တရားသိသိနှင့် ပြည့်ပြည့်စုံစုံ မရှိသေးသမျှ ပရိနိဗ္ဗာန်စံတော်မူမည် မဟုတ်သေးဟု မိန့်တော်မူ၍ ပရိသတ် ၄-ပါးစုံညီသောကြောင့်သာ ပရိနိဗ္ဗာန်စံတော်မူပါသည်။ ယခုအခါဝယ် ဘိက္ခုနီပရိသတ် အဆက်ပြတ်နေပါပြီ။ ထိုပရိသတ်၏ နေရာ၌ သီလရှင်များ ဝင်ရောက်နေထိုင်လျက် ရှိပါသည်။ ဘုရားလက်ထက်တော်၌ ဘိက္ခုနီများသည် တရားကျင့်၍ များစွာသော အမျိုးသမီးများကို ယဉ်ကျေးလိမ္မာအောင် တာဝန်ယူခဲ့ကြပါသည်။ မဟာသောက မဟာရာဇာ၏ သမီးတော် သံဃမိတ္တာ ထေရီမသည် သီဟိုဠ်သို့လာ၍ အနုဠာဒေဝီအမှူးရှိသော နန်းတော်သူများကို ဘိက္ခုနီပြုပေးခဲ့ပါသည်။ ယခုအခါ ဘုန်းကြီးသိကျွမ်းသော သီလရှင်များတွင် အထက်တန်း အမျိုးသမီးများ ပါရှိပါသည်။ ထိုအမျိုးသမီးများသည် မိမိတို့ကိုယ်ကို သာသနာ့ဝန် ဆောင်ရာတွင် တိုင်းပြည် အမျိုးသမီးများအတွက် တာဝန် ယူနိုင်လောက်သော စိတ်ဓာတ်သတ္တိကို ဖြစ်စေသင့်ကြပါသည်။

**ဘာသာခြား သီလရှင်များ**

ဘုန်းကြီးသည် ဘာသာခြား သီလရှင်များ၏ အနေအထိုင်စသည်ကို အခွင့်သင့်တိုင်း သတိပြုပါသည်။ သူတို့သည် ကလေးတွေကို ပညာသင်ပေးကြ၏။ အပ်ချုပ်ခြင်း စသော လက်မှုပညာများကို တတ်ကျွမ်း၍ သင်ပေးကြဟန်တူ၏။ ဆေးဘက်၌ ကျွမ်းကျင်သူတို့က ဆေးကုပေးကြ၏။ ဘုန်းကြီးသိရသော သီလရှင်ဆရာမကြီး၏ ဆေးကုပုံမှာ အလွန်မေတ္တာကရုဏာပါ၏။ တချို့ကား ကုဋ္ဌရောဂါသည်များကိုပင် ကုသ ပြုစုကြ၏။ သူတို့၏ မေတ္တာ ကရုဏာ အသက် ဝင်နေသော ဆေးကုမှုကြောင့် သူတို့ကို အားကိုးကြ၏။မေတ္တာကရုဏာ အတုံ့ပြန်ကြ၏။ သူတို့ကား မကြီးပွါးဘဲမနေ၊ ကေန်ကြီးပွါးခွင့် ရှိပါပေသည်။ သီလရှင် ဆရာမကြီးတို့ အုပ်ချုပ်သော မန္တလေး ကွန်ဗင့်ကျောင်းကား ကျောင်းသူ အမျိုးသမီးကလေးများ (နေရာ မရလောက်အောင်) ပြည့်လျှံ၍ နေပါတော့သည်။

**သီလရှင်များ၏ ဝန်ဆောင်ကျောင်းတိုက်**

ဗုဒ္ဓဘာသာဝင် သီလရှင်များလည်း ခေတ်နှင့် လျော်ညီစွာ အမျိုးသမီးကလေးများကို ပညာသင်ပေးမှု, အကျင့်စာရိတ္တ ပြုပြင်မှုများကို ပြုစေလိုပါသည်။ ထိုသို့ပြုပြင်ဘို့ရန် ရဟန်းတော်များအတွက် ဝန်ဆောင်ကျောင်းတိုက် လိုသကဲ့သို့ သီလရှင်များအတွက်လည်း အမှန်ပင် ဝန်ဆောင်ကျောင်းတိုက် လိုပါလိမ့်မည်။ ထိုသို့ ဝန်ဆောင်ကျောင်းတိုက်ဝယ် စနစ်ကျသော ပညာကို သင်ယူကြပြီးနောက် မိမိတို့ မြို့ရွာနယ်ပယ်သို့ ပြန်၍ အမျိုးသမီးများ၏ အားကိုးရာများ ဖြစ်နိုင်မှသာ တနည်းတလမ်းအားဖြင့် ရှေးဘိက္ခုနီ ထေရီမတို့၏ နေရာဝင်၍ ဗုဒ္ဓသာသနာ့ဝန်ကို ထမ်းဆောင်ရာ ရောက်ကြပါလိမ့်မည်။

**ကျန်းမာရေး ပညာသင်ပါ**

ဗုဒ္ဓဘာသာဝင် သီလရှင်များကို ဘာသာခြား သီလရှင်များကဲ့သို့ သူနာပြု ဆရာမ လုပ်ပါဟု မတိုက်တွန်းလိုပါ။ သို့ရာတွင် မိမိကျောင်း အတွင်းရှိ သီလရှင် များနှင့် တပည့်မကလေးတို့၏ ကျန်းမာရေးစောင့်ရှောက်နိုင်ဘို့ရန် ကျန်းမာရေးပညာကိုကား သင်ကြဘို့ လိုပါသည်။ သီလရှင်များသာမက ရဟန်းတော်များလည်း ရဟန်းသံဃာအချင်းချင်း စောင့်ရှောက်ဘို့ရန်နှင့် ကျောင်းသားသူငယ်များကို စောင့်ရှောက်ဘို့ရန် ကျောင်းတွင်း ကျန်းမာရေး ပညာကို တတ်သင့်ပါသည်။ ဗုဒ္ဓမြတ်စွာသည် ဘေသဇ္ဇခန္ဓကဟုခေါ်သော ပါဠိတော် တရပ်လုံး၌ ဆေးနည်းများကို ဟောတော်မူ၏။ "ဆရာသည် တပည့်မကျန်းမာလျှင် ပြုစုလုပ်ကျွေးရမည်"ဟု ပညတ်တော်မူ၏။ ပဥ္စကနိပါတ် အင်္ဂုတ္တိုရ်ဂိလာနဝဂ်၌ကား "ဂိလာနအတွက် ဆေးစီမံတတ် (ဆေးစပ်တတ်) ရမည်၊ သင့်-မသင့် အစာကို သိရမည်" စသည်ဖြင့် အင်္ဂါ ၅-ပါးကို ဟောတော်မူ၏။ ထို့ကြောင့် ဆရာဖြစ်သူတိုင်း ကျန်းမာရေးအတတ် ဆေးအတတ်များကို တတ်၍ တပည့်များကိုလည်း သင်ပေးထိုက်ပါသည်။ ဤသို့ အသီးသီး တာဝန်ကို ကျေပွန်စွာ ဆောင်ကြမှသာ ဤနိုင်ငံနှင့် ဤသာသနာတော် တိုးတက်နိုင်စရာ ရှိပါသည်။

**တာဝန်ဆောင်ရခြင်း အကျိုး**

မိမိတို့ ယခုတွေ့ရသော ဗုဒ္ဓသာသနာတော်ကို ဝိနည်းလမ်း သုတ္တန်လမ်း အဘိဓမ္မာလမ်းနှင့်အညီ ထမ်းဆောင်နိုင်ကြပါမူ ထိုထမ်းဆောင်သူ ဆရာဒကာ အားလုံးပင် သာသနာတော်နှင့်စပ်၍ သိထိုက် ရထိုက်သော မဂ်ဖိုလ်

နိဗ္ဗာန်၏ အကြောင်းပါရမီကို ကိုယ်စီကိုယ်င ရပြီး ဖြစ်ကြပါလိမ့်မည်။နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်သေး၍ သံသရာခရီးကို သွားနေရစဉ်လည်း ဗုဒ္ဓမြတ်စွာ၏ အယူဝါဒနှင့် ဆန့်ကျင်သော မိစ္ဆာအယူများကို ယူမှားနိုင်စရာမရှိတော့ပါ။ တွေ့ရာကြုံရာ ဘဝတိုင်း၌ ဒုစရိုက်အမှုကိုလည်း အများအားဖြင့် ရှောင်ရှား နိုင်စရာရှိပါသည်။ သုဝဏ္ဏသျှာမ်ဇာတ်တော်၌ အရှင်မဟာကဿပအလောင်း, မယ်ဘဒ္ဒါအလောင်းတို့သည် မြစ်ကမ်း ၂-ဘက်ရှိ တံငါရွာသူကြီးများ၏ သားသမီးများဖြစ်ကြသော်လည်း ငါးကို အလွန်သနား၍ မသတ်မိကြပါ။ သူတို့ ၂-ဦး လက်ထပ်ပြီးသောအခါ ဆွေမျိုးအားလုံးနှင့် စိတ်ချင်းမတူ၍ တောထွက်သွားကြပါသည်။ ဤသို့ ဒုစရိုက် သတ်ဖြတ်မှုကို မပြုနိုင်ခြင်းသည် ရှေးဘဝဟောင်း တို့က အထုံဝါသနာကောင်း ပါလာခြင်းကြောင့် ဖြစ်ပါသည်။

**ကြုံခဲသော သာသနာ** ဗုဒ္ဓမြတ်စွာ တဆူ တဆူ၏ သာသနာသည် အလွန်ပေါ်လာဘို့ ခဲယဉ်း၏။ ဘုန်းကြီးတို့၏ ဘုရားအလောင်းတော် ပါရမီ ဖြည့်ရာဝယ် ၄-အသင်္ချေနှင့် ကမ္ဘာတသိန်း၏ အတွင်းမှာ (ဘုရားအပေါင်း ၂-ကျိပ် ၄-ဆူသာ ပွင့်ခဲ့သောကြောင့်) ဤ သာသနာမျိုးမှာ နှစ်ဆယ့်လေးကြိမ်သာ ကြုံခဲ့ရဘူးသည်။ ထိုမျှလောက် ခဲယဉ်းသောသာသနာ တော်ကြီး ထွန်းပေါ်ချိန်ဝယ် မိမိက လူ့ဘဝကိုရနေဘို့လည်း တဆင့်ခဲယဉ်း ပြန်၏။ လူ့ဘဝရပြန်ပါလည်း ဗုဒ္ဓသာသနာကို ယုံကြည်သော လူ့ဘဝရဘို့ ကား ထပ်မံ၍ ခဲယဉ်းပြန်၏။ ဗုဒ္ဓသာသနာကို ယုံကြည်သော လူ့ဘဝကို ရပြန်ပါလည်း သာသနာတော်ကို ပြုစုသော သဒ္ဓါဆန္ဒနှင့် သီလ သမာဓိ ပညာ, ဥစ္စာဓနပြည့်စုံသူဖြစ်ဘို့ရန် ထပ်မံ၍ခဲယဉ်းပြန်၏။ ထို့ကြောင့် တွေ့ဘို့ ကြုံဘို့ ခဲယဉ်းသမျှ အလုံးစုံ ပြည့်စုံနေသော ဆရာ-ဒကာ ဟူသမျှသည် သဘာဝ ကျကျနှင့် အားရဘွယ် သာသနာတော်ကို မဖြစ်မနေ အားသွန် ကြိုးပမ်း အစွမ်းကုန် ထမ်းကြစေလိုပါသည်။ [ဤနေရာဝယ် ဘာသာခြားပုဂ္ဂိုလ်တို့၏ သူတို့ သာသနာတိုးပွါးရေး၌ အားစိုက်ပုံကို သတိပြုစေလိုပါသည်]

## ၁၀။ ခေတ်ပညာတတ်များ စဉ်းစားဘွယ်

**အမျိုးကို အထင်မသေးနှင့်**

ခေတ်ပညာတတ် လူငယ်များသည် ခေတ်အလိုက်း သိပ္ပံ ဝိဇ္ဇာတို့ကို နိုင်ငံခြားမှ နည်းယူရသောကြောင့်၎င်း၊ ပစ္စည်း ငွေ အထောက်အပံ့ကိုလည်း နိုင်ငံခြားမှ အတော်အတန် ရသောကြောင့်၎င်း၊ နိုင်ငံခြား လူမျိုးများကို အထင်ကြီးကောင်း ကြီးကြပါလိမ့်မည်။ သို့သော် လူမျိုးတမျိုးသည် ထာဝရ မြင့်နေမည် မဟုတ်ပါ။ ထိုလူမျိုးမှ ခေါင်းဆောင်ကောင်းများ ဆက်ကာဆက်ကာ ခေါင်းဆောင်နေခိုက် မြင့်နေ၍ ခေါင်းဆောင်ကောင်း မရှိသောအခါ တဖြည်းဖြည်းနိမ့်ကျတတ်ပါသည်။ တချိန်တုန်းက မြန်မာလူမျိုးများ မြင့်ခဲ့ဘူးသည်ကို သတိရပြီးလျှင် တဖြည်းဖြည်းနိမ့်ကျလာရာမှ ချက်ချင်း ကျွန်ဖြစ်ရပုံကို စဉ်းစားကြပါ။ ထို့ကြောင့် အမျိုးသားသမီးများနှင့် ဘုန်းကြီးတို့တတွေ ယခုတကြိမ် ကြိုးစားနိုင်ကြပါလျှင် ဤပြည်ထောင်စု မြန်မာလူမျိုးလည်း ခေတ်အလိုက် တိုးသင့်သလောက် တိုးတက်ရမည်မှာ အမှန်ပင် ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိလူမျိုးကို အထင်မသေးကြဘဲ "ကြိုးစားလျှင် ဘုရားတောင်ဖြစ်နိုင်သေးရဲ့" ဟူသော မြန်မာ့လက်သုံး ဆောင်ပုဒ်ကို လက်ကိုင်ပြုကာ ကြိုးစား၍ တိုးတက်နိုင်သော လမ်းကို ဖြောင့်ဖြောင့် တန်းတန်း သွားဘို့ ပြင်ကြပါလော့။

**ဘာသာကိုလဲ အထင်မသေးနှင့်**

ဘုရားပွင့်တော်မူလာခြင်းသည် နိဗ္ဗာန်မြင်အောင် ကျင့်နိုင်သူများ အတွက် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း လမ်းမှန်ကို ဟောပြဘို့သာ မကပါ။ လောကီ ကြီးပွါး ချမ်းသာကြောင်း နည်းလမ်းကောင်းကိုလည်း ညွှန်ပြဘို့ ဖြစ်ပါသည်။ ထိုသို့ ညွှန်ပြရာ၌လည်း နောက်ဘဝရောက်မှ ချမ်းသာရေးကိုသာ ညွှန်ပြသည် မဟုတ်ပါ။ လက်ရှိဘဝမှာပင် ချမ်းသာဘို့ နည်းလမ်းကိုလည်း ညွှန်ပြပါသည်။ [ဥပမာ- လူမိုက်နှင့် မပေါင်းရ၊ လူလိမ္မာနှင့်သာ ပေါင်းပါ-စသော ညွှန်ပြခြင်းမျိုး, သမ္ပဒါ ၄-ပါးစသော တရားမျိုးတည်း။] အသင် ခေတ်ပညာတတ်တို့သည် နိုင်ငံအနှံ့အပြား၌ ဘုရားစေတီ ဆင်းတုတော်များ လိုသလောက်ထက် ပိုအောင် တည်ထားကြပုံ, အပျော်အပါး ဘုရားပွဲ ကျောင်းပွဲ လုပ်ကြပုံ, ဘုရားအတွင်း မသန့်မရှင်း တည်ရှိပုံကို ကြည့်၍၎င်း၊

ရဟန်း သာမဏေ တချို့၏ သွားလာ ဝတ်စားပုံကို ကြည့်၍ရင်း၊ ပျော်ပျော်ပါးပါး စားကြ သောက်ကြနှင့် ဥပုသ်စောင့်ပုံကို ကြည့်၍ရင်း၊ ကြွေးယူ၍ သားရှင်ပြု စသော ဒါနပြုကြပုံ, ရဟန်းတော်များက ဒါန အကျိုးဟော၍ ကိုယ်ဘိုင်က မလှူဘဲ ယူရုံသာ ယူကြပုံကို ကြည့်၍ရင်း ဗုဒ္ဓမြတ်စွာ၏ မဟာကရုဏာ ကြီးမားစွာဖြင့် တည်ထားတော်မူအပ်သော ဘာသာနှင့် သာသနာတော်ကို အထင်အမြင်သေးကြပေလိမ့်မည်။ သို့သော် ထိုအလုပ်များသည် ဘုရားရှင်၏ အလိုတော်ကျ မဟုတ်ကြပါ။ အလိုကျမဟုတ်ကြောင်းကိုလည်း အနာဂတ် သာသနာရေး စာအုပ်၌ ရှင်းပြထားပါပြီ။

**လက်တွေ့မဟုတ်လျှင် မယုံဘူးလား**

အသင် ခေတ်ပညာတတ်တို့သည် တိုးတက်နေသော လောကဓာတ် ပညာကြောင့်လည်း ဗုဒ္ဓဘာသာကို အထင်သေးရုံမက ဗုဒ္ဓတရားတော်တွေ လွဲမှားနေပြီ-ဟု တချို့က ယူဆပါလိမ့်မည်။ ဤနေရာဝယ် အတော် ကျယ်ကျယ် ရေးဘို့ လိုသော်လည်း အနည်းငယ်မျှ ရေးပြပါမည်။ ဗုဒ္ဓ တရားတော်ဝယ် "ဝိနည်း, အဘိဓမ္မာ, သုတ္တန်" ဟု ၃-မျိုးရှိ၏။ ဝိနည်းသည် ရဟန်းတော်များ၏ အနေ အထိုင် အပြော အဆို ယဉ်ကျေးဘို့ရန် ညွှန်ပြသော တရားတော် ဖြစ်၏။ တချို့ပုဂ္ဂိုလ်တွေ မယဉ်ကျေးခြင်းမှာ ဝိနည်းတော်အတိုင်း မလိုက်နာလို့သာ ဖြစ်ပါသည်။ အဘိဓမ္မာသည် ရုပ်သဘော နာမ်သဘောကို အစစ် အမှန် ဟောပြသော တရားတော်ဖြစ်၏။ ထိုတရားကား ပဋ္ဌာန်း တရားတော် တိုင်အောင် နားလည်လေ သာသနာဘာသာကို လေးစားလေဖြစ်စေ၏။ ထိုဘာရား ၂-မျိုး၌ မကျေမနပ် ဖြစ်ဘွယ်မရှိ။ လောကဓာတ်နှင့် စစ်လေ အဘိဓမ္မာက ကျေနပ်စေလေ ဖြစ်ပါလိမ့်မည်။ သတ္တဝါတို့ တရားအထူးကို ရစေနိုင်သော တရားသည် ထို ဝိနည်း, ထို အဘိဓမ္မာ မဟုတ်၊ သုတ္တန်တရားတော်သာ ဖြစ်၏။ ခုဘဝ နောင်ဘဝတို့၌ ချမ်းသာသုခရအောင် ညွှန်ပြသော တရားတော်လည်း သုတ္တန်တရားတော်ပင် ဖြစ်၏။ ထို သုတ္တန် တရားတော်များတွင် ဇာတ်တော်များလည်း ပါဝင်၏။ နေ, လ တို့ လှည့်ပတ်သွားလာပုံများလည်း ပါဝင်၏။ ရေ, နတ်ပြည်တို့လည်း ပါဝင်၏။ ထို့ကြောင့် ထို သုတ္တန်မှ တရား တချို့ကို ခေတ်ပညာတတ်တို့က လက်တွေ့မဟုတ်၍ မယုံနိုင်ဘဲ ရှိကြပေလိမ့်မည်။

**အစစ်အမှန်သည် ပယ်စရာမဟုတ်**

ခေတ်ပညာတတ်များကို မေးလိုပါသည်။ သစ်ပင်ကြီးကို ခုတ်လှဲ၍ နတ်ဖမ်းစားခြင်း၊ တစ္ဆေသူရဲခြောက်ခြင်း၊ စုန်း

ပူးခြင်း၊ အစိမ်းသေက ပူး၍ပြောခြင်း၊ လူဝင်စားက ရှေးဖြစ်ဟောင်းကို ပြောခြင်း စသည်များ တရံတခါ ရှိတတ်သည် မဟုတ်လော။ ထို နတ်တစ္ဆေ စသူတို့သည် မျက်မြင် မဟုတ်ကြပါ။ လောကဓာတ် နည်းဖြင့်လည်း မသိနိုင်ပါ။ ဗုဒ္ဓဘာသာကမူ လူနှင့်မတူသော နတ်ဘဝ၊ ပြိတ္တာဘဝ တမျိုးဟုဆိုထားလေရာ လောကဓာတ်နှင့် တိုက်ဆိုင်၍ မရလျှင် လက်တွေ့မမြင်ရလျှင် မဟုတ်နိုင်၊ မရှိနိုင်ဟု ယူဆသင့်ပါမည်လော။ အမှာပူးမွေးလာသော ကလေး ၂-ယောက်သည် မိဘ၏ သွေးသားနှင့် ပတ်ဝန်းကျင်များက တထပ်တည်း တူပါလျက် စိတ်ချင်းမတူပုံ၊ ဉာဏ်ချင်းမတူပုံ၊ အကျိုးပေးခြင်း မတူပုံကို တွေ့ရ၏။ လောကဓာတ် ပညာဖြင့် အဘယ်သို့ ဆုံးဖြတ်မည်နည်း။ ဗုဒ္ဓတရားတော်ကမူ ရှေးရှေးဘဝက ကံချင်းမတူသောကြောင့် ထိုကဲ့သို့ မတူဘဲ ကွဲပြားရသည်ဟု ဆိုထားပါသည်။ လက်တွေ့ မဟုတ်၍ မယုံလျှင် အခြား စဉ်းစားဘွယ်ကို ပြကြပါလော့။

ဘုန်းကြီးကား "လောကဓာတ်ဆရာတို့၏ လက်တွေ့စမ်းသပ်သမျှ မြန်မြန် အထမြောက်ပါစေ"ဟု ဆုတောင်းပါသည်။ အကြောင်းကား— လက်တွေ့ လိုက်လေ ဗုဒ္ဓတရားတော်နှင့် ကိုက်လေဖြစ်ရမည်သာ ဖြစ်သောကြောင့်တည်း။ တချို့အရာဝယ် လက်တွေ့နှင့်စာတွေ့ မတူမျှဘဲ လက်တွေ့က မှန်တာ သေချာလျှင် "ကျမ်းစာထဲ၌ ပါသော စကားသည် ရှေးသံဂါယနာ ၃-တန်တွင် ပါဝင်ခဲ့သော တရားမဟုတ်"ဟု ဖယ်ထုတ်လိုက်ရုံပင် ဖြစ်၏။ ဘုရားရှင်သည် ပယ်စရာမဟုတ်၊ တရားမှန်းလည်း ပယ်စရာမဟုတ်ပါ။ [ဤနေရာဝယ် အသက်ထင်ရှား ရှိနေသေးသော ယုံကြည်လောက်သူ လူကြီး လူကောင်းတယောက်၏ ကိုယ်တွေ့ဝတ္ထုကို ဖော်ပြလိုပါသည်။]

# အိမ်တော်ဝန် ဦးစံဖေ၏ ကိုယ်တွေ့ဝတ္ထု

သမ္မတ၏ အိမ်တော်ဝန် ဖြစ်ခဲ့သော ဒါယကာ ဦးစံဖေသည် ၁၉၂၅-နှစ် လောက်က သာယာဝတီခရိုင် ဇီးကုန်းမြို့၌ နယ်ပိုင်ဝန်ထောက် အဖြစ်ဖြင့် ၂-နှစ်ခွဲခန့်နေပြီးနောက် အင်းစိန်မြို့သို့ အခွန်ဝန် အဖြစ်ဖြင့် ပြောင်းရွှေ့ခဲ့ရ သည်။ အင်းစိန်မြို့၌ ဝင်းကျယ် အိမ်ကောင်းကို ရှာဖွေ၍ နေထိုင်စဉ် ၃-လ လောက်ကြာသောအခါ နေမကောင်းသဖြင့် ရုံးမတက်ဘဲ အိမ်မှာအနားယူ၍ အိပ်ရာထဲ၌ လည်းလျောင်းနေရာသို့ နေ့လည် ၂-နာရီ အချိန်လောက်ဝယ် အရပ်ပုပု ဆံပင်ချ၍ မိန်းမတယောက် ခုတင်ခြေရင်း၌ ရပ်လာသည်။ အခွန်ဝန် ကတော်သည် ဝန်မင်းအနားမှာ ရှိသော်လည်း ထိုမိန်းမကို မမြင်ရ၊ ဝန်မင်း သာ မြင်ရသည်။

ဝန်မင်း နေမကောင်းမီ ၃-ရက်လောက်ကလည်း ညဥ့်အခါတွင် မင်းက တော်နှင့် သားငယ်တို့ ခုတင်ကြီးပေါ်တွင် အိပ်နေကြစဉ် သားငယ်သည် နံရံဘက်က အိပ်ပါလျက် ခုတင်အောက်သို့ လိမ့်ကျသွားဘူး၏။ ဝန်မင်း၏ မိခင်သည် ဘုရားမီးပူဇော်၍ ဘုရားဝတ်ပြုနေစဉ် ၄-ခါလောက် မီးများအလိုလို ငြိမ်းသွားဘူး၏။ သို့သော် ထိုဖြစ်ရပ်များကို အမှတ်တရ ဂရုမစိုက်ခဲ့ကြ။ ယခုအကြိမ်ကား လူပုံသဏ္ဍာန်ဖြင့် ကိုယ်ထင်ပြသောကြောင့် ဂရုမစိုက်၍ မဖြစ် နိုင်တော့ချေ။ ထိုအတွင်းမှာပင် မိတ်ဆွေဖြစ်သူ ဦးထွန်းအောင်ရောက်လာ၏။ ဦးထွန်းအောင်ကား ဆေးဝါးကုသော ဆရာ မဟုတ်သော်လည်း ပယောဂ နိုင်သူ ဖြစ်၏။ သူသည် ဝန်မင်းနှင့် တွေ့လျှင် တွေ့ခြင်း "ဝန်ထောက်မင်း ဒီအိမ်မှာ မနေပါနှင့်။ ကျွန်တော် ဒီအိမ်ကို ဝင်လာတော့ အိမ်ရှင်မ သူရဲကို တွေ့ရပါသည်။ သူက မဆိုင်တဲ့သူများ ဒီအိမ်နေတာကို မကြိုက်ပါ"ဟု ပြော လေသည်။

"အကယ်၍ ဒီအိမ်မှာဘဲ နေချင်လျှင် အိမ်ရှင်မ သူရဲကို နှင်ပေးမည်"ဟု ပြောသော်လည်း ကိုယ်ချင်းစာသောအားဖြင့် "သူက မနေစေချင်လျှင် မနေ ရုံပေါ့၊ နှင်တော့မနှင်ပါနှင့်"ဟု ပြော၍ တခြားအိမ်သို့ မိသားတစု ပြောင်းရွှေ့ ကြရသည်။ ထို့နောက် ဝန်မင်း ရုံးတက်နိုင်သောအခါ ရုံးစာရေးတို့အား ထိုအိမ်ကြီး၏ အကြောင်းကိုမေးရာ ထိုအိမ်ရှင်မသည် သူက ဗုဒ္ဓဘာသာ ဖြစ်

သော်လည်း ဘာသာမတူသော အင်္ဂလိပ်ကပြားနှင့် အကြောင်းပါ၍ လင်က အလျင်သေပြီးနောက် သူသေခါနီးဝယ် လှူဒါန်းလို၍ ဘဏ်ကငွေကို ထုတ်ပေးရန် ပြောသော်လည်း ထုတ်မပေးကြသဖြင့် စိတ်မကောင်းဖြစ်ပြီး သေသွားရာ ထိုအိမ်မှာ(သူရဲဖြစ်နေကြောင်း) ပြောကြ၏။ သူ၏အရပ်လည်း ပုပုပြတ်ပြတ်ပင်ဟု ပြောပြကြလေသည်။

**နိုင်ငံခြားမှာ နောက်ပိုင်း မချမ်းသာ**

အသင် ခေတ်ပညာတတ်တို့သည် ယခုအခါ ထိပ်တန်းရောက်နေသော နိုင်ငံများဝယ် လောကနိဗ္ဗာန် ရနေကြပြီဟု တွေးကာ သွားရည်ယိုကောင်း ယိုကြပါလိမ့်မည်။ နိုင်ငံခြားမှပြန်လာသော ဗိုလ်မှူးတယောက်အပြောမှာ ထိုထင်သလို မဟုတ်ပါ။ အသက်အရွယ် ငယ်သူများသည် အလုပ်ကို မနားမနေ လုပ်ကြ, အားလပ်ချိန်ကို မရ-အရ ယူကာ ပျော်နိုင်သမျှ ပျော်ကြနှင့် ငယ်ရွယ်သော အသက်တမ်းအချိန်ကို ကျော်လွန်စေကြ၏။အသက်-၆၀ ကျော် အဘိုးအဘွားပိုင်း ရောက်သူတို့ကား အလုပ်လည်း လုပ်စရာမများ။ ကလပ်သွား၍လည်း ငယ်ရွယ်စဉ်ကလို မပျော်။ လူရွယ်များတုန်း စားကြည့် သောက်ကြည့် ကကြည့် ဆိုကြည့် ခံစားကြည့်သော်လည်း အတွင်း သွေးသားတွေကိုက ထုံထိုင်း ညှိုးဖျော့လာပြီ ဖြစ်သောကြောင့်၎င်း၊ စိတ်ဓာတ်ကလည်း သဘာဝအလိုက် လျော့လာပြီ ဖြစ်သောကြောင့်၎င်း ဘာတခုမျှ အရွယ်ကောင်းတုန်းကလို အရသာ မရှိတော့ချေ။ထိုသို့အရသာမရှိသောကြောင့် အလိုလို ပျင်းရိငြီးငွေ့ကာ လုပ်စရာအလုပ်ကို ရှာကြံပါသော်လည်း ဘယ်အလုပ်မျှ စိတ်ချမ်းသာမှုကို မပေးနိုင်ကြသဖြင့် အိုခြင်း နာခြင်း ဆင်းရဲတွင်းမှ သေခြင်းမရဏသို့ ကူးပြောင်းကြရပါသတဲ့။

**တရားတော်၏ သုခ**

ဤမြန်မာနိုင်ငံ၌ကား ထိုအရွယ်တိုင်အောင် အသက်ရှင်နေသေးသူတို့အတွက် (တရားလိုက်စားဘို့ရာ) အလွန်ကောင်းသော အချိန်အခါဖြစ်၏။ ငါးပါးသီလ စသည်ကို မကျိုးမပေါက်အောင် ထိန်း၍ မိမိဝါသနာပါသော ဘာဝနာတမျိုးမျိုးကို ပွါးများနေနိုင်လျှင် ဤဘဝ၌ စိတ်ချမ်းသာမှုကို လက်တွေ့ရနိုင်၏။ လူအများက တရားဖြင့်နေရခြင်းကို ပျင်းစရာဟု ထင်ကြ၏။အမှန်အားဖြင့်ကား တရားဖြင့်နေခြင်းသည် ပျင်းစရာမဟုတ်ပါ။ သီလကိုအခြေခံ၍ တရားအာရုံ ယူနေသောအခါ ကုသိုလ်စိတ်ဖြစ်၏။ ထိုကုသိုလ်စိတ်၌ ပီတိသောမနဿဘို့(အများအားဖြင့်)ပါ

ဝင်၏။ ပီတိ-နှစ်သက်ခြင်း, သောမနဿ-ဝမ်းမြောက်ခြင်းတို့ကား ကြည်လင် ရွှင်ပျသော တရားများဖြစ်၍ ထိုကုသိုလ်ဖြစ်ချိန်မှာ အမှန် ပျော်မွေ့ကြရ ပါသည်။ ဤသုခမျိုးကို နိုင်ငံခြား အတိုး အတွားတို့ လိုချင်ကြသော်လည်း ဒေသကိုယ်က ထိုသုခမျိုးကို ညွှန်ပြနိုင်သော ပဋိရူပဒေသ (သင့်တော်သော အရပ်) မဟုတ်ပါ။ဤမြန်မာနိုင်ငံကား ထိုတရားမျိုးကို များစွာညွှန်ပြနိုင်သော ပဋိရူပဒေသ ဖြစ်ပါသည်။ ထို့ကြောင့် အသင် ခေတ်ပညာတတ်တို့သည် ဤ နိုင်ငံကျော်၍ အခြားနိုင်ငံကို မြော်မည့်အစား ဤနိုင်ငံ၌ သဘာဝအတိုင်း ရရှိနေ သော အကောင်းများကိုသာ တကယ် ကောင်း-မကောင်း မြည်းစမ်းစေလိုပါ သည်။

**နောင်ဘဝ မရှိဟု ယူသူ ၂-ဘက်ရှုံး** ဘယ်ကိစ္စမျိုးမဆို မိမိစိတ်မှာ ၂-ခွဖြစ်နေလျှင် မမှားနိုင် သောလမ်းကို လိုက်ရပါသည်။ ဘာသာခြား တချို့က "နောက်ဘဝမရှိ"ဟု ဆို၏။ ဗုဒ္ဓဘာသာက "နောက်ဘဝ ရှိ၏"ဟု ဆို၏။ "နောက်ဘဝ မရှိ"ဟု ယူသူတို့သည် မိမိကိုယ်ကို စောင့်စည်း ထိန်းသိမ်းထားဘို့ အရေးမကြီးတော့ပါ။ လူချင်းဆက်ဆံရာဝယ် အဆင်မပြေ မည် စိုးသောကြောင့်သာ စောင့်စည်းဘို့ လိုပါသည်။ သို့ဖြစ်လျှင် ထိုသူ့မှာ ဗုဒ္ဓ တရားတော်အရ ဒုစရိုက်မကောင်းမှုများကို ရှောင်ဘို့လည်း အရေးမကြီးတော့ ပါ။ယခုဘဝမှာလည်း သူတပါးက ယုံကြည်စိတ်ချရသော လူကောင်းတယောက် ဖြစ်ကောင်းမှ ဖြစ်တော့မည်။ ထိုသို့ အယူရှိသူတွေ လူများစုဖြစ်နေပါမူ ထိုသူတို့ များသော နေရာသည် စိတ်ချလက်ချ နေခွင့်ရတော့မည် မထင်ပါ။ တဖန် သူတို့ယူဆသည့်အတိုင်း နောက်ဘဝ မရှိတာမှန်လျှင် ခံသာပါသေး၏။အကယ်၍ နောက်ဘဝ ရှိခဲ့လျှင် သူတို့၏ ယခုဘဝ အကုသိုလ်ကံသည် မကောင်းကျိုးပေး၍ ကုန်နိုင်ရန် မရှိတော့ပါ။ သို့ဖြစ်လျှင်"နောက်ဘဝမရှိ"ဟူသော အယူကြောင့် ခုဘဝလည်းရှုံး, နောင်ဘဝလည်းရှုံး ၂-ဘက်ရှုံး ရှုံးဘို့သာ ရှိပါတော့သည်။

**နောက်ဘဝအရှိ ယူသူ ၂-ဘက်အကျိုးရ** နောက်ဘဝ ရှိ၏-ဟု ယူဆ သူကား နောက်ဘဝ ဖြစ်မည့် မကောင်းကျိုးကြောက်၍ ယခုဘဝ၌ စောင့်စည်း၏။ စောင့်စည်းသောကြောင့် လူကောင်းသူကောင်းဖြစ်၏။ ယူဆသည့်အတိုင်း နောက်ဘဝ မရှိစေကာမူ ဤဘဝ၌ လူကောင်း သူကောင်း ဖြစ်ရခြင်းကား အမြတ်ရပါပြီ။ အကယ်၍ နောက်ဘဝရှိတာ မှန်လျှင်ကား ပြုထားသော သုစရိုက် ကုသိုလ်ကံကြောင့် ကောင်းရာဘဝသို့သာ ရောက်ဘို့ရာ

ရှိပါတော့သည်။ ထို့ကြောင့်''နောက်ဘဝရှိ၏''ဟူသော အယူသည် ယခုလည်းကောင်း, နောင်လည်းကောင်းသဖြင့် ၂-ဘက်ကောင်း-ကောင်းသော အယူဖြစ်ရကား စိတ်ထဲ၌ မဆုံးဖြတ်နိုင်လျှင် ''နောက်ဘဝရှိ၏''ဟူသော အယူကို ယူခြင်းသာ မမှားနိုင်သော အယူဖြစ်ပါသည်။

**အမျိုးသား သူတော်ကောင်းများ**

ယခုအခါ ရှေးရှေးဘဝများစွာက ပါရမီဖြည့်ခဲ့ဘူးသော ပညာတတ် သူတော်ကောင်းသည် တရာ တယောက်, တထောင် တယောက်ဆိုသလို ရှိတတ်ပါသေး၏။ ထိုသူသည် ခေတ်အလိုက် ပညာကိုသင်၍ တတ်မြောက်သော်လည်း လူ့ထုံးစံအတိုင်း အိမ်ထောင်ပြုလိုသော စိတ်ဆန္ဒကား နည်းပါးပါလိမ့်မည်။ ထိုကဲ့သို့သော အမျိုးသားကောင်းများရှိလျှင် ဤသာသနာဘောင်သို့ ဝင်၍ အမျိုးဘာသာအကျိုးကို ဆောင်လှည့်ပါလော့။ ဘုရားလက်ထက်တော်မှစ၍ ဤ သာသနာတော်ကို များစွာသော မင်းညီ မင်းသားနှင့် အမျိုးကောင်းသားတို့ ဆောင်လာခဲ့ကြောင်း သိဘို့ရာ သာသနာဝင် အစဉ်အဆက်ကို ရေးသားခဲ့ပါသည်။ ပြန်၍ ကြည့်ကြပါ။ ခေတ်ပညာ တတ်ပြီးသူသည် ဘုရား တရားတော် (ပိဋက) သက်သက်ကိုသာ ဆရာကောင်းနှင့် သင်ပါမူ နှစ်များစွာ မကြာဘဲ အဘိဓမ္မာနှင့် တကွ တတ်မြောက်နိုင်ပါသည်။ ထိုသို့ပိဋကတ် သင်ယူနေစဉ် ဘာသန္တရ သင်လိုသော စာချုပုဂ္ဂိုလ်များကိုလည်း ဣန္ဒြေရရနှင့် မိမိက သင်ပြနိုင်ပါသေးသည်။ မိမိတယောက်က သာသနာ့ကျက်သရေဆောင်နေတာ မြင်လျှင် အလားတူ အမျိုးကောင်းသား လူငယ်များလည်း ''သာသနာ့တာဝန်ကို ဆောင်လျက် ပါရမီဖြည့်ကာ ဤတသက်တာ အချိန်အခါကို ကောင်းသော လွန်ခြင်းဖြင့် လွန်သွားနိုင်သည်''ဟု သဘောပေါက်ကြပါလိမ့်မည်။ ဤနည်းအားဖြင့် သာသနာတော်သည် ခေတ်ပညာတတ်အမျိုးသားတို့၏ ပါရမီဖြည့်၍ ပျော်မွေ့ရာလည်းဖြစ်, ဗုဒ္ဓဘာသာဝင်တို့၏ အားကိုးရာလည်း ဖြစ်နိုင်ပါသည်။

**ပညာတတ် ထက်မြက်သူများ**

ယခုအခါ ခေတ်ပညာလည်းတတ်, စိတ်လည်း ထက်မြက်ကြသော တချို့ လူငယ်များသည် နိုင်ငံကောင်းစားရေးအတွက် စွန့်စားလိုသော ဆန္ဒ ပြင်းပြသည်ကို တွေ့ရ၏။ ''နိုင်ငံကောင်းစားရေး''ဟူသော စကားကို သဘာဝကျကျစဉ်းစားလိုက်လျှင် ချမ်းသာပြီးသူကို မယုတ်လျော့စေဘဲ ဆင်းရဲသူများကို မြှင့်တင်ပေးနိုင်မှသာ

နိုင်ငံကောင်းစားစေရာရောက်သည်။ သို့ဖြစ်လျှင် ''လောကတ္ထစရိယ=လောက အကျိုးကို ကျင့်ခြင်း'' ဟူသော ဘုရားအလောင်းတို့ အကျင့်နှင့် ခပ်ဆင်ဆင် တူရကား ထိုသို့သော နိုင်ငံကောင်းစားရေးကို သာသနာတော် အတွင်း ဝင်၍ မိမိကိုယ်တိုင် ဗုဒ္ဓမြတ်စွာ၏ လမ်းစဉ် ဒေသနာကို သင်ယူရင်း ဆင်းရဲသား ကလေးတွေကို မိမိတတ်ပြီးသော ခေတ်ပညာ သင်ပေးရလျှင် အစစ် အမှန် သဘာဝကျသော နိုင်ငံကောင်းစားရေးကို ပြုကျင့်ရာ ရောက်ပါလိမ့်မည်။

**လူ့ဘဝထက် ဆောင်နိုင်သောဘဝ**

အသင် ခေတ်ပညာတတ် လူငယ်များသည် ဆရာဝန် စသော ခေတ်ပညာကို တတ်ပြီးနောက် အိမ်ထောင် ပြုလိုက်ကြလျှင် ထိုတအိမ်ထောင်အတွက် ကောင်းစား ရေးကိုသာ အားစိုက် ခွန်စိုက် ဆောင်ရပါလိမ့်မည်။ သာသနာတော် ဝင်လာ လိုက်လျှင်ကား မိမိကိုယ်တိုင် ဘုရားဒေသနာတော်မှ ဩဝါဒအသစ်တွေကို ရ၍ ဆင်းရဲသားများအပေါ် ကရုဏာအသစ် ဖြစ်လာပါလိမ့်မည်။ ထိုအခါ မိမိ၏ခေတ်ပညာကို သင်ပေးရလျှင် ထိုကလေးပေါင်း မြောက်မြားစွာသည် ခေတ်ပညာကို အခမဲ့သင်ရ၍ အသက်မွေးမှုပညာကို လွယ်လွယ်နှင့် ရကြပါ လိမ့်မည်။ထိုနောက် ထိုကလေးများသည် အထက်တန်းပညာများကို ဆက်လက် သင်ယူရသောအခါ ကျန်းမာရေး ဆရာကလေး စသည် ဖြစ်၍ ကျေးလက် ရွာပေါင်းများစွာ၏ အားကိုးရာဖြစ်နိုင်ကြပါသည်။ ထို့ကြောင့် ''ရဟန်းဘဝ သည် လူဝတ်ကြောင် ဘဝထက် လောကအကျိုးကို ပို၍ဆောင်နိုင်သောဘဝ'' ဟု စဉ်းစားမိကြပါလျှင် သာသနာတော်တောင် ဝင်၍ ဆင်းရဲသားများကို မြှင့်တင်လှည့်ကြပါလော့။

**အမျိုးသမီး သူတော်ကောင်းများ**

ကဿပ ဘုရားရှင် လက်ထက်တော်၌ ကိကီရှင်ဘုရင်မှာ သမီးတော် ၇-ယောက် ရှိ၏။ သူတို့သည် ဘိက္ခုနီ ပြုလုပ်ခွင့် မရသဖြင့် လူ့ဘောင်၌ပင် ဥပုသ်သီလ ထိန်း၍ အနှစ် ၂-သောင်းမျှ ကောင်းမှု ပြုခဲ့ကြ၏။ ထို ၇-ယောက်လုံးပင် ဤ ဘုရားရှင်လက်ထက်၌ ခေမာ, ဥပ္ပလဝဏ် စသော သူတော်ကောင်း အဖြစ်ဖြင့် တရားထူးရကြပါသည်။ ထို့ကြောင့် ယခုခေတ် အမျိုးသမီးများလည်း မိမိ၏ ရှေးရှေးဘဝက ပါရမီခါတ်ခံပါ-မပါကို ယခုဘဝအနေအထိုင် ဘာသာရေး အလုပ်အကိုင် ကြည့်၍ ခန့်မှန်းရပါလိမ့်မည်။ ဘာသာခြားအမျိုးသမီးများသည်

ပညာပေးသော ဆရာမအဖြစ်၊ ဆရာဝန်မအဖြစ်ဖြင့် သူတို့ဘာသာ၏ တိုးပွါးကြောင်းကို ကြိုးစားနေကြပါသည်။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ အမျိုးသမီးများလည်း တနည်းနည်းဖြင့် ကြိုးစားစေလိုပါသည်။ တရာတယောတ်၊ တထောင်တယောက် ဆိုသလို ထူးခြားသော ခေတ်ပညာလည်းတတ်၊ အများအကျိုးလည်းဆောင်လိုသော အမျိုးသမီးဖြစ်လျှင်ကား ဗုဒ္ဓမြတ်စွာ၏အရိပ်အောက်ဝယ် ပိဋကတ်တော်များကို သင်ပါ။ ထိုသင်ယူနေခိုက်၌ အမျိုးသမီးကလေးများကိုလည်း မိမိက သင်ပြလျက် သူတို့၏ စာရိတ္တကို ပြုပြင်နိုင်ပါသည်။ ပိဋကတ်တရားတော်ပါ တတ်မြောက်သောအခါ ဤနွေ့သိက္ခာရင့်သော အမျိုးသမီးဆရာကြီးအဖြစ်ဖြင့် ပါရမီဖြည့်ကာ အမျိုးသမီးကျောင်းကြီးများကို တည်ထောင်နိုင်ပါသည်။

## ၁၁။ သာသနာပြုဒကာများ သိဘွယ်

**ဂေါပကအဖွဲ့** ကျောင်းတိုက်ဆိုင်ရာ ပစ္စည်းများကို စောင့်ရှောက် ထိန်းသိမ်းသော အဖွဲ့ကို "ဂေါပကအဖွဲ့"ဟု ခေါ်၏။ ထိုဂေါပကအဖွဲ့သည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို ပြုစုရာ၌ သာသနာပြုနည်း နားလည်ဘို့ အရေးကြီးပါသည်။ "နားလည်"ဟူရာ၌ အလှူဒါန ပစ္စည်းများသည် သာသနာ၌ အသုံးဝင်သော ပစ္စည်းဖြစ်အောင် ရွေးချယ်တတ်ဘို့ နားလည်ခြင်း, ငွေနှင့်စပ်၍ အပ်သောနည်း မအပ်သောနည်းတို့ကို နားလည်ခြင်း, တောင်းသာ တောင်းကောင်း မပေးကောင်း စသောပုဂ္ဂိုလ် ၄-မျိုးကို နားလည်ခြင်းများကည်း။ ထိုသို့ နားလည်ပြီးသော ပုဂ္ဂိုလ်များက တာဝန်ယူ၍ နားမလည်သေးသော အလှူရှင်များကို နားလည်အောင် ဟောပြောခြင်း, ဒါနပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း, ဆရာတော် သံဃာတော်များနှင့် တိုင်ပင်၍ လိုသောနေရာဝယ် စည်းကမ်းတကျ သုံးစွဲခြင်းတို့ဖြင့် ဂေါပကအဖွဲ့သည် ကျောင်းတိုက်၏ တိုးတက်မှုကို ရှက်ဆောင်ရာ၌ အရေးပါ အရာရောက်သော အဖွဲ့ဖြစ်ပါသည်။ [ထိုဂေါပကအဖွဲ့ကို ကျောင်းတိုက်နှင့် အရင်းနှီးဆုံး ကျောင်းဒကာများနှင့် အတွင်းက ဝေယျာဝစ္စဆောင်ရွက်မည့် ဒါယကာ ဒါယိကာမများ စုပေါင်း၍ ဖွဲ့ထားသင့်၏။]

**အသုံးဝင်သော ပစ္စည်း** ယခုအခါ တချို့ကျောင်းတိုက်များ၌ လိုသည်ထက် ပိုနေသော နာရီ,ခုတင်,ကုလားထိုင်,ဖျာသင်ဖြူး,ကော်ဇော စသော အသုံးအဆောင်တို့ကို တွေ့ရ၏။ တနှစ်မှတခါ အသုံးဝင်သော ပစ္စည်းများလည်း အများအပြားရှိတတ်၏။ သံဃာမရှိဘဲ ပိုနေသော ကျောင်းများကိုလည်း တွေ့ရ၏။ သာသနာပြု ကျောင်းတိုက်၌ ထိုပစ္စည်းမျိုး မရှိအောင် ဂေါပကအဖွဲ့သည် အမြဲဂရုစိုက်ရလိမ့်မည်။ ဒါနရှင်များကလည်း မိမိပစ္စည်းကို စာသင် စာချမှု, တရားကျင့်မှု၌ အသုံးကျ-မကျကို ကိုယ်တိုင်လည်း စဉ်းစား, ထိုကျောင်း၏ ဂေါပကအဖွဲ့ကိုလည်း မေးမြန်းစုံစမ်းပြီးမှ အသုံးဝင်သော ပစ္စည်းကိုသာ လှူဒါန်းသင့်ကြပါသည်။

**မအပ်သောငွေ** မကိုင်ကောင်း မသုံးစွဲကောင်း မစီမံကောင်းသောကြောင့် "ဘုန်းကြီး ရဟန်း သာမဏေတို့အား ငွေမအပ်"ဟု ပြောစမှတ် ပြုကြသည်။ ထိုသို့ မအပ်ခြင်းမှာလည်း ဘုရားရှင်က ဝိနည်းတော်၌ မကိုင်ဘို့

ရန် မသုံးဘို့ရန် မစီမံဘို့ရန် တားမြစ်ထားသောကြောင့် ဖြစ်သည်။ ချဲ့ဦးအံ့— ရွှေငွေများကို ကိုင်လျှင် "အနာမာသဒုက္ကဋ်" ဟု ပညတ်တော်မူ၏။ [အနာမာသ=မသုံးသပ်ကောင်း မကိုင်ကောင်းပါဘဲ သုံးသပ်ခြင်း ကိုင်ခြင်း ကြောင့် အပြစ်သင့်အပ်သော+ဒုက္ကဋ်=အာပတ်၊ သာမဏေများ ကိုင်လျှင် ဒဏ်ထိုက်၏။ သဲဒဏ် ရေဒဏ်များကို ထမ်းဆောင်ရမည်-ဟူလို။] ငွေကို ကပ္ပိယအထံ မအပ်နှံဘဲ ဘုန်းကြီး ရဟန်း သာမဏေအား တိုက်ရိုက်လှူဒါန်း သည်ကို လက်ဖြင့် (သပိတ်ဖြင့်) ခံယူမှု, နှုတ်ဖြင့် (အင်း-ဟု)ခံယူမှု, လက် နှုတ် မပါဘဲ စိတ်ဖြင့် သဘောကျမှု တခုခုပြုလျှင် နိဿဂ္ဂိယ ပါစိတ်အာပတ်ဟု ပညတ်တော်မူ၏။ [နိဿဂ္ဂိယ=ထိုငွေကို ဝိနည်းထုံးစံအတိုင်း စွန့်ရမည်။ ပါစိတ် အာပတ်လည်း သင့်သည်-ဟု ဆိုလိုသည်။] ငွေကိုင်မှု အပြစ်ထက် လှူသည်ကို လက်ခံမှုအပြစ်က သာ၍ ကြီး၏။ ထိုငွေဖြင့် ဆွမ်းဝယ်လျှင် ကျောင်းဆောက်လျှင် ထိုပစ္စည်းကို သုံးစွဲသူအားလုံး သုံးစွဲတိုင်း သုံးစွဲတိုင်း ဒုက္ကဋ်အာပတ် ထပ်၍ ထပ်၍ သင့်၏။ လူတို့က လှူလို၍ မဟုတ်ဘဲ မိမိက အလှူခံသောကြောင့် လှူသည်ကို လက်ခံသာယာလျှင်လည်း ဤအာပတ်ပင်တည်း။ သို့သော် အလှူခံ မှုကြောင့် ဒုက္ကဋ်အာပတ် တမျိုး တိုးသွားသည်။ ဤသို့ ငွေနှင့်စပ်၍ မအပ် သော နည်းများကို သိထားပြီးလျှင် အပ်သော နည်းကိုလည်း မှတ်သားကြပါ။

**ငွေမှဖြစ်သော ပစ္စည်း**

အလှူဒါနပြုရာ၌ ငွေပါလာလျှင် "ထိုငွေကို ငါ-မသာယာ" ဟု စိတ်က ပယ်ထားပါ။ ထိုငွေကို ကျောင်းသား စသော ကပ္ပိယထံ ရောက်၍ ကပ္ပိယလုပ်သူက (တဆယ်ဖြစ်လျှင်) "တဆယ်တန် အပ်သော ပစ္စည်းကို တောင်းပါ"ဟု လျှောက်လျှင် ခဲတံ စာအုပ် စသော ပစ္စည်းကို တောင်းယူနိုင်၏။ [ "ထိုငွေဖြင့် ခဲတံဝယ်ပေးပါ" စသည်ဖြင့်ကား မစီမံကောင်း။] တစုံတယောက်က ငွေလှူလာလျှင် "ငွေမအပ်" ဟု ပယ်ပါ။ ကပ္ပိယဘယ်မှာလဲဟု လျှောက်၍ ကပ္ပိယထံ အပ်နှံပြီးလျှင်"အလို ရှိသောအခါ အပ်သော ပစ္စည်းကို အလှူခံရစ်ပါ"ဟု လျှောက်လျှင် ထိုကပ္ပိယ ထံ အပ်သော ပစ္စည်းကို တောင်းကောင်း၏။ လှူသူက မလျှောက်ဘဲ ကပ္ပိယက လျှောက်လျှင်လည်း ကပ္ပိယထံ တောင်းကောင်း၏။ "ငွေကို မအပ်ဘူး"ဟု ပယ်သောအခါ အလှူ့ရှင်က ကပ္ပိယထံ မလွှဲတော့ဘဲ "တပည့်တော်ထံ အပ်သော ပစ္စည်းကို အလှူခံပါ"လျှောက်လျှင်လည်း ထိုအလှူ့ရှင်ထံ အပ်သော ပစ္စည်းကို တောင်းယူ ကောင်း၏။ [ကပ္ပိယအထံလွှဲအပ်ရခြင်းသည် အလှူ့ရှင်

နှင့် အလှူခံဘုန်းကြီးတို့က နေရပ်ချင်းမတူသဖြင့် အလိုရှိလျှင် အလှယ်တကူ မရမည် စိုးသောကြောင့် ဖြစ်၏။ တရပ်တည်းဖြစ်လျှင် ''မိမိအထံတောင်းပါ'' ဟု လျှောက်ခြင်းက သာ၍ စိတ်ချရသည်။]

**သာသနပြု သတိ**

ဘုရားရှင်သည် ငွေနှင့်စပ်၍ ဤမျှလောက် တင်းတင်းကြပ်ကြပ် ပညတ်တော်မူထားပါသည်။ သို့ပါလျက် ယခုအခါ အလှူဒကာ တို့သည် ငွေကို ပေါ့ပေါ့ဆဆ လှူလိုက်ကြ၏။ နဂိုက ကပ္ပိယထံအပ်၍ သပ်သပ်ရပ်ရပ် လှူလိုက်စေကာမူ ကပ္ပိယလုပ်သူက မလျှောက်ဘတ်လျှင်လည်း မအပ်ဖြစ်ပြန်၏။ ကပ္ပိယက လျှောက်တတ်စေကာမူ အလှူခံပုဂ္ဂိုလ်က ''ထိုငွေကို မည်သည့်နေရာထားလိုက်''ဟုရင်း၊ ''ထိုငွေဖြင့် မည်သည့်ပစ္စည်းကို ဝယ်ပေးစမ်း''ဟုရင်း စီမံလျှင်လည်း မအပ်ဖြစ်ပြန်၏။ သာ၍ သနားဘွယ်ကောင်းသည်ကား—မိဘတို့သည် သားရဟန်းသားကိုရင် စာသင်သွားရာ၌ ဆင်းရဲမည်စိုး၍ သား၏သေတ္တာထဲမှာ ငွေထည့်လိုက်ရာ၏။ ဘုန်းကြီး၏ ဘခမည်းတော်သည်ပင် ဘုန်းကြီးသေတ္တာထဲ၌ စာသင်သွားစဉ်က ထည့်လိုက်ရှာပါသေးသည်။ ဤနေရာက နေ၍ မိမိ၏ ဘခမည်းတော်အား မိမိ၏ သာသနာ့ပြုပါရမီကို အမျှပေးပါသည်။

**ငွေသည် အဆိပ်**

ထိုသို့ သေတ္တာထဲ၌ ထည့်လိုက်သည်က စ၍ ထိုငွေသည် အဆိပ်ပမာ လောင်ပါတော့၏။ ထိုငွေဖြင့် ဆွမ်းဝယ်စားလျှင် အဆိပ်ကိုပင် စားရခြင်း ဖြစ်တော့၏။ ဘယ့်နှယ်လဲ မိဘ…ချစ်လှစွာသော သားကို အဆိပ်ခတ်၍ သတ်ရာမရောက်ပါလော။ ထိုမျှလောက်အပြစ်များသောကြောင့်ပင် ငွေ အလှူခံမှုကို အကြောင်းပြု၍ ဒုတိယသံဂါယနာတင်ရသည်အထိ ရှေးရှေးက ရဟန္တာများ ကြောင့်ကြများတော်မူခဲ့ကြပါသည်။ [အနာဂတ်သာသနာရေးစာအုပ်၌ ဒုတိယ သံဂါယနာတင်ခန်းကို ပြန်၍ကြည့်ပါ။] ထို့ကြောင့် သာသနာ့ဝန်ဆောင်တိုက်ကြီး တည်၍ အနာဂတ် သာသနာပြုလိုသော ဒါယကာ, ဒါယိကာမတို့သည် မိမိတို့လည်း သာသနာပြုနည်းကို နားလည်အောင်, ကျောင်းတိုက်၏ ဂေါပကအဖွဲ့ကိုလည်း နားလည်သူများ စုပေါင်း၍ ဖွဲ့သားနိုင်အောင် ကြိုးစားမှသာ ဘုရားအလိုတော်ကျသော သာသနာပြုဖြစ်နိုင်မည့်အကြောင်းကို ကောင်းကောင်း သတိပြုကြပါလော။

**ပုဂ္ဂိုလ် ၄-မျိုး** သာသနာပြုမည့်ဆရာ ဒကာတို့ မှချသိသင့်သော ပုဂ္ဂိုလ်၄-မျိုး ရှိသေး၏။ (၁) ပေးသာ ပေးကောင်း မတောင်းကောင်း၊ (၂) တောင်းသာ တောင်းကောင်း မပေးကောင်း၊ (၃) ပေးလည်းပေး ကောင်း တောင်းလည်း တောင်းကောင်း၊ (၄) ပေးလည်း မပေးကောင်း တောင်းလည်း မတောင်းကောင်း—ဤသို့ ဆရာဒကာ ၂-ဘက်လုံး သတိထား ရမည့် ဒကာ ဒကာမ အမျိုးအစား ၄-မျိုးရှိသည်။ ထို ၄-မျိုးတွင်—

**ပေးသာပေးကောင်း မတောင်းကောင်း** ရဟန်းများက ထမင်း ဆေး စသည်ကို ပေးသာ ပေး ကောင်း၍ သူတို့အထံ မတောင်းကောင်းသော ဒကာ ဒကာမ တမျိုးရှိ၏။ ထိုသူမျိုးကား — ဖုန်းတောင်း ယာစကာ အဖြစ်ဖြင့် တောင်းရမ်းလာသူ, ရှင်လောင်း,မိမိအခိုင်းအစေ ကျောင်း သား, ညှော်သည် အာဂန္တုအဖြစ်ဖြင့် စားနပ်ရိက္ခာမပါဘဲ ကျောင်းသို့ ခေတ္တ ရောက်လာသူ, ဒမြသူပုန်နှင့် အစိုးရတို့တည်း။ သူတို့အား ကျောင်းရောက် လာသောအခါ မိမိပိုင် ဆွမ်းစသည်ကို ပေးကောင်း၏။ ကျန်းမာလျှင် ဆေးပေးကောင်း၏။ သူပုန် ဒမြတို့မှာ ဘေးဒဏ္ဍာရာယ် ပြုတတ်သောကြောင့် သံဃာပိုင် ပစ္စည်းကိုပင် ပေးကောင်း၏။ ထိုသို့ပေးရာ၌ "ငါက ပေးလျှင် သူကပြန်၍ ပစ္စည်းလှူလိမ့်မည်" ဟူသော မြှော်လင့်ချက်ကား မရှိစေရ။ ထိုသူတို့ထံ၌ သူတို့ပိုင်ပစ္စည်းကို(အယုတ်သာဖြင့် ရေကိုမျှ)မတောင်းကောင်းပါ။ ဤစကားကို ကြည့်၍ အရပ်ထဲမှ ခေတ္တမျှ ကျောင်းလာသူအား ဆွမ်းစသည်ကို မပေးကောင်း။ လူတချို့က ကျောင်းမှာရှိသော သစ်သီး ပန်းစသည်ကို လာ၍ တောင်းတတ်ကြ၏။ လူမမာအတွက် ခေတ်စာဖြစ်လျှင်သာ အနည်း ငယ် ပေးကောင်း၏။ ခေတ်စာမဟုတ်လျှင် မပေးကောင်း။ မပေး လျှင် ကျောင်းကို ရန်ရှာမည့် သူကိုကား ခိုးသားဒမြလို သဘောထား၍ ပေးရ ပေလိမ့်မည်။ [တတိယ ပါရာဇိကနှင့် ကုလဒူသန သိက္ခာပုဒ်များ၏ အဋ္ဌကထာ ကို မှီး၍ ရေးသည်။]

**တောင်းသာတောင်းကောင်း မပေးကောင်း** တောင်းသာတောင်းကောင်း၍ မပေး ကောင်းသော ဒကာ ဒကာမတမျိုး လည်း ရှိသေး၏။ ထိုသူမျိုးကား— ဆွေမျိုး တော်စပ်သူ, ဆွေမျိုးမတော်သော်လည်း "အလိုရှိရာ တောင်းပါ" ဟု ဖိတ်မံထားသူတည်း။ ထိုသူတို့အထံ၌ ရဟန်းတို့နှင့် အပ်စပ်သော ဆွမ်း

စံသော ပစ္စည်းကို တောင်းကောင်း၏။ ရဟန်းက ထမင်းစသည်ကို မပေးကောင်း။ [ဆွေမျိုးတော်သူသည် မကျန်းမာလျှင် သူတို့မှာလည်း ဆေးမရှိလျှင် မိမိရှိသော ဆေးကို ပေးကောင်း၏။ ဆွေမျိုးမတော်ဘဲ ဖိတ်မံထားသူကား ကျောင်းအနီးမှာနေ၍ မိမိကို ပြုစုနေသူဖြစ်လျှင်သာ ဝေယျာဝစ္စပြုသူဖြစ်၍ ဆွမ်းဆေး စသည်ကို ပေးကောင်း၏။ အိမ်မှာနေလျှင် ဘာမျှမပေးကောင်း။ အိမ်မှာ နေခိုက် မကျန်းမာသော်လည်း ဆေးမပေးကောင်း။ ဆေးနည်းကိုမျှ တိုက်ရိုက် မပြောကောင်း။] ဤစကားကို ကြည့်၍ ဆွေမျိုးမတော်သော ဒကာ ဒကာမတို့အား ရင်းနှီးကြည်ညိုရုံ, ကျောင်းဒကာကျောင်းအမ ရဟန်းဒကာ ရှင့်အမ ဖြစ်နေရုံမျှဖြင့် ဘာမျှ မတောင်းကောင်းကြောင်း, "ကျောင်းဆောက်လိုက်ပါ၊ ရဟန်းဒကာ ရှင့်ဒကာလုပ်ပါ"ဟုလည်း မခိုင်းကောင်းကြောင်း သတိပြုပါ။မတောင်းဘဲလည်း ယူသည်ကို ကျေနပ်မည့်သူဖြစ်လျှင်ကား "ဝိဿာသဂ္ဂါဟ"ခေါ် အကျွမ်းဝင်သောနည်းဖြင့် ကိုယ်တိုင်လည်း ယူကောင်း, တစုံတယောက်ကို "ယူချေမင်း"ဟုလည်း ခိုင်းကောင်းပါသည်။

**ပေးလည်းပေး တောင်းလည်းတောင်း**

ပေးလည်း ပေးကောင်း, တောင်းလည်း တောင်းကောင်းသော ဒကာ ဒကာမ တမျိုးလည်း ရှိ၏။ ထိုသူမျိုးကား မိဘတည်း။ [မိမိတို့ ရဟန်းသာမဏေ အချင်းချင်းလည်း ပေးကောင်း တောင်းကောင်း၏။] မိဘတို့သည် သားရဟန်းအထံမှ ဘာပစ္စည်းမဆို (သားရဟန်းပိုင် မှန်လျှင်) တောင်းကောင်း၏။ သားရဟန်းကလည်း ပေးကောင်း၏။ သို့သော် သာသနာတော်နှင့် ဆိုင်ရာဝယ် အလွန်ရင်းနှီးသော သာသန ဒါယာဒ (သာသနာ့ဆွေမျိုး ဖြစ်နေကြသော) မယ်တော် ဖေည်းတော်တို့သည် မိမိမှာ စားရေး သောက်ရေး ပြည့်စုံနေပါလျှင် မိမိကသာ လှူဘို့သင့်၏။ အခြားသူတို့က သဒ္ဓါတရားဖြင့် လှူထားသော ပစ္စည်းကို မတတ်သာလှမှ ယူသင့်၏။ သား ရဟန်း က လည်း အခြားသူတို့က သဒ္ဓါတရားဖြင့် လှူထားသော ပစ္စည်းကို မိဘပင်ဖြစ်သော်လည်း စားရုံ သောက်ရုံထက် ပို၍ စီးပွါးဖြစ် မပေးသင့်ပါ။

**မပေးကောင်း မတောင်းကောင်း**

ပေးလည်း မပေးကောင်း, တောင်းလည်း မတောင်းကောင်းသော ဒကာမ တမျိုးရှိ၏။ ထိုသူကား— ဆွေမျိုးလည်းမတော် ဖိတ်မံထားသူလည်း မဟုတ်, သူတောင်းစားလည်း မဟုတ်, ရိက္ခာမပါဘဲ ကျောင်းသို့ ရောက်လာသော

ငြည့်သည်, သူခိုးဒမြ အစိုးရသူလည်း မဟုတ်သော ရိုးရိုးဒကာ ဒကာမ တည်း။ ထို့ကြောင့် ထိုကဲ့သို့ ဒကာဒကာမတို့ထံမှ တစုံတရာအပ်သောပစ္စည်း ကို အလိုရှိပါလျှင် ဆွမ်းရပ်သကဲ့သို့ သူတို့အနီးသို့ (အိမ်သို့) သွားရပ်ရ သည်။ "ဘာအလိုရှိပါသတုန်း"ဟု မေးမှ အလိုရှိတာကို ပြောနိုင်သည်။ "မတတ်နိုင်သေးပါဟု လျှောက်လျှင် ထပ်၍ တရားစကား ပြောမနေရ။ တရားစကားပြောမှုရလျှင် ထိုပစ္စည်း မအပ်တော့။ [ဤစကားကို ကြည့်၍ "ယခုခေတ် အချို့ကိုယ်တော်များသည် အိမ်ပေါ်တက်ထိုင်၍ရှင်း၊ ကျောင်း သို့ ရောက်လာသောအခါ၌ရှင်း "ဘာလှူပါ, ညာလှူပါ"ဟု အလှူခံကြ ခြင်းကား ဝိနည်းတော်နှင့် မညီ။ ထိုသို့ပြော၍ လှူအပ်သော ပစ္စည်းသည် ရဟန်းသာမဏေအားလုံးပင် မသုံးစွဲအပ်"ဟု မှတ်ပါ။]

**ဘုန်းကံရှိသူမှ**
**သာသနာပြုနိုင်**

ဘုရားလက်ထက်တော်မှစ၍ သာသနာ ပြုကြသော ဆရာဒကာတို့သည် ဘုန်းထူး ကံထူးပါလာကြသူများ ချည်းဖြစ်ကြ၏။ အရှင်မဟာကဿပ, အရှင်မဟာယသ, အရှင်မဟာမောဂ္ဂလိပုတ္တတိဿ, အရှင်မဟိန္ဒနှင့် အရှင်အရဟံ စသော ရှေးရှေး မထေရ်ကြီးများ, မင်းတုန်းမင်း လက်ထက်တိုင်အောင် ဆရာတော်ကြီးများ သည် သာသနာပြုဘို့ရန် ဘုန်းထူးပါရှိသော ပုဂ္ဂိုလ်များချည်း ဖြစ်ကြပါ သည်။ ဗိမ္ဗိသာရ, အနာထပိဏ်, ဝိသာခါ, အသောက မဟာရာဇာ, ဒေဝါနံ- ပိယတိဿ, ဒုဋ္ဌဂါမဏိ, အနော်ရထာ, မင်းတုန်းမင်း စသော သာသနာပြု ဒါယကာ ဒါယိကာမတို့လည်း ဘုန်းထူး ကံထူးပါလာသူများပင် ဖြစ်ကြ ပေသည်။

မှန်၏—သာသနာပြုခြင်း ကိစ္စသည် ပစ္စည်းဥစ္စာ ပြည့်စုံရုံ, တန်ခိုးအာဏာ ရှိရုံဖြင့် ပြီးနိုင်သော ကိစ္စမဟုတ်ပါ။ ပစ္စည်းဥစ္စာလည်း ပြည့်စုံ, သဒ္ဓါတရား လည်းပြည့်စုံ, သာသနာတိုးတက်စေလိုသော ဆန္ဒနှင့် ဆရာဘက်၌ သီလ သမာဓိ ပညာ ဤအားလုံးစုံသည့်ပြင် သာသနာပြုနိုင်လောက်သော ရှေးဘုန်း ရှေးကံလည်း ပါရှိဦးမှ အထမြောက်နိုင်သော ကိစ္စဖြစ်ပါသည်။ ထို့ကြောင့် "မိမိတို့မှာ ရှေးဘုန်းရှေးကံ မည်မျှလောက် ပါရှိသည်"ဟု ခန့်မှန်းဘို့ရန် သာသနာပြုကိစ္စဘည်းဟူသော မှတ်ကျောက်ဘွင် မှတ်တင်၍ ကြည့်ကြပါ လော့။ သာသနာပြုကိစ္စ အထမြောက်လျှင်လည်း မိမိကိုယ်ကို ပါရမီပါလာ သော ပုဂ္ဂိုလ်ဟု ဝမ်းမြောက်ပါလော့။

## ၁၂။ သံဃာတော်များအား လျှောက်ထားခန်း

**သာသနာကို အထင်မကြီးပါ**

ရှေးမြန်မာမင်းများလက်ထက်က သာသနာကို အထင်ကြီးကြသော်လည်း ယခုကား အထင်မကြီးတော့ပါ။ တနည်းအားဖြင့် ရဟန်း သာမဏေ များမှာ ဂုဏ်မရှိတော့ပါ။ ဘာ့ကြောင့် ထိုသို့ ရှေးနှင့် ယခု ကွဲပြားရသနည်း— မြန်မာမင်းများခေတ်ဝယ် ဘုန်းတော်ကြီးများ၏ အရိပ်အာဝါသ၌ ဘုန်းတော်ကြီးများ အထံမှ လူရာဝင်အောင် ပညာသင်ကြရ၏။ ရပ်ရွာ လူကြီးလူကောင်း ဓနရှင် ဟူသမျှ ဘုန်းကြီးကျောင်းထွက်များချည်း ဖြစ်ကြ၏။ နေပြည်တော် မှူးကြီးမတ်ကြီးများနှင့်တကွ ရှင်ဘုရင့်သားတော် (ရှင်ဘုရင်ပါ) ဘုန်းကြီး ကျောင်းသား ဖြစ်ကြ၏။ ယခုခေတ်ကား ကျေးရွာအမတ်တွေပင် ဘုန်းကြီးကျောင်းထွက် မဟုတ်သူက များ၏။ ဝန်ကြီးဝန်ကလေးဆိုသူတို့မှာ သာ၍ ဘုန်းကြီးကျောင်းနှင့် ဝေးခဲ့ပေလိမ့်မည်။ ထို့ကြောင့် ရဟန်းသာမဏေများကို အထင်မကြီးနိုင်ကြရုံမက ရှိနေသေးသော ကျောင်းသား အကြွင်းအကျန်ကလေးများကိုပင် ''ဘုန်းကြီး ကျောင်းသား သူတောင်းစား''ဟု အဆိုခံနေရပြီ မဟုတ်ပါလော။ [အနာဂတ်သာသနာရေး စာအုပ်၌လည်း အထင်သေးခံရပုံကို အကျယ်ပြခဲ့ပါပြီ။]

**သာသနာကို မြှင့်တင်ကြပါ**

သာသနာနှင့်ဆိုင်ရာ ကျောင်းသား သူငယ် သာမဏေ ရဟန်းတော်များ၏ အရည်အချင်းမြင့်လာအောင် ကြိုးစားခြင်းသည် သာသနာတော်ကို မြှင့်တင်ရာ ရောက်ပါသည်။ ထို့ကြောင့် ရွာသားကလေးများ အပေါ်၌ ဆရာလုပ်မည့် ပုဂ္ဂိုလ်တိုင်း မြင့်နေဘို့က ပဌမလိုပါသည်။ ''မြင့်'' ဆိုသည်မှာ ''ပါသာဒိကေန သမ္ပာဒေထ''ဟု ဥပဇ္ဈာယ် ဆရာက မိန့်တော်မူသည့် အတိုင်း မိမိတို့ ရဟန်း သံဃာချင်းနှင့် လူဒါယကာ-ဒါယိကာမ တို့၏ ကြည်ညိုဘွယ်ကို ဆောင်နိုင်သော ကိုယ်နှုတ်စိတ်များပင်တည်း။ ထို့ကြောင့် ကိုယ် အနေအထား အသွားအလာ ဝတ်ပုံ စားပုံ နေပုံ ထိုင်ပုံ ပြောပုံ ဆိုပုံနှင့်တကွ ယဉ်ကျေးသော စကားအသုံးအနှုန်း, စိတ်နေ စိတ်ထား ကောင်းစွာ ထားမှု အစုစုကို ပဌမဆုံး ပြုပြင်ရပါလိမ့်မည်။ ထိုသို့ ပြုပြင်ရင်းပင် ကလေး သူငယ်များကို လူရာဝင်စေနိုင်သော အတတ်ပညာများကို ပိဋကတ်ကျမ်းစာနှင့် အတူ သင်ယူကြရပါမည်။ ထိုသို့ ဆရာလုပ်မည့် ပုဂ္ဂိုလ်က မြင့်ပြီးမှသာ မိမိ၏ တပည့် သူငယ်များကို အဆင့်အတန်း

မြင့်အောင် သင်ပြပေးနိုင်ပါလိမ့်မည်။ ဤသို့ မိမိလည်း မြင့်အောင်, မိမိ၏ ရပ်ရွာ သူငယ်များနှင့် ရပ်သူရွာသားတို့လည်း မြင့်အောင် ပို့ပြင်သင်ပြခြင်းသည် သာသနာတော်ကို လေးစားစေနိုင်သော နည်းဖြစ်၍ သာသနာတော်ကို မြှင့်တင်ရာ ရောက်ပါသည်။

**ကျောင်းတိုက်များ** ထိုပြခဲ့သည့်အတိုင်း စနစ်တကျ သင်ပြသော ကျောင်းတိုက်ကြီးတွေ လိုနေပါသည်၊ ထိုကျောင်းတိုက်မျိုးဖြစ်ဘို့ရန် လက်ရှိ ကျောင်းတိုက်များကို ပြုပြင်နိုင်လျှင် စရိတ်ကုန် သက်သာဘွယ် ရှိပါသည်။ မပြုပြင်နိုင်လျှင်လည်း အသစ် တီထွင် သင့်ပါသည်။ ထိုသို့အများအပြားမဖြစ်နိုင်သေးမီ အထက်နိုင်ငံနှင့်အောက်နိုင်ငံအတွက် စည်းကမ်းတကျ သင်ပြဘို့ရန် သာသနာ့ဝန်ဆောင် ကျောင်းတိုက် ၂-တိုက်မျှ ပဌမဆုံးစတည်ထိုက်ပါသည်။ ထိုကျောင်းတိုက်ကြီးများ၌ အသားကျအောင် သင်ယူပြီးသော အခါ မိမိ နေရာသို့ ပြန်၍ ကျေးရွာ၏ အားကိုးရာ သာသနာမြှင့်ပေးနိုင်သော ကျောင်း, ကျောင်းတိုက်ဖြစ်အောင် ကိုယ်စီကိုယ်ငှ ကြိုးစားကြလျှင် ၁၀-နှစ်လောက်အတွင်းမှာ သာသနာရေး ဘာသာရေး တမျိုးတဖုံပြောင်းလဲသွားစရာ ရှိပါသည်။ ထိုသို့ ပြောင်းလဲအောင် ကြိုးစားနိုင်မှလည်း ဗုဒ္ဓမြတ်စွာ၏ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းရာ ရောက်ပါလိမ့်မည်။ [ဤသို့ မပြုပြင်နိုင်လျှင်ကား အနာဂတ်ဆယ်နှစ်အတွင်းမှာ သာသနာ့ အခြေအနေ ယခုထက်ပင် နိမ့်ကျသွားစရာ ရှိပါတော့သည်။]

**နှစ်တိုနှစ်ရှည် စီမံကိန်း** ဝန်ဆောင်ကျောင်းတိုက်ကြီး တည်ပြီးသောအခါ ထိုကျောင်းတိုက်၌ "နှစ်တိုသင်နည်း, နှစ်ရှည်သင်နည်း" ဟု ၂-မျိုးထားဘို့ လိုပါလိမ့်မည်။ "နှစ်တိုသင်နည်း" ဟူသည်ကား ကျေးရွာကျောင်းများမှ ရွေးချယ်၍လွှတ်လိုက်သော၊ သို့မဟုတ် မိမိဘာသာ ရွာသားတို့ကို မြှင့်တင်ဘို့ရန် ဆန္ဒရှိသော လက်ရှိ ကျောင်းဘုန်းကြီးငယ်ငယ်ဖြစ်စေ၊ ဘုန်းတော်ကြီးမှ အထူးစေလွှတ်လိုက်သော တပည့် ရဟန်းတော်ဖြစ်စေ ရောက်လာသောအခါ နှစ်တိုသင်နည်းဖြင့် ကလေးများသင်ပြရန် စာနှင့် တကွ ကိုယ်နှုတ် စိတ်များကို အထူးပြုပြင်သော သင်နည်း ဖြစ်ပါသည်။ "နှစ်ရှည် သင်နည်း"ဟူသည် သာမဏေငယ်ဘဝမှစ၍ တနှစ်တတန်းတက်နည်းဖြင့် ပိဋကဋ္ဌတ်သင်ရင်း ဂဏန်းသင်္ချာ စသော (နေ့ခင်းခါ ကလေးများသင်ပြရန်) စာများကို

သင်ပေးခြင်း ဖြစ်ပါသည်။ နှစ်တိုသင်နည်း၌ ၆-လ၊ သို့မဟုတ် ၁-နှစ်, ၂-နှစ်ခန့် သင်ရလျှင် မူလတန်းလောက်ကို ပြနိုင်စရာရှိပါသည်။ နှစ်ရှည် သင်နည်း၌ကား ယခုခေတ်သင်နည်းကွင် တနှစ်တတန်း မှန်မှန်တက်ခြင်း, ကလေးများသင်ပြတ္တိ ဘာသာရပ်များ ပါဝင်စေခြင်းသာ ထူးပါမည်။

**စိမံကိန်း ၂-မျိုး၏ အကျိုးရ**

နှစ်တိုစီမံကိန်း အထမြောက်ပါမူ ကျေးရွာ ကျောင်းများ၌ ဘုန်းကြီးကျောင်းသားမရှိသေးလျှင် ရှိလာစေခြင်း၊ နဂိုရှိပြီးကိုလည်း မြန်မြန် ပြုပြင် သင်ပြရခြင်း အကျိုးရနိုင်ပါသည်။ နှစ်ရှည်စီမံကိန်းကား ယခု သင်နည်းကို တိုးတက် စည်းကမ်းကျစေခြင်းသာဖြစ်၍ ဆရာလုံလောက်ပါမူ အထမြောက်စရာ မရှိပါ။ အထမြောက်လျှင်လည်း တန်းကုန်အောင် မလိုက်နိုင်သော ပုဂ္ဂိုလ်များသည် ကျေးရွာ မြို့ငယ်၌ ဘုန်းတော်ကြီးများ အဖြစ်ဖြင့် အမျိုးဘာသာ သာသနာ့ဝန်ကို ဆောင်နိုင်ပါသည်။ တန်းကုန်လိုက်နိုင်သောပုဂ္ဂိုလ်များသည် သာသနာ့ဝန်ကို စာပေပရိယတ်ဖြင့်ဖြစ်စေ၊ စာပေပရိယတ်ဖြင့် ထမ်းဆောင်လျှင်လည်း မိမိတို့နေရာ မြို့နယ်တွင် အမျိုးဘာသာ သာသနာ တိုးတက်စေနိုင်မည့် ကျောင်းများ ဖြစ်အောင် ကျောင်းဟောင်း တိုက်ဟောင်းများကို ပြုပြင်၍ ဖြစ်စေ၊ ကျောင်းသစ်တိုက်သစ်တည်၍ဖြစ်စေ ရွက်ဆောင်နိုင်ပါသည်။ အကျင့်ပဋိပတ်ဖြင့် ထမ်းဆောင်ပါမူ တပါတည်းနေ၍ (ရပ်ရွာ၏သုခဒုက္ခကိုလျစ်လျူရှုကာ) အေးဆေးစွာနေနိုင်ပါသည်။ သို့မဟုတ် မဟာဂန္ဓာရုံ ဆရာတော်များခေတ်ကကဲ့သို့ ပဋိပတ် ရဟန်းတော်များချည်းသက်သက် (လူတို့နှင့် မရောယှက်ဘဲ) အေးဆေးစွာနေနိုင်ပါသည်။ ထိုကမ္မဋ္ဌာန်းကျောင်းတိုက်၌ လူဝတ်ကြောင်တို့ကား ခေတ္တ ခဏ တရားယူ၍ သင့်တော်သော နေရာ၌ သီးခြားနေသင့်ကြပါသည်။

**ဖြစ်နိုင်ပါ့မလား**

ယခု ညွှန်ပြခဲ့သော အစီအစဉ်ကို လူရှင်အများက "ဖြစ်နိုင်ပါ့မလား" ဟု မေးစရာရှိပါသည်။ အဖြေမှန်ကတော့ "ဒကာ ဒကာမတို့ ဘက်က သာသနာ့ပြုလိုသော ဆန္ဒ, ရဟန်း သံဃာတော်များ ဘက်က သာသနာ့ တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းလိုသော ဆန္ဒ မရှိကြလျှင် အများထင်သည့်အတိုင်း ယခု ညွှန်ပြခဲ့သော အစီအစဉ်များ ဖြစ်နိုင်စရာ မရှိပါ။ ၂-ဘက်လုံး ဆန္ဒတက်သန်မှသာ ဖြစ်နိုင်စရာရှိပါသည်။

မိမိသည် လွတ်လပ်ရေး ရတော့မည်''ဟု ကြွေးကြော်နေတုန်း အချိန်ကပင် ''လွတ်လပ်ရေး ရလျှင် တိုင်းပြည်ခေါင်းဆောင်များ အကူအညီဖြင့် သာသနာရေးကို တိုင်းပြည် အကျိုးရှိအောင် သံဃာတော်များက ပြုပြင်မှ တော်မည်'' ဟု ကြံစည်ကာ ''အနာဂတ် သာသနာရေး''ကျမ်းစာကို ရေးသားခဲ့ပါသည်။ ထို့နောက် လွတ်လပ်ရေး ရသောအခါ တိုင်းပြည်က ပြုပြင်ရေး အလုပ်ကို လုပ်ရမည့်အစား ဖျက်ဆီးရေး အလုပ်ကို ကြိုးစား ကြသောကြောင့် ''မိမိ စီစဉ်သော သာသနာရေးအလုပ်ကို မိမိပင် အားထုတ်မည်။ အားထုတ်၍ မဖြစ်လျှင် စာရေး၍ အေးအေးနေမည်''ဟု အဓိဋ္ဌာန် ပြုကာ မိမိနေရာဌာနကို ပြုပြင်ခဲ့ပါသည်။ ပြုပြင်သလောက်လည်း ခေတ်အလိုက် ကျေနပ်သူ တွေ အတော်များလာသောကြောင့် ဤနည်းအတိုင်းသာ များစွာသော ဆရာဒကာတို့ ပြုပြင်ကြလျှင် ရဟန်း ရှင် လူ သူတော်ကောင်း အများ၏ အားပေးမှုဖြင့် အရပ်တိုင်းမှာလည်း အရေးပါ၍ အရာရောက်သော သာသနာဖြစ်လောက် စရာရှိသည်ဟု ယူဆလျက် တိုးတက်၍ ပြုပြင်ရေးကို အများအတွက် စိတ်ဝင် စားခဲ့ပါသည်။

## မိမိကျောင်းတိုက် ပြုပြင်ပုံ

၁။ မိမိ၏ ကျောင်းတိုက်ဝယ် ဆရာ မိဘ စသော ရင်းရင်းနှီးနှီး ပုဂ္ဂိုလ်တို့က လိုက်ပို့ အပ်နှံသူကိုသာ၊ သို့မဟုတ် ကျောင်းတွင်း၌ နဂိုက သိပြီးသော အာမခံရှိသူကိုသာ လက်ခံပါသည်။ အများအားဖြင့် ပြောဆို ပြုပြင်၍ ရလောက်သော သာမဏေငယ်များကိုသာ လွယ်လွယ်ကူကူ လက်ခံပါသည်။

၂။ ထိုပုဂ္ဂိုလ်၏ သပိတ်သင်္ကန်းစသော အသုံး အဆောင်များကို ဝိနည်းတော်နှင့်အညီဖြစ်အောင် သာမန်မျှသာ ရှေးက သတိပေးခဲ့သော်လည်း တိုးချဲ့ ပြုပြင်လိုသော ယခုအချိန်မှာ (ဂဏန်းသင်္ချာဘာသန္တရတို့ကို တွဲဖက်သင်ရမည် ဖြစ်သောကြောင့်) သာ၍ တင်းကြပ်စွာ စီစစ်နေပါသည်။ [ဝိနည်းနှင့် မအပ်အောင် ကိုယ်တိုင်ဝယ်လာသော ပစ္စည်း တခုသည် ကိုင်တိုင်း ကိုင်တိုင်း အာပတ်တခုထပ်၍ သင့်စေပါသည်။]

၃။ အာမခံပုဂ္ဂိုလ်သည် ရောက်ခါစ ပုဂ္ဂိုလ်၏ သင်္ကန်းကို အရောင်ရင့်အောင် ဆိုးပေးရပါသည်။ သင်္ကန်းဝတ်ပုံ, စားပုံ, ဆရာသမား

ဆည်းကပ်ပုံ, ကိုယ့်ထက်ကြီးသူကို ရိုသေလေးစားရပုံ, စကားပြောပုံ, သင်္ကန်းရုံပုံ, ဆွမ်းခံသွားပုံ, စားအိပ်ပုံနှင့်တကွ အယုတ်ဆုံး ကုဋီတက်ပုံကိုပါ တာဝန်ယူ၍ သင်ပြရပါသည်။ [ဤတိုက်၌ ကုဋီ(ကျင်ကြီးအိမ်) ဝယ် ကနုတ်ခေါ် တုတ်တံမရှိပါ။ ဆပ်ပြာနှင့်ရေကိုသာ များများသုံးရပါသည်။]

၄။ အာမခံပုဂ္ဂိုလ်သည် မိမိတာဝန်ရှိသူ၏ ကျန်းမာရေးနှင့် စာသင်ရေးကို အထူးတာဝန်ယူရပါသည်။ [မိမိချပေးနိုင်လျှင် ချပေး၍ မချနိုင်လျှင် ချပေးမည့် ပုဂ္ဂိုလ်အထံ လိုလ်နာဘို့ ညွှန်ပြသောအားဖြင့် စာသင်မှုကို တာဝန်ယူရပါသည်။]

၅။ ခရီးသွားသောအခါ သင်္ကန်းရုံဘို့, သပိတ် ယူသွားဘို့, ငွေမကိုင်ဘို့ သတိပေးပါသည်။ သို့သော် ပင်ကိုယ် သဒ္ဓါတရားကောင်းသူ တချို့သာ သတိပေးတိုင်း ပြုကျင့်၍ သဒ္ဓါတရားနည်းသော စာသင်သားတို့ကား မျက်ကွယ်ရောက်လျှင် ထိုအတိုင်း မပြုကျင့်ကြပါ။

၆။ ပွဲကြည့်ခြင်း, ကျောင်းတွင်း၌ရင်း၊ ကပ္ပိယရနိုင်ပါလျက် ကျောင်းပြင်၌ရင်း ငွေကိုင်ခြင်းသည် တိုက်မှ နှင်ထုတ်နိုင်သော အပြစ်များ ဖြစ်ပါသည်။ [တရံတခါ ကပ္ပိယ မရနိုင်၍ ခရီးသွားရင်း ငွေကိုင်ခြင်းကို ဝိနည်းက ပညတ်ထားသော်လည်း နှင်၍ မထုတ်နိုင်သည်မှာ ငွေမကိုင်သော ပုဂ္ဂိုလ်က နည်းပါးသေးခြင်းကြောင့် ဖြစ်၏။]

၇။ မိမိ၏အိပ်ရာနေရာ အဝတ်သင်္ကန်းများကို သန့်ရှင်းစွာထား၍ မိမိတို့နေရာကျောင်း၏ အနီးဥပစာကိုလည်း ထိုက်ဘန်သမျှ သန့်ရှင်းစေရပါသည်။ ဥပုသ်နေ့မတိုင်မီ အဖိတ်နေ့၌ မိမိနေရာကျောင်းကို အထူးသန့်ရှင်းစေ၍ ဥပုသ်နေ့၌ နံနက်ဆွမ်းစားအပြီးတွင် (ဆောင်းအခါမဟုတ်လျှင်) တတိုက်လုံး ရေဖျန်း၍ တံမြက်လှည်းရပါသည်။

၈။ ညဥ့်အခါ နေဝင်သာသာအချိန်၌ ဘုရားဝတ်တက်ကြပါသည်။ (ဘုရားရှေ့တော်၌ ဘုရားရှိခိုး, သုတ္တန် ပါဠိတော်, ပါတိမောက်, ပရိတ် စသည်ကို အလှည့်ကျ ရွတ်ခြင်းကို ဆိုသည်။) ထို့နောက် စာပြန်ကြ, ညဝါချတန်ချကြသည်။ ၈-နာရီခွဲလောက် အချိန်၌ တုံးကလေးခေါက်၍ စာအံတိတ်စေပြီးလျှင် ပစ္စဝေက္ခဏာဆင်ခြင်မှု, မေတ္တာပွါးမှု, ဗုဒ္ဓါ

နုဿတိပွါးမှု စသော အလိုရှိရာ ပွါးမှုကို နာရီဝက်ခန့် ပြုကြရပါသည်။ [သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်များ မှန်မှန်ပြုကြ၍ အချောင်သမားတို့လည်း ပြုကြမည်မဟုတ်ပါ။ သို့ရာတွင် စကားမပြောရ, တိတ်ဆိတ်စွာ နေကြရပါသည်။] ထို့နောက် ၉-နာရီလောက် တုံးကလေးခေါက်၍ အညောင်းအညာ ဖြေပြီးလျှင် အိပ်ရာဝင်ကြရပါသည်။ နောက်ထပ် စာမအံရပါ။

၉။ နံနက်စောစော တုံးကြီးခေါက်လျှင် (အလွန်ငယ်သူမှတပါး ကျန်းမာလျှင်) အားလုံးထကြရ၏။ ထပြီးလျှင် (လေထမည် စိုးသောကြောင့် စုပေါင်း၍ ဘုရားရှိခိုးမှု မပြုဘဲ) ပစ္စဝေက္ခဏာ ဆင်ခြင်မှု, မေတ္တာ ဗုဒ္ဓါနုဿတိ စသည်ပွါးများမှုကို (မအိပ်မီအတိုင်း) ပြုကြရပါသည်။

၁၀။ အရုဏ်တက်သောအခါ သံချောင်းခေါက်၍ နံနက်ဆွမ်း စားကြပါသည်။ ထို့နောက် တုံးကလေးခေါက်၍ တနေရာ၌ အားလုံးစုပြီးသောအခါ(စာမြင်ရလောက်အောင်) မလင်းသေးခင် မိမိအနားမှာ တရားစာကို ခေတ္တရွတ်၍ တရံတခါ ငယ်ရွယ်သူများအတွက် စာကို အနည်းငယ်ပြောပါသည်။ တရံတခါ ကျောင်းနှင့်စပ်၍ သတိပေးစရာ အပြစ်တင်စရာ, ချွတ်ယွင်းချက် စသည်များကို ပြောပါသည်။ ထို့နောက် စာမြင်ရသောအခါ ငယ်ရွယ်သူများ ဘုရားရှေ့တော်သွား၍ စာရွတ်ကြ, ကျောင်းပတ်ဝန်းကျင် သန့်ရှင်းနေကြစဉ် စာအထက်တန်းရောက်သူများအား စာချပါသည်။

၁၁။ ထိုသို့ စာချပြီးချိန်နှင့် နေ့စာအတွက် ဆွမ်းခံချိန်သည် အံကိုက်ကျစေမြဲဖြစ်သည်။ ဆွမ်းခံချိန်မှစ၍ မိမိသည် စာရေး စာပြင်မှုကို ပြုမြဲဖြစ်၏။ ဆွမ်းခံပြန်လာသောအခါ စာချဘုန်းကြီးများ စာချကြ၏။ ၂-ကြိမ်လောက် စာချပြီးသောအခါ နေ့ဆွမ်းစားချိန်နှင့်နီးကပ်သွားလေသည်။ ဆွမ်းစားသောအခါ တတိုက်လုံးစု၍ ဆွမ်းစားကျောင်း၌ စားကြပါသည်။ [အဖိတ်နေ့ နေ့တဝက်နှင့် ဥပုသ်နေ့၌ အဝတ်ဖွပ်, ဦးခေါင်းရိတ်, သင်္ကန်းဆိုးကိစ္စများကြောင့် စာချ စာတက်ကိစ္စများကို ရပ်နားစေပါသည်။]

၁၂။ ထို သံဃာများသည် ပဲပြုတ် ချဉ်ပေါင်ဟင်းမျိုးဖြင့် နေ့စဉ် နံနက်ဆွမ်းစားကြ၏။ [ဆွမ်းကို ရှင်သာမဏေကြီးများ ချက်၍ ဟင်းကို

တာဝန်ရှိသော ဥပါသိကာမ သီလရှင်တို့ ချက်ကြ၏။ နေ့ဆွမ်းအတွက်လည်း သင့်လျော်သော ဟင်း ၂-ခွက်ကို ချက်ပေးကြရ၏။ နေ့ဆွမ်းစားသောအခါ သာမဏေများ ကျွေးပေးသော လဘက်ရည်ကိုလည်း သောက်ကြရ၏။ ညနေတိုင်းပင် နွေအခါ မန်ကျည်းဖျော်ရည်, ဆောင်းအခါ မိုးအခါတို့၌ ထန်းလျက်ရည်ကို သုံးဆောင်ကြရ၏။ မကျန်းမာသောအခါ ကော်ဖီ, မုန့်ကျွတ်, ရှလပတ်ရည်, ဂလူးကိုး စသည်များကို ဆေးဆရာ၏ ညွှန်ကြားချက်အတိုင်း ရရှိကြပါသည်။]

၁၃။ ယခုအခါ တာဝန်ပေါ့သည်ထက် ပေါ့သောနည်းကို စမ်းသပ်နေပါသည်။ နံနက် ဆွမ်းစားချိန်ဝယ် တချို့ ကိုယ်တော်များကို ယာဂု ပျစ်ပျစ်သောက်စေ၍ ဆွမ်းခံပြန်သောအခါ (ရေချိုးလိုလျှင် ချိုးပြီး၍) ဆာသော အချိန်ကျမှ ဆွမ်းစားစေသော နည်းဖြစ်ပါသည်။ ဆွမ်းပွဲနှင့်မစားရ။ တပါးချင်း စီတန်း၍ စားရပါသည်။ မျှတအောင်လည်း ကျောင်းဟင်း ၂-ခွက်နှင့် လဘက်ရည် ရပါသေးသည်။ ဤနည်းအားဖြင့် ကျန်းမာရေးလည်း ပို၍ ရမည်ဟု မျှော်လင့်ပါသည်။

**မှတ်ချက်။** ။ဤ ၁၃-နံပါတ် ဆွမ်းစားနည်းသည် ဘုရားလက်ထက်တော်က နည်းလည်းဖြစ်ပါသည်။ ထိုခေတ်က တချို့မှာ ယာဂုပင် မသောက်ကြပါ။ မဟာဂန္ဓာရုံ ဆရာတော်ဘုရားလက်ထက်က ယောဂီ ရဟန်းတော် များလည်း ဤနည်း အတိုင်း ဆွမ်းဘုဉ်းပေး ကြပါသည်။ [သို့သော် ညနေ ဆာတတ်သော ပုဂ္ဂိုလ်များအတွက် တာဝန်လေးမည်စိုး၍ မဆာတတ်သော ပုဂ္ဂိုလ်များသာ ဤနည်းအတိုင်း စားကြဘို့ရန် ညွှန်ပြထားပါသည်။

**လစဉ်စရိတ်** သံဃာများအတွက် ထိုကဲ့သို့ တာဝန် ဆောင်ရသောကြောင့် လစဉ် ကုန်ကျသော ဆန်ဆီ စသည်တို့၏ တန်ဖိုးမှာ မနည်းလှပါ။ တခါတုန်းက တံတားဦးမြို့မှ ဒေါ်မြမေ ဆိုသူက "တလ အတွက် ကုန်ကျသော ပစ္စည်းများကို လှူလိုပါသည်" ဟု လျှောက်၏။ အကုန် အကျများလွန်းမည်စိုး၍ "တလအတွက်မဟုတ်ဘဲ လှူလိုသလောက် လှူပါလား" ဟု ပြောသော်လည်း တလအတွက် လှူလိုပါသည်ဟု ထပ်၍လျှောက်သောကြောင့် နဝကံမှ ထိန်းသိမ်းနေသော (မြေစာရင်း အင်စပိတ် ပင်စင်စား) ဥပါသကာ

ကြီးအား အတိအကျမဟုတ်ဘဲ ခတ်လျှော့လျှော့တွက်ပေးလိုက်ပါ-ဟု ပြောရပါသည်။

ထို ဥပါသကာကြီးကလည်း လျှော့လျှော့ပေါ့ပေါ့ တွက်ပေးရာ သံဃာတရာရှိခိုက် ဆန် ၆-အိပ်, ဆီ ၄-ပုံး, ပဲ ၂-အိပ် စသည်ဖြင့် ငါးပိငံပျာရည်, နေ့စဉ် ဟင်းသီး ဟင်းရွက် ထင်း ရေနှင့်, ချွေချွေတာတာ ထွန်းရသော မီး စသည်များအတွက် ကုန်ကျစရိတ်ကို တွက်၍ "၉-ရာကျော်"စာရင်းပြလိုက်ပါသည်။ [ထိုစာရင်း၌ ကော်ဖီ စသည် မပါသေး။ တရံတခါကုန်ကျသော ရေနံသုတ်, ဆေးသုတ်, ကျောင်းပြုပြင်မှုများလည်း မပါသေး။ သို့ပါလျက် အတိကျတွက်လျှင် သံဃာတရာရှိခိုက်၌ လစဉ် တထောင်ကျော်အောက် လျော့မည် မဟုတ်ပါ။ ဤစာအုပ်ရိုက်နေချိန် ဝါဆိုဦး၌ သံဃာတရာ့လေးဆယ်ကျော် ရှိနေပါပြီ။]

**တနိုင်ငံလုံး ခန့်မှန်းဘွယ်**

သံဃာတရာအတွက် ကျောင်း, သင်္ကန်း မပါသေးဘဲ စားသောက်ရေးပင် ကျောင်းက ကုန်ကျသလောက် နေ့ဆွမ်းလောင်းလှူရသော အရပ်ထဲမှလည်း ထိုမျှနီးနီး ကုန်ကျစရာရှိပါသည်။ ဤတွက်ကိန်းသည် အသက်သာဆုံး တွက်ကိန်းသာဖြစ်ပါသည်။ ဆရာသမား တာဝန်မယူဘဲ ကိုယ့်တာဝန် ကိုယ်သမ်းရသော တိုက်တာများ၌ စာသင်သားများမှာလည်း ရပ်ရွာမိဘတို့က စားသောက်ရေးအဘွက် အလားတူ ထောက်ပံ့မှုကို ပြုကြရပေမည်။ သို့ဖြစ်လျှင် သံဃာတော် ၅-သောင်းကျော် လောက်ရှိရာသော ဤမြန်မာနိုင်ငံဝယ် သံဃာတော်များအတွက် လစဉ်ကုန်ကျစရိတ် မည်မျှရှိမည်ကို ခန့်မှန်းနိုင်လောက်ပါသည်။

**အကျိုးမရလျှင် ဖယ်ချခံရမည်**

လောက၌ ကြီးလေးစွာ ထမ်းဆောင်နေရသော တာဝန်တရပ်ကို "ထို တာဝန်မှ မည်မျှလောက် အကျိုးပြန်၍ ရသလဲ"ဟု စဉ်းစားမြဲဖြစ်ပါသည်။ တခါ မစဉ်းစားမိလျှင် တခါခါတော့ စဉ်းစားမိမည်မှာ အမှန်ပင် ဖြစ်ပါသည်။ ထိုသို့ စဉ်းစားသောအခါ တာဝန်လေးသလောက် အကျိုးမပေါ်ပေါက်လျှင် ထိုဘာဝန်ကို ဖယ်ချမည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ မိမိသည်ပင် "လစဉ် အကုန်အကျခံ၍ ပြောဆိုဆုံးမ စာပို့ချနေရသော ရဟန်းသာမဏေများအထဲမှ သာသနာတော်အတွက် ဘာ အကျိုးပြန်ရလဲ"ဟု စဉ်းစားပါသည်။ ထိုသံဃာများ "ကောင်းမွန်စွာ နေထိုင်၍ နောင်အဆက်ဆက် ဗုဒ္ဓမြတ်စွာ၏ သာသနာ့တာဝန်ကို ဆောင်ရွက်ကြမှ

သာ မိမိနှင့်တကွ စာချဘုန်းကြီးများ, မိမိ၏ ရင်းနှီးသော ဒကာ ဒကာမများ၏ ပင်ပန်းရကျိုး, ကုန်ကျရကျိုး နပ်ပေလိမ့်မည်။ ထိုသို့ မဖြစ်နိုင်လျှင် အကျိုးမများ”ဟု တွက်ကိန်းချလေ့ရှိပါသည်။ ထို့ကြောင့် မိမိတိုက် သံဃာများကို အထူးသိပ်သည်းစွာ နေထိုင်၍ သာသနာ့တာဝန်ဆောင်ကြဘို့ မကြာခဏ ညွှန်ပြနေပါသည်။

**အမဲမဖမ်းသင့်** တောရွာမှ မြို့သို့ ဈေးဝယ်လာသူကို မြို့က အမြတ်ကြီးစား၍ အညံ့စား ပေးလိုက်ရာ၌ “အမဲဖမ်းတာဘဲ”ဟု ခေတ်သုံးစကား တမျိုးရှိပါသည်။ [တောထဲက သားကောင်ကို အမဲကောင်ဟု ခေါ်၍ ထို အကောင်၏ အမဲသားစားဘို့ရန် (အဖိုးမပေးရဘဲ) ဖမ်းယူခြင်းကို ဥပစာ တင်စား၍ ပြောသော စကားဖြစ်သည်။] ထိုအဖြစ်မျိုးကို ဤသာသနာရေး မှာလည်း တချို့နေရာ၌ တွေ့နေရ၏။ မိမိက သီလ သမာဓိ ပညာမရှိဘဲ အလှူဒါန၏ အကျိုးကို ဟောပြ၍ ဒကာ ဒကာမတို့အထံမှ (သာသနာ၏ အကျိုးမများဘဲ) ပကာသနဒါနပစ္စည်းများကို အလှူခံခြင်းမျိုးတည်း။ ထိုသို့ ဒါနအကျိုးကို အဟောများမှုကြောင့်ပင် “တမူးရလို့ တပဲလှူ၊ ဒို့ရှမ်းတောင်သူ တူနိုင်ရိုးလား”ဟူသော သံချပ်ထိုးသံများနှင့် ရှမ်းပြည်က ဒါနအတွက် အသားယူကြလေသည်။ ယခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံသားအားလုံး အထံမှ ဒါနပစ္စည်းများကို ခံယူရာ၌ “အမဲဖမ်း”မဖြစ်အောင် သတိပြုထိုက်လှပါသည်။

**ချစ်သနားစရာ ပြည်မြန်မာ** ဤပြည်ထောင်စု မြန်မာနိုင်ငံတော်သည် သာသနာရေးဘက် ကြည့်လျှင် ကရုဏာမေတ္တာများစွာ ထားထိုက်သော (သနားစရာ ချစ်စရာကောင်းသော) နိုင်ငံတော်ဖြစ်ပါသည်။အင်္ဂလန်တို့လို နိုင်ငံမျိုးဝယ် ဗုဒ္ဓဘာသာဝင် ဟသိန်းရှိစေကာမူ တယောက်တည်းက သာသနာပြုကျောင်းတဆောင် ဆောက်ဘို့ ခဲယဉ်း၍ ရဟန်းတော် ၁-ပါး ၂-ပါးကို အများစုပေါင်း၍ အခမဲ့ကျွေးထားဘို့လည်း ခဲယဉ်းပါသည်။ ဤနိုင်ငံ၌ကား ဗုဒ္ဓဘာသာဝင် အိမ်တရာရှိလျှင် ကျောင်းနှင့်တကွ အနည်းဆုံး သံဃာ ၁၀-ပါးလောက်ကို ဆွမ်း သင်္ကန်းပြည့်စုံအောင် ထောက်ပံ့နိုင်ကြပါသည်။ထို့ကြောင့် ဤနိုင်ငံ၌ သာသနာနှင့် စပ်ဆိုင်ရာဝယ် အမဲဖမ်းသလို မဖြစ်စေဘဲ သနားချစ်ခင်စွာဖြင့် သာသနာတော်ကို အကြောင်းပြု၍ အကျိုးရသောနိုင်ငံဖြစ်အောင် သံဃာတော်ဘက်ကလည်း စွမ်းဆောင်သင့်လှပါသည်။

**ဂုဏ်ရှိရှိနှင့် တည်စေမည်လား**

ဤ ပြခဲ့သော အချက်များကို စဉ်းစားပြီးလျှင် "ဤ သာသနာတော်ကို ဂုဏ်ရှိသိန်ရှိနှင့် ဤနိုင်ငံမှာ တည်စေမည်လား, ဂုဏ်မဲ့ သိန်မဲ့ဖြစ်၍ ဤနိုင်ငံမှ ကွယ်ပျောက်သွားစေမည်လား" ဟု ဆရာဒကာ အားလုံးပင် မိမိကိုယ်ကို မေးလျှင် "ဂုဏ်ရှိ သိန်ရှိနှင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ တည်တံ့ခြင်းကို လိုလားပါသည်" ဟု ဖြေကြပါလိမ့်မည်။ ထိုသို့ လိုလားကြပါလျှင် (လိုလားနေရုံဖြင့် အကျိုးမရနိုင်သောကြောင့်) လိုလားသည့်အတိုင်း အားထုတ်ဘို့ရာ ကိုယ်စီကိုယ်ငှဖြစ်နိုင်လောက်သော အကြံသစ် ဉာဏ်သစ်များဖြင့် သာသနာရေးကို စဉ်းစားသင့်ကြပါကြောင်း လျှောက်ထား တောင်ပန်ပါသည် သံဃာတော် အရှင်မြတ်တို့ဘုရား။

## ၁၃။ ဆရာတော်များထံ ခွင့်ပန်ခြင်း

**လျှောက်ပါရစေ** ယခုအချိန်၌ ရှေးက မိမိကို ပြုစုပျိုးထောင်လိုက်သော ဆရာတော်များတွင် ပခုက္ကူ မဟာဝိသုတာရာမဆရာတော်နှင့် ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော် ၂-ပါးသာ သက်တော်ထင်ရှားရှိပါတော့၏။ သို့ရာတွင် မိမိကို ငယ်စဉ်ကစ၍ အရေးပါပါနှင့် အသိအမှတ်ပြုခဲ့ကြသော ဆရာတော်များကား သက်တော် ရှစ်ဆယ်-ရှစ်ဆယ်ကျော်အထိ ရှိကြပါသေးသည်။ ထို ဆရာတော်ကြီးများသည် မိမိ၏ ပြုခဲ့သမျှသော စာရေး စာချ သာသနာ့ကိစ္စကို အားရတော်မူပြီး ဖြစ်ကြပါသည်။ သို့သော် ယခုအခါ တိုးချဲ့၍ပြုဘို့ရန် ကြံစည်အပ်သော သာသနာ့ကိစ္စအတွက် ရည်ရွယ်ချက်ကို မသိရလျှင် ကျေနပ်တော်မူကြမည် မဟုတ်သောကြောင့် တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို ဆရာတော်များအား လျှောက်ထားပါရစေဘုရား။

၁။ ကျေးရွာ ကျောင်းများ၌ ကျောင်းသား မရှိတော့ပါ။ တချို့ကျောင်းများ၌ ကျောင်းစောင့် ဘုန်းကြီးပင် မရှိတော့ပါ။

၂။ မြို့ငယ် မြို့ကြီးများ၌ ကလေးတွေကား အများအားဖြင့် အင်္ဂလိပ်စာသင်ကျောင်းမှာချည်း နေကြပါသည်။ ပစ္စည်းဥစ္စာ တတ်နိုင်လေ အင်္ဂလိပ်ကျောင်းမှာ နေလေ ဖြစ်နေပါပြီ။

၃။ ထို အင်္ဂလိပ်ကျောင်းထွက်များသည်ပင် နောင်အခါ နိုင်ငံ၏ ခေါင်းဆောင်လည်း ဖြစ်ကြပါလိမ့်မည်။

၄။ ထို အင်္ဂလိပ်ကျောင်းထွက်များသည် သူတို့ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကိုသာ သိ၍, ရဟန်း သံဃာတော်များ၏ ဂုဏ်ကျေးဇူးကို သိခွင့်မရတော့ပါ။

၅။ ရဟန်း သံဃာတော်များ၏ ဂုဏ်ကျေးဇူးကို မသိလျှင် သာသနာတော်၏ အကျိုးကျေးဇူးကို မသိမမြင်နိုင်ဘဲ သာသနာတော်ကိုရင်း၊ ရဟန်း သံဃာကိုရင်း (နိုင်ငံမှာ တာဝန်အပိုတက်နေသော အစုအဝေး)ဟု အယူရှိစရာ ဖြစ်လာပါတော့မည်။

၆။ ယခုလည်း လူတို့အနီးမှာ ရှိနေကြသော တစ္ဆေ သူရဲနှင့် ရုက္ခစိုင်းနတ်များကိုပင် မြင်အောင် မကြည့်နိုင်သူတို့က သူတို့ မမြင်နိုင်ရုံမျှဖြင့်

မြင်းမိုရ်တောင် မရှိ, နတ်ပြည် မရှိ, ငရဲပြည် မရှိဟု ရဲရဲတင်းတင်းပြော နေကြပါပြီ။

၇။ ထို့ပြင်—တပည့်တော်များ၏ ကျောင်းများ, ကျောင်းတိုက်များဝယ် ဆရာ, ဒကာတို့ ကြိုးစားနေခိုက်သာ ကောင်းမွန်တိုးတက်၍ မူလဆရာ, ဒကာတို့ ကွယ်လွန်သွားလျှင် နိမ့်ကျရ, ပျက်စီးကြရသည်ကို တွေ့ရပါ သည်။ ထို့ကြောင့် ကျောင်း, ကျောင်းတိုက်များကို စောင့်ရှောက်ရာ ဝယ် ဆရာဘက်က နာယကအဖွဲ့, ဒကာဘက်က ဂေါပကအဖွဲ့ဖြင့် [illegible]က်သွားမှသာ အဆက်ဆက် တည်တံ့ တိုးတက်ရော ရှိပါသည်။

၈။ ထို့ကြောင့် ဘုရားတပည့်တော်သည် ဂဏန်းသင်္ချာ စသော ပညာများ ကို သင်ပေးခြင်းအားဖြင့် တောရွာ ကျောင်းများကို ထိန်းသိမ်းနိုင် မည်ဟုရင်း၊ ဘာသန္တရသင်ပေးခြင်းအားဖြင့် ဆရာနှင့်ခွဲ၍ ဘာသန္တရ သင်နေကြသော စာချနိုင်စွမ်းရှိသော ရဟန်းတော်များကို ပိဋကတ် လက်မလွှတ်စေဘဲ သဒ္ဓါတရား မပျက်မစီးအောင် ထိန်းသိမ်းနိုင်မည် ဟုရင်း၊ ထိုသို့ ထိန်းသိမ်းခြင်းဖြင့် ကျောင်း, ကျောင်းတိုက်များကို အရှည်တည်စေနိုင်လိမ့်မည်ဟုရင်း မြော်လင့်ပါသည်။

၉။ ယခုအခြေအနေမှာ အတော်များစွာသော စာချတန်းအောင်ပုဂ္ဂိုလ် တို့ကပင် ဘာသန္တရသင်သူက သင်, စာသင်တိုက်မဟုတ်သော နေရာ၌ ဖြစ်သလို သာမည နေသူကနေ ဖြစ်ရကား သမင်မွေးရင်း ကျားစားရင်း ဆိုသလို စာချတန်းအောင်ပြီး ပုဂ္ဂိုလ်များကို တပည့်တော်များ၏ ကျောင်းတိုက်၌ ထိန်း၍မထားနိုင်အောင် ဖြစ်နေပါသည်။ ဘာသန္တရ သင်ပေးနိုင်ပါမှ အားလုံးမဟုတ်သော်လည်း တချို့ကို ထိန်းထားနိုင် မည်ဟု ထင်ပါသည်။

၁၀။ ဂဏန်းသင်္ချာ ဘာသန္တရကို သင်ပေးရာ၌ သင်ချင်သူတိုင်းကို သင်ပေး မည် မဟုတ်ပါ။ ဝိနည်းသိက္ခာကို လေးစား၍ သာသနာပြုလိုသော ဆန္ဒရှိသူများကိုသာ ရွေးချယ်သက်ခံ၍ သင်ပေးပါမည်။

၁၁။ [illegible] အဆင့်အတန်းရှိသူကိုသာ အင်္ဂလိပ်စာသင်ပေးရာ၌ အတန်း မထားဘဲ ဗဟုသုတဖြစ်ရုံသက်သက်သာ သင်စေပါမည်။ [အတန်းထား

လျှင် အထက်တန်းကို အစိုးရစာမေးပွဲများ၌ ဝင်ရောက်ဖြေဆို၍ အောင်မြင်သောအခါ လူထွက်လိမ့်မည်-ဟု လူဒါယကာများက သံသယ ဖြစ်ကြပါသည်။ ဒါယကာ အကူအညီ မပါလျှင် မဖြစ်နိုင်သော သာသနာပြု ကိစ္စဝယ် လူဒါယကာတို့၏ သဒ္ဓါတရားကို မငဲ့လျှင် မဖြစ်နိုင်ပါ။]

၁၂။ အင်္ဂလိပ်စာသင်နေစဉ် ပိဋကတ်ကျမ်းစာကို ပို့ချစေ၍, မသင်ရသေးသော နိကာယ်ကြီးများကို သင်ယူစေပါမည်။ ထိုသို့ ပိဋကတ်နှင့် အဆက်မပြတ်မှသာ "သဒ္ဓါတရား ပြယ်မသွားဘဲ တိုးလာလိမ့်မည်"ဟု ယူဆပါသည်။

၁၃။ သာသနာ့ဝန်ဆောင် ကျောင်းတိုက်၌ ထိုဓမ္မာစရိယစာချပုဂ္ဂိုလ်အတော်များလာလျှင် ထိုပုဂ္ဂိုလ်များကို စာချစေ၍ တနှစ်တတန်း မှန်မှန်တက်ရသော စာသင်နည်းကို စီစဉ်နိုင်စရာရှိပါသည်။

၁၄။ ထို တနှစ်တတန်းစာသင်နည်းသည် စာသင်သားများကို အရည်အချင်း ရွေးချယ်ပြီးသားဖြစ်စေ၍ စာသင်တိုက်မဟုတ်သောနေရာ၌ အကြောင်းထူးမရှိဘဲ နေထိုင်မှုကို တားမြစ်ပြီးလည်း ဖြစ်စေနိုင်ပါသည်။

၁၅။ ထိုကဲ့သို့ တိုးချဲ့ထားသော ဝန်ဆောင်ကျောင်းတိုက်ကြီးများ၌ စားနပ်ရိက္ခာလိုလိမ့်မည်ကို စဉ်းစားမိပါသည်။ တပည့်တော်များ၏ကျောင်းတိုက်၌ သံဃာတရာရှိချိန်ဝယ် (နေ့ဆွမ်းခံလျက်နှင့်) တလလျှင် တထောင်တန်လောက် ရိက္ခာကုန်နေပါသည်။ သို့ဖြစ်၍ သံဃာ-၃၀၀, ၄၀၀-စသည်ရှိလျှင် ၃-ထောင် ၄-ထောင်စသည်အထိ စားနပ်ရိက္ခာအတွက် ကုန်ကျဘွယ် ရှိပါသည်။

၁၆။ ထို့ပြင်-ရဟန်းတော်များကိုယ်တိုင် ဆရာမလုပ်နိုင်သေးသော အချိန်၌ ဂဏန်းသင်္ချာ အင်္ဂလိပ်စာပြဘို့အတွက် ဆရာရဘို့တာဝန်လည်း ရှိပါသေးသည်။ ထိုဆရာလုပ်သူလည်း အထက်တန်းဆရာဖြစ်မှ စံနစ်တကျ သင်ပြ နိုင်ပါလိမ့်မည်။ ထို့ကြောင့် ဆရာ့အတွက် ရိက္ခာလည်း (၄-၅-နှစ်အတွင်းမှာ) တော်တော်များများ ကုန်စရာရှိပါသည်။

၁၇။ ထိုမျှသောက်ကြီးလေးသော တာဝန်သည် (အလှူဒါန ပြုသူတို့က သာသနာပြုဒါနကိုသာ ပြုကြလျှင်) ထမ်းဘို့ရန် ခဲယဉ်းမည် မထင်ပါ။

တနည်းအားဖြင့် စဉ်းစားမိသည်မှာ—ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို စေတနာမှန်ဖြင့် ပြုသူတို့အပေါ်ဝယ် ဗုဒ္ဓမြတ်စွာ၏ တန်ခိုးဂုဏ်စော် အာနုဘော်တော်လည်း သက်ရောက်နေဘွယ်ရှိ၏-ဟု စဉ်းစားမိပါသည်။

၁၈။ သို့ဖြစ်ပါ၍ ဗုဒ္ဓမြတ်စွာ၏ တန်ခိုးတော်အစွမ်းကြောင့် အနာဂတ်ဘုရားရှင်များအထံဝယ် ကျွတ်တမ်းဝင်နိုင်ကြမည့် သူတော်ကောင်းအလောင်းအလျာများသည် ဆရာဘက်၌ သာသနာပြုဆရာကောင်းအဖြစ်ဖြင့်ငင်း၊ ဒါယကာဘက်၌ အနာထပိဏ် ဝိသာခါလောင်းအဖြစ်ဖြင့်ငင်း စုပေါင်းမိကြလိမ့်မည်-ဟု မြှော်လင့်ပါသည်။

၁၉။ မည်သို့ပင် ဖြစ်စေ-သာသနာတော်ကို မြှင့်တင် နိုင် လောက် အောင် အကြောင်းညီညွတ်လျှင် သာသနာတော်ကို မြှင့်တင်ရင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ကိုလည်း သာသနာဘက်ကနေ၍ အားပေးရာရောက်စေပါမည်။ သာသနာတော်ကို မမြှင့်နိုင်လျှင် မိမိလုပ်နေကျ စာရေးစာချဖြင့် နေမြဲတိုင်း နေမည်ဟု ရည်ရွယ်ပါသည်။

၂၀။ တပည့်တော်၏ တသက်မှာ ဤသာသနာပြုအလုပ်ကို ထမြောက်အောင် မလုပ်နိုင်စေကာမူ အနာဂတ်ကာလ၌ ဤတာဝန်ကို စွမ်းဆောင်နိုင်သော ဘုန်းရှင် ကံရှင် တပါးတလေ ပေါ်လာလျှင် ထိုပုဂ္ဂိုလ်က ဤသာသနာပြုစာတမ်းကို ကြည့်ရှု၍ ပြုပြင်နိုင်လိမ့်မည်-ဟုလည်း မြှော်လင့်ပါသည်။

ဤမြှော်လင့်သည့်အတိုင်း ယခုပြုမည့် သာသနာတိုးချဲ့ရေး အလုပ်သည် အရင်းရှုံးမည့်အလုပ် မဟုတ်နိုင်ပါ။ အကြောင်းညီညွတ်လျှင် အမျိုးဘာသာ သာသနာတိုးတက်စေနိုင်ရကား သာသနာပြုကုသိုလ် အမြတ်သာ ရကြဘို့ရှိပါသည်။ ထို့ကြောင့် တပည့်တော်၏ ဤဘဝ, ရှေးဘဝတို့၌ ပြုခဲ့သောကံ, ဆရာတော်ဘုရားများ၏ မေတ္တာတော် ကရုဏာတော် အရှိန်အဝါ, မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်တော်များကို အားကိုးအားထားပြု၍ ယခုကြံစည်အပ်သော သာသနာပြုရေး အချက်အလက်များကို မပျက်မကွက် ခွင့်ပြုတော်မူပါမည့် အကြောင်း ရိုသေစွာ ခွင့်တောင်းလျှောက်ထားပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

**ဇနကာဘိဝံသ**

## ၁၄။ နိဂုံးအခန်း

**အတိုချုပ်** ကျေးရွာဘုန်းကြီးကျောင်းများ၌ ရေသောက်မြစ်ပမာ ဖြစ်နေသော ကျောင်းသားသူငယ်များ ပြတ်နေခြင်းကို ပြန်၍ဆက်ဘို့ရန် ကျေးရွာဘုန်းတော်ကြီးများက ကျေးရွာကို ထိန်းသိမ်းစောင့်ရှောက်စေလိုခြင်း၊ စာချ(ဓမ္မာစရိယ)ပုဂ္ဂိုလ်များက အဆုံးတိုင်အောင် သင်ယူ၍ ပိဋကတ်ကျမ်းစာများကို ထိန်းသိမ်းစောင့်ရှောက်စေလိုခြင်း၊ မိမိတို့၏ လက်အောက်တပည့်များကို သြဇာရှိရှိနှင့် ချီးမြှင့်မြှောက်ဘင်စေလိုခြင်း၊ ဒါယကာ ဒါယိကာမတို့က အပိုဖြစ်နေသော ဒါနမှုကို ရှောင်ရှား၍ သာသနာပြု ဒါနမှုကိုသာ ပြုကြစေလိုခြင်း-ဤ အကျိုးများကို မြှော်မှန်း၍ ဖြစ်သင့်သော ပြုပြင်ရေးအကြောင်းများကို ပြခဲ့ရာ ယခု ပြီးစီးပါပြီ။

**ငှက်ပျံသလို** ဤသာသနာတော်ကြီးသည် ပြုပြင်သူရှိသောအခါ ထိပ်တန်းရောက်အောင်တက်၍ ပြုပြင်သူ မရှိသောအခါ တဖြည်းဖြည်းနိမ့်ကျ၍ တချို့တိုင်းပြည်မှာ လုံးလုံးပင် ကွယ်ပျောက်ခဲ့ပါပြီ။ ထို့ကြောင့် သာသနာတော်ကြီးကို "ထောက်ရှာငှက် ပျံသည့်ပမာ နိမ့်ချည်မြင့်ချည်သာသနာ"ဟု ပြောစမှတ်ပြုခဲ့ကြပါသည်။ ဤလက်ထက် ဆရာဒကာတို့သည် ဤသာသနာကို မြင့်အောင်ပြုနိုင်ပါမှ "ပါရမီစာတ်ခံရင့်သန်သူ"ဟု မိမိကိုယ်ကို ဆုံးဖြတ်၍ နေရဲ သေရဲသူများ ဖြစ်ကြပါလိမ့်မည်။ ဤသာသနာတော်ကို အရာထင်အောင်ပြုပြင်၍ မသွားနိုင်ပါလျှင် နောင်တခေတ်၌ ပြုပြင်သူပေါ်လာစေကာမူ အလွန်ခဲယဉ်းစွာ ပြုပြင်ရပါလိမ့်မည်။ သို့မဟုတ် လုံးလုံးမပြုနိုင်ဘဲ သာသနာတော်သာ ကစဉ့်ကရဲဖြစ်၍ ကွယ်ရစ်ပါလိမ့်မည်။ ဗုဒ္ဓမြတ်စွာ၏ ကမ္ဘာများစွာဝယ် အသက်စည်းစိမ်များစွာကို စတေး၍ တည်ထားတော်မူအပ်သော သာသနာတော်အဆောက်အဦကြီးသည် ဤ၂၅ထောင့်ငါးရာကျော်ရုံမျှဖြင့် ဤမျှလောက် မဆုတ်သင့်သေးပါ။ ထို့ကြောင့် ဆရာဒကာအချင်းချင်း စိုင်းပြင်းဆွေးနွေး၍ ဤသာသနာတော်အရေးကို လေးလေးနက်နက် စဉ်းစားကြဘို့ရန် တိုက်တွန်းပါသည်။

**စစ်လိုသဘောထား၍ ကြိုးစားပါ** စစ်တိုက်သောအခါ ဆုတ်စစ်, ခံစစ်, ထိုးစစ်ဟု ၃-မျိုးရှိ၏။ မိမိဘက်က ခံနိုင်ပုံမရလျှင် စနစ်တကျဆုတ်နိုင်ဘို့ ကြိုးစားရ၏။ ခံနိုင်ပုံရလျှင် ကြံ့ကြံ့ခံရ၏။

ထိုသို့ကြံ့ကြံ့ခံရာမှ အားရှိလာလျှင် ထိုးစစ်သို့ပြောင်းကာ တိုးတက်စေရ၏။ ထို့အတူ ဤသာသနာတော်သည် ဆုတ်၍ဆုတ်၍လာရကား ဆုတ်စစ်နှင့်တူနေ၏။ ဆုတ်ပုံကလည်း အလှူဒါနပြုမှု, စာပေသင်မှု စသည်၌ စနစ်မရှိ။ (သူတမျိုး ငါတဖုံ) လုပ်နေကြသောကြောင့် အကွပ်မရှိသော ကြမ်းကဲ့သို့ ဗရမ်းဗတာဖြစ်၍ စနစ်တကျဆုတ်ခြင်းမဟုတ်။ သို့ရာဝယ် ဘုရားဥပဒေတော်နှင့်အညီ စည်းကမ်းတကျရပ်တန့်၍ ပြုပြင်နိုင်ကြပါလျှင် ခံစစ်သဘောသို့ပြောင်းကာ အဆုတ်ရပ်တန့်မည်သာ။ ထိုအခါ တိုင်းသူပြည်သားတို့၏ အကူအညီက လမ်းမှန်ကျသဖြင့် ထိုးစစ်သဘောသို့ မကြာမီပြောင်းလွှဲ၍ သာသနာ့အောင်ပွဲကို နွှဲနိုင်ကြပါလိမ့်မည်။

**တိုင်းမေ်သင်္ဘော ဖြစ်မှာစိုး**

လွန်ခဲ့သော ၂-နှစ်ခန့်၌ ပုသိမ်သို့သွားသော "တိုင်းမေ်" အမည်ရှိ လူစီးသင်္ဘောသည် ပြင်းထန်သော မိုးသက် လေမုန်တိုင်း မိ၏။ ထိုအခါ သင်္ဘောအလုပ်သမားတို့သည် သင်္ဘောနစ်မည်စိုး၍ ဘေးကာ ရွက်ဖျင်များကို အပေါ်သို့ လိပ်တင်ကြ၏။ သင်္ဘောစီးသူများသည် မိုးပက်ဒဏ်ကို မခံနိုင်၍ ရွက်ဖျင်များကို ပြန်ချကြ၏။ သင်္ဘောသားတို့က တဖန် ထပ်၍ ပင့်တင်ကြ၏။ ရွက်ဖျင်တင်ထားသောဘက်မှ မိုးပက်ရာတွင် မိုးသီးတွေပါလာသဖြင့် တချို့က ထိုမိုးသီးများကို အလုအယက် ကောက်ယူကြ၏။ ဤသို့ မိနစ်အနည်းငယ် အချိန်ဝယ် ရွက်ဖျင် တင်လိုက် ချလိုက် မိုးသီးကောက်လိုက်နှင့် သင်္ဘောနစ်ပါတော့၏။ လူအများနှင့် ပစ္စည်းတွေပါ သင်္ဘောနောက်သို့ ပါသွားရှာကြသည်။

ထို့အတူပင် ဤသာသနာတော်ကို အထင် အမြင် သေးသော, အဘင်သေးရုံတွင် မကဘဲ လုံးလုံးဖျက်ဆီးလိုသော လေမုန်တိုင်းကြီးကား ကျရောက်နေပါပြီ။ ဤသာသနာတော်ကြီးကို နစ်မည်စိုး၍ သာသနာတော်စည်းကမ်းအရ သာသနာ့ဝန်ဆောင်တို့က စည်းကမ်း ပြု၍ (ရွက်ဖျင်တင်ကြ) သည်ကို မလိုက်နာဘဲ မိုးသီးနှင့်တူသော ပစ္စည်းလာဘ်ဘိုကိုသာ ကောက်ယူနေကြမည်ဆိုလျှင် ကေန်မုချ သာသနာတော်ကြီး နစ်မြုပ်ရာတွင် ဝန်ဆောင်ပုဂ္ဂိုလ်များလည်း ပါဝင်သွားပါလိမ့်မည်။ ထို့ကြောင့် သာသနာတော်စည်းကမ်းနှင့်အညီ အလုပ်လုပ်ကြဘို့ ညွှန်ပြချက်ကို အားလုံးလက်ခံကြပါရန် တိုက်တွန်း တောင်းပန်ပါသည်။

ကျမ်းပြီး မှတ်ထုံး၊ ကမ္ဗတ် ဖုံးဘို၊ နိဂုံးအခန်း၊ ပြည်လုံးမှန်း၍၊ ခွဲခြမ်း
လှစ်ဖွေ၊ စဉ်းစားစေအံ့၊....တို့မြေဌာနီ၊ ရှေးခါ ဆီဝယ်၊ မထေရ်
အပေါင်း၊ စံရာကျောင်းမှ၊ ငြိမ့်ညောင်းသာယာ၊ မိန့်အာဏာကို၊
ရပ်ရွာလူများ၊ လွန်လေးစားခဲ့။

ခုကား သို့နှယ်၊ မဟုဘ်ကွယ်၍၊ နယ်ပယ်ပေါက်ဖွား၊ အမျိုးသားတို့၊ ဘုန်း
ဘုရားကျောင်းတွင်၊ စာမသင်တော့၊ ထို့ပြင်-မြို့နေ၊ ကလေး
တွေကား၊ တို့ဇမ ဘာသာ၊ တို့မေစာကို၊ သင်ရာ ကောင်းမျှ၊ မသင်
ကြဘဲ၊ ပြင်ကလာပေး၊ စာ ပထွေးကို၊ အလေးဂရု၊ အရေးပြု၏။

ထိုသူ့ဘာသာ၊ ထိုသူ့စာမူ၊ ခေတ်ခါအလိုက်၊ လောကတိုက်ဝယ်၊ သိုက်
မြိုက်ဘို့ရန်၊ အကြောင်းမှန်လည်း၊ နောင်သံသာတွက်၊ ကြောင်း
မဖက်၍၊ သက်သက်မျက်စိ၊ တဘက်ကြည့်တည်း။

ဤသည့်တိုင်းသာ၊ နှစ်ပေါင်းကြာလျှင်၊ မြန်မာတိုင်းဖွား၊ အမျိုးသားတို့၊
ဘုရားကိုစွန့်၊ တရားစွန့်၍၊ စွန့်လိမ့်မှန်စွာ၊ မြတ်သံဃာတည်း၊
ထိုခါတိုင်းဖွား၊ လူအများလည်း၊ တရားလက်ကွာ၊ တဘက်စာ
ကြောင့်၊ ဆက်ကာ ခုထက်၊ တိုး၍ပျက်လိမ့်။

သို့တွက်များပြား၊ ဘုန်းဘုရားတို့၊ တရားကိုယ်ကျင့်၊ လုံအောင်ကျင့်၍၊ မလင့်
စေရ၊ ကိုယ့်ဒေသ၌၊ သိပ္ပဝိဇ္ဇာ၊ ပြသင့်ရာကို၊ ကောင်းစွာပိုင်ပိုင်၊
ပြသနိုင်မှ၊ ဘုန်းလှိုင်ဟောပြ၊ ဩဝါဒကို၊ စိတ်ကကြည်ဖြူ၊ လိုက်နာ
ယူလျက်၊ ကိုယ်မူနှုတ်ပြောင်း၊ စိတ်လည်းကောင်း၍၊ နောက်နှောင်း
မြန်မာ၊ သာသနာသည်၊ ရှည်ကြာ နေသို့ ထွန်းမည်ကို့။

**ဘာသာသွေးပြီး၏။**

# နောက်ဆက်တွဲ

## ထပ်မံလျှောက်ထားခြင်း

**သံဃာတော် အရှင်မြတ်တို့ဘုရား**

တပည့်တော်သည် လွတ်လပ်ရေး ရတော့မည်ဟု ကြွေးကြော်စဉ်ကပင် လွတ်လပ်ရေးရလျှင် သံဃာတော်များဘက်ကလည်း သာသနာတော်ကို အကြောင်းပြု၍ နိုင်ငံတော် တိုးတက်အောင် ဆောင်နိုင်မည့်လမ်းကို မြှော်မှန်းမိသောကြောင့် "အနာဂတ်သာသနာရေး" ကျမ်းစာကို ရေးသားခဲ့ပါသည်။ သို့ရာတွင် လွတ်လပ်ရေးရသောအခါ တပည့်တော်မြှော်မြင်သလို မဖြစ်ခဲ့ပါ။ သို့သော် မလျှော့သောစိတ်ဖြင့် တပည့်တော် ဘာသာဖြစ်နိုင်သမျှ ပြုပြင်ခဲ့ရာ မြှော်မှန်းသော လမ်းစကို ရနေပါသည်။

**တပည့်တော်နှင့် ဝန်ကြီးချုပ်**

ယခုအခါသော် သာသနာဘက်တွင် စိတ်ဝင်စားသော လူကြီးလူငယ် တော်တော်များများက တပည့်တော်၏ လုပ်ငန်းစဉ်ကို အားပေးကြရုံသာမက ဝန်ကြီးချုပ် ဦးနုကိုယ်တိုင်ပင် တပည့်တော်၏ လုပ်ငန်းစဉ်ကို ရန်ကုန်၌လည်း ချဲ့ထွင်လုပ်ကိုင်ပါရန် (လွန်ခဲ့သော တန်ခူးလ.က) လျှောက်ထားခဲ့ပါသည်။ ထိုအခါ တပည့်တော်ကလည်း ရန်ကုန်၌ "(၁) အထိုက်အသိုက် တိတ်ဆိတ်သော (၂) ဆွမ်းခံ၍ ရလောက်သော (၃) ရေအတွက် လွယ်ကူသောနေရာဖြစ်လျှင် အမရပူရ-ဂန္ဓာရုံတိုက်မှ သံဃာတရာကို ခွဲ၍ထားပေးမည်" ဟု ကတိပြုခဲ့ပါသည်။

**နေရာစိစဉ်ခြင်း**

ဝန်ကြီးချုပ်သည် တပည့်တော်ညွှန်ပြသော အင်္ဂါနှင့် ပြည့်စုံ၍, နောင်အခါ တိုးချဲ့ဘို့ အလားအလာကောင်းသော နေရာကို ရှာစေပါသော်လည်း စိတ်ကြိုက် မရသေးပါ။ ထို့ကြောင့် ကမ္ဘာအေး ကျောင်းကြီးတို့တွင် အပရဂေါယာန ကျောင်းကြီးကို ခေတ္တအနေအားဖြင့် တပည့်တော်၏ သံဃာများနှင့်အတူ လာရောက်အုပ်ချုပ်ပါရန်

ကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်၏ ညွှန်ကြားရေးဝန်ကို လျှောက်စေပါသည်။ တပည့်တော်သည် မိမိပရိသတ်ကို အလွန်သေသပ်အောင် စောင့်ရှောက်နေသူဖြစ်ရကား "ထိုကဲ့သို့ တပိုင်းတစ အုပ်ချုပ်ရသောနေရာဝယ် စည်းကမ်းမကျနိုင်" ဟု ယူဆသောကြောင့် လက်မခံခဲ့ပါ။ [ဆရာတော်များလည်း သဘောမတူကြပါ။]

**နောက်ဆုံး ဆွေးနွေးခြင်း**

သာသနာပြုပြင်ဘို့အရေးကား တနှစ်ထက်တနှစ် သာ၍ အရေးကြီးလာပါသည်။ ဝန်ကြီးချုပ်လည်း ကြာရှည် မစောင့်ဆိုင်းလို, တပည့်တော်လည်း (ပြုပြင်ရဦးမည် ဖြစ်လျှင်) တာရှည် မဆိုင်းလိုပါ။ ထို့ကြောင့် ၁၃၂၃-ခု နတ်တော်လပြည့်နေ့၌ သာသနာတော်အရေးကို တပည့်တော်နှင့် ဝန်ကြီးချုပ်တို့ အချိန်အတော်ကြာအောင် ဆွေးနွေးကြပါသည်။ ထိုဆွေးနွေးရာ၌ နောက်ဆုံး သဘောတူချက်မှာ ရန်ကုန်၌ ကျေနပ်လောက်သောနေရာ မရသေးမီ အမရပူရ-မဟာဂန္ဓာရုံတိုက်၌ပင် တိုးချဲ့၍ သာသနာ့ဝန်ဆောင် သံဃာတော်အများ ပေါ်ထွက်လာစေနိုင်မည့် နည်းလမ်းဖြစ်ပါသည်။

**တိုးချဲ့နည်း ၃-မျိုး**

(၁) နိုင်ငံခြားမှလာသော ငယ်ရွယ်သူများကို လက်ခံ၍ သာမဏေအဖြစ်ဖြင့် စည်းကမ်းတကျ သင်ပြရန်၊ (၂) ယခုအခါရဟန်း သာမဏေ ၂-ရာကျော်ရှိနေသော မဟာဂန္ဓာရုံတိုက်ဝယ် နောက်ထပ် လက်ခံပြီးလျှင် ကျေးရွာ မြို့နယ်များ၌ သာသနာ့ဝန်ဆောင် အများ ပြန့်ပွါးစေရန်၊ (၃) ကျေးရွာတို့၌ လက်ရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများတွင် ငယ်ရွယ်သော ပုဂ္ဂိုလ်များကို ဖြစ်စေ, ထိုဘုန်းတော်ကြီးများ၏ လက်ထောက်ပုဂ္ဂိုလ်များကို ဖြစ်စေ (နေလိုပါလျှင်) လက်ခံ၍ ထိုပုဂ္ဂိုလ်များက ကျေးရွာလူများ၏ စာရိတ္တကို ပြုပြင်ရေးနှင့်တကွ ကျောင်းသားသူငယ်တို့အား မူလတန်းပညာမျှကို ကိုယ်တိုင် သင်ပြနိုင်အောင် လေ့လာခွင့် ရစေရန်-ဤ ၃-တန်သောနည်းဖြင့် တိုးချဲ့ရန်ဖြစ်ပါသည်။

**နှစ်တိုနှစ်ရှည် ပြုပြင်ကိန်း**

ပြခဲ့သော ၃-နည်းတွင် (၁-၂) နည်းတို့မှာ နှစ်ရှည် ကြိုးစားရမည့်နည်းများဖြစ်၍ (၃)နံပါတ်နည်းကား နှစ်တိုလတိုဖြင့် အကျိုးရစေနိုင်သောနည်း ဖြစ်ပါသည်။ ဤတတိယနည်းသည် မြန်မြန် အကျိုးပေါ်လာစေနိုင်သော နည်းဖြစ်၍ အလွန်

လိုလားအပ်သော နည်းဖြစ်ကြောင်းကိုလည်း အချားက ယုံကြည်ကြပါသည်။ သို့သော် "ငယ်ရွယ်သူများကို တပည့်တော် ပုံသွင်း၍ ရသကဲ့သို့ ရဟန်းဖြစ်ပြီး၍ ကြီးရင့်နေသူများအတွက် တပည့်တော် မြှော်မြင်ထားသော ပုံစံချား ရမှ ရနိုင်ပါမလား" ဟု ထို ဆွေးနွေးစဉ်ကပင် သံသယဖြစ်ခဲ့ကြပါသည်။ သို့သော် တပည့်တော် လက်တွေ့အုပ်ချုပ်ရာ၌ ကြီးခြင်း ငယ်ခြင်းသည် ပဓာန မဟုတ်၊ သဒ္ဓါကောင်းခြင်း၊ မိမိကိုယ်ကို ပြုပြင်လိုသောဆန္ဒကောင်းခြင်းသာ ပဓာန ဖြစ်ကြောင်းကို တွေ့ရပါသည်။ "ထို့ကြောင့် အမျိုးဘာသာ သာသနာကို တကယ်ပြုပြင်လိုသော သဒ္ဓါဆန္ဒရှိလျှင် ကြီးရင့်သော်လည်း တပည့်တော် မြှော်မှန်းထားသောပုံစံကို ကေန်ရနိုင်မည်" ဟုပင် ထင်မြင်ခဲ့ပါသည်။

**ဖိတ်မံပါသည်** အိုအရှင်မြတ်တို့....ကြုံခဲလှသော သာသနာတော်ဝယ် ရရှိသော လူ့ဘဝ၌ ကုသိုလ်ကောင်းမှု များစွာပြု၍ ပါရမီဖြည့်လိုပါလျှင်—

ဘခမည်းတော်ဘုရား၏ တဖြည်းဖြည်း လျော့ကျနေသော သာသနာတော်ကို သားကောင်းဖြစ်သော မိမိ၏ တာဝန်ဟု သဘောထား၍ မြှင့်တင်လိုပါလျှင်—

ရွာဦး ရွာထိပ်ကျောင်းဝယ် ပျော်မွေ့စွာ သီတင်းသုံးလျက် ကျေးရွာလူရွယ်များ၏ စာရိတ္တကို ပြုပြင်ပေးလိုပါလျှင်—

မိမိကို အားကိုးရှာကြသော ကျောင်းသားသူငယ်တို့အား တူငယ် ညီငယ်များလို သဘောထား၍ ဘာသာစာရိတ္တနှင့် လူရာဝင်နိုင်သောပညာ သင်ပေးလိုကြပါလျှင်—

ကိုယ်အင်္ဂါ အစိတ်အပိုင်းနှင့်တကွ ကျန်းမာရေးပြည့်စုံ၍ တာဝန်ဆောင်နိုင်သေးသောက်အောင် ကိုယ်အား စိတ်အားပြည့်ဝပါလျှင်—

တပည့်တော်များ၏ အစီအစဉ်တွင် ပါဝင်ကူညီကြပါရန် လေးလေးနက်နက် ဖိတ်မံပါသည်။

**ရှေးဟောင်းနည်းသာ** ယခုအခါ တပည့်တော် စီစဉ်အပ်သော နည်းသည် အသစ်အဆန်းမဟုတ်ပါ။ ပုဂံခေတ်မှစ၍ မြန်မာနိုင်ငံ တလျောက်လုံး အသုံးပြုလာသော နည်းရိုး လမ်းဟောင်းသာ ဖြစ်ပါသည်။ ရှေးခေတ်က ဘုန်းတော်ကြီးများသည် ရွာဦးရွာထိပ်၌ သိပ်သိပ်သည်းသည်း နေထိုင်လျက် မေတ္တာ ကရုဏာကြီးမားစွာဖြင့်

လူကြီးလူရွယ် လူငယ်အားလုံးကို သွန်သင်ဆုံးမတော်မူကြ၊ ကျောင်းသား သူငယ်တို့ကိုလည်း လူရာဝင်အောင် သင်ပြတော်မူကြပါသည်။ ထို့ကြောင့် ပင် မြန်မာနိုင်ငံ၌ ရွာဦးကျောင်းနှင့် ရပ်ရွာ(ဆရာနှင့်ဒကာတို့) အဆက်ဆက် ပဏာရခဲ့ပါသည်။ ယခုလည်း ထိုနည်းအတိုင်းပင် နေထိုင်၍ ကျောင်းသား သူငယ်များကို ခေတ်နှင့်လျော်စွာ ပညာသင်ပေးဘို့ရန် ရည်ရွယ်ခြင်းသာ ဖြစ် ပါသည်။ [အစိုးရထံမှ အထောက်အပံ့အကူအညီယူ၍ အစိုးရသြဇာကို နာခံ ရန် မဟုတ်ပါ။ သို့သော် အစိုးရအသိအမှတ်ပြုထားသော သင်ခန်းစာများ နှင့်တကွ ဘာသာစာရိတ္တကို အထူးသင်ပြ၍ အောင်မြင်သော ကျောင်းသား ကလေးများကို အစိုးရက အသိအမှတ် ပြုပေးပါလိမ့်မည်။]

**အမှာ။** ။အားလုံးအစီအစဉ်များ အထမြောက်ဘို့ရန် အမရပူရ-မဟာဂန္ဓာရုံ တိုက်၌ နေရာကျောင်း, နံနက်ဆွမ်း,(ဆွမ်းခံ၍ မပြည့်စုံလျှင် ကူညီရန်) နေ့ဆွမ်း, ကျန်းမာရေးဆေးနှင့် ဂိလာနကျောင်း, ညနေ-ထန်းလျက် ရည်, သို့မဟုတ် ဖျော်ရည်များဖြင့် ယခုလည်းစောင့်ရှောက်၍ နောင် ခါလည်း စောင့်ရှောက်နိုင်ပါလိမ့်မည်။ မူလတန်းပညာမှစ၍ သင်ပြဘို့ ရန် လိုအပ်သောဆရာကြီးများကိုလည်း စီစဉ်နေပါသည်။

ကျောင်းထိုင်ငယ်၊ သို့မဟုတ် လက်ထောက်ပုဂ္ဂိုလ်သည် ၆-လခန့်၊ သို့မဟုတ် တနှင်ခန့် ကြိုးစားဘို့တာဝန်ရှိပါသည်။ ထိုလအတွင်း၌ ကိုယ်မှု နှုတ်မှု စိတ်မှု အားလုံးပင် ပြုပြင်ပြီးဖြစ်၍ မိမိကိုယ်ကို မိမိကိုယ်တိုင်ပင် ကြည်ညိုချင်လာပါ လိမ့်မည်။ ရှေးဦးစွာ ကိုယ်တိုင်လာရောက်၍ ရက်အနည်းငယ်မျှနေထိုင် စုံစမ်းပြီး မှ တာရှည်နေထိုင်ဘို့ရန် စိတ်ကူးကြစေလိုပါသည်။ ရေလည်အောင် စာမပြန်နိုင် သောကြောင့် စာဖြင့်စုံစမ်းမှုကို မပြုဘို့ရန် တောင်းပန်ပါသည်။ တပည့်တော် သည် သာသနာနှင့် ဒါယကာတို့ ဆက်ဆံပုံ, ဘာသာခြားတို့ ကြိုးစား၍ တိုးပွါးနေပုံကို တော်တော်စုံစုံသိပါသော်လည်း သိသမျှမပြောလိုပါ။ လယ်တီ ဆရာတော်၏ သြဝါဒစာတပိုဒ်ကိုသာ ညွှန်ပြပါရစေ။

"လူ့ငြိမ်း၌ မှုထမ်းသာအောင်၊ ရှုစမ်းပါညီလှရဲ့၊
မှီသမျှ ဉာဏ်ကုန်မြှော်နေ၊ ပြောလို့မတော်"-တဲ့။

[ဤနောက်ဆက်တွဲကို ဖတ်ရသူတို့က ဆိုင်ရာသံဃာတော်များကို တဆင့် တင်ပြကြစေလိုပါသည်။]

ဦးဇနကာဘိဝံသ။

အမရပူရ

မဟာဂန္ဓာရုံ ကျောင်းတိုက်

အရှင်ဇနကာဘိဝံသ

၏

# ဘာသာရေးပြဿနာများ

အဖြေ

# နိဒါန်း

❖❖❖❖❖❖

## ဂါဒီယန် သတင်းစာ အယ်ဒီတာဟောင်း

## ဦးစိန်ဝင်း လျှောက်ချက်

**ဆရာတော် အရှင်မြတ် ဘုရား....**

ဘုရားတပည့်တော်သည် မိရိုးဖလာ ဗုဒ္ဓဘာသာအဖြစ်ဖြင့် ဗုဒ္ဓဘာသာဝင် ဟု ဆိုရသော်လည်း လောကီစီးပွါးရေးတွင် စိတ်ဝင်စား နေရသောကြောင့် ဘာသာရေးကို ဂရုတစိုက် မလေ့လာခဲ့မိပါ။ မကြာမီကသော် စီးပွါးရေး၌ စိတ်ရောကိုယ်ပါ လွတ်လပ်ခွင့်ရနေသောကြောင့် ဒုလ္လဘရဟန်းပြုချင်စိတ် ဖြစ်လာပါသည်။ ထိုအခါ တပည့်တော်၏ မိတ်ဆွေ တယောက်က ညွှန်ပြသောကြောင့် ရန်ကုန်မြို့ ကျောက်ကုန်း မဟာဗောဓိ ကျောင်းတိုက်၌ ရဟန်းပြုခွင့် ရပါသည်။

ထိုသို့ အခွင့်ရ၍ ရဟန်း ပြုပြီးနောက် ထို မဟာဗောဓိ ကျောင်းတိုက်၌ စာချဘုန်းကြီးများက ဝိနည်းတော်ကို သင်ပြတော်မူရင်း ဆရာတော်ဘုရား၏ ကျမ်းစာများကိုလည်း ကြည့်ရှုဘို့ရန် ညွှန်ပြကြသောကြောင့် ဆရာတော် ဘုရား၏ ဘာသာရေး ကျမ်းစာများကို ကြည့်ရှုရပါသည်။ ထိုသို့ ကြည့်ရှု ရင်းပင် ဗုဒ္ဓဘာသာဝင် လူအများကိုလည်း မိမိကဲ့သို့ ဘာသာရေး၌ လေ့လာ စေလိုသောဆန္ဒ ဖြစ်ရပါသည်။ အကြောင်းမှာ—ဘာသာရေးကို အတိအကျ ပြတ်ပြတ်သားသား နားမလည်သည့် အတွက် နေ့စဉ် ဒါန သီလမှု၌ ဖြစ်စေ၊ တရံတခါ ဒါန သီလ ဘာဝနာမှု၌ ဖြစ်စေ အကျိုးပြုသင့်သလောက် မပြုနိုင် ခြင်း, တချို့ ဘာသာရေးတို့မှာ ငွေအကုန်မများသင့်ဘဲ များနေခြင်း, များ သင့်၍ များပြန်လျှင်လည်း ငွေကုန်သလောက် အကျိုးမရသည့်ပြင် ဘာသာ ကို ပြုရာမရောက်ဘဲ ဖျက်ဆီးရာ ရောက်နေခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ယခုမေးလျှောက်မည့် ပြဿနာများသည် ဆရာတော်ဘုရား၏ ကျမ်းစာတို့၌ ဟိုနေရာ သည်နေရာမှာ အများအားဖြင့် ပါပြီး ဖြစ်ပါသော်လည်း ထိုကျမ်းစာများကို လူအများ ကြည့်မိမည် မထင်ပါ။ ထို့ကြောင့် တပည့်တော် သိသလို အများကိုလည်း သိစေလိုသဖြင့် ပြဿနာများကို ရိုသေစွာ လျှောက်ထားပါသည် ဘုရား။

**ဘုရားတပည့်တော်**

**ဒါယကာ စိန်ဝင်း**

၁၉-၅-၆၄

## ဆရာတော်၏ပဋိညာဉ်

**ဒကာစိန်ဝင်း ...**

ဘုန်းကြီးမှာ နေ့စဉ်အလုပ်မှန်မှန်ရှိနေသောကြောင့်၎င်း၊ မိမိ၏ ဂရုတစိုက် ပြုလုပ်ရသော အလုပ်များ၌ (ကျမ်းစာ မဖြစ်ဘဲ) ပြီးပြီး ပျောက်ပျောက် ဖြစ်မည်ကို မလိုလားသောကြောင့်၎င်း အဝေးက ရဟန်း ရှင် လူတို့၏ မေးလျှောက်သမျှကို အတိုချုပ်မျှ ဖြေလိုက်ပြီးလျှင် နောက်ထပ်လည်း မမေးဘို့ရန် တောင်းပန်ရပါသည်။ ဒကာစိန်ဝင်း၏ ပြဿနာများကား တယောက်အတွက်သာမက ဗုဒ္ဓဘာသာဝင် အားလုံးအတွက် အခြေခံ သိထိုက်သော အချက်များ ဖြစ်သောကြောင့်၎င်း၊ အများသိဘို့ရန် သတင်းစာထဲ၌ ထည့်လို့, စာအုပ်ဖြစ်တန်လျှင် ဖြစ်စေလိုပါသည်ဟု လျှောက်သောကြောင့်၎င်း နေ့စဉ် အလုပ်တချို့ကို ရပ်နား၍ အဖြေကို လေးလေးစားစား ရေးသားပါသည်။

**သတိ** ။ဤအဖြေများအတိုင်း လိုက်နာနိုင်သူတို့သည် မလိုက်နာနိုင်သူတို့နှင့် ဘာသာရေး အငြင်းပွါး၍ အကုသိုလ်များစေဘဲ တွေ့ကြုံရသော ဘာသာရေးကိစ္စတို့၌ သင့်တော်အောင် ရှုစားကြဘို့ရန် အထူး သတိပေးပါသည်။

**အရှင်ဇနကာဘိဝံသ**

**မဟာဂန္ဓာရုံကျောင်း**

**အမရပူရမြို့**

**ပထမဝါဆိုလ၊ ၁၃၂၆-ခုနှစ်**

# ဘာသာရေး ပြဿနာများ

## ၁။ ဘာသာရေးအခြေခံအခန်း

**အချီ** ဂါဒီယန် သတင်းစာ အယ်ဒီတာဟောင်း ဖြစ်သော ဒကာစိန်ဝင်း ထံမှ မေးလျှောက်အပ်သော ဘာသာရေးရာ ပြဿနာ တို့သည် ပိဋကတ် တရားတော်မှာ ရှိသည့်အတိုင်း ခက်ခဲ နက်နဲကြသည် မဟုတ်ပါ။ သို့သော် ဘုရားဟောတော်မူသောကြောင့်ဟု အကြောင်းပြရုံဖြင့် ထိုအဖြေကို ယခုခေတ် လူအများစုက ကျေကျေနပ်နပ် လက်ခံလိုကြမည် မဟုတ်သော ကြောင့် ဘုရားဟောတော်မူရ, ပညတ်တော်မူရခြင်း၏ အကြောင်းကိုပါ သဘောပေါက်ကြဘို့ရန် ဗုဒ္ဓမြတ်စွာ၏ ဘာသာရေး အခြေခံကို အကျဉ်းမျှ ပြပါဦးမည်။

**အဝိဇ္ဇာ တဏှာ အရင်းခံ** "ဝိဇ္ဇာ"ဟု ခေါ်သော ဉာဏ်သည် သိစရာဟူသမျှကို သိတတ်၏။ ထိုဝိဇ္ဇာ၏ ပြောင်းပြန် တရားကို "အဝိဇ္ဇာ"ဟု ခေါ်၏။ "မောဟ" ဟုလည်း ခေါ်၏။ ထိုအဝိဇ္ဇာဟု ခေါ်အပ်သော မောဟသည် သိစရာဟူသမျှကို မသိတတ်ရုံတွင်မက ဝိဇ္ဇာဉာဏ်ကိုပင် ဆန့်ကျင်ဘက် ပြုလုပ်၍ မသိအောင် ကာကွယ်ဖုံးအုပ်တတ်သေး၏။ တဏှာကို "လောဘ"ဟုရင်း၊ "ရာဂ"ဟုရင်း ခေါ်၏။ ထိုတဏှာ (လောဘ ရာဂ) သည် လိုချင်တတ်, မက်မောတတ်, သာယာတတ်၏။ ထိုအဝိဇ္ဇာ တဏှာ ဟူသော တရား ၂-ပါးသည် သတ္တဝါတိုင်းဝယ် (သစ်ပင်၏ ရေသောက်မြစ်ကဲ့သို့)အခြေခံ အဖြစ်ဖြင့် ငြိတွယ်ကိန်းဝပ်လျက် မပြတ် တည်ရှိနေ၏။ ထို့ကြောင့်ပင် ဘုန်းကြီးတို့တတွေသည် အဝိဇ္ဇာဖုံးကွယ်မှုကို ခံနေရသဖြင့် သိသင့်သော အရာတွေကို မသိကြရ။ မဟုတ်မမှန်တာတွေကိုပင် အမှန်ထင်လျက် တဏှာဖြင့် တပ်မက်ခင်မင် လိုချင်ကွယ်တာ၍ သာယာနှစ်သက်နေကြလေသည်။

**သန္ဓေတည်စဉ် အဝိဇ္ဇာ တဏှာ**

ဘုန်းကြီးတို့၏ ဤဘဝ၌ ပဋိသန္ဓေဆိုးစိတ်ဖြစ်ရာ အချိန်အခါသည် ဘာလောက်မျှမကြာပါ။ တစက္ကန့်အချိန်ကို ကုဋေများစွာ စိတ်လျှင် တစိတ်လောက်သာ ကြာပါသည်။ ထိုအချိန်ကလေးပယ် စိတ်ကလေး တခု (စိတ်နှင့် အတူ ဖြစ်လေ့ ရှိသော) စေတသိက်ကလေးတွေ ၃၃-ခုနှင့် ရုပ်ကလာပ်စည်း ၃-ခုမျှ စတည်မိကြပါသည်။ ထိုသို့ စိတ်စေတသိက်ရုပ်အစုတို့၏ စတည်မှုကို "သန္ဓေတည်ခြင်း"ဟု ခေါ်ပါသည်။

ပါဠိလို "ပဋိသန္ဓိ"မှ သန္ဓိကိုယူ၍ "သန္ဓေ" ဟု ခေါ်ခြင်း ဖြစ်သည်။ [ပဋိသန္ဓိ=ရှေ့ဘဝအပြတ်တွင် နောက်ထပ် ဆက်စပ်၍ ဖြစ်သော တရားစု] ထို သန္ဓေတည်စ "ပဋိသန္ဓေစိတ်စေတသိက်ရုပ်ကလာပ်အစု"ဟူသော ခန္ဓာကိုယ်ကလေးကို အကောင်းဆုံး မှန်ပြောင်းကိုတပ်၍ ကြည့်သော်လည်း မျက်စိဖြင့် မြင်နိုင်သေးသည် မဟုတ်ပါ။ ဘုန်းကြီးတို့၏ ဤဘဝ၌ စတည်ခဲ့ရာ ရုပ်ခန္ဓာ (စိတ် စေတသိက် ဟူသော) နာမ်ခန္ဓာသည် ဤမျှလောက် သေးငယ်သော်လည်း ထိုရုပ်နာမ်ခန္ဓာကိုယ်ကလေး၌ အဝိဇ္ဇာဓာတ် တဏှာဓာတ်ကား အဆက်မပြတ်ဘဲ ပါမြဲပါလျက် ရှိပါသည်။

**အဝိဇ္ဇာ တဏှာတို့ သတ္တိပြပုံ**

ဤပြခဲ့သော နည်းဖြင့် သန္ဓေ တည်ပြီးသော သတ္တဝါကလေးသည် တစက္ကန့်အချိန်ကို ကုဋေများစွာ စိတ်လျှင် သန္ဓေတည်ချိန်မှ စ၍ ၁၇-စိတ်လောက်ကြာသော အချိန်မှာ ဓာတ် အဖြစ်ဖြင့် ပါခဲ့သော တဏှာသည် မိမိ၏ ကိုယ်ခန္ဓာကလေးကို နှစ်သက်တွယ်တာမှု သတ္တိပြကာ (အဝိဇ္ဇာနှင့်အတူ) ဖြစ်လာလေတော့၏။ ဤ ခန္ဓာကိုယ်သည် အိုနာသေရေး ဒုက္ခဘေးတို့နှင့်တကွ ဒုက္ခမျိုးစုံပေးမည့် ခန္ဓာကိုယ် ဖြစ်ရကား စင်စစ် နှစ်သက်တွယ်တာ ချစ်ခင်စရာ မကောင်းပါချေ။ သို့သော် ထိုအပြစ်တွေကို အဝိဇ္ဇာက မမြင်နိုင်အောင်ဖုံးကွယ်ထားသောကြောင့် (မျက်စိကန်း တစ္ဆေမကြောက်သကဲ့သို့) တဏှာက မကြောက်ဘဲ ယနေ့တိုင် အောင် မိမိကိုယ်ကို အချစ်ဆုံးအဖြစ်ဖြင့် ချစ်၍နေလေသည်။ [နတ္ထိ အတ္တသမံ ပေမံ=မိမိကိုယ်နှင့် တန်းတူသော ချစ်စရာသည် ကမ္ဘာ လောက၌ မရှိ။ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဒေဝတာသံယုတ်။]

**ဖွားမြင်ပြီးသောအခါ သတ္တဝါပြပုံ**

ဖွားမြင်ပြီးစ အခါ၌ များစွာသော သတ္တဝါတို့သည် အဝိဇ္ဇာ၏ ဖုံးကွယ်မှုကြောင့် ဘာတခုကိုမျှ အမှန်အတိုင်းမသိကြချေ။ အမှန်အတိုင်းမသိကြသော်လည်း တဏှာ၏ တောင့်တမှုကြောင့် တစုံတခုကို စားလို သောက်လိုသော သဘောမှာ (မည်သူမျှ သင်၍မပေးရဘဲ) အလိုလိုပေါ်လာ၏။ ရက်ကလေး အနည်းငယ်ရလျှင် မိမိကို ယုယပိုက်ထွေး၍ နို့ချိုတိုက်ကျွေးသော မိခင်ကို (မည်သူမျှ မသင်ပေးရဘဲ) တဏှာဖြင့် ချစ်ခင်လာ၏။ လသားအရွယ်ရောက်၍ မျက်စိဖြင့် မြင်တတ်, နားဖြင့် ကြားတတ်လာသောအခါ ယုယုယယနှင့် ချော့ကြမြှူကြသည်ကို တဏှာဖြင့် သာယာကြ လေတော့သည်။ ဤသို့လျှင် နွားကလေး၌ ပေါက်၍လာသော ဦးချိုသည် နွားကလေးကြီးလေ ဦးချိုရှည်လေ ဖြစ်သကဲ့သို့ သတ္တဝါတိုင်း၌ ခတ်ခံပါနေသော တဏှာသည် သန္တေ တည်စမှစ၍ အထင်အရှားဖြစ်ပေါ်လာခဲ့ရာ သတ္တဝါကြီးလေ တဏှာလောဘကြီးလေ ပင် ဖြစ်ချေတော့၏။

**ထိုအကြောင်း ၂-ပါးကြောင့် မကောင်းတရားတိုးပုံ**

သတ္တဝါတို့၏ ခန္ဓာအစဉ်၌ လောဘ ဒေါသ မာန ဣဿာ မစ္ဆရိယ ဒိဋ္ဌိတို့သည် အလွန်ဆိုးဆိုးဝါးဝါး ဖြစ်တတ်သော တရားများတည်း။ ထိုတရားအားလုံးပင် အဝိဇ္ဇာနှင့်တဏှာကို အရင်းခံ၍ဖြစ်တတ်ကြ၏။ ရှင်းပြပါဦးမည်—

(၁) အပြစ်ကို မမြင်နိုင်သော အဝိဇ္ဇာ, မိမိကိုယ်ကို ချစ်ခင်သော တဏှာကြောင့် မိမိ၏တိုးတက်သာယာရေးကို မြှော်တွေးကာ ရူပါရုံ သဒ္ဒါရုံ စသော ကာမဂုဏ် အာရုံများကို လိုချင်သော လောဘ ဖြစ်ရ၏။

(၂) လိုချင်တိုင်းမရလျှင် စိတ်ဆိုးမှု ဒေါသ ဖြစ်ရ၏။

(၃) လိုချင်တိုင်း ရပြန်လျှင် ခံစားသော လောဘအပြင် ထပ်၍ လိုချင်သော လောဘနှင့် စိတ်ကြီးဝင်သော မာနလည်း ဖြစ်တတ်၏။

(၄) ထိုကဲ့သို့ လိုချင်စရာ ကောင်းသော လောကီအာရုံ ကာမဂုဏ် စည်းစိမ်တွေကို အပြိုင်အဆိုင် ရှာနေကြရာဝယ် ကိုယ့်ထက် သာနေသူကို

(သို့မဟုတ် သာသို့ချန် အလေးအလာရှိသူကို) ပနာလိုသော ဣဿာ ဖြစ်တတ်၏။

(၅) မိမိကဲ့သို့ သုံးဆွဲနိုင်အောင် မဝေခြမ်းနိုင်သော (ဝန်တိုသော) မစ္ဆရိယ လည်း ဖြစ်တတ်၏။

(၆) အဝိဇ္ဇာ၏ အပြစ်ကိုမမြင်အောင် ဖုံးကွယ်မှုနှင့် တဏှာ၏ မိမိကိုယ်ကို ခင်မင်မှုကြောင့် မိမိ၏ ရုပ်နာမ် အစုတွင် ရုပ်တခုခုကို ဖြစ်စေ၊ နာမ် တခုခုကို ဖြစ်စေ အကောင်အထည်ဟုထင်ကာ မပျက်နိုင်ဘဲ ခိုင်မြဲသော အတ္တဟု အယူမှားသော ဒိဋ္ဌိလည်း ဖြစ်ကြရ၏။ ဤအတ္တဒိဋ္ဌိကို အခြေ ခံ၍ ယခုခေတ်ဖြစ်ရိုး ဒိဋ္ဌိအမျိုးမျိုးလည်း ဖြစ်ကြရ လေသည်။

ဤနည်းအားဖြင့် အဝိဇ္ဇာ တဏှာဟူသော အကြောင်း ၂-ပါးကြောင့် မကောင်းတရားတွေ ခန္ဓာကိုယ်၌ တိုးပွါးလျက်ရှိရကား ထိုမကောင်းတရားစု ကြောင့်ပင် မကောင်းသော ကိုယ်မှု နှုတ်မှု စိတ်မှုတွေကို ပြုမိကာ အပါယ် ၄-ပါး၌ ဖြစ်ကြရ, ကောင်းသောဘဝ၌လည်း မကောင်းဒုက္ခတွေကို တွေ့ ကြရလေသည်။

**အပြစ်ပြတ်မှု အဖြစ်ရပ်မည်** အဝိဇ္ဇာ တဏှာ အကြောင်း ၂-ပါးကြောင့် လောဘ ဒေါသ စသော မကောင်းတရားတွေသာ ဖြစ်ကြသည် မဟုတ်သေး။ ရောက်လေရာ ဘဝဝယ် ပညာရှိသူတော်ကောင်းတို့နှင့် တွေ့၍ ထိုသူတို့၏ အဆုံးအမကို နာယူသောကြောင့် အသိအလိမ္မာ ဉာဏ်ပညာကို အရင်းခံ၍ ဒါန သီလ ဘာဝနာစသော အကောင်းတရားများလည်း ဖြစ် တတ်ကြပေသည်။ ထိုဒါန သီလ ဘာဝနာတို့ကြောင့် လူနတ်ပြဟ္မာ သတ္တဝါ အမျိုးမျိုး ဖြစ်ပြန်ရာဝယ် လောဘ ဒေါသ မာန်မာနနှင့် ဣဿာ မစ္ဆရိယ ဒိဋ္ဌိ စသော တရားဆိုးတို့လည်း ပွါးတိုးပြန်၏။ ထိုတရားဆိုးတွေကြောင့် မကောင်းသော ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကို ပြုမိပြန်ရာ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟူသော အပါယ် ၄-ပါး၌ ထိုက်သလို ဖြစ်ကြရပြန်၏။ ဤနည်း အားဖြင့် အဝိဇ္ဇာ တဏှာ ဟူသော အပြစ် မပြတ်သေးသမျှ သံသရာဝယ် အဖြစ် မရပ်သေးဘဲ အဝိဇ္ဇာကုန်ခန်း၍ ရဟန္တာဖြစ်မှသာ သံသရာ၌ အဖြစ်ရပ်နိုင် ပေသည်။ [သံ=ရှေးရှေး ရုပ်နာမ်ချုပ်လျှင် နောက်နောက်ရုပ်နာမ် ဆက်စပ်

လျက် + သာရ = ဖြစ်ခြင်း။ ဤသို့ ဖြစ်ခြင်းကို ပါဠိလို "သံသာရ", မြန်မာလို "သံသရာ"ဟုခေါ်သည်။]

**အဝိဇ္ဇာ တဏှာ အထူအပါးကွဲပုံ**

အဝိဇ္ဇာကို "မောဟ", တဏှာကို "လောဘ"ဟု ခေါ်၏။ ထိုလောဘ မောဟနှင့် ဒေါသတို့သည် မြူမှုန်များနှင့် တူကုန်၏။ ပညာရှိ သူတော်ကောင်းတို့၏ အဆုံးအမကြောင့် ရရှိသော အသိဉာဏ်သည် မျက်စိနှင့်တူ၏။ ပကတိမျက်စိ၌ မြူမှုန်တွေကပ်ဝင်လျက်ရှိရာ ထိုမြူမှုန်တို့ များနေလျှင် မျက်စိအမြင်လည်း ညံ့၍ ထိုမြူမှုန်နည်းပါးလေ အမြင်ကောင်းလေဖြစ်၏။ ထို့အတူ ဉာဏ်မျက်စိ၌ လောဘ ဒေါသ မောဟဟူသော မြူ(သလာ)တွေများလေ ဉာဏ်အမြင် မသန့်ရှင်းလေဖြစ်၍ မြူသလာနည်းလေ ဉာဏ်အမြင် သန့်ရှင်းလေ ဖြစ်၏။ ပကတိမျက်စိ၌ မြူသလာ အထူအပါး ရှိသကဲ့သို့ ဉာဏ်မျက်စိ၌လည်း လောဘ စသော မြူသလာ အထူအပါး ရှိနိုင်လေသည်။

**ထူခြင်းပါးခြင်း၏ အကြောင်း**

သတ္တဝါတို့သည် ဖြစ်လေရာဘဝ၌ လောကီအာရုံ ကာမဂုဏ်တွေကို ရှာဖွေကြ, ခံစားကြရ၏။ ထိုခံစားမှုကြောင့် လောဘတဏှာ ကိလေသာ မြူဓာတ်သည် မသိမသာ ထူ၍ ထူ၍ နေရစ်၏။ ဒေါသဖြစ်လောက်သော အာရုံတို့ကြောင့် ပြင်းထန်သော ဒေါသဖြစ်သောအခါ ဒေါသကိလေသာ မြူဓာတ်လည်း မသိမသာ ထူ၍ ထူ၍ နေရစ်၏။ လောဘဒေါသ ထူသလောက် မောဟမြူဓာတ်လည်း ထူ၍ နေရစ်သည်ပင်။ ပညာရှိ သူတော်ကောင်းတို့၏ တရားမှန်ကို နာခံ၍ လိုက်နာပြုကျင့်သောအခါ အသိအလိမ္မာ ဉာဏ်ပညာ တိုးပွါးသဖြင့် ထိုကိလေသာမြူတို့သည် မသိမသာ နည်းပါး၍ နည်းပါး၍ သွားပြန်၏။ ဒါန သီလ ဘာဝနာစသော ကောင်းမှုတို့ကို ပြုတုန်းအခိုက်၌လည်း ထိုကိလေသာ မြူသလာတို့ အထိုက်အလျောက် နည်းပါးသွားကြသည်သာ။ ထို့ကြောင့် ဒါန သီလစသော ပါရမီတွေ အလွန်များသောအခါ အသိအလိမ္မာ ဉာဏ်ပညာတို့သည် ကြီးမားသည်ထက် ကြီးမားကြကုန်၏။ ဉာဏ်ပညာ ကြီးမားသလောက် လောကီအာရုံ ကာမဂုဏ်တို့၏ အပြစ်တွေကို မြင်နိုင်ရကား ကိလေသာမြူသလာတို့သည် နည်းပါးသည်ထက် နည်းပါး၍ သွားကြရပေသည်။

**ဘုရားတဆူ ပွင့်တော်မူခြင်း**

ရှေးရှေး ဘဝပေါင်းများစွာတို့၌ ပညာရှိသူတော်ကောင်းတို့နှင့်အပေါင်းအသင်းများ၍ ကိလေသာမှုန်ပါးသဖြင့် အသိဉာဏ် အမြင်မှန်ရသူတို့မှာ မိမိတို့၏ ကောင်းသော အလေ့အကျင့်လိုက်၍ အဆင့်ဆင့် အသိအမြင် ကွာခြားကြ၏။ ထိုသို့ ကွာခြားသည်အားလျော်စွာ ဒါန သီလစသော ကောင်းမှုကို ပြုရာ၌လည်း ရည်ရွယ်ချက်ခြင်း ပတူကြ။ တချို့က မိမိတယောက်အတွက် အကျိုးရမှုကို ရည်ရွယ်၍ ပြုကြ၏။ တချို့ကား အများကောင်းစားရေးကို ရည်ရွယ်၍ ပြုကြ၏။ အများကောင်းစားမှုကို ရည်ရွယ်၍ပြုသူသည် သာ၍ သာ၍ ကိလေသာ မှုန်ပါးရကား သာ၍ သာ၍ ဉာဏ်ပညာလည်း ကြီးမားလာ၏။ နောက်ဆုံး၌ကား မည်သူနှင့်မျှ မတူအောင် သီလလည်း ကြီးမား, သမာဓိလည်း ကြီးမား, ပညာလည်း ကြီးမားသဖြင့် သတ္တဝါအားလုံးထက် ထူးခြားသော ပုဂ္ဂိုလ်တပါး ဘုရားတဆူ ဖြစ်တော်မူလာရပေသည်။ [ဤသို့ ထူးခြားသော ပုဂ္ဂိုလ်တပါး ဖြစ်တော်မူလာရခြင်းကိုပင် (နေအရုဏ်နှင့်တွေ့၍ ပဒုမ္မာကြာငုံ ပွင့်ခြင်းနှင့်တူစွာ အရဟတ္တမဂ်ဉာဏ်နှင့်တွေ့၍ ဉာဏ်ပညာ ပွင့်လင်းလာသောကြောင့်) ဘုရားပွင့်တော်မူခြင်းဟု ကျမ်းစာတို့၌ ခေါ်စမှတ်ပြုကြသည်။]

**ကာလအလွန်ကြာပ ပါရမီဖြည့်ရ**

သတ္တဝါတို့အား သနားတော်မူသော မဟာကရုဏာတော်ကို အခြေခံ၍ သတ္တဝါတို့၏ ကောင်းကျိုးချမ်းသာ မင်္ဂလာကိုသာ ဆောင်လိုသော ဆန္ဒတော်ဖြင့် ကောင်းမှုပါရမီတို့ကို ဖြည့်တော်မူကြသော အလောင်းအလျာတို့သည် အနည်းဆုံးအားဖြင့် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကာလကြာအောင် မဆုတ်မနစ် ဖြည့်ကျင့်နိုင်မှ ပါရမီပြည့်ဝ၍ ဗုဒ္ဓဖြစ်တော်မူကြသည်။ ထိုအချိန်ကာလမပြည့်မီ အကြား၌ အသက်ပေါင်း, စည်းစိမ်ပေါင်း မည်မျှပင်စွန့်၍ ပါရမီဖြည့်ကြသော်လည်း မပြည့်ဝနိုင်ပေ။ ဥပမာ—အချိန်သင့်မှ မှည့်ရင့်မည့် သစ်သီးကို အချိန်မသင့်မီ နုသောအခိုက်၌ အုပ်လျှင် မမှည့်ဘဲ ပုပ်သွားတတ်၍ အချိန်သင့်သော အခါ၌ကား မအုပ်ဘဲလည်း အလိုလို မှည့်လာသကဲ့သို့တည်း။

**ဗုဒ္ဓ၏ မြော်မှန်းတော်မူချက်**

ဗုဒ္ဓမြတ်စွာသည် အလောင်းအလျာအဖြစ်ဖြင့် ကျင်လည်ခဲ့ရာ ဘဝပေါင်းများစွာ၌ သတ္တဝါတို့ အပေါ်ဝယ် သနားကြင်နာ ကရုဏာတော်ကို အခြေခံ၍ ချမ်းသာနိုင်သမျှ ချမ်းသာခွင့်ရအောင် ဆောင်တော်မူခဲ့သည် အားလျော်စွာ

ဘုရားဖြစ်တော်မူသော အခါ၌လည်း သတ္တဝါတို့ ချမ်းသာအောင် ဆောင်တော်မူပေသည်။ ထိုဆောင်တော်မူပုံသည် အလေ့ာင်းအလျာ ဘဝများစွာထက် ကြီးကျယ်၏။ သတ္တဝါတို့ အကျိုးရဘို့အတွက် မြွက်မှန်းတော်မူချက်လည်း အလွန့်အလွန် လေးနက်၏။ ထို့ကြောင့် သတ္တဝါတို့ သန္တာန်ဝယ် ချမ်းသာသုခ ပို၍ရအောင် အဝိဇ္ဇာနှင့် တဏှာတို့ နည်းပါးသည်ထက် နည်းပါးအောင် နောက်ဆုံး၌ ထို ၂-မျိုးလုံးကုန်ခန်း၍ ရဟန္တာဖြစ်အောင် မြွက်မှန်းတော်မူပါသည်။

**တရားတော်၏ မူ ၃-မျိုး** ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူလာသောအခါ မြွက်မှန်းတော်မူချက်နှင့် ကိုက်ညီအောင် တရားတော် ၃-မျိုးကို ဟောပြတော်မူ၏။ ထို ၃-မျိုးကား ဝိနည်း အဘိဓမ္မာ သုတ္တန် ဟူသော နာမည်အားဖြင့် ထင်ရှားကြပေသည်။ ထိုတရား ၃-မျိုးလုံးပင် တမျိုးနှင့် တမျိုး မတူကြပေ။ ဗုဒ္ဓမြတ်စွာ၏ မူလရည်ရွယ်တော်မူချက်အတိုင်း မူအားဖြင့် ၃-မျိုးပင် ကွဲပြားလျက် ရှိချေသည်။ ဝိနည်းပညတ်တော်ကို ဟောတော်မူ ပညတ်တော်မူရာ၌ ရဟန်းတော်များ၏ ကိုယ်အမူအရာ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့မှုကို မူထားတော်မူ၏။ အဘိဓမ္မာတရားကို ဟောတော်မူရာ၌ အစစ်အမှန် သဘောတရားတွေကို ခွဲခြားသိဘို့ရန် မူထားတော်မူ၏။ သုတ္တန်တရားတော်ကို ဟောတော်မူရာ၌ တရားနာသူတို့ နားလည်ဘို့ရန်, နားလည်သည့်အတိုင်း ကျင့်ကြဘို့ရန်, ကျင့်သည့်အတွက် ချမ်းသာသုခ ရကြဘို့ရန်နှင့် အဝိဇ္ဇာတဏှာ ကုန်ခန်း၍ ရဟန္တာဖြစ်ကြဘို့ရန် မူထားတော်မူသည်။

**ဝိနည်းတရားတော်၏ ဂုဏ်ထူး** ဝိနည်းတရားတော်၏ ကျင့်ရသော သီလသိက္ခာများတွင် တချို့ သီလသည် အကုသိုလ်အပြစ် မဖြစ်စေဘဲ အဝိဇ္ဇာတဏှာ နည်းပါးအောင် ပညတ်တော်မူရသော သီလဖြစ်၏။ အချို့သီလကား အကုသိုလ်အပြစ် မရှိသော်လည်း လူအများ အမြင်မတော်သဖြင့် (လူအများ ကျေနပ်အောင်) ပညတ်တော်မူရသော သီလဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်တည်တံ့ရေး၌ ရဟန်းတော်များသည် သာသနာ့အတွင်းကနေ၍ သာသနာ့တာဝန်ကို ထမ်းဆောင်ရသော အတွင်း ဝန်ထမ်းများ ဖြစ်ကြ၏။ လူဝတ်ကြောင် ဒါယကာ, ဒါယိကာမတို့ကား ပစ္စည်း ၄-ပါး ထောက်ပံ့သောအားဖြင့် သာသနာ့အပြင်ကနေ၍

တာဝန်ထမ်းရသော အပြင်ဝန်ထမ်းများ ဖြစ်ကြပေသည်။ ဤနည်းအားဖြင့် အပြင်ဝန်ထမ်းသူ ဒါယကာ, ဒါယိကာမတို့က မကြည်ဖြူ၍ မထောက်ပံ့ကြလျှင် သာသနာ့ဝန်ကို အတွင်းဝန်ထမ်းပုဂ္ဂိုလ်တို့ မထမ်းနိုင်တော့ရကား ကေန်မုချ သာသနာကွယ်ရမည်သာ။ ထို့ကြောင့် ဝိနည်း သိက္ခာပုဒ်တော်များသည် လူအများ၏ ကြည်ညိုဘွယ်ရှိအောင် ပညတ်ရသော သိက္ခာပုဒ်တော်များဖြစ်၏။ သို့ပါလျက် ''လူအများက ကြည်ညိုချင် ကြည်ညို, မကြည်ညိုချင်နေ၊ ငါ လုပ်ချင်သလို လုပ်မည်''ဟု ဆိုလျှင် လူအများကလည်း ''လုပ်ချင်သလို လုပ်ကြလေ။ မထောက်ပံ့ဘဲ နေရုံသာ''ဟု နေကြပေလိမ့်မည်။ ဤနည်းအားဖြင့် ဝိနည်းတော်ကို ကျင့်သူမရှိလျှင် သာသနာ ကွယ်ရသည်ဖြစ်သောကြောင့် ဝိနည်းတော်လာ အကျင့် သီလ သိက္ခာသည် သာသနာတော်၏ အသက်သွေးကြော ဖြစ်ပါသည်။

**အဘိဓမ္မာ တရားတော်၏ ဂုဏ်ထူး**

အစစ်အမှန် အထင်အရှား ရှိသော အရာဝတ္ထုကို ''သဘာဝ'' ဟု ခေါ်၏။ [သ=အထင်အရှားရှိသော+ဘာဝ=အထယ်ကိုယ်အရာဝတ္ထု] ''လောဘ'' ဟု ခေါ်လျှင် ''လိုချင်မှု'' အထင်အရှားရှိသော အရာဝတ္ထုကို ခေါ်၏။ ''ဒေါသ''ဟု ခေါ်လျှင် ''စိတ်ဆိုးမှု စိတ်ပျက်မှု'' အထင်အရှားရှိသော အရာဝတ္ထုကို ခေါ်၏။ ''မောဟ''ဟု ခေါ်လျှင် ''မသိမှု'' အထင်အရှားရှိသော အရာဝတ္ထုကို ခေါ်၏။ ''ပညာ''ဟု ခေါ်လျှင် ''အမှန်အတိုင်းသိမှု''အထင်အရှားရှိသော အရာဝတ္ထုကိုခေါ်၏။ ''သဒ္ဓါ''ဟု ခေါ်လျှင် ''အမှန်ကို ယုံကြည်မှု''အထင်အရှားရှိသော အရာဝတ္ထုကို ခေါ်၏။ အဘိဓမ္မာသည် ဤသို့သော သဘာဝ (အစစ်အမှန်ရှိသော) တရားစုကို ဟောပြသော တရားတော်အထူးပေတည်း။ ''ထိုသဘာဝတရားစုသည် မည်သည့်အကြောင်းကြောင့် ဖြစ်ကြရ၏။ မည်သည့်အကြောင်းပေါ်လာလျှင် မဖြစ်ဘဲ ချုပ်ငြိမ်းကြရ၏'' ဟု အကြောင်းအကျိုး ဆက်သွယ်မှုကိုလည်း အဘိဓမ္မာ၌ ဟောတော်မူ၏။ သုတ္တန်၌ ဤကဲ့သို့ ဟောတော်မူချက်တွေ ရှိပါပေ၏။ သို့သော် သဘာဝဓမ္မ အချက် အကြောင်းအကျိုး ဆက်ပုံတွေ သုတ္တန်ထက် သာလွန် များပြားသောကြောင့် ဤတရားတော်ကို ''အဘိ=သုတ္တန်တရားထက် သာလွန်ထူးခြားသော+ဓမ္မ=တရား''ဟု နာမည်တပ်၍ ''အဘိဓမ္မ''ဟု ခေါ်ဝေါ်အပ်ပေသည်။

**သုတ္တန်တရားတော်၏ ဂုဏ်ထူး** သုတ္တန်တရားတော်ကို ဟောဟော်မူရာ၌ သဘာဝဓမ္မ ရှိသမျှကို လိုက်တော်မမူ။ တရားနာယူသူတို့ နားလည် လောက်ရုံသာ ဟောတော်မူ၏။ နားလည်ရုံ ဟောတော်မူရာ၌လည်း တရားနာသူ၏ အလိုဆန္ဒကို လိုက်၍ နှစ်ခြိုက်လောက်, လက်ခံနိုင်လောက်အောင် ဟောတော်မူ၏။ ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်မြတ်၏ ဩဝါဒကို နာခံနိုင်မည့်သူတို့အား သင်္ခေပေနပိ ဝိနေတိ=အနုနည်းဖြင့်လည်း ဆုံးမတော်မူ၏။ ဖရုသေနပိ ဝိနေတိ=အကြမ်းနည်းဖြင့်လည်း ဆုံးမတော်မူ၏။ သဏှဖရုသေနပိ ဝိနေတိ=အနုအကြမ်း ၂-ပါးစုံ ရောပြွမ်း၍လည်း ဆုံးမတော်မူပါသည်။ ဤသို့ အလိုလိုက်၍ နှစ်ခြိုက်လောက်အောင် ဆုံးမတော်မူသောကြောင့် တချို့မှာ တရားတော်အဆုံး၌ (သို့မဟုတ် တရားတော်အတိုင်း ကျင့်၍) အဝိဇ္ဇာတဏှာကုန်ခန်းသော ရဟန္တာဖြစ်ကြ၏။ အချို့ကား အဝိဇ္ဇာတဏှာ ကုန်ဘို့ရန် အခြေခံ ပါရမီရ၍ ယခုဘဝ၌ပင် ထိုက်တန်သော သုခဖြင့် ချမ်းသာစွာ နေထိုင်ကြရ၏။ ထို့ကြောင့် သုတ္တန်တရားတော်များသည်သာ တရားနာသူ တရားကျင့်သူတို့အတွက် ထူးထူးခြားခြား အကျိုးများသော တရားတော်ဖြစ်ပါပေသည်။

**လိုရင်းအချုပ်** လိုရင်းအချုပ်မှာ (၁) သတ္တဝါတိုင်း၌ အဝိဇ္ဇာနှင့် တဏှာ အခြေခံ ပါနေ၏။ (၂) ထိုတရား ၂-ပါး မကုန်ခန်းသမျှ သံသရာ၌ ဒုက္ခမျိုးစုံခံ၍ တဘဝပြီး တဘဝ ကျင်လည်နေကြရမည်သာ ဖြစ်၏။ (၃) အဝိဇ္ဇာနှင့် တဏှာ ကုန်ခန်းမှ ရဟန္တာအဖြစ်သို့ ရောက်၍ သံသရာဘဝ အစဉ် ပြတ်နိုင်မည်။ (၄) ဗုဒ္ဓမြတ်စွာတဆူ ပွင့်တော်မူလာခြင်းဖြစ်၏ ပဓာန အကျိုးမှာ အဝိဇ္ဇာတဏှာကုန်ခန်းဘို့ရန်နှင့် မကုန်ခန်းသေးသူများအတွက် အဝိဇ္ဇာခေတ် တဏှာခေတ် နည်းပါး၍ ထိုက်တန်သော သုခကို ရကြဘို့ရန် ဖြစ်၏။ (၅) ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာ၏ ဝိနည်း အဘိဓမ္မာ သုတ္တန်တရား ၃-မျိုးသည် ထိုအကျိုးကို ထိုက်တန်သမျှ ပေးနိုင်သော ဩဝါဒတော်များ ဖြစ်၏။ ထို့ကြောင့် ဒကာစိန်ဝင်း၏ ဘာသာရေးရာ ပြဿနာတို့ကို ဖြေဆိုရာ၌ တချို့ပြဿနာဝယ် ဤပြခဲ့သော အချက်များကို ညွှန်ပြ၍ ဖြေဆိုရပါလိမ့်မည်။

ဘာသာရေးအခြေခံပြီး၏။

## ၂-ဒါနနှင့်စပ်သော မေးခွန်းများကို ဖြေဆိုခန်း

**အမေး-၁။** ။"ဒါန သီလ ဘာဝနာဟူသော ကုသိုလ်ရေး ၃-ပါးတွင် မည်သည်က လောကုတ္တရာအကျိုးပေး အကောင်းဆုံးပါနည်း"ဟူသော အမေး၏ အဖြေကား—

**အဖြေ။** ။ဒါနထက် သီလသည် အကျိုးပေး သာ၏။ သီလထက် ဘာဝနာက သာလွန်၍ အကျိုးပေးပါသည်။ ထိုသို့ အကျိုးပေးရာ၌ ဒါနနှင့် သီလသည် လောကီဘုံ၌သာ အကျိုးပေးနိုင်၏။ တိုက်ရိုက်အားဖြင့် လောကုတ္တရာ (မဂ်ဖိုလ်နိဗ္ဗာန်)အကျိုးကို မပေးနိုင်။ဝိပဿနာ ဘာဝနာကသာ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာ အကျိုးကို ပေးနိုင်၏။

ချဲ့ပါဦးမည်—ဒါနထက် သီလက သာလွန်ပုံကို ကိုယ်ကျင့် အဘိဓမ္မာကျမ်း သီလခန်း၌ အကျယ်ပြထားပြီ။ ဤနေရာ၌ ဒါနထက် သီလက သာလွန်ပုံကို အကြောင်းတမျိုးပြပါဦးမည်။ "မည်သည့် ကုသိုလ်ကောင်းမှု အလုပ်မဆို အဝိဇ္ဇာနှင့် တဏှာကို ပယ်ရာ၌ အထိရောက်ဆုံး အလုပ်သည် သတ္တိအထက်ဆုံး, အကျိုးပေးနိုင်ဆုံး ဖြစ်၏"ဟု ရှေးဦးစွာ မှတ်သားထားပါ။

**ဒါနနှင့်သီလ** ဒါနပြုသောအခါ အတွင်းသန္တာန်၌ စိတ်စေတနာ အရင်းခံပါသော်လည်း စွန့်ကြဲပေးကမ်းလှူဒါန်းရာဝယ် ကိုယ်ဖြင့် ပြုလုပ်ရသော ကာယကံအလုပ်, နှုတ်ဖြင့် "ယူပါငင်ပါ၊စားပါ၊သောက်ပါ ဘုဉ်းပေးပါ"ဟု ပြောဆိုရသော ဝစီကံအလုပ်-ဤအလုပ် ၂-မျိုးကိုပါ ပြုလုပ်နေ၏။ သီလစောင့်ရာ၌ကား ကိုယ်ဖြင့် သူ့အသက်သတ်မှု စသော မကောင်းမှုကို မပြုမိအောင်, နှုတ်ဖြင့် မုသား စသော စကားမျိုးကို မပြောမိအောင် စိတ်ကို စောင့်စည်းနေရ၏။ ထို့ကြောင့် သီလစောင့်ရာ၌ စိတ်၏တာဝန်သည် နေရာတိုင်းမှာ အရေးတကြီးပါဝင်နေ၏။

**နှိုင်းယှဉ်ခြင်း** ကိုယ်ဖြင့် ပြုလုပ်ရ, နှုတ်ဖြင့် ပြောဆိုရသော ဒါနအလုပ်သည် ခန္ဓာအစဉ်ဝယ် ခေတ်တည်၍နေသော အဝိဇ္ဇာ တဏှာကို တိုက်ရိုက်မထိခိုက်နိုင်၊ သွယ်ဝိုက်၍သာ ထိခိုက်နိုင်၏။ စိတ်ဖြင့် ပြုလုပ်ရသော သီလအလုပ်ကား စိတ်ကို စောင့်စည်းတိုင်း စောင့်စည်းတိုင်း

အဝိဇ္ဇာတဏှာခေတ်ကို ပါးလုပ်သွားအောင် ထိခိုက်နိုင်၏။ ဥပုသ်သီလကား မေထုန်မှရှောင်ရခြင်း, ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းတို့မှ ရှောင်ရခြင်း, ပန်းနံ့သာ လိမ်းကျံခြယ်လှယ်ခြင်းမှ ရှောင်ရခြင်းကြောင့် တဏှာရာဂကို တိုက်ရိုက်ပယ်ရှားနိုင်သောတရား ဖြစ်ပေသည်။ ထို့ကြောင့် ဒါနထက် သီလသည် ငြိမ်သက်အေးမြ၏။ အကျိုးပေးသောအခါ ဒါနရှင်သည် စည်းစိမ်ရှင်ဖြစ်၏။ သို့သော် သီလအကူအညီမပါလျှင် အေးချမ်းသာယာသော စည်းစိမ်ရှင်မဖြစ်ဘဲ စိတ်ဆင်းရဲသော စည်းစိမ်ရှင်သာဖြစ်နိုင်၏။ သီလအရှင်ကား ဒါနအကူအညီမပါစေကာမူ အေးချမ်းသာယာ၏။ ဒါနအကူအညီ ပါလျှင်ကား အတိုင်းထက်အလွန် တံခွန်နှင့်ဘုရားကဲ့သို့ ခန့်ညား ထယ်ဝါလျက် သာယာအေးမြနိုင်ပေသည်။ ထို့ကြောင့် ''သီလသည် ဒါနထက် သာလွန်မွန်မြတ်သည်''ဟု ပြောစမှတ်ပြုကြရပေသည်။

**နိမိမင်းစဉ်းစားပုံ** နိမိ(နေမိ)မင်းသည် မြို့တွင်းငါးဌာန၌ အလှူရုံများကို ဆောက်လုပ်၍ တဌာနလျှင် နေ့စဉ် တသိန်းကုန်အလှူဒါနကို ပြု၏။ ငါးပါးသီလကိုလည်း အမြဲစောင့်၍ ဥပုသ်နေ့များ၌ ဥပုသ်သီလကို စောင့်၏။ ထို မင်းသည် နံနက်စောစော အိပ်ရာမှ ထပြီးလျှင် မိမိ၏ ဒါနသီလများကို ဆင်ခြင်လေရာ ''ဒါနနှင့်သီလတွင် အဘယ်အကျင့်က သာ၍ အကျိုးကြီးပါလိမ့်မည်နည်း''ဟု စဉ်းစားလေသည်။

**သိကြားမင်း အဖြေ** နေမိမင်း၏ အကြံကိုသိ၍ သိကြားမင်း လာပြီးလျှင်''မဟာရာဇာ....ဒါနထက် သီလသည် အဆ တရာ, အဆ တထောင်, အဆ တသိန်းတိုင်အောင် အကျိုးပေး သာလွန်ပါသည်။ သို့သော် ဒါန သီလ ၂-မျိုးလုံးပင် သူတော်စင် ပညာရှိတို့ ကြံစည်အပ်သော အလုပ်များ ဖြစ်ပါသည်။ ထိုကြောင့် ထိုအလုပ် ၂-မျိုးလုံး၌ မမေ့မလျော့ဘဲ အလှူကိုလည်း ပေးလှူပါ။ သီလကိုလည်း စောင့်ပါ''ဟု ပြောဆိုလေသည်။ [မဟာနိပါတ်၊ နိမိဇာတကဋ္ဌကထာ။]

**မှတ်ချက်။** ။ဤပြခဲ့သော စကားစဉ်အရ ဒါနထက် သီလသည် အကျိုးပေး သာလွန်ကြောင်း ကောင်းကောင်း ထင်ရှားပြီ။ ထို့ပြင် ထပ်မံ၍ စဉ်းစားဘွယ် ရှိသေး၏။ အပါယ်လေးပါး၌ ဆင်းရဲဒုက္ခ ခံနေရသူတို့သည် ဒါနမရှိသူများ မဟုတ်ကြ။ ဒါနရှိပါလျက် သီလပျက်မှု (သူ့

အသက်သတ်မှု, သူ့ဥစ္စာ မတရားယူမှု, သူ့မယားကို ကျူးလွန်မှု, မိမိလင်မှ တပါးသောယောကျ်ားနှင့် ဖောက်ပြန်မှု, မုသားပြောမှု စသော အကုသိုလ်အမှု) ကြောင့်သော အပါယ် ၄-ပါး၌ ဒုက္ခရောက်နေကြရသည်။ ထိုသူတို့၌ ပါရှိသော ဒါနကောင်းမှုသည်လည်း ဂတိဝိပတ္တိဖြစ်သောထိုအပါယ်၄-ပါး၌ အကျိုးပေးခွင့်မရကြသဖြင့် အကျိုးမပေးနိုင်ကြချေ။ ထို့ကြောင့် ဒါန သီလ ၂-ပါးတွင် သီလသည်သာ ဘဝကောင်းရဘို့ ရှေ့သွားဖြစ်၍ သီလအတွက် ဘဝကောင်းရမှ ဒါနက အကျိုးပေးနိုင်သည်ဟု သဘောပေါက်ကြလျှင် ငါးပါးသီလကို အထူးစောင့်ရှောက်၍ "ဒါနကိုကား စားဦးစားဖျားကို ရဟန်းသံဃာ ဆရာမိဘတို့အား ပေးလှူခြင်း, စားကြွင်း စားကျန်ကို တောင်းရမ်းလာသူတို့အား ပေးခြင်းဖြင့် နေ့စဉ် ပြုသင့်ကြ၏။ ဒါနကို အကြီးအကျယ် လုပ်နိုင်အောင် သီလ အပျက်ခံ၍ကား မည်သည့်နည်းနှင့်မျှ စီးပွါးမရှာထိုက်ဟု မှတ်ပါ။

**ဘာဝနာ** "ဘာဝနာ" ဟူသော ပါဠိစကားသည် "စိတ်နေစိတ်ထားကို ကြီးမားမြင့်မြတ်အောင် တိုးပွါးစေတတ်" ဟူသော အနက်ကို ပြ၏။ သတ္တဝါတို့၏ စိတ်ဓာတ်သည် အဝိဇ္ဇာ ဖုံးလွှမ်းမှုကြောင့် သိဘွယ်ဟူသမျှကို မသိတတ်သည့်ပြင် တဏှာအစွမ်းကြောင့် ကာမဂုဏ် အာရုံများကို တောင့်တခင်မင် လိုချင်နေ၏။ ထို့ကြောင့် ပင်ကိုယ်အားဖြင့် ကြီးမားမြင့်မြတ်သော စိတ်ဓာတ်မဟုတ်ချေ။ အလွန် ကလေးကလားနိုင်သော အသေးစား အညံ့စား ဖြစ်နေ၏။ ထိုအသေးစား အညံ့စားစိတ်ကို ကြီးမားမြင့်မြတ်လာအောင် သမထဘာဝနာ ဝိပဿနာဘာဝနာ ဟူသော ဘာဝနာ ၂-မျိုးတွင် တမျိုးမျိုးဖြင့် တိုးပွါးအောင် ကြိုးစားသောအခါ အဝိဇ္ဇာ တဏှာ ပါးလှပ်သွားသောကြောင့် စိတ်နေ စိတ်ထားလည်း နဂိုအနေထက် ကြီးမားမြင့်မြတ်လာနိုင်ပေသည်။

**သမထဘာဝနာ** "သမထ"ဟူသော ပါဠိစကားသည် "ကိလေသာတို့ကိုငင်း၊ ထိုထို့ဤဤ ကြံစည်တတ်သော ဝိတက်စသည်ကိုငင်း ငြိမ်းစေတတ်"ဟူသော အနက်ကို ပြ၏။ တချို့သဘောမှာ "သမာဓိ"ပင်တည်း။ မြန်မာလို "တည်ငြိမ်သော တရား" ဟု ခေါ်၏။

သတ္တဝါတို့၏ စိတ်သည် နဂိုသဘောအတိုင်းအားဖြင့် ဟိုအာရုံ ရောက်လိုက်၊ ဒီအာရုံရောက်လိုက်နှင့် တည်ငြိမ်မှုမရှိ။ ဤ သမထ ကမ္မဋ္ဌာန်းကို အားထုတ်သောအခါ "ထွက်သက် ဝင်သက်"စသော အာရုံတခု၌ စိတ်စိုက်၍ ထားရ၏။ ထိုသို့ စိတ်စိုက်၍ ထားသဖြင့် ထိုအာရုံ၌ စိတ်အစဉ်မြဲနေခြင်းကို "သမာဓိရခြင်း"ဟု ခေါ်၏။ စိတ်အစဉ်က ထိုအာရုံတခု၌ မြဲနေသောကြောင့် လောဘစသော ကိလေသာ, ဝိတက်စသော တရားတို့ မပေါ်ဘဲ စိတ်အစဉ်လည်း တည်ကြည်၍နေပေသည်။ ဤ သမထ ဘာဝနာပေါက်လျှင် ဈာန်ရ၍ ကာမဂုဏ်ကင်းရာ ဗြဟ္မာ့ပြည်သို့ ရောက်နိုင်သောကြောင့် အဝိဇ္ဇာတဏှာဓာတ်ကို များစွာ ပါးလှပ်အောင် ပြုနိုင်သော တရားပေတည်း။

**ဝိပဿနာဘာဝနာ** ဝိ=အနိစ္စ ဟုဍင်း၊ ဒုက္ခ ဟုဍင်း၊ အနတ္တဟုဍင်း အမျိုးမျိုး အဖုံဖုံ+ပဿနာ=ရုပ်နာမ်အာရုံ၌ ကြည့်ရှု နေခြင်းကို "ဝိပဿနာ"ဟု ခေါ်၏။ တရားသဘောမှာ "ဉာဏ်ပညာ"ပင်တည်း။ "မိမိ၏ ရုပ်ခန္ဓာ နာမ်ခန္ဓာကို မမြဲသော အနိစ္စတရား၊ မကောင်းသော ဒုက္ခတရား၊ အနှစ်မပါ အကာချည်းသာဖြစ်သော အနတ္တတရား" ဟု ထပ်၍ထပ်၍ ကြည့်ရှုနေသောအခါ (အနိစ္စတရားကို အနိစ္စအတိုင်း အမှန်သိသော) အသိဉာဏ်ဖြစ်၏။ ထိုအခါ မိမိကိုယ်ခန္ဓာ၌ နဂိုက အကောင်းအမွန် နှစ်သက်စရာဟု ထင်မှတ်အောင် ကွယ်ကာသော အဝိဇ္ဇာနှင့် တွယ်တာသော တဏှာဓာတ်သည် ပါးလှပ်၍ ပါးလှပ်၍ သွား၏။ ဤ ဝိပဿနာဘာဝနာဖြစ်အောင် ရှေးဦးစွာ သမထဘာဝနာကို တည်ထောင်ရသောကြောင့် ဤဘာဝနာ ၂-ပါးသည် အဝိဇ္ဇာနှင့်တဏှာကို ပယ်ရာဝယ် အထိရောက်ဆုံး ဖြစ်ရုံသာမက တဆင့်တက်လျှင် မဂ် ဖိုလ် နိဗ္ဗာန်ကို မြင်နိုင်သောကြောင့် သီလထက်ပင် အဝိဇ္ဇာတဏှာကို ပယ်နိုင်လောက်အောင် အကျိုးပေးကောင်းသော တရားဖြစ်ပါပေသည်။သို့ရာတွင် ဤဘာဝနာ ၂-ပါးကို တက်ဘို့ရန် သီလကို အခြေခံရပါသေးသည်။

၁-အဖြေ ပြီး၏။

---

**အမေး-၂။** ။အလှူဒါန ပေးကမ်းစွန့်ကြဲရာ၌ (က) တိရစ္ဆာန်များအား ကျွေးမွေး ပေးကမ်းခြင်း၊ (ခ) လူသတ္တဝါတို့အား ကျွေးမွေး ပေးကမ်းခြင်းနှင့် (ဂ) ရဟန်းသံဃာတို့အား လှူဒါန်းခြင်းတို့သည် အကျိုးပေးရာ၌ မည်သို့ ကွာခြားပါသနည်း။

အဖြေ (က)။ ။တိရစ္ဆာန်တို့အား ကျွေးမွေးခြင်းကြောင့် ဘဝပေါင်း တရာ၌ အာယု ဝဏ္ဏ သုခ ဗလ ပဋိဘာန (သက်ရှည်, ဆင်းလှ၊ ချမ်းသာရ၊ ဗလ, ဉာဏ်ပညာ)ဟူသော အကျိုးကို ရ၏။ [''တိရစ္ဆာန်''ဟူရာ၌ အိမ်၌မွေး ထားသော တိရစ္ဆာန်မဟုတ်။ အကြောင်းအားလျော်စွာ တွေ့ရသော ကြက်, ငှက်, ခွေး, ဝက် စသော တိရစ္ဆာန်တည်း။ ကျွေးမွေးရာ၌ တကြိမ်အတွက် အဝကျွေးခြင်းတည်း။]

အဖြေ(ခ)။ ။လူသတ္တဝါတို့တွင် မကောင်းသဖြင့် အသက်မွေးနေသော ဒုဿီလလူကို ကျွေးမွေးရာ၌ ဘဝပေါင်းတထောင်ဝယ် အာယု ဝဏ္ဏ စသော အကျိုးကိုရ၏။ တရားသဖြင့် အသက်မွေးသော သာမန်သီလရှိသူလူကို ကျွေး မွေးရာ၌ ဘဝတသိန်းဝယ် အာယု ဝဏ္ဏ စသော အကျိုးကိုရ၏။ သာသနာပ ဝယ် ဈာန် အဘိညာဉ်ရသော ရသေ့ကို ကျွေးမွေးရာ၌ ကုဋေတသိန်းသော ဘဝတို့ဝယ် အာယုဝဏ္ဏ စသောအကျိုးကို ရ၏။ သာသနာတွင်းဝယ် သရဏဂုံ တည်သော ဥပါသကာမှစ၍ သောတာပန်ဖြစ်ဘို့ရန် ရည်ရွယ်ချက် ရှိသော ဥပါသကာ ဥပါသိကာမတို့ကို ကျွေးမွေးရာ၌ ဘဝ အသင်္ချေ (မရေတွက်နိုင် သော ဘဝ)တို့၌ အာယုဝဏ္ဏ စသော အကျိုးကို ရ၏။

အဖြေ(ဂ)။ ။သံဃာကို မရည်မှန်းနိုင်ဘဲ ရဟန်းပုဂ္ဂိုလ်ကို လှူဒါန်းရာ၌ ထိုရဟန်းက ပုထုဇဉ်သာ ဖြစ်နေသေးလျှင် ဘဝအသင်္ချေတို့၌ အကျိုးပေးနိုင် ၏။ သို့သော် လူဝတ်ကြောင်တို့အား အကျိုးပေးသော ဘဝအသင်္ချေနှင့် ကား မတူတတ်ချေ။ ထိုဘဝအသင်္ချေတို့၌ အာယု ဝဏ္ဏ သုခ ဗလ ပဋိဘာန ချင်း အဆင့်ဆင့် သာလွန်နိုင်ပေသည်။ လူဥပါသကာတွင် ၅-ပါးသီလ ရှိသူ နှင့် ဆယ်ပါးသီလထိန်းသူ ကွာသကဲ့သို့ လူဝတ်ကြောင်ထက် ရှင်သာမဏေ အား လှူခြင်းသည် သာ၏။ ရှင်သာမဏေထက် ရဟန်းအား လှူခြင်းသည် သာ၏။ ရဟန်းတွင်လည်း သီလမစင်ကြယ်သော ရဟန်းထက် သီလစင်ကြယ် သော ရဟန်းအား လှူခြင်းသည် သာ၏။ ဤသို့ စသည်ဖြင့် ဘဝအသင်္ချေ ချင်း တူသော်လည်း အဆင့်ဆင့် သာနေသေးပုံကို သိပါ။ ဤအားလုံးသည် ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်နှင့် အဋ္ဌကထာ စကားများ ဖြစ်သည်။

**မှတ်ချက်။** ။သံဃာ့ဂုဏ်တော်ကို ပြရာ၌ ''အနုတ္တရံ ပုညခေတ္တံ လောကဿ= အရိယာ သံဃာတော်သည် ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးဘို့ရာ အတူ

မရှိ ကောင်းမြတ်သော လယ်ယာဖြစ်ပါပေသည်''ဟု ဘုရားရှင် မိန့်တော်မူ၏။ ထို့ကြောင့် လယ်ယာမြေ၏ ကောင်း-မကောင်းအလိုက် စိုက်ပျိုးကြသူတို့မှာ အပင်အသီးရကြသကဲ့သို့ ထို့အတူ ကောင်းမှုမျိုးစေ့ စိုက်ပျိုးကြသော ဒါယကာ ဒါယိကာမတို့မှာလည်း အလှူခံပုဂ္ဂိုလ်၏ သီလ စသော အကျင့်ကောင်း ရှိ-မရှိ လိုက်၍ အကျိုးရကြပေသည်။ သို့ဖြစ်၍ ပင်ကိုယ်က အကုသိုလ်ကံကြောင့် တိရစ္ဆာန်အမျိုး၌ အကုသိုလ်အကျိုးဖြစ်သော ကိုယ်ခန္ဓာကို ရကြသော တိရစ္ဆာန်တို့သည် သီလ သမာဓိ ပညာဉာဏ်လည်း မရှိရကား အညံ့ဆုံး လယ်ယာနှင့် တူကြပေသည်။ ကုသိုလ်ကံကြောင့် လူ့ဘဝ၌ ကုသိုလ်အကျိုးဖြစ်သော ကိုယ်ခန္ဓာကိုရ၍ သီလမရှိသူ, အသင့်အတင့် သီလရှိသူ, အတော်ကောင်းသော သီလရှိသူတို့ကား အဆင့်ဆင့် အတန်းကွာသော လယ်ယာမြေကောင်းများနှင့် တူကြ၏။ထို့ကြောင့် ထိုလယ်ယာအမျိုးမျိုး၌ အလှူဒါနမျိုးစေ့ကို စိုက်ပျိုးသူ တို့မှာ အဆင့်ဆင့် ကွဲပြားသော အကျိုးကို ရကြသည်ဟု မှတ်ပါ။

၂-အဖြေ ပြီး၏။

---

**အမေး-၃။** ။''အလှူဒါနကြောင့် အကျိုးပေးရာ၌ (က) လှူဘွယ်ဝတ္ထု၏ တန်ဖိုး, (ခ) အလှူပွဲ၏ ကြီးကျယ်ခမ်းနားမှု, (ဂ) အလှူခံပုဂ္ဂိုလ်အတွက် အလှူပစ္စည်း၏ အသုံးဝင်မှု, (ဃ) ဒါနရှင်၏ စေတနာ စသည်တို့တွင် မည်သည့်အပေါ်၌ မူတည်၍ အကျိုးပေးပါသနည်း'' ဟူသော အမေး၌ အဖြေကား—

**အဖြေ။** ။ဒါနရှင်၏ စေတနာအပေါ်၌ မူတည်၍ အကျိုးပေးပါသည်။ သို့သော် လှူဘွယ်ဝတ္ထု စသည်တို့ကလည်း အထောက်အကူ ပြုကြပါသေး၏။

အကျယ် ပြပါဦးမည်—သတ္တဝါတို့၏ စိတ်အစဉ်သည် မြစ်ရေအလျဉ်စီးနေသကဲ့သို့ တခုပြီးတခု ပျက်ကာ ဖြစ်ကာ တစဉ်တတန်းကြီး ဖြစ်ပျက်နေ၏။ ထိုစိတ်အစဉ်တွင် စေတနာဟု ခေါ်ရသော တရားတမျိုးလည်း ပါဝင်၏။ ''စေတနာ'' ဟူသော ပါဠိစကားသည် ''လှုံ့ဆော်ပေးသောတရား'' ဟု

အနက်ထွက်၏။ သတ္တဝါအများ၏ စိတ်သည် အိပ်ပျော်နေစဉ်အခါကဲ့သို့ မထင်မရှား အမှတ်တမဲ့ ဖြစ်ပျက်သွားသော စိတ်များ၌ စေတနာပါသော်လည်း ထိုစေတနာ၏ လှုံ့ဆော်အားသည် မထင်မရှားပင် ဖြစ်၍ သူ၏ သတ္တိလည်း ခန္ဓာအစဉ်၌ မကျန်ရစ်ပါ။

**ကုသိုလ်အကုသိုလ် စေတနာ**

လောဘ, ဒေါသ စသော အပြစ်ကင်း၍ သန့်ရှင်းသောစိတ်ကို ကုသိုလ်စိတ်ဟု ခေါ်၏။ လောဘ, ဒေါသစသော အပြစ်မကင်း၍ မသန့်ရှင်းသော စိတ်ကို အကုသိုလ်စိတ်ဟု ခေါ်၏။ ထိုစိတ်တို့၌ စေတနာ၏ လှုံ့ဆော်မှုအားလည်း အထင်အရှား ပါဝင်၏။ စေတနာ၏ လှုံ့ဆော်မှုအင်အား ကောင်း-မကောင်း လိုက်၍ ကုသိုလ် အကုသိုလ်စိတ်လည်း ကြီးကျယ်-မကြီးကျယ် ကွဲပြား၏။ "လှုံ့ဆော်"ဟူသည် စေတနာက အတူဖြစ်ဖက် စိတ်စေတသိက်တို့ကို ဆိုင်ရာအလုပ်၌ တက်တက်ကြွကြွ ပါဝင်ကြအောင် နှိုးဆော်ပေးခြင်းတည်း။ (အသင်းတခု၌ အကျိုးဆောင်အတွင်းရေးမှူး၏ အလုပ်မျိုး ဖြစ်သည်။) ထို့ကြောင့် ထိုစေတနာကိုသာ ကမ္မ (အမှုသည်)ဟု နာမည်တပ်၍ စေတနာကို ကံတရားဟု ခေါ်စမှတ်ပြုကြရသည်။ [စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ။ ဘိက္ခုတို့....စေတနာကို ကံဟူ၍ ဟောတော်မူ၏။ စေတနာဖြင့် စေ့ဆော်၍ (လှုံ့ဆော်၍) ကိုယ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ၊ စိတ်သက်သက်ဖြင့် ဖြစ်စေ ကံကိုပြုရသည်။ [အင်္ဂုတ္တိုရ် ဆက္ကနိပါတ်၊ ဒုတိယပဏ္ဏာသက၊ မဟာဝဂ်၊ နိဗ္ဗေဓိကသုတ် ပါဠိတော်။]

**သတ္တိ၏အကျိုး**

ထိုပြခဲ့သော စေတနာကံသည် (ရုပ်နာမ် ထုံးစံ အတိုင်း) ဖြစ်ပြီး၍ ပျက်စီးရသော်လည်း သူ၏သတ္တိကိုကား ခန္ဓာအစဉ်၌ ချန်ထားခဲ့၏။ ထိုသတ္တိသည် အကျိုးပေး၏။ မိဘကို ဖြစ်စေ၊ ရဟန္တာကို ဖြစ်စေ သတ်သော အကုသိုလ်စေတနာကံ၏ ကမ္မသတ္တိသည် နောက်ဘဝ၌ အဝီစိငရဲကျလောက်အောင် အကျိုးပေး၏။ အခြားသော အကုသိုလ်စေတနာတို့တွင် တချို့စေတနာ၏ ကမ္မသတ္တိသည် ဘဝအတိအကျမဟုတ်ဘဲ သင့်တော်သော ဘဝ၌ ကာလ ဂတိ ဥပဓိ ပယောဂ မကောင်းမှုကို လိုက်၍ ထိုက်သလို မကောင်းကျိုးကို ပေး၏။ ကုသိုလ်စေတနာတို့တွင် မဂ်ကုသိုလ်စေတနာ၏

သတ္တိသည် မိမိဖြစ်ပြီး၍ ချုပ်ပြီးနောက် တဆက်တည်း ဖိုလ်အကျိုးကိုပေး၏။ ဈာန်စေတနာ၏ သတ္တိသည် နောင်ဘဝ၌ ဗြဟ္မာ့ပြည်ဝယ် ဗြဟ္မာဖြစ်အောင် အကျိုးပေး၏။ အခြားသော ကုသိုလ်စေတနာ၏ သတ္တိများကား သင့်တော်ရာ ဘဝ၌ ကာလ ဂတိ ဥပဓိ ပယောဂကိုလိုက်၍ အကျိုးပေးသည်။ [ကာလ ဂတိ ဥပဓိ ပယောဂ အကြောင်းကို ကိုယ်ကျင့်အဘိဓမ္မာ၌ အကျယ်ပြခဲ့ပြီ။]

**အကျိုးပေးမည့်ကံ ပေါ်လာပုံ**

သတ္တဝါတယောက်၏ ခန္ဓာအစဉ်၌ ဤဘဝ ရှေးဘဝတို့ဝယ် ပြုခဲ့သမျှသော ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ ကမ္မသတ္တိ အမျိုးများအပြား ပါရှိ၏။ သေခါနီးသောအခါဝယ် အကျိုးပေးခွင့်သာသော ကံသည် (သို့မဟုတ် ထိုကံပြုစဉ်က ပါဝင်ခဲ့သော အရာဝတ္ထုသည်) အိပ်မက် မက်သကဲ့သို့ စိတ်အစဉ်မှာ ပေါ်ထင်လာ၏။ ယခု လောလောဆယ် ပြုနေရသကဲ့သို့ ဖြစ်၏။ ထိုကဲ့သို့ စိတ်ထဲ၌ ထင်နေခိုက်ဝယ် စုတိစိတ်ကျ၍ နောက်ဘဝ ပဋိသန္ဓေ စိတ်အသစ် တဆက်တည်း ဖြစ်၏။ ထိုပဋိသန္ဓေစိတ်သည် ထိုသေခါနီး၌ ထင်သော ကံကြောင့် ဖြစ်ရသော အကျိုးပင်တည်း။ တချို့ကား သေခါနီးဝယ် နောက်ဘဝ၌ တွေ့ကြုံရတော့မည့် အာရုံများ စိတ်အစဉ်မှာ ထင်ပေါ်လာ၏။ ထိုသို့ ထင်လာသောအခါ အကုသိုလ်ကံ အကျိုးပေးခွင့် သာ၍ ငရဲအာရုံများ ထင်လာသူမှာ သေခါနီး၌ အလွန်ကြောက်ရွံ့သော မျက်နှာဖြင့် ဆူပူ မြည်တမ်း၍ နေတတ်၏။ ကုသိုလ်ကံအကျိုးပေးခွင့် သာ၍ ကောင်းသောဘဝမှ ကောင်းသော အာရုံများ ထင်လာသူမှာ ကြည်လင်သော မျက်နှာဖြင့် ပြုံးရွှင်သော အမူအရာကို ပြတတ်လေသည်။ ဤနည်းအားဖြင့် ယခုဘဝ၌ အတော်ကြာသော ကာလကဖြစ်စေ၊ ရှေးရှေးဘဝတို့ကဖြစ်စေ ပြုခဲ့သော ကံပင် ဖြစ်သော်လည်း အကျိုးပေးခါနီး၌ အသစ်ပြုရသကဲ့ ဖြစ်သောကြောင့် ဆိုင်ရာ ကောင်းကျိုး, ဆိုးကျိုး ဘဝအသစ် တမျိုးကို ဖြစ်စေနိုင်ကြပေသည်။

**ပဝတ္တိအကျိုး**

[ပဋိသန္ဓေစိတ် ဖြစ်ပြီးနောက် တဘဝလုံး ကာလကို ပဝတ္တိ အခါဟု ခေါ်၏။] ပဋိသန္ဓေ အသစ်ကို ဖြစ်စေပြီးနောက် ထိုကံဖြစ်စေ၊ အခြားကံဖြစ်စေ ရောက်ရာဘဝ၌ ကောင်းကျိုး, ဆိုးကျိုးကို ပေးနိုင်ကြ၏။ ထိုသို့ပေးရာ၌ ဂတိဟုခေါ်အပ်သော ဘဝ, မိမိဖြစ်ရာ အချိန်ကာလ, ရုပ်အဆင်း ဟူသော ဥပဓိ, ပြုလုပ်ပြောဆိုအပ်သော ပယောဂတို့ကို လိုက်၍ ထိုက်သလို အကျိုးပေးကြသည်။ ဂတိ စသည်က မကောင်းလျှင်

အကုသိုလ်ကံတို့ အကျိုးပေးခွင့်ရကြ၏။ ဤသို့ စသည်ဖြင့် သိဘွယ်တွေမှာ အလွန် ကျယ်ဝန်း များပြားသောကြောင့် ချန်ထားရပါတော့သည်။ လိုရင်း အချုပ်မှာ "ကုသိုလ်ရှင် စေတနာပေါ်မှာ မူတည်၍ (စေတနာထက်လျှင် ထက်သလို၊ စေတနာညံ့လျှင် ညံ့သလို) အကျိုးပေးသည်"ဟု ဆိုလိုပါသည်။

**လှူဘွယ်ဝတ္ထု၏တန်ဖိုး** စေတနာက အကျိုးပေးရာ လှူဘွယ်၌ ဝတ္ထုသည် (စေတနာ၏ အာရုံ အဖြစ်ဖြင့်) အထောက်အကူပြု၏။ မိမိ၏စေတနာကို မိမိစဉ်းစားလျှင် ညံ့သော လှူဘွယ် ဝတ္ထုကို ကြည့်ရသော အခါ ဝမ်းသာအားရမရှိကြောင်း, ကောင်းသော လှူဘွယ်ဝတ္ထုကို ကြည့်ရ သော အခါ ဝမ်းသာအားရရှိကြောင်း သိသာ၏။ ဒါနပြုရာ၌ ဝမ်းမြောက် ဝမ်းသာ ပြုရသော ဒါနစေတနာသည် ထက်သန်သော စေတနာ ဖြစ်ရကား အကျိုးပေးသော အခါလည်း ထက်ထက်သန်သန် အကျိုးပေးလိမ့်မည်သာ။

**ဓမ္မိယလဒ္ဓအလှူ** [ဓမ္မိယ=တရားနှင့်လျော်စွာ + လဒ္ဓ = ရအပ်သောပစ္စည်း] တရားသဖြင့် ရှာဖွေ၍ ရအပ်သော ပစ္စည်းကို "ဓမ္မိယလဒ္ဓ ပစ္စည်း"ဟု ခေါ်၏။ ထိုလှူဘွယ်ဝတ္ထု၏ ဓမ္မိယလဒ္ဓ ပစ္စည်း ဖြစ်ဘို့ရာလည်း အရေးကြီးပြန်၏။ မတရားရှာဖွေ၍ ရအပ်သော (အဓမ္မိယလဒ္ဓ) ပစ္စည်း အလှူ ထက် ဓမ္မိယလဒ္ဓပစ္စည်းကို လှူခြင်းက သာ၍ အကျိုးကြီး၏။ ဤစကားကို ထောက်၍ လှူဘွယ်ဝတ္ထုက စေတနာကို အထောက် အကူ ပြုနိုင်ကြောင်း သိသာပေသည်။

**ဇာတ်တော်** အစိုးရသူ (မျက်နှာကြီးသူပေါင်း) တသိန်းသည် သူတပါးကို ညှဥ်းဆဲနှိပ်စက်မျက်ရည်ထွက်အောင် အခွန်ဘဏ္ဍာ ပစ္စည်းဥစ္စာ ကို မတရားစုဆောင်း၍ ကိုယ်စီကိုယ်ငှ တသိန်းကုန် ပေးလှူကြသည်ဟု ဆိုကြ ပါစို့။ မတရားပစ္စည်းရှာသော ထိုလူပေါင်း တသိန်း၏ စုပေါင်းထားသော ထိုအလှူကြီးသည် တရားသဖြင့် အသက်မွေးသူ ဆင်းရဲသား လူတယောက်၏ သာမန် ဒါနကို ထောက်သော် နှစ်ရာငါးဆယ့်ခြောက်စိတ် စိတ်၍ တစိတ် လောက်မျှ အဖိုးမတန်ပါ။ [ဒသနိပါတ်၊ ဗိဠာရဇာတ်။]

**အလှူပွဲ၏ကြီးကျယ်မှု** အလှူဒါနပြုရာ၌ အလှူပွဲ၏ ကြီးကျယ် ခမ်းနားမှုက လည်း စေတနာ ထက်သန်ဘို့ရန် အထောက် အကူ ပြုနိုင်၏။ သို့သော် ထိုသို့ ကြီးကျယ်ခမ်းနားအောင် ဆင်ပြင်ရာ၌ ရည်ရွယ်ချက်

သန့်ရှင်း-မသန့်ရှင်းကိုကား စိစစ်ဖို့လိုသေးသည်။ ရည်ရွယ်ချက်သန့်ရှင်းမှ စေတနာကို အထောက်အကူပြု၍ ရည်ရွယ်ချက်မသန့်ရှင်းလျှင် ဒါနစေတနာကိုပင် အနှောင့်အယှက်ပြုနိုင်ပါသေး၏။ ရှင်းပြပါဦးမည်—ဝေဿန္တရာမင်းသည် အလှူရုံကြီးများကို ၆-ဌာန ဆောက်လုပ်၍ တနေ့လျှင် ၆-သိန်းမျှ အကုန်ခံကာ ကြီးကျယ်သော ဒါနကို ပြု၏။ ရှေးရှေး သူတော်ကောင်းများလည်း ထိုကဲ့သို့ ပြုကြ၏။ ထိုဒါနတို့၏ ကြီးကျယ်ခမ်းနားမှုသည် ဂုဏ်ပကာသနအတွက် မဟုတ်။ အချီးမွမ်းခံလို၍လည်း မဟုတ်။ ဘဝစည်းစိမ်ကို လိုလား၍လည်း မဟုတ်။ ဆင်းရဲသူ ဆင်းရဲသား အများအပြားကို စားကြ စေလို့, သောက်ကြစေလို သော မေတ္တာ ကရုဏာနှင့် စားကြသောက်ကြသည်ကို ဝမ်းမြောက်သော မုဒိတာ အရင်းခံပါသော ကြီးကျယ်ခြင်းသာဖြစ်၏။ ထိုကဲ့သို့ ကြီးကျယ်ခမ်းနားမှုကား ဒါန စေတနာကို များစွာအထောက်အကူပြုနိုင်ပါသည်။

**အထောက်အကူမပြုနိုင်သော ခမ်းနားမှု** သူတပါးနှင့်ပြိုင်ဆိုင်လိုသော, အနိုင်ယူလိုသော, အချီးမွမ်းခံလိုသော, မိမိကို အလှူရှင်ဟု ထင်ရှားပြလျက် ဝါကြွားလိုသော, နောက်နောက်ကာလ၌ ဘဝစည်းစိမ်ကို တောင့်တသော အကုသိုလ် တဏှာရာဂ မာနတို့ကို အရင်းခံ၍ ကြီးကျယ် ခန်းနားသော လှုပထယ်ဝါသော အလှူမဏ္ဍပ်ကြီးကို ဆောက်လုပ်ပြီးလျှင် မပင့်လျှင်မကောင်းသော ပုဂ္ဂိုလ်နှင့် နာမည်ကြီး ပုဂ္ဂိုလ်များကို တင်ကြိုပင့်လျှောက်ကာ မျက်နှာကြီးတို့ကိုသာ ဖိတ်၍(သူတို့အိမ်၌လည်း စားလေ့ရှိသော) စားကောင်းသောက်ဖွယ်များကို ကျွေးမွေးခြင်း, မရှိဆင်းရဲသူ များကိုကား လားလားမျှ အနားသို့ မသိစေလိုခြင်း, ထိုကျွေးမွေးခိုက်၌လည်း တီးဝိုင်းမှ တငြိမ့်ငြိမ့်တီးစေကာ တဏှာရာဂဖြင့် စားကြ သောက်ကြခြင်း, အလှူရှင်ကလည်း နှုတ်ဆက်ရ, လောကွတ်လုပ်ရနှင့် ဗျာပါရများနေရခြင်း, အလှူပွဲပြီးခါနီးမှာ ကဗျာကယာ ရေစက်ချ၍ လှူဒါန်းရခြင်းဖြင့် ခြယ်လှယ်ထားသော ဒါန၏ ကြီးကျယ်ခမ်းနားခြင်း၌ သန့်ရှင်းသော ရည်ရွယ်ချက် နည်းပါးလှရကား အနှစ်ပါသော စေတနာကောင်းကလေးကိုပင် အတော်ကောင်းသော ဉာဏ်စက္ခု မှန်ပြောင်းဖြင့် ရှာနိုင်မှ တွေ့မြင်ရပါလိမ့်မည်။

**အလှူပစ္စည်း၏အသုံးဝင်မှု** အသုံးမကျ၍ ပိုလျှံနေသော အလှူပစ္စည်းများကို လှူခြင်းထက် အသုံးဝင်သော ပစ္စည်းကိုလှူခြင်းက သာ၍ စေတနာကို အထောက်အကူပြုနိုင်၏။ ရှင်းပါဦးမည်— အသုံးမဝင်ဘဲ

ပိုလျှံနေသောပစ္စည်းသည် အလှူခံ ပုဂ္ဂိုလ်မှာ အကျိုးမများပါ။ အသုံးဝင်ပစ္စည်း (ဝိနည်း တရားတော်နှင့်လည်း လျော်သောပစ္စည်း)ကား အလှူခံပုဂ္ဂိုလ်မှာ အကျိုးများပါသည်။ အလှူခံ ပုဂ္ဂိုလ်မှာ အကျိုးများကြောင်း သိရလျှင် အလှူရှင်မှာလည်း ကုသိုလ်စေတနာပို၍ ထက်သန်လာနိုင်ပါသည်။ [“တပည့်တော်တို့သည် အဘယ်ပုဂ္ဂိုလ်၌ လှူရပါမည်နည်း”ဟု မေးလာလျှင် “သင်တို့၏ အလှူပစ္စည်းကို အသုံးဝင်မည့်နေရာ, ကျောင်းစသည်ဖြစ်လျှင် ပျက်စီးသောအခါ ပြင်ဆင်ရမည့်နေရာ, ကြာရှည်တည်တံ့မည့်နေရာ၌ လှူကြလော့”ဟု ပြောနိုင်သည်။ ဝိနည်းပါဠိတော်၊ နိဿဂ္ဂိယပါစိတ်၊ ပတ္တဝဂ်၊ ဒသမသိက္ခာပုဒ်။]

**မှတ်ချက်။** ။ယခုအခါ များစွာသော အလှူကြီးတို့၌ တယောက် လှူပြီးသော သင်္ကန်း သပိတ် ထီး ဘိနပ် ခုတင် ခြင်ထောင် စသည်ကို ထပ်၍ လှူကြ၏။ ကထိန်များ၌ ထိုပစ္စည်းများအပြင် နာရီ ကော်ဇော လက်နှိပ်ဓာတ်မီးစသော နိုင်ငံခြားဖြစ်ပစ္စည်းများကို (ပြင်ဆင်၍လှူအောင်)လှူကြ၏။ ထိုအလှူကြီးများကြောင့် နိုင်ငံခြားသို့ အခွန်ဆက်ရသော ကုန်ကျစရိတ်တွေ မနည်းလှချေ။ ကျောင်းရောက်သော အခါ၌လည်း ပရိယတ် ပဋိပတ်ကို အထောက်အကူ မပြုနိုင်ရုံသာမက ဝေငှစရာ တပည့်ပရိသတ် မရှိသော ကျောင်းမှာ သိမ်းဆည်းရသော အလုပ်တာဝန်သာ ပိုလာ၏။ တချို့ပုဂ္ဂိုလ်များလည်း ထိုပစ္စည်းများကို မအပ်ဆုံးသော ငွေအဖြစ်ရောက်အောင် စီမံကြ၏။ ထိုကဲ့သို့ဖြစ်ပုံကို စဉ်းစားကာ အလှူဒါနနှင့်စပ်၍ မှတ်ဖွယ်များကို အနာဂတ် သာသနာရေးကျမ်း၌လည်း ပြခဲ့ပြီးပါပြီ။

၃ – အဖြေ ပြီး၏။

---

**အမေး-၄။** ။“ပုဗ္ဗ မုဉ္စ အပရဟူသော စေတနာသုံးတန်တွင် တပါးပါး သို့မဟုတ် အားလုံး ချို့ယွင်းခဲ့သော် အကျိုးပေးရာ၌ မည်သို့ ထူးခြားပါသနည်း”ဟူသော အမေး၏ အဖြေကား—

**အဖြေ။** ။အားလုံးချို့ယွင်းလျှင် ဒါနစေတနာ လုံးဝမပါ၊ရကား ချစ်၍ပေးခြင်း, ကြောက်၍ပေးခြင်း, ဂုဏ်လာဘ်ကို မြှော်၍ ပေးခြင်း တမျိုးမျိုးသာ ဖြစ်သောကြောင့် အလှူဒါနဟု မဆိုရ။ ထို့ကြောင့် ဒါနအကျိုးအစစ် မရနိုင်။ တပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ ချို့လျှင်ကား ထိုစေတနာ ချို့သ

လောက် အကျိုးပေး အားသေးစရာရှိ၏။ အပရစေတနာ ချို့လျှင်ကား ထိုဒါနကြောင့် ရရှိသော စည်းစိမ်ကို မခံစားလိုဘဲ လူဆင်းရဲအနေမျိုးဖြင့် နေရ, သေရတတ်လေသည်။

၄ -အဖြေ ပြီး၏။

---

**အမေး-၅။** ။"ရဟန်းသံဃာတို့အား လှူဒါန်းရာ၌ သီလသမာဓိ ပြည့်စုံ၍ ဝါတော်အကြီးဆုံး ကျောင်းထိုင်ဆရာတော်အား လှူဒါန်းခြင်းနှင့် ထိုကျောင်း၌ရှိသော သံဃာအား လှူဒါန်းခြင်းတွင် မည်သည့် လှူဒါန်းခြင်းက ပိုမိုမြတ်ပါသနည်း" ဟူသော အမေး၏ အံ့ဖြေကား—

**အဖြေ။** ။"သံဃာတော်တို့အား လှူဒါန်းခြင်းက ပို၍မြတ်၏။"အကျယ် ပြပါဦးမည်—

အလှူခံပုဂ္ဂိုလ် သံဃာတော်တို့၏ လယ်ယာမြေနှင့် တူပုံကို ပြခဲ့ပြီ။ "သံဃသ ဒေမ"ဟုဆို၍၊ သို့မဟုတ် စိတ်ထဲ၌ မှန်း၍ သံဃာအား လှူဒါန်းရာ၌ ထိုသံဃာ အစုအဝေးတွင် သီလသမာဓိပြည့်စုံသော ဝါတော်အကြီးဆုံး ကျောင်းထိုင် ဆရာတော်လည်း ပါဝင်နေ၏။ ထို့ပြင် "သံဃာ"ဟူသော အသုံးအနှုန်းဖြင့် သုံးနှုန်းလှူရာ၌ ကျောင်းတိုက်တွင်းဝယ် ရှိဆဲသံဃာသာ မက နောက်နောက်၌ ရောက်လာကြမည့် သီလသမာဓိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကြီးများလည်း ပါဝင်လာ၍ ရှေးရှေးက ပရိနိဗ္ဗာန် စံတော်မူပြီးသော ရဟန္တာများပင် ပါဝင်နိုင်၏။ ထို့ကြောင့် သံဃာအား လှူခြင်းသည် ပုဂ္ဂိုလ် တပါးအား လှူခြင်းထက် မနှိုင်းယှဉ်သာအောင် မွန်မြတ်ပါသည်။ ထို့ကြောင့် ပင် ကထိန်သင်္ကန်း လှူဒါန်းသောအခါ၌ မည်သည့် ဆရာတော်ကြီးများကိုမျှ မရည်မှန်းဘဲ သံဃာအားလုံးကို ရည်မှန်းနိုင်မှ ကထိန်သင်္ကန်းအစစ် ဖြစ်နိုင် လေသည်။

၅ -အဖြေ ပြီး၏။

---

**အမေး-၆။** ။အောက်ပါ ပစ္စည်းဘို့ကို ရဟန်းသံဃာဘို့အား လှူအပ်ပါသလား၊ မည်သို့လှူမှ ဝိနည်းသိက္ခာပုဒ်နှင့် ညီညွတ်ပါသနည်း။

(က) ရွှေငွေရတနာ၊
(ခ) ကျောင်း, လယ်, ယာ, မြေ၊
(ဂ) အရက်၊
(ဃ) ဓား, လှံ, လက်နက်။

အဖြေ(က)။ ။''ရဟန်းတော်များသည် ရွှေငွေ ရတနာကို ကိုယ်တိုင်လည်း မခံယူရ။ ကပ္ပိယစသည်တို့ကို ခံယူလိုက်ပါဟုလည်း မခိုင်းရ။ အလှူရှင်တို့က အနီးအပါး၌ ချထား၍ လှူသည်ကိုလည်း စိတ်ဖြင့် မသာယာရ။ နိဿဂ္ဂိယပါစိတ် အာပတ် သင့်၏''ဟု ပညတ်တော်မူပါသည်။ [ဝိနည်း ပါဠိတော် ရူပိယသိက္ခာပုဒ်။] ဤသိက္ခာပုဒ်တော်အတွက် အာပတ်သင့်သည့်အပြင် ခံယူမိသော ရွှေငွေကိုလည်း စွန့်ပစ်ရသည်။

**မစွန့်လျှင်အပြစ်** ခံယူမိသော ရွှေငွေကို မစွန့်ပစ်ဘဲထားလျှင် ကိုင်တိုင်း ကိုင်တိုင်း ဒုက္ကဋ်အာပတ်သင့်၏။ ထို ရွှေငွေဖြင့် ခဲတံ စာအုပ် သင်္ကန်း ဆွမ်း ကျောင်း ဆေး စသည်ကို ဝယ်လျှင် ဝယ်သည့်အတွက် အာပတ်ထပ်၍ သင့်ရုံသာမက ထိုဝယ်အပ်သော စာအုပ် ခဲတံ (ထိုငွေဖြင့် ဆောက်အပ်သော ကျောင်း) စသည်ကို သုံးစွဲလျှင် (ပိုင်ရှင်သာမက ရဟန်းအားလုံး)သုံးတိုင်း သုံးတိုင်း အာပတ်ထပ်၍ သင့်ပြန်လေသည်။ [ထို့ကြောင့် ရွှေငွေရတနာကို မိမိ တပါးအတွက် ဖြစ်စေ၊ သံဃာ အများအတွက် ဖြစ်စေ၊ ကျောင်းဆောက်ရန် ကျောင်းပြင်ရန်ဖြစ်စေ၊ စေတီတော်တည်ရန် ပြုပြင်ရန် ဖြစ်စေ အလှူမခံကောင်းချေ။]

**အပ်သော လှူနည်း** ထို ရွှေငွေ ရတနာကို ရဟန်း သံဃာအား တိုက်ရိုက် မလှူဘဲ ကပ္ပိယ လုပ်တတ်သူထံ အပ်နှံ၍ ''မည်မျှ အဖိုးတန်၍ အပ်သောပစ္စည်းကို ကပ္ပိယမည်သူ့ထံ တောင်းပါ(အလှူခံပါ)'' ဟု လျှောက်ရမည်။ ထိုသို့ အလှူရှင်က မလျှောက်တတ်လျှင် ကပ္ပိယလုပ်သူက ''တပည့်တော်ထံ မည်မျှအဖိုးတန်၍ အပ်သောပစ္စည်းတောင်းပါ''ဟု လျှောက်ရမည်။ ထိုသို့ လျှောက်မှ ထိုကပ္ပိယထံ တောင်းကောင်းသည်။ ကပ္ပိယထံ ငွေကိုအပ်နှံရုံသာ အပ်နှံ၍ အလှူရှင် (သို့မဟုတ် ကပ္ပိယလုပ်သူ)က အပ်စပ်သော ပစ္စည်းကို တောင်းဘို့, အလှူခံဘို့ မလျှောက်လျှင် မတောင်းကောင်းချေ။ [ဝိနည်းခတော်နှင့်လျော်သော ပစ္စည်းကို ''အပ်သော ပစ္စည်း''ဟု ခေါ်

သည်။] ထို့ပြင် "ဤငွေကို ကျောင်းအားလှူပါ၏။ စေတီတော်အား လှူပါ၏"ဟု လျှောက်၍ လှူလျှင်လှူကောင်း၏။ ကပ္ပိယလုပ်တတ်သူက ထိုရွှေငွေကို သိမ်းဆည်း၍ ကျောင်းပြင်မှု စသည်ကို ပြုရသည်။ ကပ္ပိယက သံဃာအား (ပုဂ္ဂိုလ်အား)အလိုရှိသလို စီမံပါဟု လျှောက်လျှင် ရဟန်းက ကျောင်းပြင်ဘို့ရန် စသည်ကို ပြောကောင်း၏။ "ငွေကို လက်သမားအား ပေးလိုက်" စသည်ဖြင့်ကား မပြောကောင်း။

## (ခ) ကျောင်း, လယ် ယာ, မြေ

ထိုပစ္စည်းတို့တွင် ကျောင်းကို ပုဂ္ဂိုလ်တပါးအား ဖြစ်စေ၊ သံဃာအား ဖြစ်စေ တိုက်ရိုက် လှူကောင်း၏။ မြေကိုလည်း ကျောင်းဆောက်ရန်ဖြစ်လျှင် အာရာမအဖြစ်ဖြင့် အလှူခံကောင်း၏။လယ်ယာကိုကား တိုက်ရိုက်မလှူကောင်း။ သုတ္တန် ပါဠိတော်၌ လယ်ယာကို အလှူမခံခြင်းကို သီလအဖြစ်ဖြင့် ဟောတော်မူ၏။ ဝိနည်း ပါဠိတော်၌ ရွှေငွေကို အလှူခံခြင်းနှင့် တန်းတူထား၍ တားမြစ်တော်မူသည်။ န ကေဝလံ စ ဟိရညသုဝဏ္ဏမေဝ၊ အညမ္ပိ ခေတ္တ-ဝတ္ထာဒိ အကပ္ပိယံ န သမ္ပဋိစ္ဆိတဗ္ဗံ။ နိဿဂ္ဂိယပါစိတ်၊ ပဉ္စမဝဂ်၊ ဒသမ သိက္ခာပုဒ်၊ အဋ္ဌကထာ။]

**လယ်ယာကို အပ်သောလှူနည်း**

"လယ်ယာကို ကျောင်း (ကျောင်းတိုက်)အား လှူပါ၏" ဟုငြင်း၊ ကျောင်း၌(သို့မဟုတ် ပုဂ္ဂိုလ်တပါး၌) "အသစ် အသစ်ပြုဘွယ်ရှိသော နဝကမ္မအလုပ်အားလှူပါ၏"ဟုငြင်း၊ "စေတီအား လှူပါ၏"ဟုငြင်း လှူလျှင် လှူကောင်း၏။ ကပ္ပိယ လုပ်သူက ထို လယ်ယာကို စီမံ၍ လယ်မှဖြစ်သော စပါးကိုရောင်းပြီးလျှင် ကျောင်း၌အသုံး လိုသော ပစ္စည်းကို သူ့ဘာသာသူ အလိုက်သိစွာလှူလျှင်ဖြစ်စေ၊ သံဃာတော်အား(သို့မဟုတ် ပုဂ္ဂိုလ်တပါးအား) "အပ်သော ပစ္စည်းကို တောင်းပါ"ဟု လျှောက်လျှင် အလိုရှိရာ တောင်း၍ ဖြစ်စေ သုံးစွဲကောင်း၏။ ဤနည်းအားဖြင့် လှူအပ်သော လယ်ယာကို "ဝတ္ထုကံ(ဝတ္ထက)"ဟု ခေါ်ဝေါ်ကြသည်။

## (ဂ) အရက်

အရက်သည် အလှူရှင် ကိုယ်တိုင်ကပင် မလှူကောင်းသော ပစ္စည်း ဖြစ်၏။ အလှူခံပုဂ္ဂိုလ်၏အလှူခံမှု၌အပြစ်ရှိကြောင်းမှာ အထူးပြောဘွယ်မလိုတော့ပါ။

လောက၌ ကုသိုလ်ကောင်းမှုဟု အများက သမုတ်ထားအပ် ကုန်သော်လည်း အမှန်အားဖြင့် မကောင်းမှု အကုသိုလ်သာ ဖြစ်သော ဒါနတို့သည် သေရည် သေရက်အလှူ၊ပွဲလမ်းသဘင်အလှူ၊မိန်းမအလှူ (ခံစားဘို့ရန်ခေတ္တလှူခြင်း)၊ နွားမအများရှိရာ နွားလားဥသဘကို လွှတ်ပေးသောအလှူ (နွားမတို့နှင့် သားစပ်ဘို့အလှူ ဖြစ်သည်။)၊ ကိလေသာတိုးပွါးအောင် အဆန်းတကြယ် ပြုအပ်သော မိန်းမ ယောကျ်ား အရုပ်အလှူ—ဤသို့အားဖြင့် ၅-ပါး ရှိကုန် ၏။ [ဝိနည်း ပရိဝါပါဠိတော်၊ ကေတ္တရပဉ္စက။]

---

## (ဃ) ငွေ, လုံ, လက်နက်

ဤလက်နက်များကိုကား "အလှူခံဘို့ကို မဆိုသားဘိ ရဟန်းများမှာ ကိုင်၍မျှ မကြည့်ရ"ဟု ဝိနည်း၌ တားမြစ်တော်မူပါသည်။ ဉပါသကာ စစ်စစ် ဖြစ်သူများလည်း ထိုလက်နက်ကို အရောင်း အဝယ် လုပ်လျှင် "ဉပါသကာ အောက်တန်းစား"ဟု ပဉ္စကအင်္ဂုတ္တိုရ် ပါဠိတော်၌ ဟောတော်မူပါသည်။

**မှတ်ချက်။** ။ဤ(၆)နံပါတ်၌ ပါသော ရွှေငွေရတနာ စသောပစ္စည်းများကို အလှူခံဘို့ရန် ဗုဒ္ဓမြတ်စွာ၏ တားမြစ်တော်မူချက်သည် အလွန် လေး နက်တော်မူ၏။ သဠာယတနဝဂ္ဂ၊ သံယုတ် ပါဠိတော် (ဂါမဏိသံယုတ်) ၌လည်း "ရွှေငွေကို သုံးစွဲကောင်း သူမှာ ကာမဂုဏ် ငါးပါး သား မယား စသည်များလည်း သုံးစွဲကောင်း၏ ဟု သားမယားနှင့် တန်း တူထား၍ ရွှေငွေများကို မခံယူထိုက်ကြောင်း" မိန့်တော်မူသည်။ ထိုသို့ လေးလေးနက်နက် တားမြစ်တော်မူချက်၌ မူလအကြောင်းကို စုပေါင်းစဉ်းစားသင့်၏။

**စဉ်းစားချက်** ရွှေငွေရတနာနှင့် လယ်ယာမိုးမြေဘို့သည် အိမ်ရာဘည်ထောင် လူဝတ်ကြောင်များ၏ အတိုးအတန်ဆုံး ပစ္စည်းများ ဖြစ်၏။ ထိုပစ္စည်းများကို ရဟန်းသံဃာတို့ သုံးဆောင်နေလျှင် လူဝတ်ကြောင်များနှင့် ထူးခြားသော အကျင့်မရှိတော့။ ကာမဂုဏ်ခံစားသော လူဝတ်ကြောင်များ၌ ထိုခံစားမှုကြောင့် အဝိဇ္ဇာနှင့် တဏှာ (လောဘ ဒေါသ မောဟ) မြူမှုန်တွေ နေ့စဉ်နှင့်အမျှ ထူထဲသည်ထက် ထူထဲ၍နေရကား "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ"ဟု ရည်မှန်းခဲ့သော ရဟန်းတို့မှာ ထိုနည်းအတိုင်းသာ ကိလေ

သာမြူတွေ့ ထူပိန်း၍ နေပေလိမ့်မည်။ ထိုသို့ဖြစ်လျှင် သံသရာမှ ကယ်တင်လို သော ဘုရားရှင်၏ ရည်မှန်းတော်မူချက်သည်ပင် အခြေက စ၍ ပျောက်ပျက် ပေတော့ လတ္တံ့။

**တိုက်တွန်းချက်** ထိုပြခဲ့သောအကြောင်းများကြောင့် သာသနာ့ဝန်ထမ်းရဟန်း ကောင်းမှန်လျှင် ဘခမည်းတော်ဘုရား၏ အမိန့်တော်ကို တရိ တသေ လိုက်နာ၍ ပါရမီဖြည့်လိုကလည်း အားရပါးရ သာသနာပြုလျက်ငင်း၊ ယခုဘဝတွင်ပင် ကျွတ်တမ်းဝင်လိုကလည်း လူသူမနီး တောမြိုင်ကြီးဝယ် ကျကျနန ဝိပဿနာကမ္မဋ္ဌာန်း ကြိုးပမ်းလျက်ငင်း ကိုယ်စီကိုယ်င သာသနာ့ ဝန်ကို ထမ်းသင့်ကြပါသည်။ သာသနာပြုလိုသော ဒါယကာ ဒါယိကာမ တစုတို့ကလည်း ပကာသနအလှူဒါန အပျော်အပါး ဥပုသ်သီလတို့ကို ရှောင် ရှား၍ ဆရာများနှင့်တူစွာ သံသရာမှ မြန်မြန်ကျွတ်လိုလျှင် မှန်မှန်ကြီးတရား ကျင့်၍ ပါရမီဖြည့်လိုကြလျှင်လည်း သာသနာကိုအားရပါးရကူညီကာ ရခဲ သော ဘုရားသာသနာဝယ် ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျအောင် ဒါနသီလ ဘာဝနာအမှုကို ပြုသင့်ကြပါသည်။

၆–အဖြေ ပြီး၏။

အမေး.—၇။ ။အောက်ပါပစ္စည်းတို့ကို မွန်းလွဲချိန်၌ ရဟန်းသံဃာတို့အား ကပ်လှူ နိုင်ပါသလား။

## (က) အဖျော်ရည်, ယမကာ, ဘိလပ်ရည်

**အဖြေ။** ။“ယာမကာလိက”ဟူသော ပါဠိကို မြန်မာလို “ယမကာ” ဟု ခေါ်ကြ၏။ “မွန်းလွဲသည်မှ စ၍ အရုဏ်တက်သည့်အခါတိုင် အောင် ညဥ့်ကာလ၌ သုံးဆောင် ကောင်းသော သောက်ဖွယ်” ဟု အဓိပ္ပါယ်ရ၏။ ထို့ကြောင့် အဖျော်ရည်များသည် “ယမကာ”တွင် ပါဝင်၏။ မန်ကျည်းသီး စသော အသီးကို ထန်းလျက်နှင့် ရောနှော၍ ဖြစ်စေ၊ သီးခြားဖြစ် စေ ရေစိမ်၍ အမှုန်မပါအောင် ကြည်လင်စွာ စစ်ပြီးသောအခါ ရဟန်း တော်များအား မွန်းလွဲသော အချိန်၌ ကပ်လှူကောင်း၏။ ဘိလပ်ရည်လည်း

ထိုနည်းတူ။ သို့သော် ရဟန်းသာမဏေများသည် ထိုယမကာကို မွတ်သိပ် ဆာလောင်သောအခါမှ အဆာပြေအောင် သောက်ကောင်း၏။ မဆာဘဲ အရသာခံ သက်သက်ကား မသောက်ကောင်း။ [မီးဖြင့် ချက်ထားသော အဖျော်ရည်များကိုကား ဆရာတို့ဘုဉ်းပေးတော် မမူကြပါ။]

## (ခ) သစ်သီး, မုန့်သေတ္တာ, ငါးသေတ္တာ

**အဖြေ။** ။ဤပစ္စည်းများကိုကား နေလွဲသောအခါ၌ အကပ်ပင် မခံကောင်းပါ။ သို့သော် ရဟန်းများ ဘုဉ်းပေးဘို့ မရည်စူးဘဲ သာမဏေ ကျောင်းသား ကပ္ပိယတို့ စားဘို့ရည်စူးလျှင်ကား ကပ်လှူသည်ကို ခံယူကောင်း၏။ ["သစ်သီး"ဟူရာ၌လည်း ငှက်ပျောသီး ရှောက်သီး စသော နံနက်၌ စားလေ့ရှိသော သစ်သီးကို ဆိုလိုသည်။ သံပုရာသီးကဲ့သို့သော သစ်သီးကိုကား မွန်းလွဲအခါ ခံယူကောင်းပါ၏။]

## (ဂ) နောက်နေ့စားရန် ဆွမ်း, ဟင်း

**အဖြေ။** ။ဤ ဆွမ်း,ဟင်းများကိုလည်း မုန့်သေတ္တာနှင့် သဘောတူပင် စီစဉ်ရပါသည်။

## (ဃ) ဆွမ်းဆန်, ဆီ, ဆား, ငါးပိ, ငါးခြောက်

**အဖြေ။** ။ဆွမ်းဆန်နှင့် ငါးပိ ငါးခြောက်တို့ကိုလည်း မုန့်သေတ္တာကဲ့သို့ ပင် စီစဉ်ရ၏။ ဆီနှင့် ဆားကိုကား နောက်ရက်၌ ဆွမ်းဟင်းတို့နှင့် ရော၍ မစားဘဲ ဆေးအရာ၌ အသုံးပြုမည်ဖြစ်လျှင် အကပ်ခံကောင်းပါ၏။ ဆွမ်းဟင်း တို့နှင့် ရော၍ ချက်ပြုတ်စားသောက်ဘို့ကား အကပ်မခံကောင်းပါ။

**မှတ်ချက်။** ။ယခုအခါ ညနေပိုင်း၌ ဆွမ်းဆန်စိမ်း လောင်းသော အလေ့ အထကို တွေ့ရ၏။ ထိုသို့ လောင်းရာ၌ ရဟန်းကိုယ်တိုင် မခံယူဘဲ

သာမဏေ ကပ္ပိယ ကျောင်းသားတို့ ခံယူမှသာ နောက်နေ့၌ စားသောက်ခွင့်ရှိ၏။ ထိုသို့ မဟုတ်ဘဲ ရဟန်းကိုယ်တိုင် ခံယူလျှင် နောက်နေ့၌ (သာမဏေ ကပ္ပိယတို့က ချက်ပြုတ်ပေးသော်လည်း) ရဟန်းမှာ မစားကောင်းပါ။ ထိုသို့ မအပ်မှန်း သိပါလျက် လှူဒါန်းသော ဒါယကာ ဒါယိကာမတို့မှာလည်း ဒါနအကျိုး မရဘဲ အပြစ်သာ ရစရာရှိပါသည်။

## (င) မကျန်းမာလျှင် သုံးစွဲရသော စားဆေး, သောက်ဆေး, လိမ်းဆေး

**အဖြေ။** ။စားဆေး သောက်ဆေးတို့မှာ နေလွဲလျှင် အကပ်ခံကောင်းတာလည်းရှိ, မခံကောင်းတာလည်း ရှိ၏။ နေမလွဲမီ တရက်သာ စားကောင်းသော မန်ကျည်းမှည့်ပါသော တေဆေး, မန်ကျည်းရေပါသော သောက်ဆေးမျိုးကို နေလွဲအခါ အကပ်မခံကောင်းပါ။ စတုမဓုကဲ့သို့သော စားဆေးမျိုး, သံပုရာရေကဲ့သို့သော သောက်ဆေးမျိုးကိုကား နေလွဲအခါ အကပ်ခံကောင်းပါ၏။ လိမ်းဆေးကိုကား နေလွဲအခါ ကပ်လှူနိုင်ပါသည်။

**အမှာ။** ။ဤ (၇)နံပါတ်၌ပါသော ပြဿနာများ၏ အဖြေကို အတိအကျနားလည်ဘို့မှာ ဝိနည်းလေးစားသော ဆရာသမားများနှင့် အတူနေ၍ ကိုယ်တိုင် လေ့လာမှသာ ဖြစ်နိုင်ပါသည်။

၇-အဖြေ ပြီး၏။

**အမေး–၈။** ။ရဟန်း သံဃာတော်တို့အား အောက်ပါ ပစ္စည်းများကို လှူဒါန်းနိုင်ပါသလား။

(က) ငွေထုတ်ချက်လက်မှတ်, ငွေလွှဲစာ, တံဆိပ်ခေါင်း၊

(ခ) ထီလက်မှတ်, ငွေစုလက်မှတ်, အသက်အာမခံစာချုပ်၊

(ဂ) စာတိုက်မှ မန်နီအော်ဒါနှင့် ပို့လှူသော ငွေ။

**အဖြေ (က)။** ။ချက်လက်မှတ်, ငွေလွှဲစာတို့သည် ငွေမဟုတ်သေးသောကြောင့် လှူရုံကား လှူကောင်းမည်ဟု ထင်၏။ သို့သော် အလှူခံရသော ပုဂ္ဂိုလ်ကမူ ထိုလက်မှတ်ဖြင့် ကိုယ်ပိုင်လည်း ငွေမထုတ်နိုင်။ ကပ္ပိယကိုလည်း

သွား၍ ထုတ်ပါချေဟု မစေခိုင်းနိုင်။ မိမိမှာ ချက်လက်မှတ် ငွေလွှဲစာရရှိကြောင်းမျှကိုသာ ကပ္ပိယအား ပြောနိုင်၏။ ထိုသို့ပြောသည့်အတွက် ကပ္ပိယလုပ်တတ်သူ လူဝတ်ကြောင်က ထိုလက်မှတ် (ထိုစာကို) ယူ၍ ငွေထုတ်ပြီးလျှင် "တပည့်တော်အထံ မည်၍မည်မျှ တန်သော အပ်သော ပစ္စည်းကို တောင်းခံတော်မူပါ"ဟု လျှောက်မှ ထိုပစ္စည်းကို တောင်းခံကောင်းသည်။ တံဆိပ်ခေါင်းကိုကား လှူကောင်း၏ဟုသာ အယူရှိ၏။

**အဖြေ (ခ)။** ။ထီလက်မှတ်, ငွေစုလက်မှတ်, အသက်အာမခံ စာချုပ်များလည်း "ချက်လက်မှတ်နှင့် သဘောသွား အတူပင်"ဟု ယူဆပါသည်။

**အဖြေ (ဂ)။** ။မန်နီအော်ဒါနှင့် ပို့လှူသော ငွေ၌ မိမိနာမည်ကို လက်မှတ်ထိုးရုံကား ထိုးကောင်း၏ဟု ယူဆပါသည်။ ငွေကိုမူ မခံယူကောင်းပါ။ ကပ္ပိယကိုလည်း ယူထားလိုက်ပါဟု မပြောကောင်းပါ။ မန်နီအော်ဒါ ရောက်လာကြောင်းကိုသာ ပြောပြ၍ ကပ္ပိယလုပ်တတ်သူက ယူပြီးလျှင် (သို့မဟုတ် စာပို့လုလင်က ကပ္ပိယထံ ပေးသွားလျှင်) ထို ကပ္ပိယက အခြားငွေ ထုံးစံအတိုင်း လျှောက်မှသာ အပ်သော ပစ္စည်းကို ခံယူသုံးစွဲကောင်းပါသည်။

**အမှာစာ။** ။ဤ (ဂ)နံပါတ် မေးခွန်းများ၏ အဖြေမှာ ကျမ်းစာတို့၌ တိုက်ရိုက်မပါသောကြောင့် မိမိယူဆချက်ကိုသာ ဖြေလိုက်ပါသည်။ အခြားသော ဝိနည်းမိုရ် ဆရာတော်များကိုလည်း လျှောက်ထားပါလေ။

ဂ-အဖြေ ပြီး၏။

ဒါနနှင့် စပ်သော မေးခွန်းအဖြေများ

ပြီးပြီ။

# ၃-အထွေထွေကောင်းမှုနှင့် စပ်သော မေးခွန်းအဖြေများ

**အမေး–၁။** ။(က) ရုပ်ပွါးတော် စေတီတော်များကို ပူဇော်ကန်တော့ရာ၌ မည်ကဲ့သို့ အာရုံပြုရပါမည်နည်း။

(ခ) တန်ခိုးကြီးဘုရားကို တကူးတက သွား၍ ဖူးမြော် ပူဇော်ခြင်းနှင့် အိမ်တွင် ကိုးကွယ်ထားသော ရုပ်ပွါးတော်ကို ဖူးမြော်ခြင်းတို့တွင် မည်သည့် ဖူးမြော်ခြင်းက ပို၍ အကျိုးရှိပါသနည်း။

**အဖြေ (က)။** ။ရုပ်ပွါးတော်သည် သက်တော်ထင်ရှားရှိစဉ်က ဘုရားရှင်ကို အတုပွါး၍ ထားသော (အဆင်း သဏ္ဍာန်တော်ကို အတုပြုလုပ်ထားသော) ဆင်းတုတော် ဖြစ်၏။ ထို့ကြောင့် ထိုရုပ်ပွါးဆင်းတုတော်လောက်တွင် စိတ်အာရုံမပြီးစေဘဲ သက်တော်ထင်ရှား မြတ်ဘုရားကို ထင်မြင်လာအောင် ပူဇော်ကန်တော့နိုင်မှ သာ၍ အကျိုးရပါသည်။

"စေတီတော်"ဟူသည် ဘုရားရှင်၏ အရိုးတော်ဓာတ်များကို သွင်းနှံ့ဌာပနာထားသောကြောင့် ပူဇော်ကန်တော့ထိုက်သော ဌာနတမျိုးတည်း။ ထို့ကြောင့် စေတီတော်ကို ပူဇော်ရာ၌လည်း သက်တော်ထင်ရှား မြတ်ဘုရားကို ထင်မြင်လာအောင် ပူဇော်မှ သာ၍ အကျိုးရပါသည်။ သို့သော် ရုပ်ပွါးတော် စေတီတော်လောက်တွင် စိတ်အာရုံ ယူနိုင်သော ပုဂ္ဂိုလ်များအတွက် လုံးလုံး အကျိုးမရဟုကား မဆိုလိုပါ။

**အဖြေ (ခ)။** ။ဘုန်းကြီးအလိုအားဖြင့် သက်တော်ထင်ရှား မြတ်ဘုရား၏ ကိုယ်တော်စားချည်း ဖြစ်ကြသော ရုပ်ပွါးတော် စေတီတော်များကို တန်ခိုးကြီး, တန်ခိုးငယ်ဟု မခွဲခြားလိုပါ။ လူအသွားအလာများသည်ကို တန်ခိုးကြီး, လူအရောက်အပေါက် နည်းသည်ကို တန်ခိုးငယ်ဟု ဆိုလျှင် တောကြိုး တောင်ကြိုးအတွင်း၌ လူသူ အရောက်အပေါက် နည်းသော နေရာရှိ ရုပ်ပွါးတော် စေတီတော်များကို "တန်ခိုးမရှိသော ဘုရား"ဟု ခေါ်ရမလို ဖြစ်နေပါသည်။ ထို့ကြောင့် ထိုပြဿနာအတွက် အထူး ဖြေဘွယ်မလိုပါ။ မိမိစိတ်က ဂုဏ်တော်ကို အာရုံပြုရာ၌ သဒ္ဓါ ပညာ အတိမ်အနက် လိုက်၍သာ အကျိုးရကွဲပြားဘွယ် ရှိပါသည်။ အကယ်၍ အလွန်ကြည်ညိုစွာ အာရုံပြုနိုင်

ပါမူ သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးမြင်ရသော အကျိုးနှင့် ရုပ်ပွါးတော် စေတီတော်များကို ဖူးမြင်ရသော အကျိုးသည် တန်းတူပင် ဖြစ်နိုင်ပါသည်။ ဥပမာ—အသက်ရှိသော မိဘကို တွေ့မြင်ရခြင်းနှင့် မိဘမရှိ၍ ဓာတ်ပုံကိုသာ ကြည့်ရခြင်း၌ ရှိသေ လေးစားမှု မကွာလျှင် အကျိုးပေး မကွာနိုင်သကဲ့သို့တည်း။

တိဋ္ဌန္တေ နိဗ္ဗုတေ ဝါပိ၊
သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတုံ ဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေ ဝါပိ၊ သက်တော်ထင်ထင် တည်ရှိစဉ်ဝယ် ဖူးမြင်ရငြား မြတ်ဘုရား၌ရင်း။ နိဗ္ဗုတေ ဝါပိ၊ ရွှေပြည်နိဗ္ဗူ စံတော်မူသည့် သုံးလူ့ထွတ်ထား မြတ်ဘုရား၌ရင်း။ စိတ္တေ၊ ဂုဏ်တော်အာရုံ ကောင်းစွာထုံ၍ တလုံလုံ မှီဝဲစွဲသုံး စိတ်နှလုံးသည်။ သမေ၊ သဒ္ဓါပညာ အရာရာဝယ် မကွာတန်းတူ ညီမျှပါမူကား။ သမံ ဖလံ၊ အကျိုးပေးဟန် အတန်တန်လည်း ကေန်ညီမျှ တန်းတူရလေတော့၏။ ဟိယုတ္တံ၊ ထိုစကားလျှင် မမှားကေန် ယုတ္တိတန်လှပါပေ၏။ သတ္တာ၊ ယုတ်မြတ်မဟူ၊ သူငါကစ၊ သတ္တဝါဟူသမျှတို့သည်။ စေတောပဏိဓိဟေတုံ၊ စိတ်နေစိတ်ထား ကြီးမားဖြူစင် ကြည်လင်သန့်ရှင်း အကြောင်းရင်းကြောင့်။ သုဂ္ဂတိံ၊ လူ့ရွာနတ်ထံ ချမ်းသာစံလျက် နိဗ္ဗာန်အထိ အကောင်းဆုံးဂတိသို့။ ဂစ္ဆန္တိ၊ ပါရမီစွမ်းသလောက် စခန်းထောက်၍ လှမ်းရောက်နိုင်ကြပေသတည်း။ [မဇ္ဈိမဋ္ဌကဝဂ်၊ ပီဘဝိမာနဝတ္ထု ပါဠိတော်။]

၁-အဖြေ ပြီး၏။

❖❖❖❖❖❖❖❖

**အမေး-၂။** ။ယခုခေတ် ရဟန်းသံဃာတော်များနှင့် ရတနာသုံးပါးတွင် ပါဝင်သော သံဃာတော်များသည် မည်သို့ ထူးခြားပါသနည်း။

**အဖြေ။** ။ရတနာသုံးပါးတွင် ပါဝင်သော ''သံဃံ သရဏံ ဂစ္ဆာမိ'' ဟု သရဏဂုံဆောက်တည်ရာ၌ အာရုံပြုရသော သံဃာသည် အရိယာဖြစ်ပြီး

သော ပရမတ္ထသံဃာ (အစစ်အမှန် မဖောက်ပြန်နိုင်သော သံဃာ) တည်း။ ယခုခေတ်၌လည်း အရိယာ အစစ်ဖြစ်လျှင် ထိုရတနာဝင် ပရမတ္ထသံဃာပင် ဖြစ်၏။ အရိယာ မဖြစ်သေးသော သံဃာဟူသမျှကို "သမ္မုတိသံဃာ" ဟု ခေါ်၏။ "အရိယာ သံဃာအစစ်နှင့် ဝိနည်းသိက္ခာချင်းမှ စ၍ အရာရာ တူသောကြောင့် သံဃာဟူ၍ သမုတ်အပ်သော သံဃာတော်" ဟု ဆိုလိုသည်။ ဥပမာ—သက်တော်ထင်ရှား ဘုရားအစစ်နှင့် ရုပ်တု ဆင်းတုတော်ဘုရားတို့ ကွဲပြားသကဲ့သို့တည်း။

၂--အဖြေ ပြီး၏။

❖❖❖❖❖❖❖

**အမေး-၃။** ။(က) ဘုရားပွဲ ကျင်းပခြင်းကြောင့် မည်သို့ အကျိုးရှိပါသနည်း။

(ခ) ထိုဘုရားပွဲအစဉ်အလာသည် မည်သည့်လက်ထက်မှ ဆင်းသက်လာပါသနည်း။

**အဖြေ (က)။** ။ဘုရားပွဲ ကျင်းပခြင်းကြောင့် (ဘုရားဂုဏ်တော်ကို အာရုံပြုလိုသူမှာ) အကျိုးမထူးပါ။ ကျမ်းစာတို့၌ ဘုရားဖူးသွားလိုသော ရဟန်းသည် ဘုရားပွဲအချိန်၌ သွားလာခြင်းငှါ မသင့်လျော်ဟုပင် တားမြစ်ထားပါသည်။

**အဖြေ (ခ)။** ။ကျမ်းစာတို့၌ ဘုရားပူဇော်ပွဲများ ပါရှိသောကြောင့် ဘုရားပွဲအစဉ်အလာသည် အလွန်ရှေးကျသော အခါကပင် ဖြစ်ပေါ်လာခဲ့ဟန်တူသည်။ သို့သော် ယခုခေတ်ကဲ့သို့ ဘုရားဝင်းအတွင်း၌ အငြိမ့်ကပွဲများ ကျင်းပခြင်း, ကာလသားသမီးတို့ အလွန်အကြူး သောင်းကျန်းခြင်းတို့ကား ရှိခဲ့မည် မဟုတ်ပါ။ ယခုခေတ် ဘုရားပွဲများ၌ ကုသိုလ်ဖြစ်ဘို့ထက် အကုသိုလ်ဖြစ်ဘို့က များနေပါသည်။

၃--အဖြေ ပြီး၏။

▼▲▼▲▼▲▼

**အမေး-၄။** ။(က) ဘုန်းကြီးပျံကို ခမ်းနားစွာ ကျင်းပခြင်းကြောင့် အကျိုးမည်မျှ ရှိပါသနည်း။

(ခ) ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူစဉ်က တပည့်သာဝကများနှင့် ဒါယကာ ဒါယိကာမတို့ မည်ကဲ့သို့ ပူဇော်ခဲ့ကြပါသနည်း။

အဖြေ (က)။ ။''ဘုန်းကြီးပျံကို ကြီးကျယ်ခမ်းနားစွာ ကျင်းပ''ရာ၌ ယခုကာလကဲ့သို့ ပွဲမျိုးစုံ ထည့်သွင်း၍ ကျင်းပခြင်းမှာ ဆရာသမား၏ ဂုဏ်ကျေးဇူးကို ပူဇော်ရာမရောက်ဘဲ ဆရာဘုန်းကြီး ပျံလွန်တော်မူသည့် အတွက် ပျော်ပွဲရွှင်ပွဲတခု ပြုခွင့်ရသကဲ့သို့ ဖြစ်နေ၏။ ထို့ကြောင့် ယခုခေတ် ကျင်းပနည်း၌ ကုသိုလ်အကျိုး အရနည်း၍ အကုသိုလ် အပြစ်တွေသာ အဖြစ်များ၏။

တကယ်ပင် ဆရာသမား၏ ဂုဏ်ကျေးဇူးကို အမှတ်တရ ပူဇော်လိုကြလျှင်ကား ပျော်ပွဲရွှင်ပွဲ မပါစေဘဲ သံဝေဂ ဖြစ်စရာ (ရုပ်နာမ်အပေါ် ငြီးငွေ့စရာ) ငြိမ့်ငြောင်းသော တေးဂီတဂါထာတို့ကို ရွတ်ဆို၍၎င်း၊ တပည့်တပန်း ရဟန်းသံဃာ ဒကာ ဒကာမအားလုံး သန့်ရှင်းသော သက်သတ်လွတ် ဆွမ်းဒါနပြု၍၎င်း၊ တတ်နိုင်ပါမူ ရက်အပိုင်းအခြား အချိန် အပိုင်းအခြားဖြင့် ဘာဝနာပွားများ၍၎င်း ရက်ပေါင်းများစွာ ကြာချင်တိုင်း ကြာအောင် ဘုန်းကြီးပျံပွဲ ဆင်နွှဲသင့်ကြပါသည်။

အဖြေ (ခ)။ ။ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မမူမီ အရှင်အာနန္ဒာက ''အလောင်းတော်ကို မည်သို့ ပူဇော်ရပါမည်နည်း''ဟု လျှောက်သော အခါ ဘုရားရှင် ကိုယ်တော်တိုင် ''အာနန္ဒာ....သင်တို့သည် မြတ်စွာဘုရား၏ ကိုယ်တော်ကို ပူဇော်ဘို့ရန် ကြောင့်ကြမစိုက်ရစ်ကြနှင့်။ အနှစ်သာရ ဖြစ်သော အရဟတ္တဖိုလ်ရဘို့ကိုစွဲ၍သာ မမေ့မလျော့ မပေါ့မဆ ကြောင့်ကြစိုက်ရစ်ကြ''ဟု မိန့်တော်မူပါသည်။ ထိုအမိန့်တော် အတိုင်းပင် ရဟန်းတော်များ အထူးကြောင့်ကြ မစိုက်ကြပါ။ ဒါယကာ ဒါယိကာမတို့ကသာ အဝတ်သစ် တထပ် ဝါဂွမ်း တထပ် အစုံပေါင်း ငါးရာဖြင့် အလောင်းတော်ကိုရစ်ပတ်၍ ဆီလောင်းထားသော ရွှေခေါင်းတော်၌ ထည့်ကာ မီးပူဇော်ကြလေသည်။ [ထိုမီးပူဇော်သည့်ရက်အထိ ရက်ပေါင်း ၁၄-ရက်သာ ကြာ၏။ ပဌမ ၇-ရက် သည် ပြင်ဆင်ရင်း ပူဇော်ခြင်းဖြင့် ကုန်သွား၏။ ပူဇော်ရာ၌ ကိုယ်တိုင် က-မှု, သံဝေဂ သီချင်းဆိုမှု, တီးမှုတ်မှုများ ပါဝင်၏။ ဒုတိယ ၇-ရက်ကား စန္ဒကူး

နံ့သာပုံပေါ်၌ မီးပူဇော်ဘို့ ပြင်ဆင်ရင်း ကြာသွားလေသည်။ တချို့ကလည်း "မီးပူဇော်ရာ၌ ၇-ရက် မကြာ။ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ၈-ရက်မြောက်နေ့မှာပင် မီးသင်္ဂြိုဟ်ပြီး ဖြစ်သည်" ဟု ဆိုကြသေး၏။]

၄-အဖြေ ပြီး၏။

**အမေး-၅။** ။(က) ရှင်ပြုရာ၌ ရှင်လောင်းလှည့်ကာ ရှင်ပြုပွဲ အခမ်းအနားဖြင့် ပြုခြင်း, ဘုန်းကြီးကျောင်း၌ ခေါင်းတုံးရိတ်မှု သင်္ကန်းဝတ်မှုပြု၍ ရှင်ပြုခြင်း ၂-မျိုးဝယ် ကုသိုလ်အကျိုး မည်သို့ထူးပါသနည်း။

(ခ) သားတော် ရာဟုလာကို မည်ကဲ့သို့ ရှင်ပြုပါသနည်း။

(ဂ) ရှင်လောင်းလှည့်ခြင်း အစဉ်အလာသည် မည်သည့်ခေတ်က ဖြစ်ပေါ်လာပါသနည်း။

**အဖြေ (က)။** ။ကုသိုလ်အကျိုးရခြင်းမထူးပါ။

**အဖြေ (ခ)။** ။ကပိလဝတ်ပြည် နန်းတော်၌ ဘုရားရှင် ဆွမ်းဘုဉ်းပေးတော် မူပြီး၍ ပြန်ကြွလာတော်မူသော အခါ ရာဟုလာသည် ဘုရားရှင်၏ နောက်တော်မှ လောကီအမွေတောင်းရင်း ပါလာ၏။ ကျောင်းတော်သို့ ရောက်သောအခါ "ရာဟုလာအား လောကုတ္တရာအမွေ ပေးတော်မူရမည်" ဟု မိန့်တော်မူ၍ အရှင်သာရိပုတြာကို ရှင်ပြုပေးစေတော်မူ၏။ အရှင်သာရိပုတြာသည် အမိန့်တော်အတိုင်း ဦးခေါင်းရိတ်၍ သင်္ကန်းဝတ်ပေးတော်မူပါသည်။

**အဖြေ (ဂ)။** ။ရှင်လောင်းလှည့်ခြင်း, မဏ္ဍပ်အတွင်း၌ အဘိသိက်သွန်းခြင်းစသော အစဉ်အလာကို မည်သည့်ခေတ်က ဆင်းသက်သည်ဟု မသိပါ။ အချို့က "ဓမ္မာသောကမင်း၏ သားတော် မဟိန္ဒမင်းသားကိုရှင်ပြုရာမှ ဆင်းသက်လာသည်" ဟု ပြောကြ၏။ ပါရာဇိကကဏ္ဍဋ္ဌကထာ မဟိန္ဒမင်းသားရှင်ပြုခန်း၌ ထိုအသိုင်းအဝိုင်းမပါချေ။

၅-အဖြေ ပြီး၏။

အမေး-၆။ ။သက်န်းပရိက္ခရာဝိုးမျှမရှိ, အခမ်းအနားလည်း မလုပ်နိုင်သော မိဘသည် သားကို မည်ကဲ့သို့ ရှင်ပြုနိုင်ပါသနည်း။

အဖြေ။ ။သနားတတ်သော (သပိတ်သင်္ကန်းလည်း ပေးနိုင်လောက်သော)ဆရာသပားထံ အပ်နှံ၍ ရှင်ပြုနိုင်ပါသည်။ အမှန်အားဖြင့် ရှေးခေတ်က ရှင်ပြုရာ၌ သပိတ်သင်္ကန်းကို ဆရာရဟန်းကိုယ်တိုင်က မိမိမှာရှိလျှင် ပေးရပါသည်။မရှိလျှင်လည်း ရဘို့ရန် အားထုတ်ရပါသည်။ [ဘုရားရှင်သည် ရဟန္တာဖြစ်လောက်သော အရည်အချင်းရှိပါလျက် ကြွေးတင်နေသော ပုဏ္ဏားကို ရဟန်းပြုပေးတော်မူပြီးလျှင် ကောသလမင်းအထံ ခေါ်သွား၍ အကျိုးအကြောင်း ပြောပြတော်မူ၏။ ကောသလမင်းက ကြွေးတာဝန်ကို ယူပါသည်။ ထိုရဟန်း တရားအားထုတ်၍ ရဟန္တာဖြစ်လေသည်။ သဂါထာဝဂ္ဂ၊ ဗြာဟ္မဏသံယုတ်။]

၆-အဖြေ ပြီး၏။

အမေး-၇။ ။ရှင်ပြုပေးရာ၌ ကလေး၏ မည်သည့်အရွယ်တွင် ရှင်ပြုပေးနိုင်ပါသနည်း။

အဖြေ။ ။ဗုဒ္ဓမြတ်စွာသည် ပဌမခွင့်ပြုတော်မူစဉ်၌ "၁၅-နှစ် အသက်ပြည့်မှ ရှင်ပြုပေးရမည်"ဟု မိန့်တော်မူ၏။ ထို့နောက် မိဘများ သေဆုံးသွားသဖြင့် ကိုးကွယ်ရာမဲ့ ဖြစ်နေသော ကလေးညီနောင် နှစ်ယောက်ကို အကြောင်းပြု၍ "မိမိတမင်းစားပွဲကို ကျီးနှိုက်လာလျှင် ခြောက်နိုင်သော အရွယ်ရှိသူကို ရှင်ပြုပေးနိုင်၏"ဟု ခွင့်ပြုတော်မူပြန်၏။[ဝိနည်းမဟာဝါ၊ ပဗ္ဗဇ္ဇခန္ဓကပါဠိတော်။]

ပုဏ်ချက်။ ။မလွဲသာ၍ ခွင့်ပြုတော်မူရသော ဤဒုတိယခွင့်ပြုတော်မူချက်ကို ကောက်ချက်ချ၍ ယခုကာလ၌ အတော်ငယ်သောကလေးငယ်များကို ရှင်ပြုပေးကြ၏။ ထိုကလေးများသည် ဆယ်ပါးသီလနှင့် ထိုက်တန်သော ကျင့်ဝတ်ကို မကျင့်နိုင်ကြ။ တချို့မှာ ဇာတရူပ သိက္ခာပုဒ်ကို အပျက်ခံ၍ ပိုက်ဆံကို သူ့လက်ထဲ ထည့်ပြီးလျှင် ကျောင်းလိုက်ချင်အောင် မိဘတို့က ချော့ကြရ၏။ ဤမွှပ်အတွင်းမှာပင် သင်္ကန်းမနိုင်ဘဲ သိက္ခာပုဒ်များစွာ အပျက်အစီးခံကြရ၏။ တချို့ကား ကျောင်း၌ မအိပ်လိုကြဘဲ အိမ်မှာပင်အိပ်ကြ၏။ ဤအားလုံးအတွက်

သာမဏေများရထိုက်သော သေခိယသိက္ခာပုဒ် သီလတွေ အတော်များစွာ ပျက်လေပြီ။ ထိုသို့ သီလတွေအပျက်ခံ၍ရှင်ပြုပေးရာ၌ မိဘတို့မှာ ငွေလည်း ထောင်ကုန်သောင်းကုန် ကုန်ရှာကြသေး၏။ အချို့သော ဗုဒ္ဓဘာသာဝင်တို့၏ မသိနားမလည်ချက်ကား ဘာသာဖျက်ရာ ရောက်ရှိသာမက ဘာသာခြားတွေနှင့် နောင်လာနောက် သားတို့ စဉ်းစားစေဘန် ကြတော့မည့်အတွက် အလွန်ပင် ရှက်ဖွယ်ကောင်းလှပေသည်။

**ဖြစ်သင့်သောရှင်ပြုနည်း** သားကိုရှင်ပြုပေးရာ၌ မိဘတို့သည် အရင်းအနှီးနည်းပါးသွားအောင် (သို့မဟုတ် ကုန်သွားအောင်) ရှင်ပြုပွဲ မကျင်းပသင့်ပါ။ သင့်တော်သော အရွယ်ရောက်မှ အနေအထိုင်အချိုးကျသော ကျောင်းသို့ပို့၍ သင့်တော်ရုံ ငွေကုန်ကြေးကျခံရုံဖြင့် ရှင်ပြုပေးသင့်ပါသည်။ ရှင်သာမဏေအဖြစ်ဖြင့် နေခိုက်၌ လူဝတ်ကြောင်တို့၏ သီလယူနည်း, ဒါနပြုနည်း, ဥပုသ်စောင့်နည်းနှင့်တကွ ရဟန်းသာမဏေတို့ အမြဲကျင့်ရသောသိက္ခာပုဒ်များကို နားလည်၍ကျင့်တတ်အောင်ရင်း၊ ဘာသာရေးကိစ္စတို့၌ အသားကျ နားလည်အောင်ရင်း လေ့လာသင့်၏။ သို့မှ မိမိတို့က ဒကာအဖြစ်ဖြင့် လှူရသောအခါ ပုဂ္ဂိုလ် အကောင်း အဆိုး ရွေးချယ်တတ်၍ သာသနာထောက်ပံ့သော ဒါယကာတယောက် ဖြစ်လာဘွယ်ရှိပေသည်။

၇-အဖြေ ပြီး၏။

**အမေး-၈။** ။ဥပုသ်သီလ ဆောက်တည်ရာ၌ လပြည့်,လကွယ် (လဆန်း လဆုတ် ၈-ရက်) နေ့များတွင် ဆောက်တည်ခြင်းသည် အခြားနေ့များ၌ ဆောက်တည်ခြင်းထက် အကျိုးများပါသလား''ဟူသော အမေး၌—

**အဖြေ။** ။ဥပုသ်သီလအတွက် ထူးခြား၍ အကျိုးမများပါ။ သို့ရာတွင် ရှေးအစဉ်အလာဖြစ်၍ ဥပုသ်နေ့ဟု သတ်မှတ်ထားရာနေ့၌သာ စောင့်သုံးလေ့ရှိကြပါသည်။

အကျယ်ပြပါဦးမည်—''ဥပေါသထ''ဟူသော ပါဠိကို'ဥပုသ်''ဟု မြန်မာပြန်ကြ၏။ ဥပ=ညစာမစားခြင်း, မေထုန်ရှောင်ခြင်းစသော ကောင်းသော

အကျင့်နှင့်ပြည့်စုံ၍+ဝသထ=နေထိုင်ခြင်းဟု အနက်ထွက်၏။ ထိုသို့ နေထိုင်ခြင်းကိုပင် "သီလ"ကို မပျက်အောင်စောင့်ခြင်း ကျင့်သုံးခြင်းသာဖြစ်သောကြောင့် "ဥပုသ်စောင့်ခြင်း"ဟု ခေါ်စမှတ်ပြုကြသည်။ ထိုဥပုသ်စောင့်ပုံအကျယ်ကို ရတနာ့ဂုဏ်ရည်၌ ပြထားပြီးဖြစ်ပါသည်။

**နေ့ရက်** ထိုဥပုသ်စောင့်ဘို့ရာနေ့ရက်ကို ဘုရားပွင့်တော်မမူမီ ရှေးကပင် သူတော်ကောင်းတို့ သတ်မှတ်ခဲ့ကြ၏။ တလလျှင် (၁) အဋ္ဌမီ (ရှစ်ရက်မြောက်နေ့) ဥပုသ်၊ (၂) စာတုဒ္ဒသီ (ရက်မစုံလတွက် ၁၄-ရက်မြောက်နေ့) ဥပုသ်၊ (၃) ပန္နရသီ (၁၅-ရက်မြောက်နေ့)ဥပုသ်၊ (၄) ပါဋိဟာရိယ(အကြို အပို) ဥပုသ်-ဟု အကျဉ်းအားဖြင့် ၄-မျိုးရှိ၏။

ပါဋိဟာရိယ (အကြိုဥပုသ်,အပိုဥပုသ်)သည် ထို ၃-ရက်မရောက်မီ ကြိုတင်၍စောင့်ရသော ၇-ရက်မြောက်, ၁၃-ရက်မြောက်, ၁၄-ရက်မြောက် ဥပုသ်၊ ထို ၃-ရက်၏ နောက်၌ အပိုဖြည့်စွက်၍ စောင့်ရသော ၉-ရက်, လပြည့်ကျော် ၁-ရက်, လဆန်း ၁-ရက်ဥပုသ်၊ ထို့ပြင် ဝါတွင်း၌ ဝါ၏အလယ်ဝယ် ၁၅-ရက်မျှဖြစ်စေ၊ တဝါတွင်းလုံးဖြစ်စေ စောင့်သုံးကြသော ဥပုသ်များဖြစ်၏။ ဤသို့အားဖြင့် ဥပုသ်စောင့်ရာ ရက်ဟု ရှေးရှေးက သတ်မှတ်ထားအပ်သော ရက်တွေ အတော်များစွာ ရှိပေသည်။

**စဉ်းစားဘွယ်** "ဥပုသ်စောင့်ဘို့ရာ ရက်တွေ များလှချေတကား။ ဘာ့ကြောင့် ထိုမျှလောက် များပြားအောင် ရှေးက သတ်မှတ်ခဲ့လေသနည်း" ဟု စဉ်းစားဘွယ်, မေးမြန်းဘွယ်ရှိ၏။ အဖြေကား—လူအများ၏ စိတ်အစဉ်၌ ကိလေသာမြူတွေ နေ့စဉ်တင်နေရကား ထိုကိလေသာမြူတွေကို ဆေးကြောသုတ်သင်ဘို့ရာ ထိုကဲ့သို့ မကြာမကြာ ဥပုသ်စောင့်ဘို့ရက်ကို သတ်မှတ်ခဲ့ကြပေသည်။

ချဲ့ပါဦးမည်—ဗုဒ္ဓမြတ်စွာသည် ဥပုသ်စောင့်ခြင်းကို ဦးခေါင်းလျှော်ခြင်းနှင့် ဥပမာပြု၍ ဝိသာခါအား ဩဝါဒပေးတော်မူ၏။ လဆန်း ၁-ရက်နေ့၌ နေရောင်ရှိသဖြင့် ဆံပင်တွေ သွေ့ခြောက်မည်ကို မြင်သော အမျိုးသမီးသည် ရေချိုး၍ ခေါင်းလျှော်၏။ ဦးခေါင်းမှာ အညစ်အကြေး သန့်ရှင်း၍ ဆံပင်လည်း သွေ့ခြောက်သောကြောင့် ဦးခေါင်းသည် သန့်ရှင်း ပေါ့ပါး၏။ နောက်နောက်ရက်များ၌ ဦးခေါင်းဝယ် မြူမှုန်ကျခြင်း, အတွင်းက အညစ်

အကြေးများ ဦးခေါင်းမှထက်တတ်ခြင်းတို့ကြောင့် ၇-ရက်လောက်ကြာလျှင် ဦးခေါင်းသည် လေးလံလာပြန်၏။ ထိုအခါ တကြိမ် ခေါင်းလျှော်ရပြန်၏။

ထို့အတူ လူဝတ်ကြောင်တို့၏ စိတ်၌ ရာဂ, ဒေါသ စသော မှုန်မှုန်တွေသည် ပျော်ပျော်ရွှင်ရွှင်နေစဉ်လည်း ကျရောက်၏။ အလုပ်အကိုင် လုပ်ရင်းကိုင်ရင်း, ရောင်းရင်း ဝယ်ရင်းလည်း ကျရောက်၏။ ထို့ကြောင့် ထိုစိတ်အစဉ်၌ ထိုမှုန်မှုန်တွေ သန့်ရှင်းအောင် အိမ်ရာအလုပ်တွေကို အနားပေးကာ မောသုန်ကိုလည်း ရှောင်ကြဉ်ကာ ဥပုသ်စောင့်သောအားဖြင့် ဆေးကြောပစ်ရလေသည်။ တနေ့တရက်စောင့်ရုံဖြင့် ကောင်းစွာ မရှင်းတတ်သောကြောင့် အကြိုရက် အပိုရက်များ၌လည်း စောင့်ရ၏။ တကြိမ်စောင့်ပြီးနောက် ၇-ရက်လောက်ကြာလျှင် ကိလေသာမှုတွေ အတော်များစွာ တင်လာပြန်သောကြောင့် ဥပုသ်စောင့်၍ ဆေးကြောရပြန်သည်။ ထို့ကြောင့် ဥပုသ်စောင့်ဘို့ရက်ကို ရှေးရှေးကပင် အကြိမ်များစွာရင်း၊ ၆-ရက် ၇-ရက် တကြိမ်၎င်း သတ်မှတ်ထားခဲ့ကြပေသည်။ ယခုခေတ်အလိုက် ဥပုသ်နေ့မဟုတ်ဘဲ စနေ, တနင်္ဂနွေ ၂-ရက်မျှဆက်လက်၍ စောင့်ကြလျှင်လည်း ထိုရှေးရှေးစံချိန်ကို မှီနိုင်ပါ၏။ သို့သော် စောင့်နိုင်ကြမည်တဲ့လော။

ဂ-အဖြေ ပြီး၏။

**အမေး-၉။** ။သီလယူရာ၌ ရဟန်းသံဃာတော်ထံမှာ ယူခြင်း, ဘုရားဆင်းတုတော်ရှေ့မှာ ယူခြင်း, မိမိဘာသာ ယူခြင်းတို့သည် မည်သို့ ထူးခြားပါသနည်း။

**အဖြေ။** ။မထူးခြားပါ။ သို့သော် ဆရာဘုန်းတော်ကြီးက ရှိသေလေးစားလောက်ပါလျှင် ထိုဆရာကို ရိုသေသောအားဖြင့် သီလကို မကျိုးမပေါက်အောင် စောင့်ရှောက်တတ်ကြပါ၏။ ဆင်းတုတော်ရှေ့မှာ ယူခြင်းလည်း ဤသဘောပင် ဖြစ်နိုင်ပါသည်။ [ရှေးက ဒါယကာတယောက်သည် ရိုသေလောက်သော ဆရာတော်၏ အထံ၌ ခံယူပြီးနောက် အလုပ်မလုပ်ဘဲ မနေသာ၍ လယ်ထွန်ရရှာ၏။ လယ်ထွန်ပြီးနောက် နွားတို့ကို လွှတ်လိုက်ရာ နွားတွေ ခရီးလွန်သဖြင့် လိုက်ရှာရ၏။ ထိုသို့ရှာရင်း တောင်ပေါ်သို့ရောက်သွားလေသော် စပါးကြီးမြွေက သူ့ကိုဖမ်းယူလေ၏။ ထိုအခါ ဓားဖြင့် မြွေ၏ ဦးခေါင်းကို ဖြတ်အံ့ဟု ကြံပြီးမှ "ငါသည် အလေးပြုလောက်သော ဆရာ

တော်၏အထံ၌ သီလခံယူခဲ့ပါလျက် သီလကိုဖျက်ခြင်းငှါ မသင့်တော်ချေ” ဟု အကြံဖြစ်၍ ဓားကိုလွှင့်ပစ်လိုက်လေရာ စပါးကြီးမြွေလည်း အလို အလျောက် သူ့ကိုလွှတ်၍ ပြေးလေသည်။ [အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဒွါရကထာ။]

၉-အဖြေ ပြီး၏။

အမေး-၁၀။ ။သီလဆောက်တည်ရာ၌ သီလယူရိုးဖြစ်သော ပါဠိ အပိုဒ်များကို ရွတ်ဆိုမှ သီလရပါသလား။

အဖြေ။ ။ပါဠိအပိုဒ်ကို ရွတ်ဆိုမှသီလရသည် မဟုတ်ပါ။ မိမိနားလည် သော ဘာသာစကားဖြင့် ရွတ်ဆိုဆောက်တည်လျှင် ဆိုလိုရင်းအကြောင်းအရာ ကို နားလည်သောကြောင့် သာ၍ ကောင်းပါသေးသည်။ [ယခုအခါ ပါဠိလိုဆို၍ သီလယူကြဲဆောက်တည်ကြသောကြောင့် မာလာဂန္ဓ စသည်တို့၏ အဓိပ္ပါယ်ကို နားမလည်ကြဘဲ ဥပုသ်စောင့်ရင်းပင် ပန်းပန်ထားကြ, နံ့သာ လိမ်းထားကြသည်ကို တွေ့ရသည့်ပြင် ဥစ္စာသယန မဟာသယန သိက္ခာပုဒ်အရ လဲဝါသွတ်ထားသော မွေ့ရာပေါ်ဝယ် မအိပ်မထိုင်ကောင်းပါဘဲလျက် အိပ်မြဲ အိပ်နေကြသည်မှာ သိက္ခာပုဒ်၏ အဓိပ္ပါယ်ကို နားမလည်သောကြောင့်သာ ဖြစ် လေသည်။

၁၀-အဖြေ ပြီး၏။

**အမေး—၁၁။** ။တခါ သီလယူထားလျှင် နောက်နေ့၌ သီလမယူဘဲ ဆက်၍ ဥပုသ် စောင့်နိုင်ပါလား။

အဖြေ။ ။ဆက်၍စောင့်နိုင်ပါသည်။ သီလသည် အမြဲကျင့်ရသော နိစ္စသီလ, တရံတခါ ဆောက်တည်ရသော ဥပုသ် သီလဟု ၂-မျိုးရှိ၏။ ငါးပါးသီလသည် နိစ္စသီလဖြစ်၏။ သီလဆောက်တည်သည် ဖြစ်စေ၊ မဆောက်တည်သည် ဖြစ်စေ ခါးဝတ်သဘွယ် အမြဲလုံခြုံစေရမည့် သီလ ဖြစ်၏။ ရွတ်ဆို၍ ဆောက်တည်လျှင် ဆောက်တည်မှုကုသိုလ် ပို၍ရ၏။ ဥပုသ်သီလကား အပိုတန်ဆာဆင်သကဲ့သို့ အပိုကျင့်ရသော သီလ ဖြစ်၏။ ထိုဥပုသ်သီလကို မိမိကျင့်နိုင်သလောက် ရက်ပိုင်းခြား၍ တခါဆောက်တည်ထားလျှင် ထိုရက် မကုန်မချင်း သီလ တည်နေ၏။ [မှန်းထားသော ရက်မကုန်မီအကြား၌ မိမိက မစွမ်းနိုင်တော့၍ ထိုသီလအကျင့်ကို ရပ်နားဦးမည်ဆိုလျှင်လည်း ရပ်နားခွင့်ရှိပါ၏။] ရက်အပိုင်း အခြားစေ့သောအခါ၌ကား ရှစ်ပါးသီလသိက္ခာ အလိုလိုကျ၍ ငါးပါးသီလသာ (အထူး မဆောက်တည်ရဘဲ) ကျန်ရှိနေပါတော့သည်။

၁၁-အဖြေ ပြီး၏။

အထွေထွေကောင်းမှုနှင့် စပ်သော မေးခွန်းအဖြေများ

ပြီးပြီ။

## ၄-အကုသိုလ်နှင့် စပ်သော မေးခွန်းအဖြေများ

**အမေး-၁။** ။ဘုန်းတော်ကြီး ကျောင်းဝင်း, ဘုရားရင်ပြင်တော်တို့၌ ဘိနပ်စီးလျှင် မည်သို့ အပြစ်ရှိပါသနည်း၊ ဗိမ္ဗိသာရမင်း၏ ခြေဖဝါးကို ဓားခွဲခံရခြင်းသည် မည်သည့်အကြောင်းကြောင့်ပါနည်း။

**အဖြေ။** ။ဗိမ္ဗိသာရမင်း၏ ခြေဖဝါးကို သင်ဓုန်းဓားဖြင့် အခွဲခံရခြင်း၌ "ရာဇာ ကိရ ပုဗ္ဗေ စေတိယင်္ဂဏေ သဥပါဟနော အဂမာသိ=ရှင်ဘုရင်သည် ရှေးဘဝတုန်းက စေတီ ရင်ပြင်တော်ဝယ် ဘိနပ်စီးလျက် သွားဘူးသတဲ့။ နိသဇ္ဇနတ္ထာယ ပညတ္တကဋသာရကဉ္စ အဓောတေပာဒေဟိ အက္ကမိ=ရဟန်း သံဃာတို့ ထိုင်ဘို့ရန် ခင်းထားအပ်သော သင်ဖြူးကိုလည်း ခြေမဆေးဘဲ နင်းဘူးသတဲ့။ တဿာယံ နိဿန္ဒောတိ ဝဒန္တိ=ဤသို့ ခြေဖဝါးကို ဓားခွဲခံရခြင်းသည် ထိုအပြစ်၏အကျိုးဖြစ်သတဲ့" ဤသို့ ပြောကြသည်။ [ဤကား သာမညဖလသုတ် အဋ္ဌကထာ စကားတည်း။]

**မှတ်ချက်။** ။ထိုအဋ္ဌကထာစကား၌ "စေတိယင်္ဂဏ (စေတီ ရင်ပြင်တော်) ဟူသော စကားကိုယူ၍ "ဘုရားဝိုင်းအတွင်းဝယ် (သံဃာများနေရာ ကျောင်းဝိုင်းအတွင်းပါ)ဘိနပ်မစီးကောင်း"ဟု ယခုအခါ မှတ်ယူနေကြ၏။ "စေတိယင်္ဂဏ" ဟူသော အဋ္ဌကထာစကား၌ အဖွင့်ဋီကာဆရာတို့က အများ ထင်သလို ဘုရားဝိုင်း တပြင်လုံးကို မယူကြ။ "စေတိယင်္ဂဏေတိ—ဂန္ဓပုပ္ဖါဒီဟိ ပူဇနဋ္ဌာနဘူတေ စေတိယင်္ဂဏေ=ပန်းနံ့သာ စသော ပူဇော်ဘွယ်တို့ဖြင့် ပူဇော်ရာဌာနဖြစ်သော စေတီ ရင်ပြင်တော်၌"ဟု သရုပ်ဖော်ကြသည်။ ထို့ကြောင့် "ဗိမ္ဗိသာရမင်းသည် ဘုရားဝင်းအတွင်း သာမန်၌ ဘိနပ်စီးသည် မဟုတ်။ ပန်းတင်ခုံဟုခေါ်ရာ စေတီတော်အောက်ခြေမှာပင် ဘိနပ်စီးခြင်းဖြစ်သည်ဟု ဋီကာဆရာတို့က ဆိုလိုကြပါသည်။

ထို့ပြင် ရဟန်း သံဃာတော်တို့ ထိုင်ဘို့ရာ ခင်းထားအပ်သော သင်ဖြူးပေါ်၌ ခြေမဆေးဘဲ နင်းခဲ့သော အပြစ်လည်း ခြေဖဝါးကို ဓားခွဲခံရမှု၌ ပါဝင်နေ၏။ ယခုအခါ ဘာသာရေးကို အလွန်လေး

စားသော ဒါယကာ ဒါယိကာမတို့တွင် အဘယ်မျှလောက်သော အရေအတွက်က ထိုနေရာမျိုးကို နင်းလိုသောအခါ ခြေဆေးကြပါ သနည်း။

**ကောသလမင်း ကျောင်းတိုက်တွင်းဝင်ပုံ** အခါတပါး၌ ကောသလ မဟာရာဇာသည် ဘုရားရှင်ကို ဖူးမြင်လိုသော ဆန္ဒ ပြင်းပြလှသဖြင့် မိမိ ခေတ္တရောက်နေရာ မြို့ကလေးမှ ဘုရားရှင် သီတင်းသုံးတော်မူရာ(သုံးယူဇနာလောက်ဝေးသော) နိဂုံးသို့ ရောက်လာ၏။ ထိုနိဂုံး၏ တနေရာ ခြံဥယျာဉ်၌ ဘုရားရှင် သီတင်းသုံးတော်မူ၏။ [ထိုခြံသည် ဘုရားရှင်နှင့်တကွ ရဟန်းတော် အများ သီတင်းသုံးရာဖြစ်သောကြောင့် ကျောင်းဝိုင်းပင် ဖြစ်၏။]

မဟာရာဇာသည် ကျောင်းတိုက်သို့ဝင်၍ စင်္ကြံသွားနေသော ရဟန်းတော်များထံ ချဉ်းကပ်ပြီးလျှင် "ဘုရားရှင် ဘယ်မှာ သီတင်းသုံးပါသနည်း"ဟု မေးလေရာ ရဟန်းတော်များသည် သီတင်းသုံးတော်မူရာ ကျောင်းကို ညွှန်ပြကြလေ၏။ ထိုအခါကျမှ ကျောင်းဆောင်တော်သို့ ဝင်ရမည် ဖြစ်သောကြောင့် ခြေနင်းနှင့် တကွ မင်းမြောက်တန်ဆာ ၅-ပါးတို့ကို ချွတ်ပယ်၍ စစ်သူကြီးအားပေးလေသည်။ [မဇ္ဈိမပဏ္ဏာသ၊ ဓမ္မစေတိယသုတ် ပါဠိတော်။]

**မှတ်ချက်။** ။ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၏ စကားသည် ယခုခေတ် မြန်မာ ဗုဒ္ဓဘာသာတို့၏ အယူအဆကို မထောက်ခံကြပါဘဲကား။ "သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီယား, လောဲ" ဟူသော ထေရဝါဒ ဗုဒ္ဓဘာသာ ၄-နိုင်ငံတို့၌ ကျောင်းတိုက်အတွင်း, ဘုရားဝိုင်းအတွင်းတို့ ဝယ် ဘိနပ်စီးသည်ချည်းသာ ဖြစ်ကြပါသတဲ့။ မြန်မာ့အယူအားဖြင့် ထိုသူအားလုံး ခြေဖဝါးကို ဓားခွဲခံကြရတော့မည်။ မြန်မာ ဗုဒ္ဓဘာသာတို့ကား ကျောင်းဝိုင်းအတွင်းသို့ စက်ဘီးစီး၍လည်း ဝင်ရဲကြ၏။ နွားလှည်း, မြင်းလှည်းစီး၍လည်း ဝင်ရဲကြ၏။ ထို့ထက် ခမ်းနားသော မော်တော်ကားကြီးကိုလည်း စီး၍ဝင်ရဲကြ၏။ စီးစရာယာဉ်တို့တွင် အသေးငယ်ဆုံး ဘိနပ်ယာဉ်ကိုကား မစီးဝံ့ချာကြချေ။ ထို့ပြင် ဘုရားမြေ ဘုရားဝိုင်းအတွင်း၌ ကျေကျေနပ်နပ် ခွင့်ပြုအပ် ခင်းကျင်းပြသအပ်သော ဇာတ်သဘင်ပွဲများကို ကြည့်ရှုကာ နှပ် တံတွေးတို့ကို

ထွေးရဲကြ၏။ ထိုပွဲဈေး၌ စားကြွင်း စားကျန်တို့ကိုလည်း ပစ်ရဲကြ၏။ ကလေးများကိုပင် ရှုရှုတယ်ဝံ့ကြသေး၏။ ဘိနပ်ကိုကား မစီးဝံ့ကြရှာချေ။ ဘိနပ်မစီးဘဲ ကျောင်းဝင်းအတွင်းဝင်၍ ဖုံလူးနေသောခြေဖြင့် ကျောင်းပေါ်တက်ခြင်းနှင့် ဘိနပ်စီး၍ ကျောင်းပေါ်တက်ခါနီးမှ ဘိနပ်ချွတ်ပြီးလျှင် ဖုံမလူးသောခြေဖြင့် ကျောင်းပေါ်တက်ခြင်းတို့တွင် အဘယ်သို့ တက်ခြင်းက ခြေဖဝါးဓားခွဲခံရသောအမှုနှင့် နီးစပ်ပါသနည်း။

**တကယ် ရှိသေခြင်း** ကျမ်းစာတို့၌ တကယ်ရိုသေသော အရာဝယ် ''စေတီတော်၏ ထင်ရှားရာအရပ်၌သော်မှ ဘိနပ်မစီးရ'' ဟုဆို၏။ [သုတ်ပါထေယျ၊ သံဂီတိသုတ် အဋ္ဌကထာ] မိထွေးတော် ဂေါတမီသည် သာကီဝင် မင်းသမီးငါးရာနှင့်အတူ ဘိက္ခုနီပြုလုပ်ဘို့ရန် ကပိလဝတ်ပြည်မှ ၅၁-ယူဇနာဝေးသော ဝေသာလီပြည်သို့ လာရာ၌ (ယာဉ် ရထားစီး၍ သွားလျှင် ဘုရားရှင်ကို မရိုသေရာရောက်မည် စိုးသောကြောင့်) ယာဉ်ရထား မစီးကြဘဲ အားလုံး မင်းသမီးများ ခြေကျင်သွားကြပါသတဲ့။ [ဘိက္ခုနီခန္ဓက၊ စူဠဝါပါဠိတော်။]ထိုမျှလောက် မရိုသေနိုင်သူ့အတွက် မရိုမသေစိတ်လည်း မရှိပါမူ အကုသိုလ် အပြစ်မရှိ။ သို့သော် ရိုသေနိုင်သူ့အတွက် ရိုသေလေကောင်းလေပင် ဖြစ်ပါသည်။ သို့ရာဝယ် မိမိမှာ ရောဂါဖြစ်လောက်အောင် အရိုအသေ လွန်မသွားဘို့ သတိထားသင့်ပါသည်။

**အမှာ။** ။ယခုကာလ၌ ဗုဒ္ဓမြတ်စွာ၏ ဆိုင်ရာ စေတီတော်ဝင်း ကျောင်းဝင်းသို့ ဘိနပ်မစီးရလျှင် မဝင်လိုကြ။ ဘိနပ်စီးလျှင်လည်း အပြစ်ရမည်ထင်နေသူတို့အတွက် ဤအဖြေကို ရေးလိုက်ပါသည်။ ရှေးက ဆရာတော်ကြီးများ၏ ''ဘိနပ် မစီးကောင်း''ဟူသော အဆုံး အဖြတ်ကို လိုက်နာ၍ ဘိနပ်မစီးသူများကိုကား ''ရိုသေနိုင်လျှင် ကောင်းပါ၏'' ဟုသာ ချီးမွမ်းလိုပါသည်။

၁-အဖြေ ပြီး၏။

---

**အမေး-၂၊** ။သိမ်အုပ်တွင်းသို့ ဒါယိကာမများ ဝင်နိုင်ပါသလား။ မဝင်ရဟု တားမြစ်ထားပါလျက် ဝင်လျှင် မည်သို့ အပြစ်ရှိပါသနည်း။

**အဖြေ။** ။သိမ်အတွင်းသို့ ဒါယိကာမတို့ ဝင်နိုင်ပါ၏။ မည်သူကမျှ မတား မြစ်ထိုက်ပါ။ တားမြစ်စေကာမူ တရားတော်နှင့် မညီသောကြောင့် ဝင်သူမှာ အပြစ်မရှိပါ။ "သိမ်"ဟူသော ပါဠိပျက်စကားသည် "အပိုင်းအခြား"ဟူ သော အဓိပ္ပါယ်ကို ပြ၏။ ထိုသိမ်သည် အငယ်ဆုံးအားဖြင့် ၂၁-ကျိပ် ၁-ယောက် ထိုင်လောက်သော နေရာဖြစ်၏။ အကြီးဆုံးအားဖြင့် ၃-ယူဇနာ တိုင်အောင် ကြီးကျယ်နိုင်၏။ ဘုရားလက်ထက်တော်၌ ရာဇဂြိုဟ်မြို့ကို ပတ် ဝိုက်၍ ကျောင်းတိုက်ပေါင်း တဆဲ့ရှစ်တိုက်ရှိ၏။ ထိုကျောင်းတိုက်အားလုံးကို ခြုံမိအောင် အရှင်သာရိပုတြာသည် သိမ်သမုတ်တော်မူ၏။ [ဝိနည်းမဟာဝါ၊ ဥပေါသထက္ခန္ဓက အဋ္ဌကထာ။] ထိုသို့ သိမ်သမုတ်လိုက်သောအခါ ရာဇဂြိုဟ်မြို့ ကြီးသည် သိမ်အတွင်း၌ ပါဝင်နေ၏။ ထိုသိမ်အတွင်းမှာပင် အိမ်ထောင်ပြု ကြ, မွေးဖွားကြရလေသည်။

၂-အဖြေ ပြီး၏။

---

**အမေး-၃။** ။ဘုန်းကြီးကျောင်းဝင်း၊ သို့မဟုတ် ဘုရားကျောင်းအတွင်း၌ ရှိကြသော ဇရပ် တန်ဆောင်း ကျောင်းတို့ဝယ် လူဝတ်ကြောင်များ နေနိုင်ပါသလား။

**အဖြေ။** ။စစ်ကာလကဲ့သို့ မလွှဲမရှောင်သာသောအချိန်အခါဝယ် ရက်လ အပိုင်းအခြားဖြင့် လေးလေးစားစား သန့်သန့်ရှင်းရှင်း နေကြသူတို့အတွက် အပြစ်ဖြစ်စရာ မရှိပါ။ ထိုသို့မဟုတ်ဘဲ (ဘုရားရှေ့ အာရုံခံဘို့ရန်) တန်ဆောင်းနှင့် ကျောင်းတို့၌နေခြင်းကား လုံးလုံးမသင့်လျော်ပါ။ [ကဿပဘုရားရှင် လက်ထက် တော်၌ ဥပသကာတယောက်သည် သီလရှိသော သူတော်ကောင်းဖြစ်ပါလျက် သံဃိကကျောင်းဝယ် ခင်းကျင်းထားသော နေရာ၌ (မိမိ၏အပေါ်ခြုံကို မခင်းဘဲ) လျောင်းအိပ်ဘူး၏။ ထိုအပြစ်ကြောင့် သေသောအခါ ခရ-မည် သော (အမွေးအလွှန်ကြမ်းသော) နတ်ဘီလူးဖြစ်ရလေသည်။ သဂါထာဝဂ္ဂ၊ ယက္ခသံယုတ် အဋ္ဌကထာ။]

**ဇရပ်** ဇရပ်ဆောက်ရာ၌ နဂိုကပင် လူဝတ်ကြောင်များ ဥပုသ်ဆောက်တည် ၍ နေဘို့ရန်, ဘုရားဆွမ်းတော်ကြီးပွဲပြင်ဘို့ရန် ရည်မှန်း၍ ကျေးရွာ တို့၌ ဆောက်ထားတတ်ကြ၏။ ထိုဇရပ်မျိုး၌ ခရီးသွားဧည့်သည်တို့ ခေတ္တခဏ ညဉ့်အိပ် နေနေ တည်းခိုကောင်းပါ၏။ ဘုန်းကြီးကျောင်းအနီးအပါး၌ မိမိ

တို့ကိုယ်တိုင် အေးအေးနေဘို့ရန် "ဇရပ်"ဟူသော နာမည်ဖြင့် ဆောက်တတ်ကြ၏။ ထိုဇရပ်မျိုး၌လည်း ဇရပ်ရှင် ကိုယ်တိုင်(သို့မဟုတ် ဇရပ်ရှင်ကျေနပ်သူများပါ)နေကောင်း၏။ သို့ရာဝယ် ထိုဇရပ်ဆောက်ရာမြေက သံဃိက ဖြစ်နေလျှင် သံဃာအား အပ်သောပစ္စည်းကို အခွန်သဘောအားဖြင့်ပေး၍ နေမှ အပြစ်ကင်းမည် ထင်သည်။

၃-အဖြေ ပြီး၏။

---

အမေး-၄။ ။(က) ဈေးမှ သားငါးကို ဝယ်ယူစားသောက်ခြင်း,

(ခ) အလှူလုပ်ရန် သားငါးကို ကြိုတင်၍ မှာထားခြင်း,

(ဂ) မိမိအတွက်သတ်၍ ချက်ပေးသောအသားဟင်းကို သိလျက် စားခြင်းတို့ကြောင့် ပါဏာတိပါတကံ ထိုက်ပါသလား။

အဖြေ (က)။ ။ဒုစရိုက်မကောင်းမှု ပြုရာ၌ (၁)ကိုယ်ဘိုင်ပြုခြင်း၊ (၂) သူတပါးကိုခိုင်းခြင်း၊ (၃) သူတပါးပြုချင်လာအောင် အကျိုးကျေးဇူးဂုဏ်ကို ပြောခြင်း၊ (၄) သူတပါးပြုသည်ကိုသဘောတူခြင်း-ဤသို့ ၄-ပါးရှိ၏။ ဈေးမှ သားငါးကို ဝယ်ယူစားသောက်ခြင်းသည် ထို ၄-ပါးတွင် မပါဝင်သောကြောင့် ပါဏာတိပါတကံ မထိုက်ပါ။

အဖြေ (ခ)။ ။အလှူလုပ်ရန် ကြိုတင်၍ မှာခြင်းကား "ပို၍ သတ်လိုက်ပါ"ဟု စေခိုင်းရာလည်း ရောက်၏။ ငွေပေးမည်ဖြစ်သောကြောင့် ပို၍ သတ်ချင်လာအောင် ဂုဏ်ကျေးဇူးကို ပြောရာလည်း ရောက်၏။ ထို့ကြောင့် ပါဏာတိပါတကံ ထိုက်သည်။ [ဤအလုပ်မျိုးကို အလှူရှင်ကိုယ်တိုင်ဖြစ်စေ၊ အလှူရှင်၏ လူယုံတော် ဖြစ်စေ လုပ်တတ် ကြလေသည်။ ဝမ်းနည်းဘွယ်ကောင်းလေစွ။]

အဖြေ (ဂ)။ ။မိမိအတွက် သတ်၍ ချက်ပေးသည်ကို သိလျက် စားခြင်း၌ လူဝက်ကြောင်များအတွက် ထိုသို့ပြုသည်ကို သဘောတူလျှင် ပါဏာတိပါတကံအဖြစ်သို့ မရောက်သော်လည်း သဘောတူခြင်းကြောင့် ပါဏာတိပါတ ဒုစရိုက်(မကောင်းမှု) ဖြစ်၏။ ရဟန်းတော်များကား ထိုသို့ သိလျက်

စားလျှင် အာပတ်သင့်သည်။ မသိ၍ စားလျှင်ကား မည်သူမျှ အပြစ်မရှိ။ [ကံထိုက်လျှင် အပါယ်ကျခွင့်ရှိ၏။ ကံမထိုက်ဘဲ မကောင်းမှုဒုစရိုက်ဖြစ်ရုံကား အပါယ်ကျလောက်အောင် အပြစ်မကြီးဟု သာမညအားဖြင့် ခွဲခြားရသည်။]

၄-အဖြေ ပြီး၏။

---

**အမေး-၅။** ။မိမိကြောင့် သူတပါး အသက်သေတိုင်း ပါဏာတိပါတကံ ထိုက်ပါသလော။

အဖြေ။ ။ပါဏာတိပါတကံ မထိုက်နိုင်ပါ။ ဥပမာ—ခရီး သွားရင်း ပိုးကောင်များကို နင်းမိရာ၌ (မော်တော်ကားဖြင့် တိုက်မိရာ၌) မိမိကြောင့် သေသော်လည်း သေစေလိုသော စေတနာ မပါ။ တချို့မှာ ထိုနင်းမိချိန်၌ အလွန်ပင် သနားကရုဏာ ဖြစ်သေး၏။ တချို့က ဆိုကြသေး၏ "လူတွေက စားသောကြောင့် သတ်သူက သတ်ရသည်။ လူတွေမစားလျှင် မသတ်နိုင်။ ထို့ကြောင့် စားသူများလည်း ပါဏာတိပါတ အပြစ်မကင်း" ဤသို့ ဆိုကြသေး၏။

ထိုသို့ ဆိုကြရာ၌ စိစစ်ပြပါဦးမည်—

(က) ခွေးသည် ကြက်ကို ကိုက်သတ်၍ ချီလာ၏။ ထိုကြက်သားကို လူက ချက်၍ စားသည်။ လူမှာ ပါဏာတိပါတကံ ထိုက်ရဦးမည်လော။ မထိုက်ပါ။

(ခ) အိမ်ရှင် တယောက်သည် သူ၏ ဝမ်းရေးအတွက် ပါဏာတိပါတ အမှုကိုပြု၏။ ထိုသူက သတ်၍ယူလာသောအစာကို တအိမ်သားလုံး စားကြ၏။ သတ်သည်ကို သဘောမတူကြ။ ထိုသို့ဖြစ်လျှင် ထိုသူ၏ အိမ်သားအားလုံး ကံထိုက်မည်လော။ မထိုက်ပါ။

(ဂ) အခါတပါး မုဆိုးကြီးတယောက်သည် အသားတချို့ကို သမာပတ်ဝင်စားနေသော ဥပ္ပလဝဏ်ထေရ်မအား လှူလိုသောကြောင့် အနီးအပါး၌ "အလိုရှိသူ ယူရစ်ပါ"ဟု ကြွေးကြော်၍ ပံသုကူပစ်ထား၏။ ဥပ္ပလဝဏ်ဘိက္ခုနီသည် သမာပတ်မှ ထစဉ် ထိုအသံကိုကြား၍

ပံသုကူကောက်ယူပြီးလျှင် ကောင်းမွန်စွာစီစဉ်၍ ဘုရားရှင်အား ကပ်လှူ၏။ ဘုရားရှင် ဘုဉ်းပေးတော်မူသည်။ [ဝိနည်း ပါဠိတော်၊ နိဿဂ္ဂိယပါစိတ်။]

(ဃ) ကုက္ကုရမိတ္တမည်သော အကြီးစား မုဆိုးတယောက်၏ မယားသည် အပျိုဘဝကပင် သောတာပန်ဖြစ်ခဲ့၏။ ထိုသူမသည် လင်မုဆိုးကြီးက "လေးယူခဲ့ပါ ရှင်မရေ"ဟု ဆိုလျှင် လေးကို ယူပေးရ၏။ "ဓားလှံ ယူခဲ့ပါ ရှင်မရေ"ဟု တောင်းလျှင်လည်း ယူပေးရ၏။ သို့သော် သူမ၌ သတ်စေလိုသော စေတနာမရှိ။ မယားဝတ္တရားကိုဆောင်ခြင်းသာ ဖြစ်၏။ ထို့ကြောင့် ပါဏာတိပါတကံ မဖြစ်ပါ။

(င) ဘုရားရှင်သည် ထိုသူမ၏ ပါဏာတိပါတကံ ထိုက်-မထိုက်ကို စဉ်းစားကြသော ရဟန်းတို့အား တရား ဟောတော်မူသည်မှာ— "လက်၌ အနာမရှိလျှင် ထိုလက်ဖြင့် အဆိပ်ကို ကိုင်သော်လည်း ထိုလက်ကို မပူစေနိုင်။ ထို့အတူ မကောင်းမှုကို ပြုလိုသောစိတ် မရှိသူမှာ မကောင်းမှုအဆိပ် မလောင်နိုင်ပါ"ဟု ဟောတော်မူသည်။ [ဓမ္မပဒ ပါဠိတော်၊ ကုက္ကုရမိတ္တ ဝတ္ထု။]

**ပါဏာတိပါတအင်္ဂါ** (၁)သက်ရှိသတ္တဝါဖြစ်ခြင်း၊ (၂) သက်ရှိသတ္တဝါဟု သိခြင်း၊ (၃) သတ်လိုသောစိတ် (စေတနာ) ရှိခြင်း၊ (၄)သတ်ဘို့ရန် ကိုယ်မှုနှုတ်မှု ပယောဂ တခုခုကို ပြုသောအားဖြင့် သတ်ခြင်း၊ (၅) သေခြင်း—ဤအင်္ဂါ ၅-ပါးပြည့်စုံမှ ပါဏာတိပါတကံ ထိုက်သည်။ ထို့ကြောင့် ဤအင်္ဂါတို့နှင့် မညီသော်ငြား၊ ကိုယ်တိုင်ပြုခြင်း, ခိုင်းခြင်း, ကျေးဇူးပြောခြင်း, သဘောတူခြင်း ၄-မျိုးတွင် တမျိုးကိုမျှ မပြုသော်ငြား "ပါဏာတိပါတကံ မထိုက်"ဟု မှတ်ပါ။

၅-အဖြေ ပြီး၏။

---

**အမေး-၆။** ။ပါဏာတိပါတကံ ကျူးလွန်ရာဝယ် လူသတ်ခြင်း, ဆင်သတ်ခြင်း, ပုရွက်ဆိတ်သတ်ခြင်းတို့၌ မည်သို့ အပြစ် ထူးခြားပါသနည်း။

**အဖြေ။** ။ပါဏာတိပါတကံ၏ အပြစ်အကြီး, အငယ်ကို စိစစ်ရာ၌ အသတ်ခံရသူ၏ ဂုဏ်၊ သို့မဟုတ် သတ်သူအပေါ်မှာ တင်နေသောကျေးဇူး, သတ်ရာ၌ လုံ့လထုတ်မှု, သတ်အပ်သော သတ္တဝါ၏ အကြီး,အငယ်—ဤအချက်များကို လိုက်၍ စိစစ်ရပါသည်။ ထို့ကြောင့်—

(က) လူသတ္တဝါနှင့် တိရစ္ဆာန်သတ္တဝါ ၂-မျိုးတွင် လူသတ္တဝါသည် ကုသိုလ်ကံကြောင့် ဖြစ်လာသော ရုပ်နာမ် ခန္ဓာ ဖြစ်၍ သဘာဝအားဖြင့် တိရစ္ဆာန်တို့ထက် ဂုဏ်ရှိ၏။ အသိအလိမ္မာလည်း အထိုက်အလျောက် သာနေတတ်သေး၏။ ထို့ကြောင့် တိရစ္ဆာန်ကို သတ်ခြင်းထက် လူကိုသတ်ခြင်းက အပြစ်ပိုကြီး၏။ လူတွင်လည်း သီလစသော ဂုဏ်အဆင့်ဆင့်မြင့်သူကို သတ်ခြင်းက အပြစ်ကြီး၏။ ဘုရား, ရဟန္တာကို သတ်လျှင်ငင်း၊ ကျေးဇူးကြီးလှသော မိဘကို သတ်လျှင်ငင်း အဝီစိအကျိုးကို မုချပေး၏။

(ခ) တိရစ္ဆာန်တို့တွင် အကောင်ကြီးကို သတ်ရာ၌ လုံ့လစိုက်မှု ပယောဂကြီးမားရကား အကုသိုလ် စေတနာတွေလည်း ရှေ့အဘို့၌ အများအပြား ဖြစ်ရလေ၏။ ပယောဂချင်း (သေနတ်တချက်အားဖြင့်) တူစေကာမူ အားစိုက်မှု မတူသေး။ အားစိုက်မှု တူစေကာမူ အကောင်းကြီး၌ ရုပ်အစု များစွာကို ဖျက်ဆီးရာရောက်၏။ ထို့ကြောင့် ပုရွက်ဆိတ်ကို သတ်ခြင်းထက် ဆင်ကို သတ်ခြင်းက အပြစ်ကြီးသည်။

၆-အဖြေ ပြီး၏။

အကုသိုလ်နှင့်စပ်သော မေးခွန်းအဖြေများ ပြီးပြီ။

## ၅-ရဟန်းတော်များ၏ ဝိနည်းသိက္ခာနှင့်စပ်သော မေးခွန်းအဖြေများ

**အမေး-၁။** ။ရဟန်းတော်များသည် မိမိ၏ ပစ္စည်း ၄-ပါး ဒါယကာ ဒါယိကာမ မဟုတ်သူ၏ အိမ်သို့ ဝင်၍ ဆွမ်း စသော ပစ္စည်းကို အလှူခံနိုင်ပါသလား။

အဖြေ။ ။ရဟန်းတို့နှင့် သင့်လျော်သော ပစ္စည်းကို အလှူခံနိုင်ပါ၏။ သို့သော် (ဆွမ်းခံ ရပ်သလို) အိမ်အနီးအပါး၌ ရပ်၍နေရ၏။ "ဘာအလိုရှိပါ တုံး ဘုရား" ဟု မေးမှ အလိုရှိသော ပစ္စည်းကို ပြောရ၏။ "မလှူနိုင်ပါ" ဟု ဆိုလျှင် ထပ်၍ လှူချင်အောင် ပြောမနေရ။ ထပ်၍ လှူချင်အောင် ပြောမှ သာ လှူသော ပစ္စည်းသည် ထိုရဟန်းနှင့်တကွ ရဟန်း သာမဏေအားလုံး မသုံးစွဲကောင်း။ [ဝိနည်းပါဠိတော် အညာတကဝိညတ္တိသိက္ခာပုဒ်၊ သူပေါဒန သေဝိယ သိက္ခာပုဒ်။]

၁-အဖြေ ပြီး၏။

---

**အမေး-၂။** ။မိမိအား လှူလိုက်သော ပစ္စည်းကို "ဒီဟာ မကြိုက်ဘူး, ဟိုဟာ ပေးပါ" ဟု ရဟန်းတော်များ ပြောကောင်းပါသလား။

အဖြေ။ ။မပြောကောင်းပါ။ ထိုသို့ပြောလျှင် ထိုဟာကို တောင်းရာ ရောက်နေသည့်အတွက် ပြခဲ့သော သိက္ခာပုဒ်များအရ အပြစ်ရှိ၏။ သို့သော် လှူလိုက်သော ပစ္စည်းက တန်ဖိုးများလျှင်၊ သို့မဟုတ် တန်ဖိုးချင်းညီမျှလျှင် "ငါ့မှာ ဒီပစ္စည်းတော့ အသုံးမဝင်။ ဟိုပစ္စည်းသာ အသုံးဝင်၏" ဟု ပြော ကောင်း၏။ ကပ္ပိယတယောက်ယောက်ကို "လဲပေးပါ" ဟုလည်း ခိုင်းကောင်း ၏။

၂-အဖြေ ပြီး၏။

---

**၃-အမေး။** ။မိမိအား လှူချင်လာအောင် ဆွယ်တရား, ဝါဒဖြန့်တရား ဟော ကောင်းပါသလား။

အဖြေ။ ။မဟောကောင်းပါ။ ထိုသို့ ဟော၍ ရသော ပစ္စည်းကို ရဟန်း သာမဏေအားလုံး မသုံးကောင်းပါ။ [ပစ္စည်းနှင့်စပ်၍ ဉာတိလည်း မဟုတ်,

"အလိုရှိရာ တောင်းပါ"ဟု ဖိတ်မန်ထားသူလည်း မဟုတ်သော ဒါယကာ ဒါယိကာမတို့အထံ၌ (ဆွမ်းရပ်သလို ရပ်ခြင်းမှတပါး) တိုက်ရိုက်လည်း မတောင်းကောင်း။ အတောင်းလည်း မခိုင်းကောင်း။ လှူချင်လာအောင် ပရိယာယ်စကား, ဆွယ်တရား, ဝါဒဖြန့်တရားလည်း မဟောကောင်း။ လှူစေလိုသော အရိပ်နိမိတ်ကိုမျှလည်း မပြကောင်း။ သို့သော် မကျန်းမာ၍ ဆေးကိုကား တောင်းကောင်း၏။ ကျောင်းကိုလည်း အရိပ်နိမိတ် ပြကောင်း၏။]

၃-အဖြေ ပြီး၏။

**အမေး-၄။** ။ရဟန်းတို့သည် တရားသဖြင့် မိမိပိုင်သော ပစ္စည်းကို အောက်ပါ ပုဂ္ဂိုလ်တို့အား လှူနိုင် ပေးနိုင်ပါသလား။

(က) ကျောင်းတိုက်၌ရှိ သံဃာအားလုံး၊
(ခ) မိမိလိုလားသော ရဟန်း သာမဏေ တပါးပါး၊
(ဂ) ကျောင်းသား (ကပ္ပိယ, ဝေယျာဝစ္စပြုသူ)၊
(ဃ) မိဘဆွေမျိုး၊
(င) လူ့ဘဝက ဇနီး, သားသမီး၊
(စ) ပစ္စည်း ၄-ပါး ဒကာ ဒကာမ၊
(ဆ) ပစ္စည်း ၄-ပါး ဒကာ ဒကာမ မဟုတ်သူ လူများ။

**အဖြေ။** ။(က-ခ) အမှတ်တွင် ပါဝင်သူတို့အား လှူနိုင်ပါ၏။ (ဂ) အမှတ်တွင် ပါဝင်သူတို့အားလည်း ပေးကောင်း၏။ သို့သော် လူတို့က လှူထားသော ပစ္စည်းကို ခဏမျှဖြစ်စေ၊ နည်းနည်းဖြစ်စေ မိမိသုံးပြီးမှ ပေးကောင်း၏။ (ဃ) အမှတ်တွင် မိဘကို ပေးကောင်း၏။ ဆွေမျိုးကိုကား အကြောင်းထူးမရှိဘဲ မပေးကောင်း။ အကြောင်းရှိ၍ တောင်းလာလျှင် တစုံတခုကို စေခိုင်းပြီးမှ ဝေယျာဝစ္စလုပ်သူ အနေဖြင့် နည်းနည်းပါးပါး ပေးရသည်။ သူတို့မှာ ဝတ်ဘို့, စားဘို့, အရင်းအနှီးလုပ်ဘို့ကား မပေးရ။ (င) လူ့ဘဝက ဇနီးမှာ ပစ္စည်း ၄-ပါး ဖိတ်ထားလျှင် (စ) အမှတ်တွင် ပါဝင်၍ မဖိတ်လျှင် (ဆ) အမှတ်တွင် ပါဝင်သွား၏။ သားသမီးတို့ကား-(ဃ)အမှတ်

ဆွေမျိုးတွင် ပါဝင်သည်။ (စ) အမှတ် (ဆ) အမှတ်ပါ ဒကာ, ဒကာမတို့အားလည်း အကြောင်းအထူးမရှိလျှင် မပေးကောင်း။ တောင်းလာလျှင် ဝေယျာဝစ္စ အလုပ်ခိုင်း၍ ကပ္ပိယ အနေအားဖြင့် သစ်သီး သစ်ရွက်စသည် နည်းနည်းပါးပါးကို ပေးကောင်း၏။

မှတ်ဘွယ်။ ။ဤနေရာ၌ ရဟန်း, သာမဏေတို့က (က) တောင်းသာတောင်းကောင်း, မပေးကောင်း၊ (ခ) ပေးသာ ပေးကောင်း, မတောင်းကောင်း၊ (ဂ) တောင်းလည်း တောင်းကောင်း, ပေးလည်း ပေးကောင်း၊ (ဃ) မတောင်းလည်း မတောင်းကောင်း, မပေးလည်း မပေးကောင်းသော လူဝတ်ကြောင် ၄-မျိုးကို မှတ်သားထိုက်၏။ ထိုတွင်—

(က) "တပည့်တော်အထံ မည်သည့် ပစ္စည်းကို (သို့မဟုတ် ပစ္စည်း ၄-ပါးကို) အလိုရှိသောအခါ တောင်းတော်မူပါ"ဟု ဖိတ်မန်ထားသူကို "ပဝါရိတ"ဟု ခေါ်၏။ ထိုပဝါရိတနှင့် (မိဘမှတပါး ဆွေ ၇-ဆက် စပ်၍ရသော) ဉာတိတို့အထံ၌ တောင်းသာ တောင်းကောင်း၏။ မိမိပိုင် ပစ္စည်းကိုကား မပေးကောင်း။ [သွေးမစပ်သော သားမက်, ချွေးမ, မယားတို့သည် ဆွေမျိုးမဟုတ်ကြ။]

(ခ) ကိုးကွယ်ရာမဲ့၍ ဆင်းရဲနေသူ (သို့မဟုတ် သူတောင်းစား)၊ စစ်ရှုံး၍ ကျောင်းသို့ ဝင်ပြေးလာသော အစိုးရ၊ ရိက္ခာမပါသော ခရီးသွား ဧည့်သည်-ဤသို့သော လူဝတ်ကြောင်တို့အား ပေးသာ ပေးကောင်း၍ မတောင်းကောင်း။

(ဂ) မိဘတို့အား တောင်းလည်း တောင်းကောင်း, ပေးလည်း ပေးကောင်း၏။

(ဃ) ဉာတိပဝါရိတ မဟုတ်သော လူတို့အား တောင်းလည်း မတောင်းကောင်း, ပေးလည်း မပေးကောင်း။ သူတို့ပိုင်ပြီးဖြစ်သော ရေကိုသော်မျှ မတောင်းကောင်း။ သူတို့အထံမှ ပစ္စည်း တစုံတခုကို အလိုရှိလျှင် ဆွမ်းရပ်သလို ရပ်၍ဖြစ်စေ၊ မိမိ၌ရှိသော ပစ္စည်းဖြင့် လူဝတ်ကြောင် တယောက်ကို အလဲခိုင်း၍ ဖြစ်စေ ယူရသည်။

**မှတ်ချက်။** ။အချို့ပုဂ္ဂိုလ်များက ''ဉာတိ ပဝါရိတ မဟုတ်သူ့အထံ မိမိအတွက်သာ မတောင်းကောင်း။ သူများအတွက်ကား တောင်းကောင်း၏''ဟု ယူဆ၍ မြို့ကြီးများ၌ အခြားရဟန်းတပါးအတွက် ရဟန်းတပါးက ဆွမ်း(ဆွမ်းဟင်း) လောင်းဘို့ရန် ဖိတ်ကြ (တိုက်တွန်းကြ)၏။ ''ရှင်ဒကာ ခံလိုက်ပါ။ ရဟန်းဒကာ လုပ်ပါ''ဟု တိုက်တွန်းကြ၏။ ထိုကဲ့သို့လည်း မတိုက်တွန်းကောင်းပါ။ ထိုသို့ တိုက်တွန်းမှုကြောင့် အာပတ်သင့်၍ ပစ္စည်းကို ရသောအခါ ပစ္စည်းရှင်နှင့်တကွ ရဟန်းအားလုံး(သာမဏေများပါ) မသုံးထိုက်။ သုံးတိုင်း သုံးတိုင်း အာပတ်သင့်၏။

၄-အဖြေ ပြီး၏။

**အမေး—၅။** ။ဘုန်းတော်ကြီး (ရဟန်း သာမဏေ အားလုံး) က မပေးကောင်းသူအား ပေး၍ ပစ္စည်းရသော် ဒကာ ဒကာမမှာ မည်သို့အပြစ်ရှိပါသနည်း၊

**အဖြေ။** ။ရရှိရုံဖြင့်ကား အပြစ်မရှိပါ။ ရအောင် ကြံဆောင်မိလျှင် ထိုကြံဆောင်မှုက အပြစ်ဖြစ်ပေါ်ပါလိမ့်မည်၊ ရအပ်ပြီးသောပစ္စည်းကို ကုသိုလ်ကိစ္စ၌ သုံးလျှင်လည်း အပြစ်မရှိပါ။ သားရေး၊ သမီးရေး၊ စီးပွါးရေး၌ အသုံးပြုလျှင်ကား (မိဘပင်ဖြစ်စေ) အပြစ်ကင်းနိုင်စရာမရှိပါ။ လက်တွေ့အားဖြင့် ထိုကဲ့သို့ သူတပါးတို့က လှူဒါန်းထားသော ကျောင်းပစ္စည်းကို သုံးစွဲသူတို့၏ သားစဉ်မြေးဆက် ကြီးပွါးရစ်သည်ဟု မတွေ့ရ။ အညွန့်တုံးသွားသည်သာ များသည်။

၅-အဖြေ ပြီး၏။

**အမေး-၆။** ။ရဟန်းတော်များသည် လူနေရပ်ကွက်၌ လူနေအိမ်တွင် အခန်းငှါး၍ နေနိုင်ပါသလား။

**အဖြေ။** ။မိမိငွေဖြင့် အခန်းငှါးခြင်းကြောင့် အပြစ်ရှိ၏။ လူနေရပ်ကွက် လူ၏အိမ်တွင် နေခြင်းကြောင့် ဖြစ်သင့်သော ဝိနည်းအပြစ် များစွာရှိ၏။ ဗုဒ္ဓမြတ်စွာ၏ ဝိနည်းတရားတော်သည် မကြည်ညိုသေးသူကို ကြည်ညိုလာအောင်၊

ကြည်ညိုပြီးသူမှာ အကြည်ညိုတိုးအောင် အကျိုးရစေနိုင်၏။ ထိုကဲ့သို့ အိမ်ငှါး၍ လူ့ရပ်ကွက် လူ့အိမ်တွင် နေမှုကြောင့် ထိုအကျိုး ရနိုင်၊ မရနိုင်ကို စဉ်းစားပါလေ။

၆-အဖြေ ပြီး၏။

**အမေး—၇။** ။ဆွမ်းခံလာသော ရဟန်းသည် အိမ်ရှေ့၌ လူမတွေ့လျှင် လူရှိရာ အိမ်အတွင်းသို့ ဝင်နိုင်ပါသလား။

**အဖြေ။** ။ရိုးရိုးစိတ်ဖြင့် ကောင်းမွန်စွာဝင်လျှင် ဝိနည်းတော်၌ တားမြစ်ချက် မရှိပါ။ သို့ရာတွင် မိမိရပ်နေကျ နေရာ၌ လူမရှိလျှင် အိမ်မှထွက်သွားဘို့သာ တာဝန်ရှိပါသည်။ အတွင်းသို့ ဝင်ရမည်ဟုလည်း ခွင့်ပြုချက်မရှိပါ။

**စည်းကမ်း** ဆွမ်းခံခြင်းမှ တပါး အခြားအခါမျိုးတွင် ရဟန်းတော်များ၏ လူဝတ်ကြောင် အိမ်သို့ သွားရာ၌ စည်းကမ်းသတ်မှတ်ချက် ရှိ၏။ (၁) မြတ်မြတ်နိုးနိုး ဝမ်းပန်းတသာ ခရီးဦး ကြိုဆိုခြင်း၊ (၂) ရိုရို သေသေ ရှိခိုးခြင်း- (၃) ကောင်းမွန်စွာ နေရာပေးခြင်း၊ (၄) အိမ်မှာရှိသော လှူဘွယ်ကို ဝှက်၍ မထားခြင်း၊ (၅) များများရှိလျှင် များများလှူလိုခြင်း၊ (၆) အကောင်းရှိလျှင် အကောင်းကို လှူလိုခြင်း၊ (၇)ရိုရိုသေသေ လေးလေးစားစား လှူခြင်း၊ ဤ အင်္ဂါ ၇-ပါးရှိသော အိမ်သို့သာ သွားထိုက်၏။ ထိုသို့ မဟုတ်သောအိမ်သို့ မသွားထိုက်။ ဤသို့ စည်းကမ်းရှိပါသည်။ [သတ္တက အင်္ဂုတ္တိုရ်၊ အနုသယဝဂ် ပါဠိတော်။]

၇-အဖြေ ပြီး၏။

**အမေး—၈။** ။ရဟန်းတော်များသည် ဒကာ ဒကာမတို့ကို ခေါ်ဆောင်၍ ခရီးအတူ သွားနိုင်ပါသလား။

**အဖြေ။** ။ဒကာကို ခေါ်ဆောင်၍ သွားနိုင်ပါ၏။ ဒကာမကို ခေါ်ဆောင်၍ ခရီးအတူ မသွားနိုင်ပါ။ သွားလျှင် ပါစိတ်အာပတ်သင့်၏။ [ဝိနည်းပါဠိတော်၊ သုဒ္ဓပါစိတ်၊ သံဝိဓာနသိက္ခာပုဒ်။]

၈-အဖြေ ပြီး၏။

**အမေး—၉။** ။ရဟန်းတော်များသည် ဈေးသို့သွား၍ ဈေးဝယ်နိုင်ပါသလား။ ငွေမကိုင်ဘဲ မိမိအလိုရှိရာပစ္စည်းကိုရွေးချယ်၍ ဒကာကို ငွေချေစေခြင်း, ငွေယူမလာဘဲ အကြွေးဝယ်ခြင်း စသည်ကို ပြုနိုင်ပါသလား။

**အဖြေ။** ။ရဟန်းတော်များသည် ဈေးသို့ သွားလိုလျှင် အိမ်တအိမ်သို့ သွားသောနည်းဖြင့် သင်္ကန်းရုံ စကျွတ်ခြုံ၍ သွားနိုင်ပါ၏။ ကိုယ်တိုင်ကား ငွေပေး၍ မဝယ်ကောင်းပါ။ ကပ္ပိယနှင့်အတူသွား၍ မိမိအလိုရှိရာ ပစ္စည်းကို ရွေးချယ်ကောင်း၏။ ရွေးချယ်ပြီးသောအခါ ကပ္ပိယဉာတိဖြစ်လျှင်၊ သို့မဟုတ် ဖိတ်မန်ထားသော ပဝါရိတဖြစ်လျှင် "ဒီပစ္စည်းကို အလိုရှိသည်" ဟုသာ ပြောကောင်း၏။ "ငွေပေးလိုက်" ဟု မခိုင်းကောင်းပါ။ ဈေးများနေလျှင်လည်း ဈေးမဆစ်ကောင်းပါ။ ဉာတိပဝါရိတ မဟုတ်သောကပ္ပိယဖြစ်လျှင် ဘာမျှ မပြောကောင်းပါ။ ငွေမပါ ကပ္ပိယမပါဘဲ အကြွေးလည်း မဝယ်ကောင်းပါ။

**မှတ်ချက်။** ။ဈေးသည်က သိက္ခာမ်းသူဖြစ်နေလျှင် "ယခု ဒီပစ္စည်းကို ယူသွားပါမည်။ ကျသင့်သောငွေကို ကပ္ပိယလာ၍ ပေးပါလိမ့်မည်" ဟု ပြော၍ကား ယူသွားကောင်းပါ၏။ ထို့နောက် ကပ္ပိယဉာတိ(ပဝါရိတ) ဖြစ်သူကို "မည်သူ့ထံမှ မည်သည့်ပစ္စည်းကို ယူခဲ့သည်။ ဈေးသည်ထံ သွားလိုက်ပါ" ဟု ပြောကောင်း၏။ "ငွေသွားပေးလိုက်ပါ" ဟု မပြောကောင်း။

၉-အဖြေ ပြီး၏။

**အမေး—၁၀။** ။ရဟန်းတော်သည် မိမိမှာရှိသောပစ္စည်းကို လူပုဂ္ဂိုလ် နှင့် ၎င်း၊ (ရဟန်းသာမဏေ) တို့နှင့်၎င်း ပစ္စည်းချင်းလဲကောင်းပါသလား။

**အဖြေ။** ။ပစ္စည်းချင်း လဲကောင်းပါ၏။ သို့သော် လူနှင့်လဲရာ၌ ကိုယ်တိုင်မလဲကောင်း။ အခြားလူတယောက်ကိုသာ အလဲခိုင်းရသည်။ ဥပမာ— ဈေးသို့သွား၍ မိမိသင်္ကန်းဖြင့် ဈေးသည်၏ သပိတ်ကို လဲလိုလျှင် ဈေးသည်မှတပါး အခြားသူတယောက်ကို "ဒီသင်္ကန်းဖြင့် ဟိုသပိတ်ကို လဲပေးပါ" ဟု ပြောရသည်။ ထိုသို့ ကြားလူရှာမရလျှင်လည်း "ငါ့မှာ သင်္ကန်းတော့ရှိ၏။ သပိတ်လိုနေသည်။ သင်္ကန်းဖြင့် သပိတ်ကို အလိုရှိသည်" ဟု ပြောရမည်။

ထိုအခါ ဈေးသည်က သူ့ဘာသာသက်န်းကိုယူ၍ သပိတ်ပေးလျှင်လည်း ဝိနည်းအပြစ်ကင်း၏။ ရဟန်းသာမဏေတို့နှင့်ကား ကိုယ်တိုင်ပင် လဲကောင်းပါသည်။

၁၀-အဖြေ ပြီး၏။

အမေး—၁။ ။ရဟန်းတော်သည် လူဝတ်ကြောင်တို့၏ သားသမီးကလေးများကို ပွေ့ချီကောင်းပါသလား။

အဖြေ။ ။မပွေ့မချီကောင်းပါ။ [ဤသို့ပြုမှုကို "အနေသန-မအပ်သော ပစ္စည်းရှာနည်းတမျိုး" ဟု ခေါ်၏။ "ငါတို့၏ကလေးကို ယုယရှာပေသည်" ဟု သဘောကျ၍ လူတို့က ဆွမ်းစသည်ကို လှူတတ်၏။ ထိုလှူအပ်သော ဆွမ်းစသည်ကို ထိုရဟန်းနှင့်တကွ အခြားရဟန်း သာမဏေများ မသုံးစားကောင်းပါ။ ဤအနေသနသည် ၂၁-ပါး ရှိ၏။]

အနေသန ၂၁-ပါး

(၁) ဆေးပေး၍, ဓာတ်စာပေး၍ ဆေးကုခြင်း၊
(၂) လူက အဝေးသို့ခိုင်း၍ စေတမန်လုပ်ခြင်း၊
(၃) ဟိုအိမ် သည်အိမ်သို့ တစုံတခု စေခိုင်း၍ သွားခြင်း၊
(၄) အနာကို ခွဲပေးခြင်း၊
(၅) အနာကို ဆေးလိမ်းပေးခြင်း၊
(၆) အနာကို ဖန်ဆေးပေးခြင်း၊
(၇) ဝမ်းနုတ်ဆေးပေးခြင်း၊
(၈) နှာပေးခြင်း၊
(၉) မျက်စဉ်းပေးခြင်း၊
(၁၀) အိမ်ဆောက်ဘို့ ဝါးပေးခြင်း၊
(၁၁) အိမ်မိုးဘို့ ထန်းရွက် ဓနိရွက် စသည်ပေးခြင်း၊

(၁၂) ပန်းပေးခြင်း၊
(၁၃) ငှက်ပျောသီး အုန်းသီးစသော သစ်သီးပေးခြင်း၊
(၁၄) ရေချိုးစရာ ဆပ်ပြာပေးခြင်း၊
(၁၅) ဒဏ်ပူ(သွားပွတ်တံ) ပေးခြင်း၊
(၁၆) မျက်နှာသစ်ရေပေးခြင်း၊
(၁၇) မျက်နှာချေမှုန့်ပေးခြင်း၊
(၁၈) မြေညက်ပေးခြင်း၊
(၁၉) မိမိကိုယ်ကို အောက်ချကာ, ဒကာ ဒကာမတို့ကို မြှောက်၍ ပြောဆိုခြင်း၊
(၂၀) အကျက်နည်းပါး ပကျက်များသော ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး အမှားများသော စကားတို့ဖြင့် ဒကာဒကာမတို့ သဘောကျလောက်အောင် နည်းအမျိုးမျိုးဖြင့် ပြောဆိုခြင်း၊
(၂၁) ကလေးထိန်းကဲ့သို့ ဒကာ ဒကာမတို့ ကလေးကို ချီပွေ့ ချော့မြှူခြင်း၊ [မူလဋီကာ၊ ကုသလကထာ။] ပစ္စည်းလာဘ်ကို မြှော်၍ မိမိကိုယ်ကို အထင်ကြီးအောင် ဣန္ဒြေကြီးဖြင့် ဟန်လုပ်နေခြင်း, ပစ္စည်း၄-ပါးလှူအောင် စောင်းပါးရိပ်ခြည်ပြောခြင်း, အရိယာဟုထင်အောင် အရိပ်နိမိတ်ပြောခြင်းများလည်း ပါရှိသေးသည်။

၁၁-အဖြေ ပြီး၏။

**အမေး-၁၂။** ။ရဟန်းတော်သည် ဒကာ ဒကာမနှင့် ထိုသူများ၏ သားသမီး အိမ်ထောင်ရေးတွင် စေ့စပ်ကြောင်းလမ်းပေးခြင်း, အိမ်ထောင်ကွဲရာတွင် အသိသက်သေ ပါဝင်ခြင်း ပြုနိုင်ပါသလား။

**အဖြေ။** ။ရဟန်းတော်များသည် အိမ်ထောင်ရေးတွင် စေ့စပ်ကြောင်းလမ်းပေးခြင်း (အောင်သွယ်လုပ်ခြင်း)မပြုနိုင်ပါ။ ကွဲနေရာ၌ကား(တကယ်ကွာရှင်းပြီး မဟုတ်သေးလျှင်) စေ့စပ်ပေးနိုင်ပါ၏။ အသိသက်သေ အဖြစ် ပါဝင်မှုကား စီးပွါးရေးနှင့် စပ်လျှင် မသင့်လျော်ပါ။ ၂-ဘက်လုံး အကျိုးရှိပါမူ

ပါဝင်နိုင်ပါ၏။ [အခါတပါး၌ ကောသလမင်းနှင့် မလ္လိကာ မိဖုရားတို့ စိတ်ဝမ်းကွဲ၍နေရာ ဘုရားရှင်ကြွတော်မူ၍ သောတ္ထိသေန သမ္ဗူလဇာတ်ကို ဟောမှ ၂-ယောက်လုံး သင့်မြတ်သွားကြလေသည်။

၁၂-အဖြေ ပြီး၏။

**အမေး-၁၃။** ။ရဟန်းတော်များသည် ကျောင်းကန်ဘုရားတွင်၎င်း၊ လမ်း၌ ခရီးသွား မော်တော်ယာဉ်များကို ရပ်စေ၍၎င်း အလှူခံနိုင်ပါသလား။

**အဖြေ။** ။အလှူမခံနိုင်ပါ။ ငွေကို သာ၍ပင် အလှူမခံနိုင်ပါ။ [အလှူခံ အစစ်မှာ (၁)နံပါတ်၌ ဖြေခဲ့သည့်အတိုင်း အလှူရှင် အနီးသို့ သက်နှင်းရုံ၍ သွားပြီးလျှင် ဆွမ်းရပ်သလို ရပ်ရပါသည်။ (၁)နံပါတ်ကို ပြန်ကြည့်ပါ။]

၁၃-အဖြေ ပြီး၏။

**အမေး-၁၄။** ။အောက်ပါ ပွဲသဘင်များကို ကြည့်နိုင်ပါသလား။ မကြည့်ခကောင်းဘဲ ကြည့်လျှင် မည်သို့ အပြစ်သင့်ပါသနည်း။

(က) ဘောပွဲ၊ လက်ဝှေ့ပွဲ၊ လှေပြိုင်ပွဲ၊ လှည်းပြိုင်ပွဲ၊ ကြက်ပွဲ၊ နွားပွဲ၊ အလေးမပြိုင်ပွဲ၊

(ခ) မယ် မောင် ရွေးပွဲ၊ ဖက်ရှင်ပြိုင်ပွဲ၊

(ဂ) ပန်းချီပြပွဲ၊ စာပေပြပွဲ၊

(ဃ) ရုပ်သေး၊ ဇာတ်၊ ရုပ်ရှင်၊

(င) နိုင်ငံရေးတရားပွဲ။

**အဖြေ။** ။"ဝိနည်း၌ (ဃ)နံပါတ် ပွဲသဘင်များကို အကြည့်မသွားရ" ဟု တိုက်ရိုက်လာ၏။ အခြားပွဲများအတွက် ဘုရားလက်ထက်တော်၌ မရှိသေး၍ ဝိနည်း၌မပါခြင်း ဖြစ်ပါသည်။ ထိုသို့ မပါသော်လည်း ထိုပွဲများသို့သွားလျှင် (မြို့ရွာအတွင်းဖြစ်မူ) သက်နှင်းရုံ စကျုံးခြေချ၍ သွားမှ အပြစ်လွတ်ပါသည်။ ထိုပွဲများသို့ ရောက်သော အခါလည်း စကျုံးခြေချ၍ နေမှ အပြစ်လွတ်သော

ကြောင့် ၄-တောင်ခန့်မျှသာ ကြည့်ခွင့်ရပါသည်။ ထိုသို့ဖြစ်လျှင် မြင်အောင် ကြည့်ရတော့မည်မဟုတ်ပါ။ ထို့ကြောင့် ထိုပွဲများသို့ မသွားဘို့ရန် တိုက်ရိုက် ပညတ်တော် မရှိသော်လည်း ရှိပြီး သိက္ခာပုဒ်များကြောင့် သွား၍ မဖြစ်နိုင် တော့ပါ။

ထို့ပြင် ထိုပွဲများကို သွား၍ ကြည့်သည့် အတွက် လူဝတ်ကြောင်တို့က အကြည်ညိုပျက်မည်သာဖြစ်သောကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို အသရေ ရှိစေလိုသော ဘုရား့ သားကောင်း ဟူသမျှတို့ မသွားသင့်ကြပါ။ [တခါတုန်းက နိုင်ငံခြားမှ သမ္မတ ရောက်လာချိန်ဝယ် လှေပွဲကျင်းပရာသို့ ရဟန်းတော်အများ သွား၍ ကြည့်သဖြင့် သမ္မတက ထိုရဟန်းတော်များကို "ဘယ်လို လူတွေပါလဲ"ဟု မေးသောကြောင့် ဝန်ကြီးတွေမှာ အဖြေရခက် မျက်နှာပျက်ရဘူးကြပါသတဲ့။]

၁၄-အဖြေ ပြီး၏။

**အမေး-၁၅။** ။ရဟန်းတော်များ ဖဲရိုက်ခြင်း, အရက်သောက်ခြင်းပြုပါက မည်သို့ အပြစ်ရှိပါသနည်း။

**အဖြေ။** ။ဖဲရိုက်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်၍, သေရည် သေရက် သောက်ခြင်းကြောင့် ပါစိတ်အာပတ် သင့်ပါသည်။

၁၅-အဖြေ ပြီး၏။

**အမေး-၁၆။** ။လူဝတ်ကြောင်က ရဟန်းအား သာမန်အခါ ရိုက်နှက်ခြင်း, အရက်မူး၍ ရမ်းကားနေသောအခါ ရိုက်နှက်ခြင်း၌ အပြစ် မည်သို့ ရှိပါသနည်း။

**အဖြေ။** ။သီလ သိက္ခာရှိသူကို သတ်ခြင်းထက် သီလ သိက္ခာ မရှိသူကို သတ်ခြင်းက အပြစ်ပေါ့သကဲ့သို့ သာမန်အခါ ရိုက်နှက်ခြင်းထက် အရက်မူး၍ ရမ်းကားနေသော အခါ အာပတ် သင့်နေခိုက် ရိုက်နှက်ခြင်းက အပြစ် သက်သာ၏။

၁၆-အဖြေ ပြီး၏။

**အမေး-၁၇။** ။ဝိနည်းထုံးစံအရ သိမ်တွင် ရဟန်းခံသူ မဟုတ်သော အယောင်ဆောင် ရဟန်းမှာ မည်သို့ အပြစ်ရှိပါသနည်း။

**အဖြေ။** ။ဘေးရန် တစုံတရာ မရှိဘဲ မိမိဘာသာ သင်္ကန်းဝတ်သူကို "လိင်္ဂထေနက"(ရဟန်းအသွင်ခိုးသူ)ဟု ခေါ်၏။ ရဟန်းအစစ်လုပ်၍ အခြားရဟန်းတို့နှင့် အတူပေါင်းနေလျှင် ("ရဟန်းဝါ မည်မျှရပြီ"ဟု လိမ်၍ ပြောလျှင်) "သံဝါသထေနက"(အပေါင်းအသင်း ခိုးသူ)ဟု ခေါ်၏။ ထိုသူသည် ဤဘဝ၌ မည်သည့်နည်းနှင့်မျှ (နောက်ဘပ် အစစ်ဖြစ်လိုသော်လည်း) ရဟန်းအစစ် မဆိုထားဘိ သာမဏေအစစ်မျှ ဖြစ်ခွင့်မရှိတော့။ ဝိနည်းအလိုအားဖြင့် ဤမျှ တိုင်အောင် အပြစ်ကြီး၏။ အယောင်ဆောင် အရေခြုံ ရဟန်းသည် ဆွမ်း သင်္ကန်း စသော ပစ္စည်းများကို သုံးစွဲရာ၌ အားလုံး ခိုးရာ ရောက်၏။ ထို့ကြောင့် ထိုသူသည် လူဝတ်ကြောင် သူခိုးထက်အပြစ်ကြီးရှိ သေသည့်အခြားမဲ့၌ ငရဲသို့ရောက်ရဘို့သာ ရှိတော့သည်။ [အင်္ဂုတ္တိုရ်ဋ္ဌကထာပမသုတ်။]

၁၇-အဖြေ ပြီး၏။

**အမေး-၁၈။** ။(က) ပကာသနီယကံ အပြုခံရသော ရဟန်း, အယောင်ဆောင် ရဟန်း, ပါရာဇိက ကျပြီးသော ရဟန်းတို့ မည်သို့ ကွာခြားပါသနည်း။

(ခ) ထိုပုဂ္ဂိုလ်အား ရဟန်းတော်အစစ်ထင်၍ လှူလျှင် မည်သို့ အကျိုးရှိပါသနည်း။

(ဂ) ရဟန်းတော်အစစ် မဟုတ်မှန်း သိလျက် လှူလျှင် မည်သို့ အပြစ်ရှိပါသနည်း။

**အဖြေ (က)။** ။ပကာသနီယကံ အပြုခံရသော ရဟန်းသည် (အခြားနည်းဖြင့် ပါရာဇိက ကျပြီးမဟုတ်လျှင်) ရဟန်း အဖြစ်၌ တည်နေသေး၏။ ပါရာဇိက ကျသော ပုဂ္ဂိုလ်သည် ရဟန်းအဖြစ်၌ မတည်နိုင်တော့။ သို့သော် ရှင်သာမဏေဖြစ်နိုင်သေး၏။ အယောင်ဆောင် အရေခြုံ ရဟန်းကား ရှင်သာမဏေမျှ မဖြစ်နိုင်တော့။ ဤသို့ ကွာခြားကြသည်။

**အဖြေ (ခ)။** ။ထိုပုဂ္ဂိုလ်တို့အား ရဟန်း အစစ်ထင်၍ လှူလျှင် အလှူဒါနနှင့်စပ်သော ၂-နံပါတ် မေးခွန်းတွင် ဖြေခဲ့သည့်အတိုင်း ပုထုဇဉ် ဒုဿီလအား လှူသလောက်တော့ အကျိုးရနိုင်ပါသေး၏။

**အဖြေ (၈)။** ။ရဟန်းအစစ် မဟုတ်မှန်းသိလျက် လှူရာ၌ကား လှူသူ၏ စိတ်ထားကို လိုက်ရပေလိမ့်မည်။ လှူသူ၏ စိတ်ထားက (ဆွေမျိုးဖြစ်၍ မိတ်ဆွေ ဖြစ်ခဲ့ဘူး၍) ဝတ်တရားအတိုင်း လှူလျှင် (ခ) အတိုင်းပင် အကျိုးရပါသေး၏။ ပကာသနီယကံ (အစစ်အမှန်)အပြုခံရသော အလဇ္ဇီမှန်းသိလျက်ရင်း၊ ပါရာဇိက ကျနှင့် အရေခြုံ ဒုဿီလမှန်း သိလျက်ရင်း အားပေးအားမြှောက် ပြုလိုသော စေတနာဖြင့် လှူရာ၌ကား အဃိပ်ပင်ကို ရေလောင်းပေးသူပမာ သာသနာကို ဖျက်ဆီးသူသာဖြစ်၍ အပြစ်ကြီးမားလှပါသည်။

၁၈-အဖြေ ပြီး၏။

ဝိနည်းသိက္ခာနှင့် စပ်သော မေးခွန်း

အဖြေများ ပြီးပြီ။

# ၆-နိဂုံးအခန်း

**ရတနာအစစ်** "ရတနာ" ဆိုသော ပစ္စည်းသည် အဖိုးတန်သော ပစ္စည်းဖြစ်၏။ အစစ်အမှန်ကို ရဘို့ရန် ခဲယဉ်းလှ၏။ အတုတွေကလည်း ပေါများလှ၏။ အစစ်အမှန်ရလျှင် အလွန်ဝမ်းမြောက်ကြ၏။ အတုကို အစစ်ထင်သူများလည်း သူတို့အထင်အားဖြင့် ဝမ်းမြောက် ရှာကြသည်သာ။ ဘုန်းကြီးတို့၏ ဗုဒ္ဓမြတ်စွာနှင့်တရားတော်, အရိယာဖြစ်ပြီးသော သံဃာတော်သည် အလွန်ရခဲသော အဖိုးတန်ရတနာအစစ် ဖြစ်ပါသည်။

**ဗုဒ္ဓ ရတနာ** ဘုန်းကြီးတို့၏ ဗုဒ္ဓမြတ်စွာသည် အလောင်းအလျာဘဝတုန်းကပင် ဉာတတ္ထစရိယ=ဆွေမျိုးသားချင်းတို့၏ အကျိုး စီးပွါးကိုလည်းပြုကျင့်တော်မူခဲ့၏။ လောကတ္ထစရိယ=ဆွေမျိုးသားချင်းထက် ကျယ်ဝန်းများပြားသော တိုင်းသူပြည်သား လူအများ၏အကျိုးစီးပွါးကိုလည်း ပြုကျင့်တော်မူခဲ့၏။ ဗုဒ္ဓတ္ထစရိယ(ဗုဒ္ဓိ အတ္ထ စရိယ)=တကိုယ်တည်း တရားကျင့်ခြင်း, လူတို့အား ပညာပေးခြင်းအားဖြင့် မိမိဉာဏ်ပညာ တိုးပွါးအောင်လည်း ကျင့်တော်မူခဲ့၏။ ထိုအကျင့်များကို လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကာလကြာအောင် ကျင့်၍ ဉာဏ်ပညာအမြင့်ဆုံးရပြီး ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပါသည်။

**ဗုဒ္ဓကြောင့်သုခရပုံ** ဗုဒ္ဓ ဖြစ်တော်မူသော အခါ၌လည်း ကိုယ်တော်မြတ်၏ ပင်ပန်းမှုကို ဂရုပြုတော်မမူဘဲ လူ နတ် ဗြဟ္မာ သတ္တဝါ အများ ချမ်းသာပွါးအောင် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး၍ နေတော်မူသည်မှာ ပရိနိဗ္ဗာန် စံတော်မူခါနီး အချိန်အထိပင် ဖြစ်ပါသည်။ ထိုကဲ့သို့ ဗုဒ္ဓမြတ်စွာ တဆူ ပွင့်တော် မူလာသောကြောင့် ဤတရားစုသည် အကုသိုလ်မကောင်းမှု, ဤတရားစုကား ကုသိုလ်ကောင်းမှုဟု ကွဲကွဲပြားပြား ခွဲခြား နားလည်ကြ၍ ကောင်းမှုကိုသာ ပြုကျင့်ကာ ချမ်းသာသုခ ရကြသူ, ရုပ်နာမ်အစု၏ ဒုက္ခကိုမြင်ကြ၍ ကျင့်ကြ ကြံကြ အားထုတ်ကြသဖြင့် ဒုက္ခ

အထုမှ ကင်းလွတ်ကြသူ လူအများပင် ဝမ်းမြောက်ကြရပေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် အလွန် ရခဲ၍ အဖိုးအတန်းဆုံးဖြစ်လျက် နှစ်သက်ဘွယ်ရာ ရတနာအစစ် ဖြစ်ပါပေသည်။

**ဓမ္မရတနာ** ဗုဒ္ဓမြတ်စွာသည် ၄၅-ဝါပတ်လုံး ဟောတော်မူအပ်သော တရားတော်များသည် နည်းနည်း ပါးပါး လိုက်နာသူ့အတွက် နည်းနည်း ပါးပါး ချမ်းသာစေနိုင်, များများ စားစား လိုက်နာသူ့အတွက် များများစားစားချမ်းသာစေနိုင်၏။ တရားရတနာ၌ အောက်တန်းကိုယ်ကျင့်မှစ၍ အထက်ဆုံးတန်း ကိုယ်ကျင့်အထိ ပါဝင်၏။ သရဏဂုံသုံးပါးနှင့် ငါးပါး သီလ အကျင့်မျိုးသည်ပင်း၊ လူဖျင်း လူအ လူန လူထိုင်း လူရိုင်း ဖြစ်ကြသော ဗာလတို့ကို (သနား၍စောင့်ရှောက်လိုသော ပေါင်းသင်းခြင်းမှတပါး) အားကိုးအားထား အနေမျိုးအားဖြင့် မပေါင်းလေနှင့် ဟူသော ဩဝါဒမျိုးသည်ပင်း အလွန်ကြီးကျယ်လှသော အကျင့်မဟုတ်ပါချေ။ သို့သော် ထိုမျှလောက် လိုက်နာရုံမျှဖြင့် လောက၌ အတော်ချမ်းသာခွင့်ကိုရနိုင်ကြပေသည်။

**အထက်တန်းဓမ္မ** ဓမ္မရတနာ၌ ''သစ္စာ ၄-ပါး'' စသော အထက်တန်းတရားများလည်း ပါရှိ၏။ ''အထက်တန်း''ဆိုသော်လည်း လူအများတို့ နေ့စဉ်တွေ့နေရသော တရားပင်တည်း။ ''မိမိကိုယ်ခန္ဓာနှင့်စပ်သော သက်ရှိသက်မဲ့ ပစ္စည်းဝတ္ထု အစုစုကို ခင်မင်သော တဏှာ လောဘသည် ဒုက္ခအဖုံဖုံ အမျိုးစုံ ဖြစ်ဘို့အကြောင်း မကောင်းသော သမုဒယသစ္စာဖြစ်၏'' ဟု ဟောတော်မူ၏။ ယခုအခါ တွေ့နေကြသော ဒုက္ခတွေသည် ထိုသမုဒယ ခေါ်သော တဏှာ လောဘကြောင့် ဖြစ်ရကား တဏှာလောဘ၏ အာရုံပစ္စည်း သားသမီး အခြွေအရံများလေ ဒုက္ခများလေ ပင်တည်း။ ထို့ကြောင့် ''လောဘကြီးလျှင် ဒုက္ခကြီး၏။ လောဘနည်းလျှင် ဒုက္ခနည်း၏။ လောဘ မရှိလျှင် ဒုက္ခလည်း မရှိ''ဟု ကျေးဇူးရှင် ပဌမ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး ဆောင်ပုဒ် ချပေးတော်မူသည်။

**လက်တွေ့ ဖြစ်နေပုံ** ''တဏှာလောဘ သမုဒယကြောင့် ဒုက္ခဖြစ်၏'' ဟူသော တရားတော်သည် ယခုအခါ တကမ္ဘာလုံး၌ လက်တွေ့ ဖြစ်နေ၏။ လူတို့၏ ခံစားလိုသော လောဘသည် တိုင်းပြည်တိုင်း မြို့တိုင်း ရွာတိုင်း လူတိုင်း၌ ဘိုးဘွားတို့ လက်ထက်ကထက် ကြီးမားလာ၏။ ထို တဏှာလောဘ

ကြီးမားသလောက် ခံစား စံစားကြ၏။ ခံစားဘို့ရာ ရှာဖွေ စုဆောင်းရသော ဒုက္ခသည်လည်း ရှေးကထက် ကြီးမားလာ၏။ ရှာဖွေ လုပ်ကိုင်ရသောဒုက္ခ ကြီးမားသလောက် အားအင်နည်းပါး၍ ရောဂါတွေလည်း များပြားလာ၏။ ဆင်းရဲပင်ပန်း အားအင်ခန်း၍ ခန္ဓာကိုယ် နွမ်းသလောက် စိတ်မချမ်းသာမှု ဒုက္ခတွေလည်း တခုပြီးတခု ဖြစ်ပေါ်နေ၏။ ဤသို့လျှင် "တဏှာလောဘ သမုဒယကြောင့် ဒုက္ခဖြစ်ရ၏" ဟူသော ဟောပြချက်သည် လက်တွေ့အဖြစ် အပျက်နှင့် ကိုက်ညီလျက်ရှိပေသည်။

**တဏှာနည်းအောင် ပြုလုပ်ပါ**

ထို့ကြောင့် ဝတ်လို စားလို ခံစားလိုသော တဏှာနည်းပါးအောင် တဏှာ၏ အပြစ်ကို ဖြစ်နိုင်သော ဒုက္ခများဖြင့် သတိထား၍ ရှုစားပါ။ ပစ္စည်းဥစ္စာကို တရားသဖြင့် ရှာပါ။ တရားသဖြင့် ရှာ၍ အရများနေလျှင် ထိုပစ္စည်းတွေကို သံသရာ ခရီး၏ ရိက္ခာဖြစ်အောင် ဗုဒ္ဓသာသနာအစစ်ကိုလည်း ထောက်ပံ့ပါ။ မိမိပစ္စည်း ဖြစ်ထွန်းရာအရပ်၌ စာသင်ကျောင်း, ဆေးပေးခန်း, ရေတွင်း, ရေကန်, တံတား စသည်တို့တွင် လိုသော အရာကိုလည်း ဝမ်းသာအားရ ပြုလုပ်ပါ။ စီးပွါးက အလွန်အမင်း တိုးတက်လာလျှင် နိုင်ငံနှင့်ဆိုင်သော စာသင်ကျောင်းကြီး, ဆေးရုံးကြီး ဆောက်လုပ်မှုနှင့် မရှိနွမ်းပါး၍ ဉာဏ်ထက်သူများ၏ ပညာရေးကို အားပေးကူညီပါ။ ဤသို့ ပြုလျှင် မိမိမှာ တဏှာနည်းပါး၍ ဒုက္ခလည်းနည်း သွား ပါလိမ့်မည်။ သံသရာရိက္ခာ တိုးပွါးသဖြင့် စိတ်ချမ်းသာမှုလည်း တိုး လာပါလိမ့်မည်။ ဤအချက်များသည် ဓမ္မရတနာမှ ထုတ်ယူ၍ အသုံးပြုရမည့် (မေတ္တာ ကရုဏာ မုဒိတာ ပါဝင်သော)အချက်များ ဖြစ်ပါသည်။ ဤသို့ အများလုပ်နည်းမဟုတ်သော နည်းဖြင့် ပစ္စည်းကို အသုံးပြုမှသာ ရခဲလှသော တရားရတနာကို လက်တွေ့သုံးစွဲရာ ရောက်ပါသည်။

**သံဃရတနာ**

ဗုဒ္ဓမြတ်စွာသည် တက္ကသိုလ်ကျောင်းသားဟောင်း ဖြစ်ခဲ့သော ဆတ္တလုလင်အား သရဏဂုံ ပေးတော်မူရာ၌ "စိတ်နေ စိတ်ထား စင်ကြယ်၍ ၄-သွယ်သော ပုဂ္ဂိုလ်အစုံတို့၌ လူခြင်းကို အကျိုးကြီး၏ဟု ဆိုကြကုန်၏။ သစ္စာ ၄-ပါးကို သိမြင်ကြသော ထိုပုဂ္ဂိုလ်တို့သည် အစုံ ၄-ပါးကို ခွဲခြားလျှင် ရှစ်ပါးရှိကုန်၏။ ထိုအစုံ ၄-ပါး သီးခြားရှစ်ဖော် အရိယာ သံဃာ တော်ကို ကိုးကွယ်ဆည်းကပ်လော့" ဟု သရဏဂုံ ပေးတော်မူသည်။ ရတန သုတ်တော် သစ္စာဆိုခန်း၌ရင်း၊ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော"

ဟု လာသော သံဃာ့ဂုဏ်တော်အရာ၌ရှင်း အရိယာသံဃာပင် ဖြစ်၏။ ထို့ကြောင့် သံဃရတနာအစစ်မှာ အရိယာဖြစ်ပြီးသော ရဟန်းသံဃာတော်သာ ဖြစ်သည်။ သာသနာတော် မကွယ်ပအောင် ပရိယတ် စာပေကိုလည်း သင်ယူကြ ပို့ချကြ ဟောပြောကြ၍ ပဋိပတ်အကျင့်ဖြစ်သော သီလ သမာဓိ ပညာကိုလည်း ပဋိဝေဓ (မဂ်,ဖိုလ်)ရသည်အထိ မြှော်မှန်း၍ စွမ်းနိုင်သမျှ ကျင့်နေကြသော ကလျာဏပုထုဇဉ် သူတော်စင် ရဟန်းတော်များလည်း သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် အနေအားဖြင့် ကိုးကွယ်ထိုက်, လေးစားထိုက်ကြပေသည်။ ထိုသာသနာ့ဝန်ဆောင် အဆက်ဆက်တို့ မပျက်မကွက်အောင် ဆောင်တော်မူခဲ့ကြပုံမှာ သီဟိုဠ်ကျွန်း ဗြာဟ္မဏတိဿ သူပုန်ထစဉ်က ထင်ရှားခဲ့ပါသည်။ စာအုပ် ပေစာ မရှိသေးသောအချိန်၌ တဆယ့်နှစ်နှစ်လုံးလုံး သစ်သီးသစ်ရွက်စသော အာဟာရဖြင့် မျှတ၍ စာပေမကွယ်ပ-အောင် ဆောင်တော်မူခဲ့ကြပါသည်။ ဤကဲ့သို့သော သံဃရတနာမျိုးသည် ဘုရားတဆူပွင့်တော်မူလာမှ တွေ့ရသဖြင့် အလွန်ရခဲသော ရတနာတပါး ဖြစ်ပါပေသည်။

**အစစ်ရှိလျှင် အတုရှိမြဲ** မည်သည့် အရာ၌မဆို အစစ်၏ အဖိုးတန်ကြောင်း, အများက အလေးပြုကြောင်းကို သိကြလျှင် အတုလည်း ပေါ်လာတတ်၏။ ထို့ကြောင့် ရှေးရှေးအခါ၌ရှင်း၊ ယခုအခါ၌ရှင်း အဖိုးတန်၍ အများမြတ်နိုးအပ်သော စိန် ကျောက် ရွှေ ငွေ ပိုး ဖဲ စသော ပစ္စည်းတို့၌ စိန်တု ကျောက်တု ရွှေတု ငွေတု ပိုး-ဖဲ အတု စသော အတုတွေ ဖြစ်ပေါ်နေသကဲ့သို့ အစစ်အမှန် အဖိုးတန်သော ဘုရား တရား သံဃာ ရတနာသုံးပါးတို့၌လည်း ဘုရားတု တရားတု သံဃာအတုတွေ ရှိနေရသည်မှာ ဓမ္မတာဖြစ်၍ အသစ်အဆန်း မဟုတ်တော့ချေ။

**အတုကြောင့် အစစ်ကွယ်ရခြင်း** ရွှေအတု ပေါ်လာသောအခါ ရွှေအစစ်သည် တဖြည်းဖြည်း ကွယ်ရ၏။ မခွဲခြားတတ်သော လူများအတွက် အစစ်နှင့် အတုသည် မထူးခြားချေ။ ရွှေဆိုင်၌ ရွှေအစစ်ကို လုပ်ထားသော တန်ဆာ, ရွှေအတုကို လုပ်ထားသော တန်ဆာ ဤ ၂-မျိုးကို ယှဉ်၍ ရောင်းလျှင် ရွှေအစစ်တန်ဆာသည် အဖိုးများ၍ ရွှေအတု တန်ဆာသည် အဖိုးနည်း၏။ အစစ်က တရာတန်လျှင် အတုသည် တဆယ်မျှသာ တန်၏ဟု ဆိုကြစို့။ အစစ်နှင့် အတုသည် ခွဲ၍ မရလောက်အောင် တူ၍ အဖိုးချင်း ကွာခြားနေရကား အဝယ်လာသူသည် မိမိမှာလည်း ငွေများများ မပါသည့်အတွက်

ခဏလောက်တော့ ဝတ်နိုင်သည်ဟု ယူဆ၍ အဖိုးနည်းသော အတုကိုသာ ဝယ်သွားတော့၏။ ဤနည်းအားဖြင့် အတုကိုသာ အသုံးများလာသောအခါ အစစ်သည် သုံးစွဲသူမရှိသဖြင့် ရောင်း၍ မစွံတော့ရကား တခါတည်း သိမ်းဆည်း၍ ထားလိုက်ရ၏။ ဤနည်းအားဖြင့် အတုကြောင့် အစစ် ကွယ်ပျောက်ရလေသည်။

**ဘာသာရေး အစစ်နှင့် အတု** ဘာသာရေး၌လည်း တရားတု ကမ္မဋ္ဌာန်းတု ရဟန်းတုတွေနှင့် ဒါနသီလ အပေါစားတွေ များလှချေ၏။ သဒ္ဓါတရားကို ဥစ္စာဓနဟု ဟောတော်မူ၏။ ဤလောက၌ ပုဂ္ဂိုလ်ဟယောက်၏ အကောင်းဆုံးဥစ္စာသည် သဒ္ဓါတရားဖြစ်၏။ [အာဠဝကသံယုတ်ပါဠိတော်။] ထိုသဒ္ဓါအစစ် ဥစ္စာလည်း ရဟန်းရှင်လူ ခပ်သိမ်းသူတို့မှာ တစတစ နည်းပါး၍လာ၏။ ထို့ကြောင့် တရားတု ကမ္မဋ္ဌာန်းတုနှင့် တရားစစ်ကမ္မဋ္ဌာန်းစစ်ကို ယှဉ်၍ ဟောပြောသောအခါ အတုက ပုံလွယ်၍ အစစ်က အပုံခက်သောကြောင့် သဒ္ဓါဥစ္စာ နည်းပါးသူ အများက အတုကိုသာ လိုက်စားနိုင်ကြတော့၏။ ဒါနအမှုများ၌ ပကာသနဒါနသည် ပုံ၍လည်း လွယ်, ပျော်ဘွယ်လည်း ကောင်း၏။ မိမိမှာရှိသော ယုံကြည်မှု သဒ္ဓါဥစ္စာကလည်း နည်းပါး၏။ ထို့ကြောင့် ပကာသနဒါနကိုသာ အပုံများကြတော့၏။ ဒါနအစစ်ကို အာပေါက်မတတ် ဟောပြော၍ လက်ညှောင်းအောင် ရေးကြသော်လည်း သဘောမပေါက်ကြချေ။

သီလစောင့်ရာ၌လည်း ရှေး ဘိုးဘွားတို့ အမြဲစောင့်နိုင်သော ငါးပါးသီလကိုမျှ လုံခြုံအောင် မစောင့်ချင်ကြ။ ဥပုသ်သီလကိုလည်း ပျော်ပျော်ပါးပါး စားကြ သောက်ကြ လည်ပတ်ကြနှင့် စောင့်သုံးကြ၏။ အစစ်အမှန် ဥပုသ်ကို မစောင့်နိုင်ကြ။ ဤနည်းအားဖြင့် ဒါနစစ် သီလစစ် ဘာဝနာကမ္မဋ္ဌာန်းအစစ်များ ယုတ်လျော့နည်းပါး၍ အတော်ကြာလျှင် ကွယ်ပျောက်ရတော့မည်သာ။ ရဟန်းတော်များ၏ စာချ စာသင်မှုလည်း ရှေးဆရာသမားများ၏ ခေတ်နှင့်မတူကြ။ လာဘ်ရမှု ဂုဏ်ရမှုကို ရှေးရှုသူသာ တဖြည်းဖြည်း များလာလေသည်။

**အတွင်းကဖျက်** “အမျိုးကောင်း”ဟူသည် ဆွေမျိုး အသိုင်းအဝိုင်း ကြီးမား၍ ပစ္စည်း ဥစ္စာလည်းပြည့်စုံ, အကျင့်စာရိတ္တလည်း ပြည့်စုံသော

အမျိုးတည်း။ ထိုအမျိုး၌ လူဦးရေနည်းသော်လည်း ပစ္စည်းနှင့် စာရိတ္တ ကောင်းနေလျှင် အမျိုးကောင်း မပျက်သေးချေ။ ပစ္စည်း ဥစ္စာကို တည်တံ့ အောင် မလုပ်နိုင်သောအခါ မျိုးရိုး စာရိတ္တကို မထိန်းသိမ်းနိုင်ဘဲ သောက်စားမှု ကစားမှု အပျော်အပါး လိုက်စားမှု ပြုသူတွေ များလာသောအခါ ထိုအမျိုး ကောင်းသည် ပျက်ပြား၍ အမျိုးညံ့ဖြစ်သွား၏။ ထိုသို့ အမျိုးကောင်းကို ဖျက် သူသည် အပြင်ဘက်က လူတွေ မဟုတ်။ အမျိုးအတွင်းက လူတွေသာ ဖြစ်သကဲ့ သို့ ထို့အတူ ဗုဒ္ဓမြတ်စွာ၏ မွန်မြတ်လှစွာ သာသနာဘာသာကိုလည်း အပြင် ဘာသာဝင်တွေက မဖျက်နိုင်ပါ။ အတွင်းကျသော လူ ရှင် ရဟန်းတို့ကသာ ဖျက်နိုင်ပါသည်။ ထို့ကြောင့် မိမိတို့၏ ဒါန သီလ ဘာဝနာပြုမှုနှင့် စာပေ သင်မှု, ပို့ချမှုများ၌ အတုအစစ် ခွဲခြား၍ အတုကိုသာ လိုက်စားကြပါမူ ကေန် မုချ ဗုဒ္ဓမြတ်စွာ၏ သာသနာ ဘာသာသည် သံကိုသံဖျက် သံချေးတက်သကဲ့သို့ အတွင်းလူ ဖျက်၍ ပျက်ရတော့မည်သာ ဖြစ်ပါသည်။

**တံ့နေအောင် ကြိုးစားရခြင်း** ရွှေအစစ်ကို သုံးနိုင်မည့်သူ မရှိ၍ သိမ်းထားရသောအခါ ''ရွှေအစစ် ကွယ်ပြီ''ဟု ဆိုရသကဲ့သို့ တရားအစစ်ကိုရင်း၊ တရားအစစ်ဖြင့် ညွှန်ပြအပ်သော သီလ သမာဓိ ပညာ သိက္ခာ ၃-ပါးကိုရင်း ကျင့်သူမရှိသောအခါ ''သာသနာကွယ်ပြီ''ဟု ဆိုရတော့၏။ ''ကွယ်'' ဆိုသော စကားသည် ''ကုန်ဆုံးသွားခြင်း''ဟူသော အဓိပ္ပါယ်ကို မပြ ပါ။ အစစ်အမှန်ပြုသူ မရှိခြင်းကိုပင် ''ကွယ်ခြင်း''ဟု ဆိုရပါသည်။ ကဿပ ဘုရားရှင်၏ သာသနာတော်လည်း ကွယ်ခဲ့ဘူး၏။ ဘုန်းကြီးတို့ ဘုရားရှင်ပွင့် တော်မူလာသောအခါ ထိုကွယ်ပြီးသော သာသနာတော်ကိုပင် တဖန် ဖော်ထုတ်၍ ပြရပါသည်။ ထို့ကြောင့် ဘုန်းကြီးတို့ ယခုအခါ ကြိုးစား၍ သာသနာ့တာဝန်ကို ထမ်းဆောင်နေခြင်းမှာ မိမိချမ်းသာဘို့လည်း မဟုတ်ပါ။ ''သာသနာတော် တိုး၍ ထွန်းလင်းလာလိမ့်ဦးမည်''ဟု မြှော်မြင်သောကြောင့် လည်း မဟုတ်ပါ။ မိမိတို့၏ ဆရာသမား ဘိုးဘွား မိဘတို့ လက်ထက်က တွေ့ခဲ့ ရသော သာသနာတော်၏ အရှိန်ကို မိမိတို့လက်ထက်၌ တိုး၍ မမှိန်စေဘဲ (နောက်ထပ် မဆုတ်ယုတ်စေဘဲ) တည်တံ့ရုံသာ မြှော်မှန်း၍ ယခုလောက် ကြိုးပမ်းနေခြင်းဖြစ်ပါသည်။ ကြိုးပမ်းသလောက် ထမြောက်အောင်မြင်ကာ သာသနာတော်သည် တည်တံ့ရုံမျှ တည်တံ့ပါစေသော်။

# နိဂုံးချုပ်

ကိုယ်တည်းတယောက်၊ ချမ်းသာရောက်ဘို့၊
ဒုလောက်ကြီးကုတ်၊ အားပထုတ်ဘူး၊
ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရှေးဝါဘိုးဘ၊
လက်တက်ကလျှင်၊ ရသည့်တန်ခိုး၊ ထပ်မညှိုးဘို့၊
အားကြိုးမာန်တက်၊ ငါဆောင်ရွက်သည်၊
ဘက်လက်ကည်တံ့ ပါစေသော်။

ဘာသာရေးပြဿနာများ ပြီးပြီ။

အမရပူရ

မဟာဂန္ဓာရုံကျောင်းတိုက်

အရှင်ဇနကာဘိဝံသ

၏

# ဆဆ်ထပ်ထရူးတော်

မင်္ဂလာဒုံ, တပ်မြေ့,
ဗုဒ္ဓဘာသာအသင်းကြီးက ကြီးမှူး၍ ထုတ်ဝေသည်။

# နိဒါန်း

✧✧✧✧✧✧✧✧

## စစ်တပ်၌ တရားဟောရခြင်း၏ အကြောင်း

မြန်မာနိုင်ငံတော်လွတ်လပ်ရေးရတော့မည်ဟု သူသူငါငါ ပြောနေကြသော အချိန်အခါကပင် "လွတ်လပ်ရေး ရလျှင် အဘယ်ဌာနသည် နိုင်ငံတော် အတွက် လိုရင်းပဓာန (အရေးအကြီးဆုံးဌာန)ဖြစ်သနည်း"ဟု ပြဿနာတရပ် ကို စဉ်းစားခဲ့ပါသည်။ ထိုအခါ "စစ်တပ်နှင့် သာသနာတော်သည် နိုင်ငံ တော်အတွက် လိုရင်းပဓာန ဖြစ်၏"ဟု ဘုန်းကြီးစိတ်မှာ အဖြေတွေ့လာ ပါသည်။

ရှင်းပြပါဦးမည်— တောင့်တောင့်တင်းတင်းနှင့် အရည်အချင်းရှိ၍ နိုင်ငံ တော်ကို အမှန်ချစ်ခင်စွာ သစ္စာစောင့်သော စစ်တပ်သည် နိုင်ငံတော်တဝှမ်း လုံးကို သိမ်းကျုံး၍ ထိန်းသိမ်းထားနိုင်ပါသည်။ နံနက်စောစော၌ စစ်တပ်မှ ထွက်ပေါ်လာသော ဘင်-ခရာ အသံသည် အိပ်ရာမှ နိုးခါစဖြစ်သော တိုင်း သူပြည်သားကို စိတ်အား တက်ကြွစေပါသည်။ လက်နက်မျိုး စုံစွာဖြင့် စစ် ရေးပြနေသော စစ်တပ်ကြီးများကို မြင်ရသည့်အခါ အဘယ် မျိုးချစ်ပုဂ္ဂိုလ် သည် နှစ်သက်ရွှင်မြူး၍ ပီတိလုံးမဆို့ဘဲ ရှိပါအံ့နည်း။ ဘုန်းကြီးကား လွတ်လပ်ရေးရတော့မည်ဟု ကြွေးကြော်နေသော အချိန်အခါကပင် နိုင်ငံ တော်သားကောင်းများ၏ စစ်တပ်အင်အားကို အားကိုးလျက် နိုင်ငံတော် တိုးတက်တော့မည်ဟု မြှော်လင့်ခဲ့ပါသည်။

သာသနာတော်သည် များစွာသောကျေးရွာတို့၌ ယခုအချိန်တိုင်အောင် ဩဇာကောင်းလျက်ရှိ၏။ ထို့ကြောင့် သာသနာ့ဝန်ထမ်း ရဟန်းတော်များ သည် စည်းကမ်းကျကျ နည်းကောင်းလမ်းမှန်ကို ညွှန်ပြတော်မူနိုင်ကြလျှင်

ကျေးလက်တောရွာ အားလုံးတဟုန်တည်း တိုးတက်လာမည်မှာ မလွဲနိုင်သော မြော်လင့်ချက်ပင် ဖြစ်ပါသည်။ ဤမြော်လင့်ချက်ကြောင့် **"အနာဂတ် သာသနာရေး"** ကျမ်းစာကို လွတ်လပ်ရေးမရမီကပင် ရေးသားခဲ့ပါသည်။ ဘုန်းကြီးဖြစ်စေလိုသော သာသနာတော်မှာ ယခုထက် ဩဇာကောင်း၍ ယခုထက် တိုင်းသူပြည်သားကို အကျိုးများစေနိုင်သော သာသနာဖြစ်ပါသည်။

တဘက်တလမ်းမှ စစ်တပ်က နိုင်ငံတော်ကို ထိန်းသိမ်းလျက် တဘက်တလမ်းမှ သာသနာတော်က နိုင်ငံတော်ကိုအသိဉာဏ်တိုးပွါးစေ၍ တရားမျှတအောင် ကြိုးစားပေးပါမူ ဤနိုင်ငံတော်သည် နှစ်ပေါင်းအနည်းငယ်အတွင်းမှာပင် ကမ္ဘာကအသိအမှတ်မပြုလျှင် မဖြစ်လောက်အောင် တိုးတက်လာရပေမည်ဟု မြော်လင့်ကာ "အနာဂတ်သာသနာရေး" ကျမ်းစာ၏ အစဆုံးဂါထာ၌— "အာရာဓယန္တု=မြေပြင် ရေပြင် ဝေဟင်မလပ် တပ်ပေါင်းကွပ်လျက် အမြတ်ရတနာ သာသနာလည်း ရောင်ဝါထိန်ညီး လုံးစုံပြီးအောင် ချီးမြှောက်နိုင်ကြပါစေသတည်း" ဟု နိုင်ငံတော်တိုးတက်ရေးအတွက် စစ်တပ်နှင့်သာသနာကိုသာ တိုင်တည်ခဲ့ပါသည်။

ထိုမျှလောက် ဘုန်းကြီးအားထားခဲ့သောစစ်တပ်က ဘုန်းကြီး၏ဩဝါဒတရားစကားကို ကြားနာလိုပါသည်ဟု (အစိုးရကျောင်းများအတွက် ဗုဒ္ဓဘာသာ သင်ခန်းစာရေးသားရန်ကိစ္စဖြင့် ရန်ကုန်မြို့သို့ရောက်နေခိုက်မှာ) လျှောက်ထားကြလေရာ စစ်တပ်များကိုဩဝါဒပေးရင်း သာသနာရေးလည်းပါတန်သမျှ ပါသွားစေတော့ဟု သဘောထား၍ **"စစ်တပ်နှင့် သာသနာသည် နိုင်ငံတော်၏ အားထားရာဖြစ်ကြောင်း"** ဟူသော ခေါင်းစဉ်ဖြင့် ၁၃၁၃-ခုနှစ် ကဆုန်လဆန်း ၁-ရက် ညဉ့် ၇-နာရီအချိန်မှာ မင်္ဂလာဒုံစစ်တပ်၌ အောက်ပါတရားစကားကို ဟောခဲ့ပါသည်။

**"အရှင်ဇနကာဘိဝံသ"**

# စစ်တပ်တရားတော်

## တရားအခြေခံ

ယခု ဟောပြောမည့် တရားက "**စစ်တပ်နှင့် သာသနာသည် နိုင်ငံတော်၏ အားထားရာ ဖြစ်ကြောင်း**" ဟူသော ခေါင်းစဉ်ကို အခြေတည်ထားတဲ့ တရားဖြစ်တယ်။ အဲဒီ တရားထဲမှာ အခန်း ၃-ခန်း ပိုင်းခြားလိုတယ်။ ပဌမအခန်းက "**ရှေးသူတော်ကောင်းများနှင့် စစ်တပ်**"၊ ဒုတိယ အခန်းက "**စစ်တပ်နှင့် သာသနာကို လေးစားကြပုံ**"၊ တတိယ အခန်းကတော့ "**စစ်သားများရဲ့ ကိုယ်ကျင့်တရား**"—အဲဒီလို ၃-ခန်းပိုင်းခြားပြီး ဟောပြမယ်။

## ရှေးသူတော်ကောင်းများနှင့် စစ်တပ်အကြောင်းကို ပြသော ပဌမအခန်း

### ၁။ မိမိဘဝကို စဉ်းစားသင့်ကြောင်း

လူ့ဘဝထဲမှာပင် ယောကျ်ားဘဝ မိန်းမဘဝ ရဟန်းဘဝ စစ်သားဘဝ စသည်ဖြင့် အမျိုးတူ အဖြစ်တူ ဘဝငယ်များ ကွဲပြားလျက် ရှိသေးတယ်၊ ဘယ်သူမဆို "ငါ့ရဲ့ဘဝဟာ အောက်တန်းမှာလား၊ အထက်တန်းမှာလား" ဆိုတာကို ပဌမ စဉ်းစားပြီး "ငါ ထမ်းဆောင်ရမဲ့ တာဝန်တွေ ဘာများ ရှိသလဲ"လို့ ဒုတိယစဉ်းစားရမယ်။ မိမိဘဝဟာ အောက်တန်းကျနေသေးလျှင် အထက်တန်းရောက်အောင် ကြိုးစားရမယ်။ အထက်တန်းရောက်ပြီး ဖြစ်လျှင်လဲ ထိုအဆင့်အတန်းနှင့် သင့်တော်သော တာဝန်ကို ထမ်းဆောင်နိုင်အောင် ကြိုးစားရလိမ့်မယ်။

ယခုအခါ "ရဲဘော်" လို့ ခေါ်နေကြရတဲ့ တပည့်တို့ရဲ့ စစ်ဗိုလ်ဘဝ စစ်သားဘဝဟာ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်နေရတဲ့ ဘဝဖြစ်သော ကြောင့် အလွန်အထက်တန်း ရောက်နေတဲ့ ဘဝဖြစ်ကြောင်းကို အမှန်အတိုင်း နားလည် စေချင်တယ်။ ရှေးမင်းကောင်း မင်းမြတ်များနှင့် ဘုန်းကြီးတို့ရဲ့ အလောင်းအလျာများလဲ မိမိကိုယ်တိုင် စစ်သား စစ်ဗိုလ်ဘဝနှင့် ဖြစ်စေ၊ စစ်တပ်ကို အဖော်သဟဲ လုပ်၍ ဖြစ်စေ နိုင်ငံတော်အကျိုး, သာသနာတော် အကျိုးကို ရွက်ဆောင်ကာ နိဗ္ဗာန် ရောက်ကြောင်း ကောင်းမှု ပါရမီကို ဖြည့်ကျင့်သွားကြတာတွေ တွေ့ရတယ်။

## ၂။ မဟော်သဓာအကြောင်း

ဒီနေရာမှာ အလွန်ထင်ရှားတဲ့ အလောင်းတော် မဟော်သဓာကို စဉ်းစား ကြည့်ကြစမ်းပါ။ ဝိဒေဟ တိုင်းပြည်ကြီးရဲ့ ဗိုလ်ချုပ်ကြီးအဖြစ်နဲ့ တိုင်းပြည် နှင့် တကွ တရားတပါးသော မင်းတို့ကိုပင် ကယ်တင်ခဲ့တယ် မဟုတ်လား။ စူဠနီဗြဟ္မဒတ်မင်းက သမီးတော် ပဉ္စာလစန္ဒီနဲ့ ဖြားယောင်းပြီး ဝိဒေဟတိုင်း ပြည်ကို အပိုင်စီးမယ်ကြံတုန်းက ဗိုလ်ချုပ်မဟော်သဓာ ကိုယ်တိုင် ဥမင်လိုဏ်ကို ဖောက်ပြီး ပဉ္စာလစန္ဒီကို ဝိဒေဟရာဇ်မင်းနဲ့ ဂင်္ဂါမြစ်ကမ်းမှာ လက်ထပ်ပေး လိုက်တယ်။

လက်ထပ်ပြီးလို့ လှေတော်ကြီး ထွက်ခါနီးမှာ ဝိဒေဟရာဇ်မင်းက ကမ်း ပေါ်မှာ ရပ်နေတဲ့ မဟော်သဓာကို "လှေတော်ပေါ်တက်ပြီး. တခါတည်း လိုက်ခဲ့ပါလား" လို့ မိန့်တော်မူတဲ့အခါ မဟော်သဓာက ပြန်၍ သံတော်ဦး တင်တဲ့ စကားဟာ ဗိုလ်လုပ်သူတိုင်း မှတ်စရာကောင်းတယ်။

> "စစ်တပ်ရဲ့ ရှေ့ဆောင်လုပ်တဲ့ သားတော်တို့လို ဗိုလ်ချုပ်က ကိုယ့်အောက်ငယ်သား စစ်သည်တော်များကို ရန်သူတို့ အကြားမှာ ပစ်ထားခဲ့၍ ကိုယ်လွတ် ရုန်းသွားတယ် ဆိုတာ ထုံးစံမဟုတ်ပါ။ စစ်သည်တော် အားလုံးကို ရန်သူ့လက်တွင်းမှ လွတ်ကင်းအောင် ဆောင်ကြဉ်းပြီးမှ လိုက်ခဲ့ပါမည်"။

အဲဒီစကား သံတော်ဦး တင်လိုက်တယ်။ ဘယ့်လောက် ဗိုလ်ချုပ်ပီသတဲ့ အလောင်းတော်လဲ ဆိုတာ စဉ်းစားကြတော့။ အဲဒီ အချိန်ဟာ ညဉ့်အခါ

ဖြစ်လေတော့ မနေ့ကမှ ဝိဒေဟရာဇ်မင်းနှင့် အတူ ပါလာသော တချို့ စစ်သားတွေဟာ ခရီးပန်းပြီး အိပ်ပျော်နေကြတယ်။ တချို့လဲ စားကြ သောက်ကြနဲ့ ပျော်နေကြတယ်။ ၄-လလုံးလုံး ဗိုလ်ချုပ်နှင့်အတူ ဥမင်လိုဏ်ဖောက်ရာမှာပါတဲ့ ရဲဘော်တချို့လဲ မကျန်းမမာ ဖြစ်နေကြရှာတယ်။ ထိုစစ်သားအားလုံးကို ငဲ့ညှာပြီး ဘယ်သူ့ကိုမှ ပစ်၍ မထားခဲ့နိုင်ပါဘူးလို့ သံတော်ဦးတင်တော်မူတာ ဖြစ်တယ်။ ဘယ့်လောက် ဗိုလ်ချုပ်ပီသ သလဲ။

အဲဒီ အလောင်းတော်မဟော်သဓာနှင့် စပ်ပြီး သခ်န်းစာ ယူစေလိုတာက "စစ်ရဲ့ ဦးစီးခေါင်းဆောင် လုပ်နေကြတဲ့ ကြီးကြီးငယ်ငယ် စစ်ဗိုလ်များဟာ မိမိရဲ့ လက်အောက်ငယ်သားများကို အမြဲညှာတာရတယ်။ စစ်သားဘဝ စစ်ဗိုလ်ဘဝဆိုတာ မဟော်သဓာနှင့် မဟော်သဓာကို ကူညီနေတဲ့ ရဲဘော်များရဲ့ဘဝမျိုး ဖြစ်လေတော့ တိုင်းပြည်ကို တကယ်ချစ်တဲ့စိတ်နဲ့ တာဝန်ဆောင်ရမဲ့ ဘဝမျိုး ဖြစ်တယ်"ဆိုတာကို သခ်န်းစာ ယူစေလိုတယ်။

## ၃။ ဗိမ္ဗိသာရမင်းနှင့် စစ်တပ်အကြောင်း

ဘုရား ကျောင်းဒကာဖြစ်တဲ့ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရမင်းရဲ့ အကြောင်းကို ကြည့်ကြဦးစို့—ဗိမ္ဗိသာရ မင်းတရားဟာ ဘုရားနှင့် ပဌမဆုံး တွေ့တုန်းကဘဲ သောတာပန် ဖြစ်တယ်။ အဲဒီ သောတာပန် မင်းတရားလဲ တိုင်းပြည်ကို အုပ်ချုပ်ဘဲ့နေရာမှာ စစ်ဘက်ကိုပင် အဖော်သဟဲသုပ်၍ အုပ်ချုပ်တာကို တွေ့ရတယ်။

အခါတပါး၌ ရာဇဂြိုဟ်ပြည်၏အစွန်အဖျားမှာ သူပုန်ထတယ်။ အဲဒီအခါမှာ သောတာပန်ဘုရင်ကြီးက စစ်ဘပ်ကိုလွှတ်ရတယ်။ စစ်ဘပ်လွှတ်တဲ့အခါ အမိန့်ပေးတဲ့ စကားဟာ အလွန်မှတ်သားစရာ ကောင်းတယ်။ "ဂစ္ဆထ ဘဏေ၊ ပစ္စန္တံ ဥစ္စိနထ=အမောင်ဘို့ သွားချေကြ၊ သူပုန်ထ၍ ပျက်စီးနေတဲ့ အစွန်အဖျား ရွာတွေကို စည်ကားအောင် စောင့်ရှောက်ချေကြ"တဲ့။

ကိုင်း....သောတာပန် ရှင်ဘုရင်ကြီး စကားသုံးနှုန်းပုံဟာ ဘယ့်လောက် အပြစ်ကင်းသလဲ။ စိတ်ထဲမှာလဲ ရွာတွေ ပျက်စီးနေတာ, လူတွေ အိမ်ခြေရာခြေ မတည်ဖြစ်နေတာကို ကြားရတော့ သနားကရုဏာ ဖြစ်ပါလိမ့်မယ်။ အဲဒီကရုဏာကို အရင်းခံပြီးတော့ "လူတွေ နေနိုင် ကိုင်နိုင်အောင်, လယ်ယာ

များကို လုပ်ကိုင်နိုင်အောင် စောင့်ရှောက်ချေကြ'' လို့ အမိန့်ပေးရတာဘဲ။ ဒီတော့ သောဟာပန် ရှင်ဘုရင်ကြီးမှာ စစ်တပ်ကို အဖော်သဟဲလုပ်ပြီး တိုင်းပြည်ကို အုပ်ချုပ်နေပေမဲ့ စိတ်မှာရော နှုတ်မှာရော ဘာအပြစ်မှ မရှိဘူးဆိုတာကို သင်ခန်းစာတရပ်အဖြစ်ဖြင့် မှတ်သားစေလိုတယ်။

ဒီကိစ္စနှင့်စပ်၍ ဆက်ပြီး မှတ်သားစရာ ရှိသေးတယ်။ အဲဒီလို အမိန့်ကျလို့ သူပုန်နှိမ်ရာဘက်သို့ စစ်တပ်ကြီးထွက်သွားခါနီးမှာ အတော်ထင်ရှားတဲ့ တချို့စစ်သားကြီးတွေ ဘုန်းကြီးလုပ်သွားကြတယ်။ သူတို့အကြံက ဒီလိုတဲ့- ''သူပုန်အနှိမ်သွားတဲ့အခါ ငါတို့ရှုံးလျှင် အသတ်ခံရမယ်။ ငါတို့က နိုင်လျှင် သူတို့ကို သတ်ခဲ့ရလို့ အကုသိုလ်များမယ်။ ဒီတော့ ၂-မျိုးလုံး အကျိုးမများဘူး။ ဘုန်းကြီးလုပ်မှဘဲ တော်မယ်''လို့ ကြံကြသတဲ့။

ဒီအကြောင်းကို စစ်ဗိုလ်ကြီးများက သိ၍ ရှင်ဘုရင့်ထံ သံတော်ဦးတင်တဲ့အခါ ရှင်ဘုရင်က ''ဒီလိုအမှုအတွက် ဥပဒေဘယ်လိုရှိသလဲ''လို့ တရားသူကြီးများကို မေးတယ်။ ရဟန်းပြုတဲ့ ကိစ္စမှာ ၁-နံပါတ် အရေးကြီးသူဟာ ထိုရဟန်းသစ်ကို မိဘသဘွယ် ကြည့်ရှု စောင့်ရှောက်ရမဲ့ ဥပဇ္ဈာယ်ဆရာ ဖြစ်တယ်။ ၂-နံပါတ် အရေးကြီးသူက ကမ္မဝါစာဖတ်တဲ့ ဆရာဖြစ်တယ်။ ၃-နံပါတ်ကတော့ ရဟန်းပြုကိစ္စမှာ သဘောတူပါဝင်ကြတဲ့ သံဃာများဖြစ်ကြတယ်။ ဒါကြောင့် ၁-နံပါတ် ဥပဇ္ဈာယ် ဆရာကို ဦးခေါင်းဖြတ်တိုက်ပါသယ်။ ၂-နံပါတ် ကမ္မဝါစာ ဆရာကို လျှာထုတ် ပစ်ထိုက်ပါတယ်။ ၃-နံပါတ် သံဃာကို နံရိုးတဝက်ကျိုးအောင် ချိုးထိုက်ပါတယ်။ အဲဒီလို သံတော်ဦးတင်ကြသတဲ့။

သောဟာပန် ရှင်ဘုရင်ကြီးဟာ သာသနာတော်ကို ထိခိုက်မဲ့ ဒီဥပဒေကို ကြားတော့ ဘုရားထံသွား၍ စစ်သားတချို့ ဘုန်းကြီးလုပ်မှုနှင့် တကွ ဥပဒေကိုပါ လျှောက်ပြီး နောက်နောင်အခါ သာသနာမကြည်ညိုတဲ့ မင်းများလက်ထက်မှာ အနှောင့်အယှက်တွေမှာစိုးလို့ ''မင်းမှုထမ်းများကို ရဟန်းပြုခွင့်ပေးတော် မမူဘို့ရန်'' တောင်းပန် လျှောက်ထားရှာတယ်။

အဲဒီလို လျှောက်ထားတဲ့အခါ ဗုဒ္ဓမြတ်စွာကလဲ (''ရဟန်းပြုတဲ့ ကိစ္စဟာ ကုသိုလ်ရတဲ့ အလုပ်ပဲ။ ဘာဖြစ်လို့ ရဟန်းပြုခွင့်မပေးဘဲ နေရမှာလဲ'' ဟု မြွက်ဟတော် မမူဘဲ) 'ယနေ့ကစပြီး မင်းမှုထမ်းဟူသမျှကို (ဆိုင်ရာ အရာရှိ

များ၏ ကျေကျေနပ်နပ် ခွင့်ပြုချက် မရလျှင်) ရှင်ရဟန်းပြု မပေးရ။ ပြုပေးသော ဆရာမှာ မကောင်းသောအလုပ်ကို လုပ်ရာရောက်သဖြင့် ဒုက္ကဋ်အာပတ်သင့်စေ”ဟု သိက္ခာပုဒ် ဥပဒေတရပ်ကို ပညတ်တော်မူလိုက်ရတယ်။

ဒီအကြောင်းနှင့် စပ်၍ သင်ခန်းစာယူစရာတွေ အများဘဲရှိတယ်။ အရေးကြီးတဲ့အခါမှာ စစ်တပ်က ထွက်ပြေးပြီး ဘုန်းကြီးလုပ်ကာ လူပါးဝတာကို ဘယ်သူမှ မကျေနပ်ဘူးဆိုတာ ထင်ရှားတယ်။ သောဘာပန် ဘုရင်ကြီးရဲ့ တိုင်းပြည်မှာ “ဥပဇ္ဈာယ်ဆရာကို ဦးခေါင်း ဖြတ်ထိုက်တယ်” စသည်ဖြင့် ဥပဒေပြုတဲ့ အမတ်တွေဟာ ဗုဒ္ဓဘာသာဝင် မဟုတ်ကြောင်းလဲ ထင်ရှားတယ်။ ဗုဒ္ဓမြတ်စွာကလဲ သာသနာမှာ ဘေးအန္တရာယ်ဖြစ်ဘွယ်ကိစ္စကို မြင်တော်မူလျှင် (ကုသိုလ်ရမည့် ကိစ္စပင် ဖြစ်သော်လဲ) အစိုးရနှင့် မဆန့်ကျင်တာကို ဗုဒ္ဓမြတ်စွာ လိုလားတော်မူတဲ့ အကြောင်းလဲ ထင်ရှားတယ်။ အဲဒီအကြောင်းအားလုံးကို စုပေါင်းပြီး သင်ခန်းစာတရပ် မှတ်စေလိုတယ်။

## ၄။ ဓမ္မာသောကမင်းအကြောင်း

ဗုဒ္ဓဘာသာဝင် မင်းများတွင် အထင်အရှားဆုံး ဖြစ်တဲ့ သီရိဓမ္မာသောကမင်းကြီးကို ကြည့်ဦးမလား။ ဘုန်းလက်ရုံးအင်အားဖြင့် ဇမ္ဗူဒိပ်ခေါ်တဲ့ အိန္ဒိယတဝှမ်းလုံးကို သိမ်းကျုံးလွှမ်းမိုးပြီး တရားမင်းကြီးအဖြစ်နဲ့ အုပ်စိုးနိုင်ခဲ့တယ်။ အဲဒီအုပ်စိုးတဲ့နေရာမှာ (လက်ညှိုးညွှန်ရာ ရေဖြစ်ရတယ်ဆိုတာမျိုးလို) ဘုန်းတန်ခိုးချည်း မမှတ်ကြနဲ့။ စစ်တပ်ကလဲ စွမ်းရည်သတ္တိနှင့် ဘုရင့်အပေါ်မှာ သစ္စာရှိလို့သာ အုပ်စိုးနိုင်တာ ဖြစ်တယ်။ အဲဒီလို အုပ်စိုးပြီး သာသနာတော်အကျိုး ရွက်ဆောင်ပုံကိုတော့ မပြောနှင့်တော့။ အိမ်ရှေ့မင်းအရာကို မှန်းထားတဲ့ သားတော် မဟိန္ဒမင်းသားနှင့် သမီးတော် သံဃမိတ္တာကိုပင် သာသနာတော်တွင်းသွင်း၍ ရင်းရင်းနှီးနှီး ချီးမြှောက်တော်မူတယ်။ တိုင်းသူပြည်သားတွေ တရားမျှတအောင် တရားစာကျောက်တိုင်တွေ အနှံ့အပြား စိုက်ထူကာ ဘာသာရေးကိုလဲ ကြိုးစားတော်မူခဲ့တယ်။

ယခု မြန်မာနိုင်ငံမှာရှိတဲ့ သာသနာတော်ဟာ ထိုမဟိန္ဒမထေရ်မှ ဆက်သွယ်လာတဲ့ သာသနာတော်ဘဲ။ အကယ်၍ ဓမ္မာသောကမင်းမှာ ဘုန်းတန်ခိုးနှင့် စစ်တပ်အင်အား နည်းပါးခဲ့ပါမူ ယခုအခါ မြန်မာနိုင်ငံ၌ သာသနာရှိကောင်းမှ ရှိမယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ လက်ရှိ သာသနာတော်ဟာ

ထိုခမ္မာသောကမင်းရဲ့ စစ်တပ်နှင့် အဆက်အသွယ် မကင်းဘူးဆိုလျှင် မှားမယ် မထင်ဘူး။ ဒါ့ကြောင့် အားလုံးသော စစ်ဗိုလ် စစ်သားတွေမှာ သာသနာကို စောင့်ရှောက်လိုတဲ့စိတ်လဲ အမြဲရှိစေလိုတယ်။

## ၅။ ဒုဋ္ဌဂါမဏိမင်းနှင့် သာသနာ

သီဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိ အဘယမင်းကို ကြည့်ကြစမ်းပါ။ သူရဲကောင်း ဗိုလ်မှူးတကျိပ်နဲ့အတူ သာသနာပြုလိုသော ဇောဖြင့် ရန်သူများကို သုတ်သင် ခဲ့ရှာတယ်။ ထိုမင်းအတွက်မှာ သာသနာစိတ်နှင့် စစ်စိတ်ကို ခွဲမရအောင် တွဲနေတယ်။ သူစွဲကိုင်သော လှံ့မှာပင် ဘုရားဓာတ်တော်ကို ဌာပနာထား သတဲ့။ သူ သစ္စာဓိဋ္ဌာန်လေ့ရှိတဲ့ စကားမှာလဲ "မိမိ ချမ်းသာရေး အတွက် ကြိုးစားခြင်း မဟုတ်ပါ။ ဘုရားသာသနာတော်ကို ခိုင်မြဲစွာ တည်စေလို သောကြောင့်သာ ကြိုးစားခြင်းဖြစ်ပါသည်"ဟု သစ္စာပြုလေ့ရှိတယ်။

အခါတပါး၌ စစ်တိုက်ထွက်ခါနီးမှာ ကျောင်းတိုက်ကြီးသို့သွား၍ သံဃာ တော်များကို ပင့်သွားလိုကြောင်း လျှောက်သတဲ့၊ လျှောက်ပုံက—ဘုရား သာသနာတော် ထွန်းပစိမ့်သောငှါ ဂင်္ဂါ တဘက်သို့ သွားရ ပါမည်။ ရဟန်းတော်များကို ဖူးမြင် နေရခြင်းသည် ဒကာတော်မှာ မင်္ဂလာ ဖြစ် ပါသည်၊ ဘေးရန် အစောင့်အရှောက်လည်း ဖြစ်ပါသည်။ ထို့ကြောင့် မပြတ် ဖူးမြင်၍ အလှူဒါနပြုဘို့ရာ ရဟန်းတော်များကို ပင့်သွားလိုပါသည်။ ဤသို့ လျှောက်သည့်အခါ ဆရာတော်မထေရ်ကြီးများက အရွယ်ကောင်း ကောင်း ရဟန်းငါးရာကို ထည့်လိုက်တော်မူကြသတဲ့။

ဒီနေရာမှာ သင်ခန်းစာယူစေလိုဘာက "ဘယ်မြို့ဘယ်ရွာမဆို မိမိတို့စစ်တပ် ရောက်နေတဲ့နေရာတိုင်းမှာ ရဟန်းသံဃာများ တွေ့နိုင်ပါတယ်။ ထိုသို့ တွေ့ရာ၌ ရဟန်းတော်များနှင့် သင့်တင့်ညီညွတ်စွာ ဆက်ဆံကြစေလိုတယ်။ အကယ်၍ အနေအထိုင်မှာ မကျေနပ်စရာ တွေ့လျှင်လဲ အခါကောင်းတဲ့အနေမှာ သာသ နာတော် သန့်ရှင်းစင်ကြယ်အောင် ငါတို့ရှက်ဆောင်မယ်"လို့ အဓိဋ္ဌာန်ပြုခဲ့ပါ။ ပြီးတော့ မည်သည့်ဘာသာဝင်မဆို ဆိုင်ရာဘာသာဝင်များ၏ အဆောက် အဦများကိုလဲ စွမ်းနိုင်သမျှ လေးစားကြပါ။

ပြီးတော့ ဒုဋ္ဌဂါမဏိမင်းရဲ့ ဗိုလ်မှူးကြီးတကျိပ်ထဲမှာ အဘယသူရဲကောင်းကြီးပါတယ်။ စစ်တပ်ကိစ္စအားလုံး ပြီးဆုံး၍ သူရဲကောင်းကြီးတို့အား ရာထူးပေးတဲ့အခါ အဘယသူရဲကောင်းကြီးက ရာထူးမယူဘဲ "ကိလေသာစစ်ပွဲ၌ ဝင်နွှဲဘို့ကိစ္စရှိပါသေးကြောင်း" သံတော်ဦးတင်ကာ ရဟန်းပြု၍ ရဟန္တာဖြစ်တော်မူတယ်။ ဒီနေရာမှာ သင်ခန်းစာယူစေလိုတာက "စစ်ပွဲပေါင်းများစွာကို ဝင်နွှဲခဲ့တဲ့ဗိုလ်မှူးကြီးတယောက်လဲ ရဟန္တာဖြစ်နိုင်သေးတယ်" ဆိုတာဘဲ။ နောက်၌ပြမဲ့ စစ်သားများရဲ့ ကိုယ်ကျင့်အခန်းမှာလဲ ဒီ အဘယဗိုလ်မှူးကြီးကို ပြန်၍ အမှတ်ရစေလိုတယ်။ ကိုင်း ကိုင်း ဒီမျှလောက်နဲ့ဘဲ ရှေးသူတော်ကောင်းများနဲ့ စစ်တပ်အကြောင်းကို ရပ်ပြီး "စစ်တပ်နှင့် သာသနာကို နိုင်ငံက လေးစားပုံအကြောင်း" ဆက်ကြဦးစို့။

## စစ်တပ်နှင့်သာသနာကို လေးစားပုံပြသော ဒုတိယအခန်း

ဘုန်းကြီးတို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေဟာ သာသနာတော်ကို လေးစားသလို စစ်သားများကိုလဲ အလွန်လေးစားကြတယ်။ မြန်မာရာဇဝင်အစောင်စောင်မှာ အချောင်သမား ရှင်ဘုရင်များထက် မိမိကိုယ်တိုင် တိုက်ဝံ့ခိုက်ဝံ့သော ဗိုလ်ချုပ်ရှင်ဘုရင်များက သာ၍ ထင်ရှားခဲ့တယ်။ အနော်ရထာ, ဘုရင့်နောင်, အလောင်းမင်းတရားကြီး ဦးအောင်ဇေယျတို့ လက်ထက်မှာ နိုင်ငံတော်အလွန်ကျယ်ပြန့်ခဲ့တယ်။ အနော်ရထာမင်းဟာ သူ့ကိုယ်တိုင် စစ်ဗိုလ်ဟုတ်-မဟုတ် မသိရသော်လဲ သူ၏လက်အောက်က ကျန်စစ်သား စသောဗိုလ်ချုပ်ကြီးတွေရှိနေလို့ နိုင်ငံတော်ကို ချဲ့ထွင်နိုင်ခဲ့တယ်မဟုတ်လား။

တပင်ရွှေထီးရဲ့ နောင်တော်လို့ ခေါ်ကြတဲ့ "ဘုရင့်နောင်"မင်း ကတော့ သူကိုယ်တိုင်ဗိုလ်ချုပ်ဘဲ။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျကတော့ အောက်ခြေကစ၍ တိုက်ခိုက်ပြီး တိုးတက်ရတဲ့ တကယ့်ဗိုလ်ချုပ်ကြီးပေါ့။ အဲဒီလို ဗိုလ်ချုပ်ကြီးတွေ ထွန်းကားတဲ့ခေတ်မှာ တိုင်းပြည်ကျယ်ဝန်းလာခဲ့တာဘဲ။ အဲဒီ ဗိုလ်ချုပ်ကြီးတွေကို ယခုထိအောင် တိုင်းပြည်က လေးစားနေတာဘဲ။ ရှင်ဘုရင် မဟုတ်သော်လဲ တိုင်းပြည်ကိုအဟုတ်ချစ်ပြီး သတ္တိရှိတဲ့ မင်းကြီးရန်နောင်တို့ မင်းကြီးဗန္ဓုလတို့ကိုလဲ တိုင်းပြည်က ယခုတိုင် လေးစားလျက် ရှိသေးတယ်။

## ဗိုလ်ချုပ်အောင်ဆန်းနှင့် ပြည်သူ့အသိ

ဟိုရှေးက အကြောင်းတွေကို ထားလိုက်ပါဦး။ မကြာမီက ဗိုလ်ချုပ်အောင်ဆန်းကို လူတွေရှိသေတာ ဘာအရှိန်လဲ။ တိုင်းပြည်ကို အဟုတ်ချစ်၍ ရိုးသားဖြောင့်မတ်သော ဗိုလ်ချုပ်ဆိုတဲ့ နာမည်ရဲ့ အရှိန်ဘဲ။ သူ့ကို တိုင်းပြည်က ဘယ်လို သိနေသလဲ။ အင်္ဂလိပ်ကို တော်လှန်ဖို့ ဂျပန်ကိုသွားတယ်။ နောက် ဂျပန်တွေကို ခေါ်လာပြီး မတရားဘူးထင်တဲ့ ဂျပန်တွေကို တိုက်ထုတ်ပြန်တယ်။ နောက် အင်္ဂလိပ်တို့ထံမှ လုံးဝလွတ်လပ်ရေးကို တောင်းတယ်။ မရလျှင် ချမယ်လို့လဲ အသံထွက်လာတယ်။ မှန်မှန်ပြောတယ်၊ ကိုယ်ကျင့်ကောင်းတယ်၊ မည်သူ့အပေါ်မှာမဆို ဖြောင့်မတ်တယ်။ နိုင်ငံရေးတွင် နိုင်ငံ့အကျိုးကြည့်ပြီး မည်သူ့ကိုမဆို ပေါင်းနိုင်တယ်။ ရန်ငြိုးဖွဲ့တတ်တဲ့ သဘော မရှိဘူး။ အဲဒီအချက်အားလုံး စုပေါင်း၍ သတ္တိကောင်းသော ဗိုလ်ချုပ်လို့ တိုင်းပြည်က သိနေကြတယ်။

တိုင်းပြည်က ဗိုလ်ချုပ်တို့လို လူကိုမှ လေးစားတာ မဟုတ်ပါဘူး။ တိုင်းပြည်ကို အဟုတ်ချစ်ပြီး အချက်ကျကျ ရွက်ဆောင်ပေးလျှင် သာမန်စစ်သားကိုလဲ လေးစားတာဘဲ။ မကြာမီက မန္တလေးမှာ သူပုန်ဝင်လာတော့ ရဲဘော်တွေ အစိုးရစစ်တပ်နဲ့ ပေါင်းပြီး သူပုန်ကို တိုက်ထုတ်ကြတယ်။ အဲဒီ အချိန်မှာ မြို့သူမြို့သားတွေ နှုတ်ဖျားက "ရဲဘော်" ဆိုသော စကားချည်း ထွက်လာတာဘဲ။ ဘယ့်လောက် ကြည်ညိုလိုက်ကြသလဲဆိုတာ စဉ်းစားကြတော့။ ယခုဖော်ပြခဲ့တဲ့ အချက်တွေကို ထောက်ပြီး တိုင်းသူ ပြည်သားတွေဟာ သာသနာတော်ကို လေးစားသလို စစ်တပ်ကိုလဲ လေးစားကြပါတယ် ဆိုတာကို သိစေလိုတယ်။ သာသနာနှင့် စစ်တပ်ကို ဘာ့ကြောင့် လေးစားကြသလဲဆိုတာ ထင်ရှားအောင် တတိယအခန်း ဆက်ကြဦးစို့ရဲ့။

---

## စစ်သားများ၏ ကိုယ်ကျင့်ကိုပြသော တတိယအခန်း

### ၁။ ကြောင်းကျိုး ဝေဘန်မှု

ဗုဒ္ဓမြတ်စွာရဲ့ တရားတော်မှာ ဘယ်နေရာမဆို အကြောင်းနှင့်အကျိုးကို ဆက်စပ်ဝေဘန်လေ့ရှိတယ်။ အကြောင်းမရှိဘဲ ဘာမှ မဖြစ်ဘူး။ စစ်တပ်နှင့် သာသနာကို နိုင်ငံက လေးစားခြင်းဟာ (အလေးပြုခံရမှု) အကျိုး ဖြစ်တယ်။

ဒီတော့ ''ဘယ်အကြောင်းကြောင့် အလေးပြုခံရသလဲ''လို့ အကြောင်းကို ရှာရလိမ့်မယ်။ ဒါ့ကြောင့် သာသနာတော် အလေးပြုခံရခြင်း၏ အကြောင်းကို ပဌမ ရှာကြစို့။

အနော်ရထာမင်း လက်ထက်က အရည်းကြီး ဂိုဏ်းသားတွေ မဘာရားဩဇာ ပေးနေတာကို မင်းနှင့်တကွ တိုင်းပြည်က ရွံမုန်းနေတုန်းမှာ သထုံပြည်က အရှင်အရဟံ ကြွရောက်လာတယ်။ ထို့နောက် အရှင်အရဟံနှင့် သဘောတူ ရဟန်းတော်များ ဆက်ကာဆက်ကာ ကြွလာကြတယ်။ အဲဒီ ရဟန်းတော်များ က အရည်းကြီး ဂိုဏ်းသားတွေထက် အနေအကိုင် အကျင့်သိက္ခာ ပြောဟော ဆုံးမပုံမှစ၍ ဘာချင်တိုင်း သာနေလေတော့ မင်းနှင့်တကွ တိုင်းသူပြည်သားက အရည်းကြီး ဂိုဏ်းသားတွေကို ဖယ်ရှားပြီး အရှင်အရဟံ စသော ရဟန်းတော် များကို စိတ်ပါလက်ပါ လေးစားလာကြတယ်။ ထို့နောက် ရဟန်းတော်များ က ဘုရားတရားတော်မှ လူတို့နှင့် သင့်လျော်ရာကို ထုတ်ဖော်သင်ပြကြသဖြင့် ထိုခေတ်က လူများရဲ့ တိုးတက်လာသော ယဉ်ကျေးမှုတွေဟာ သာသနာ တော်မှ အများအပြားရခဲ့ကြတယ်။

ဒီ့နောက် တချို့ရဟန်းတော်များက ကိုယ်ရေးကိုယ်တာကိုသာ ကျင့် တော်မူကြ၍ တချို့ရဟန်းတော်များကမူ ကလေးများကိုပင် ယဉ်ကျေးလိမ္မာမှု (ဂဏန်းသင်္ချာစသော) တတ်သိနားလည်မှုများကိုပါ သင်ပြ ပေးကြတယ်။ အဲဒီ သင်ပြမှုအတွက် မြန်မာဘုရင်အဆက်ဆက်က ဘုရင်နှင့်တကွ မှူးကြီး မတ်ကြီးတွေဟာ ဘုန်းကြီးကျောင်းထွက်ချည်း ဖြစ်ခဲ့ကြတယ်။ အဲဒီလို လောက ကြီးပွါးကြောင်းကို သင်ပြပေးတဲ့အပြင် နောင်သံသရာအရေးကိုလဲ ယဉ်ကျေး အောင် ဟောပြောဆုံးမလို့ တိုင်းသူပြည်သားတွေ လူတော်လူကောင်း အများအပြားဖြစ်နေကြတယ်။

ဒီတော့ ''ရဟန်းတော်များ၏ကိုယ်ကျင့်သိက္ခာကောင်းခြင်း, ဒီဘဝနောက်ဘဝ နှစ်ဌာနၶ့် ကြီးပွါးချမ်းသာကြောင်း နည်းလမ်းကို တိုင်းသူပြည်သားအား သင်ပြ ဟောပြောပေးခြင်းသည် အကြောင်း၊ တိုင်းသူပြည်သား၏ ရိုသေလေးစားမှုကို ခံယူရခြင်းသည် အကျိုး၊ အဲဒီလို အကြောင်းနှင့်အကျိုး ထင်ရှားရော မဟုတ်

လား။ ဒီလို နားလည်လျှင် အကြောင်း ကောင်းသလောက် အကျိုးကောင်း သလို့ အကြောင်းညံ့လျှင်လဲ အကျိုးညံ့မှာဘဲ''ဆိုတာ သိရမယ်။

ယခုအခါ သာသနာတော်ကို ရှေးခေတ်ကလို မလေးစားတော့ဘူး။ ''ရှိသေလေးစားမှုအကျိုးဟာ လျော့လာပြီ''လို့ ဆိုလိုတယ်။ လျော့ရခြင်း၏ အကြောင်းကို စဉ်းစားပြန်တော့— ယခု ရဟန်းတော်များရဲ့ ကိုယ်ကျင့်သိက္ခာဟာ အမှန်အတိုင်း ဝန်ခံရလျှင် များသောအားဖြင့် ရှေးက ရဟန်းတော်များကို မမှီတော့ဘူး။ ဒီဘဝအတွက် အထက်တန်း ရောက်အောင် ကြီးပွါးရေးကိုလဲ ဘုန်းကြီးကျောင်းက (အများအားဖြင့်) မပေးနိုင်တော့ဘူး။ အဲဒီလိုအကြောင်းက ညံ့လာသည့်အတွက် ရိုသေလေးစားမှု အကျိုးလဲ ညံ့လာရတော့တာဘဲ။ ဒီတော့ သာသနာတော်မှာ ရိုသေလေးစားမှုအကျိုး တိုးတက်လာစေလိုလျှင် ယခင်အကြောင်း ၂-မျိုးကိုပင် တိုးလာအောင် ကြိုးစားရလိမ့်မယ်။ ဒီအချက်ကို သာသနာ တိုးတက်စေလိုသော စိတ်ရှိတဲ့ ရဲဘော်တပည့်များ သတိထားခဲ့ကြပါ။

နိုင်ငံက စစ်သည်တော်တပ်သားတွေကို လေးစားခြင်း၏ အကြောင်းကို စဉ်းစားကြစို့။ အနော်ရထာ စသော ရှေးမင်းကောင်းတို့ လက်ထက်ကပင် နိုင်ငံတော် တိုးတက်အောင် လုံခြုံအောင် စစ်တပ်က စောင့်ရှောက်ခဲ့ပုံမှာ ယခုအထိ ထင်ရှားနေတယ်။ ပြီးတော့— ''များစွာသော စစ်သားတွေဟာ ဆွေမျိုးဉာတိ သားမယားနှင့် ခွဲပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရှာကြတယ်။ အနစ်နာခံစရာရှိလျှင် သူတို့ပင် အနစ်နာ ခံရှာကြတယ်''လို့ စဉ်းစားပြီး စစ်သားတွေအပေါ်မှာ သနားညှာတာကြတယ်။ ဒါ့ကြောင့် ''စစ်သားဆိုလျှင် တိုင်းပြည်၏ အကျိုးကို အသက်ပေး၍ ထမ်းဆောင်နေကြသည်''ဟု နားလည်နေခြင်းသည် အကြောင်း၊ စစ်သားတို့ကို လေးစားခြင်းသည် အကျိုး''ဟု အကြောင်း အကျိုး ထင်ရှားရော။

တချို့က စစ်သားကို ကြောက်လို့လေးစားတာရှိသေးတယ်။အဲဒီ ကြောက်လို့ လေးစားတာကိုတော့ မောင်တို့တတွေ အသားမယူလေနဲ့။ မကောင်းသော လေးစားခြင်းဖြစ်တယ်။ ကိုင်းကိုင်း—''တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခြင်း ဆိုတဲ့ အကြောင်းကောင်းလို့ လေးစားခံရခြင်း အကျိုးရလျှင် အကြောင်း

မကောင်းတဲ့အခါ မလေးစားခြင်း အကျိုးကိုလဲ ရမှာဘဲ'' ဆိုတာကို အပြန်အလှန် နားလည်ကြ။

ဥပမာ အနေအားဖြင့် ပြောရလျှင်—ကျေးရွာတရွာမှ လုလင် တယောက်ဟာ တိုင်းပြည်တာဝန်ကို ထမ်းဆောင်လို၍ စစ်တပ်ထဲမှာ ထမ်းဆောင်နေတယ်ဆိုကြစို့။ အဲဒီ သူငယ်ကို ထိုရွာနဲ့တနယ်လုံးက လေးစားကြမယ်။ ထိုသူငယ်ရဲ့ မိဘဆွေမျိုး သားမယားတို့ကိုလဲ လေးစားကြမယ်။ ဘယ်သူကမှ မတရားလုပ်ဝံ့မယ် မဟုတ်ဘူး။ အဲဒီလို စစ်သားတယောက်ရဲ့ ကောင်းသော အရှိန်ဟာ ဆွေမျိုးအားလုံးရဲ့ ခိုကိုးရာ ဖြစ်နိုင်တယ်။ ထိုစစ်သားဟာ တာဝန် မကျေလို့ စစ်တပ်က ထုတ်ပစ်လိုက်ရတယ်၊ သို့မဟုတ် ထွက်ပြေးတယ်ဆိုလျှင် မိဘဆွေမျိုးနှင့် သားမယားတွေပါ အရှိန် အဝါ ပျက်ပြီး နေရာတိုင်းမှာ မျက်နှာငယ်ရတော့တာဘဲ။ ဒါ့ကြောင့် တိုင်းပြည်က လေးစားမှုဆိုတဲ့ အကျိုးတရား မပျက်ပြားအောင် စစ်သားတိုင်း ရှိသင့်သော ကိုယ်ကျင့်တရား အကြောင်းများကိုလဲ ကြိုးစား၍ ထိန်းသိမ်းကြစေလိုတယ်။

## ၂။ ကိုယ်ကျင့်ပြုပြင်ရေး

ဘုန်းကြီးတို့မြန်မာလူမျိုးများက ''သင်္ခါရဘဲ ပျက်မှာပေါ့''လို့ သုံးစွဲနေကြတယ်။ ဘုန်းကြီးကတော့ ''သင်္ခါရဘဲ ပြုပြင်လိုက်ရလျှင် ရတာပေါ့''လို့ (လောကီကြီးပွါးရေးမှာ)သုံးစွဲစေချင်တယ်။ [အကြောင်းတရားတွေ ပြုထားလို့ ဖြစ်သမျှအကျိုးကို ''သင်္ခါရ''လို့ ခေါ်တယ်။] ဒီတော့ အကြောင်းကောင်းလေ အပြုအပြင် ကောင်းလေ သင်္ခါရဖြစ်တဲ့ အကျိုးတရား ကောင်းလေဘဲ။ ဒါ့ကြောင့် စစ်သားများကို ကျန်းမာရေးနှင့် တကွ ကိုယ်ကျင့်ကောင်းအောင် ပြုပြင်ပေးရမယ်။ နိုင်ငံခြားစစ်တပ်နှင့် လူအင်အား လက်နက်အင်အား ကွာခြားစေကာမူ တယောက်ချင်းယှဉ်ကြည့်လျှင် အောက်ကျနေမှာ မခံချင်ဘူး။ ဘယ်နေရာကမှ အောက်မကျစေချင်ဘူး။

ကျန်းမာရေးကို အမြဲလေ့ကျင့်ကြပါ။ ကျန်းမာရေးနှင့် ဆန့်ကျင်တဲ့ အပျော်အပါးအားကြီးမှုကို ရှောင်ကြပါ။ စစ်ယူနီဖောင်းကို ဝတ်လိုက်သည်နှင့် တပြိုင်နက် ''ငါဟာ အရပ်သား မဟုတ်၊ စစ်သားဘဲ'' ဆိုတာကို သတိထားလိုက်ပါ။ ယူနီဖောင်းဝတ်ပြီး လမ်းသွားတဲ့အခါ တောင့်တောင့်တင်းတင်း

သွားပါ။ ယူနီဖောင်းဝတ်ပြီးတော့ အိမ်ကြို အိမ်ကြားမှာ လယ်မနေပါနှင့်။ ငါ စစ်သားပဲလို့ဝဲ့ မာနဒွဂ့် အရပ်သူ အရပ်သားကို မစော်ကားပါနှင့်။ ဘုန်းကြီးတို့ သက်န်းဝတ်တပါး မတော် မတရား လုပ်နေတာကို မြင်လျှင် "ဘုန်းကြီးတွေဟာ, ဘုန်းကြီးတွေဟာ" လို့ ဘုန်းကြီးကောင်းတွေပါ အကဲ့ရဲ့ခံရသလို ယူနီဖောင်းဝတ် စစ်သားတယောက် မကောင်းလျှင် စစ်သားအားလုံးပင် အကဲ့ရဲ့ခံရပါလိမ့်မည်။

ပြီးတော့—ယူနီဖောင်းဝတ်ထားတဲ့အခါမှာ စကားအပြောကိုလဲ ယဉ်ယဉ်ကျေးကျေး ပြောတတ်ဘို့ အလေ့လုပ်ကြပါ။ စစ်သားဆိုလျှင် နဂိုကကြောက်နေကြတဲ့သူတွေကို ထန်ထန် မာမာ ပြောလျှင် ကြောက်ရာက မကြည့်ချင်အောင် ရွံမုန်းလာမှာ စိုးရပါတယ်။ ချိုချိုသာသာ ပြောလျှင်တော့ မုန်းမဲ့အစား အားကိုး ချစ်ခင်လာပါလိမ့်မယ်။ စိတ်ကလဲ "ငါဟာ လူအများရဲ့ ကြောက်စရာ ရွံမုန်းစရာ မဖြစ်စေဘဲ အားကိုးစရာ ဖြစ်စေရမယ်" လို့ အမြဲသတိထားကာ ဘယ်နေရာမဆို ကယ်ဆယ်ဘို့ကိုသာ ရှေးရှုကြပါ။

ပြီးတော့—တချို့စစ်သားများမှာ မိမိကို အားကိုးနေတဲ့ မိဘ သားမယားများနဲ့ ဝေးကွာပြီး နေရပါလိမ့်မယ်။ ထိုမိဘသားမယားများကို ထောက်ပံ့ဘို့ တာဝန်ရှိလျှင်လဲ မှန်မှန်ထောက်ပံ့ကြပါ။ ထောက်ပံ့နိုင်အောင်လဲ ချွေတာသုံးစွဲကြပါ။ အထောက်အပံ့ မှန်မှန်ရတဲ့ မိဘများက သားကလေးကို ကျေးဇူးတင်ပြီး "ငါ့သားကြီး ဘေးရန်ကင်းကွာ အသက် ရှည်ပါစေ" လို့ အကြိမ်ကြိမ် ဆုတောင်းမေတ္တာ ပို့သကြပါလိမ့်မယ်။ မိမိရဲ့ဇနီးနှင့် သားသမီးကလေးများလဲ မိမိ၏ အထောက်အပံ့ကြောင့် မျက်နှာမငယ်ရပဲ စိတ်ချမ်းသာစွာ နေနိုင်ကြပါလိမ့်မယ်။ ဒီလိုမှ အထောက်အပံ့မပေးနိုင်လျှင် အားလုံး မျက်နှာငယ်ပြီး "သူဟာ စစ်ထဲ လိုက်သွားလို့ သူ့ရဲ့ သားမယားတွေ ငတ်နေပါပကော" လို့ ပြောစရာ ဖြစ်ပါလိမ့်မယ်။

## ၇။ စစ်ဗိုလ်များ၏ နာယကဂုဏ်

မည်သည့်နေရာမှာမဆို အများ၏ခေါင်းဆောင် ပုဂ္ဂိုလ်ကို "နာယက" လို့ ခေါ်တယ်။ စစ်တပ်အစိတ်အပိုင်းကို အုပ်ချုပ်သူက စ၍ ဗိုလ်ချုပ် အထိဟာ

လက်အောက်ငယ်သားများရဲ့ နာယကချည်းဖြစ်ကြတယ်။ ထိုနာယကများ၏ ဂုဏ်အင်္ဂါကို ကျမ်းစာတို့၌ ၆-မျိုး ပြထားတယ်။

(၁) ခမာ=သည်းခံခြင်း၊

(၂) ဇာဂရိယ=နိုးနိုးကြားကြားရှိခြင်း၊

(၃) ဥဋ္ဌာန=အသိဉာဏ်ပါသော ထကြွလုံ့လဝီရိယရှိခြင်း၊

(၄) သံဝိဘာဂ=ခွဲဝေပေးလေ့ရှိခြင်း၊

(၅) ဒယာ=သနားညှာတာခြင်း၊

(၆) ဣက္ခဏာ=ကြည့်ရှုစောင့်ရှောက်ခြင်း။

**ခမာ** ဗိုလ်လုပ်သူတိုင်း ငယ်သားများကို စောစောက တင်ကြို၍ အမှား မရှိရအောင် သတိပေးရမယ်။ သတိပေးထားလျက် မတော်တဆ အမှားတွေ့လျှင် "မိမိလို အရည်အချင်းမရှိသေး၍ ငယ်သား ဖြစ်နေတာဘဲ" လို့ သဘောထားပြီး သည်းခံရမယ်။ နောင် မမှားရအောင်လဲ ကြပ်တည်းစွာ သတိပေးရမယ်။

**ဇာဂရိယ** ဗိုလ်လုပ်သူဟာ အအိပ်ကြီးလို့မတော်ဘူး။ နိုးနိုးကြားကြား ရှိစေရမယ်။ ကိုယ်ကတော့ အအိပ်ကြီးပြီး ငယ်သားတွေကို တော့ မအိပ်မနေကြိုးစားစေလျှင် ငယ်သားများက မတရားဘူးထင်လာမှာဘဲ။

**ဥဋ္ဌာန** ဆိုင်ရာကိစ္စ၌ နားလည်မှုဉာဏ်ပညာနှင့် ထထကြွကြွလုံ့လဝီရိယလဲ ရှိစေရမယ်။ ဉာဏ်ပညာမရှိ လုံ့လဝီရိယ မရှိသော ခေါင်းဆောင် ကို ဘယ်ငယ်သားကမှ မလေးစားချင်ဘူး။

**သံဝိဘာဂ** အစားအဝတ်မှစ၍ ငယ်သားများကို ခွဲဝေပေးလေ့ရှိရမယ်။ ဗိုလ်ကတော့ ခမ်းခမ်းနားနား စားသောက် နေထိုင်ပြီး ငယ်သားတွေ အဝတ်ဝတ် အပြတ်ပြတ် ဖြစ်နေလျှင် ဘယ်နေရာမှာမှ အဆင်မပြေနိုင်ဘူး။

ဒယာ — ငယ်သားတွေ အပေါ်မှာ အကျိုးလိုလားသော မေတ္တာစိတ်နှင့် သနားညှာတာသော ကရုဏာစိတ် အမြဲရှိဘို့ လိုတယ်။ ခေါင်းဆောင်က မေတ္တာရှိမှန်း သနား ညှာတာမှန်းသိမှ ခေါင်းဆောင်ရဲ့ အမိန့်ကို လွယ်လွယ်ကူကူ လိုက်နာနိုင်တယ်။ မသနား မညှာတာဘူးထင်လျှင် အမိန့်ကို နာခံချင်မယ် မဟုတ်ပေဘူး။

ဣက္ခဏာ — ငယ်သားတွေ့အပေါ်မှာ မကျန်းမမာတဲ့အခါ ဖြစ်စေ၊ တစုံတခု အခက်အခဲကြုံတဲ့အခါ ဖြစ်စေ ကြည့်ရှု စောင့်ရှောက်ရမယ်။ ဒီလိုမှ စောင့်ရှောက်ဖော်မရလျှင် ခေါင်းဆောင်ကို လေးစားချင်မယ် မဟုတ်ဘူး။ မေတ္တာကရုဏာဖြင့် အရာရာ စောင့်ရှောက်မှန်းသိလျှင် ခေါင်းဆောင်ရဲ့တာဝန်ကို အသက်ပေးပြီး တမ်းဆောင်ချင်စိတ် ပေါ်လာကြပါလိမ့်မယ်။ ဒါ့ကြောင့် ငယ်သားများ၏ ခေါင်းဆောင်ဖြစ်ကြတဲ့ စစ်ဗိုလ်အားလုံး မိမိကိုယ်ကို နာယကဂုဏ် ၆-ပါးနှင့် ပြည့်စုံအောင် သတိထားစေချင်တယ်။

## ၄။ သီဟစစ်သူကြီးအကြောင်း

ဗုဒ္ဓမြတ်စွာလက်ထက်တော်က ဝေသာလီပြည်မှာ သီဟ စစ်သူကြီး ဆိုတာ လိစ္ဆဝီမင်းအပေါင်းတို့ရဲ့ စစ်သူကြီး ဖြစ်တယ်။ နဂိုကလည်း လိစ္ဆဝီမင်းသား တပါးဘဲ။ သူဟာ ပဋ္ဌမတုန်းက နိဂဏ္ဌဆရာကြီးကို ကိုးကွယ်တယ်။ နောက်မှ အစည်းအဝေးတခုမှာ လိစ္ဆဝီမင်းအများပြောနေတဲ့ ဗုဒ္ဓရဲ့ ဂုဏ်တော်များကို ကြားရလို့ ဗုဒ္ဓအထံသွားချင်စိတ် ပေါ်လာတယ်။ သို့သော် ဗုဒ္ဓအထံသွားလို ကြောင်းကို နိဂဏ္ဌ ဆရာကြီးအား ပန်ကြားတဲ့အခါ ဆရာကြီးက ဝါဒချင်း မတူသဖြင့် မသွားသင့်ဘူးဟု တားမြစ်သောကြောင့် သွားဘို့ အစီအစဉ် ပျက်သွားတယ်။ ဒုတိယအကြိမ် ဂုဏ်တော်များကိုကြားလို့ သွားဘို့ ခွင့်တောင်းတော့လဲ ဖျက်ပြန်တာဘဲ။

တတိယအကြိမ်ကျတော့ ဆရာကြီးထံ ခွင့်မပန်တော့ဘဲ တမြို့လုံးကို ကြွေးကြော်ပြီးမှ ရထားငါးရာ ခြံရံလျက် ဗုဒ္ဓအထံ သွားလေရာ— တရားစကားကို ကြားနာအပြီးမှာ သောတာပန် ဖြစ်သွားတယ်။ ဒီလို သောတာပန်ဖြစ်ပေမဲ့

စစ်သူကြီးဟာ စစ်သူကြီးဘ၀နဲ့ဘဲ တရားသော နည်းလမ်းဖြင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေပါတယ်။

အဲဒီ သီဟစစ်သူကြီးအကြောင်းနဲ့စပ်ပြီး ဒီလိုစစ်တပ်တွေကို ရှေးရှေးတုန်းက သောတာပန် ဗိုလ်ချုပ်တွေပင် အုပ်ချုပ်နေကြဘူးတယ်လို့ သင်ခန်းစာယူပြီး ယခုအခါ ဗိုလ်များလဲ (ကြမ်းသင့်တဲ့ နေရာမှာ ကြမ်းပေမယ်လို့) အမြဲအားဖြင့်တော့ နူးညံ့နိုင်သမျှ နူးညံ့ကြပါလို့ သတိပေးလိုတယ်။

ကိုင်း ကိုင်း-ဘုန်းကြီးဟောပြောလိုတဲ့ အကြောင်းအရာများ အတော်ပြည့်စုံသွားပြီ။ "ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အဓိကဌာနမှာ သာသနာတော်နှင့် စစ်တပ်ပင် ဖြစ်သည်"ဟု ဘုန်းကြီး စဉ်းစားမိသလို အမောင်တို့ရဲဘော်တပည့်များလဲ စဉ်းစားကြပြီးလျှင် စစ်တပ်ကြောင့် နိုင်ငံတော်ခန့်ညား၍ သာသနာကြောင့် တိုင်းသူပြည်သားတို့ အသိဉာဏ်တိုးပွါးအောင် အသီးသီးကြိုးစားကြရာဝယ် "ကိုင်းကို ကျွန်းမှီ၊ ကျွန်းကို ကိုင်းမှီ"ဆိုသည့်အလားအချင်းချင်း အားထားလျက် ကြိုးစားကြရလိမ့်မယ်။ ဒါကြောင့် ဒုဋ္ဌဂါမဏိအဘယမင်းဟာ "မိမိချမ်းသာဘို့ ကြိုးစားနေတာ မဟုတ်ပါ။ သာသနာကိုတည်တံ့အောင် ထားနိုင်ဘို့ ကြိုးစားခြင်းဖြစ်ပါတယ်"ဟု သစ္စာပြုသလိုအမောင်တို့လဲ "တိုင်းပြည်နှင့် သာသနာ ခိုင်မြဲအောင် ငါတို့ ကြိုးစားခြင်းဖြစ်ပါတယ်"လို့ သစ္စာပြုကာ တိုင်းပြည်အကျိုး သာသနာအကျိုးကို ထမ်းဆောင်နိုင်သော သားကောင်းရတနာတွေ ဖြစ်နိုင်ကြပါစေသတည်း။

(စစ်တပ်အသံ) သာဓု၊ သာဓု၊ သာဓု၊

# ဗလိနတ်စာ မေးခွန်း

## စစ်သားအမေးနှင့် ဆရာတော်အဖြေ

တရားပြီးဆုံးသည့်အခါ ပရိသတ်ထဲမှ မေးခွန်းများ မေးကြ၏။ ထိုမေးခွန်းများတွင် ရန်ကုန်မြို့မှာ ဗလိနတ်စာကျွေးမှုနှင့် စပ်၍ အရပ်ထဲ၌ အငြင်းအခုံများလျက် ပညာရှိလူတို့အထံ အတန်တန်မေးဘူးသော မေးခွန်းတရပ်လည်း ပါဝင်နေရာ အမှန်အားဖြင့် အငြင်းဖြစ်ပွါးပြီးသော ထိုမေးခွန်းမျိုးကို မဖြေလိုပါ။ သို့ရာတွင် "စစ်သည်တော် တပ်သားတို့ အမြင်မှန်ရကြပါစေ"ဟု သဘောထား၍ ဖြေခဲ့ရပါတော့သည်။

**မေး။** ။သားစိမ်း ငါးစိမ်းများဖြင့် နတ်များကို ရည်စူး၍ ကျွေးသော "ဗလိနတ်စာ"ကျွေးခြင်းကို ကျမ်းစာမှာ ဘယ်လို ဆိုပါသလဲ။

**အဖြေ။** ။ကျမ်းစာမှာ "ဒေဝတာဗလိ=နတ်များကို ပူဇော်ခြင်း ပ-သခြင်း"ဆိုတာ လာတယ်။ ပူဇော် ပ-သမှုကလဲ အမျိုးမျိုးရှိတယ်။ ကေနိပါတ် ကုဏ္ဍကပူဝဇာတ်မှာ နတ်တို့ကို ခဲဘွယ်ဘောဇဉ် (စားဖွယ်သောက်ဖွယ် မုန့် စသည်)တို့ဖြင့် ပူဇော်ကြကြောင်းကို တွေ့ရတယ်။ အဲဒီ ခဲဘွယ်ဘောဇဉ်ထဲမှ အဆီသြဇာကို နတ်များက ထုတ်ပြီး စားတယ်လို့ ဆိုတယ်။

ကုသိုလ်ကောင်းမှု ပြုတဲ့အခါ နတ်များကို အမျှဝေဘိုရန် ဘုရားရှင်တိုက်တွန်းတော်မူတာလဲ ရှိတယ်။ အဲဒီလို အမျှဝေတာလဲ နတ်များကို ပူဇော်ရာရောက်တာဘဲ။ ဒီလို အမျှဝေ ပူဇော် ပ-သတဲ့အတွက် သူတို့က စောင့်ရှောက်နိုင်သလောက်တော့ စောင့်ရှောက်ကြမှာပေါ့။ တောကြီး ရွာကြီးများ၌ "ရွာတော်ရှင်"လို့ ခေါ်တဲ့ အရှင်ကြီး နတ်ကြီးများ ရှိပုံရတယ်။ ထိုနတ်ကြီးများကို ရွာလုံး နယ်လုံးက အားကိုးကြ, ပူဇော် ပ-သကြတယ်။ လူတွေက ကောင်းနေတဲ့အခါ ဘီလူး သရဲ စသော ဘေးရန်တို့ကို ထိုနတ်ကြီးများက

ကာကွယ်ပေးကြဟန်တူတယ်။ လူတွေက မတရားလွန်းလျှင်တော့ ကာကွယ်ပုံ မရဘူး။ ကျမ်းစာထဲမှာ သားစိမ်း ငါးစိမ်းများနဲ့ နတ်တင်တာ ပူဇော် ပ-သ တာတော့ မတွေ့ရဘူး။ သားစိမ်းငါးစိမ်းရဲ့ အဆီအြဇာဆို ဖြစ်စေ၊ သားစိမ်း ငါးစိမ်းအသားကို ဖြစ်စေ စားတဲ့သူဟာ နတ် ဟုတ်ချင်မှ ဟုတ်မှာပါ။ နတ် ဖြစ်လျှင်လဲ အလွန်ကြမ်းတမ်းတဲ့ နတ်ဘီလူးမျိုးသာ ဖြစ်စရာရှိတယ်။ နတ် ကောင်း နတ်မြတ်တော့ မဟုတ်နိုင်ပါဘူး။

ဘာဘဲဖြစ်ဖြစ်လေ စားသောက်ဖွယ်တွေကို ပူဇော်ရတဲ့ နတ်အားလုံးဘဲ အထက်ဘုံတွေမှာ နေတဲ့ နတ်များ မဟုတ်ပါဘူး။ လူ့ပြည်မှာ သစ်ပင်စသည် ၌နေရတဲ့ ဘုမ္မစိုး ရုက္ခစိုးနတ်မျိုးသာ ဖြစ်ပါတယ်။ အဲဒီနတ်များလဲ ပူဇော် ပသလျှင် ကောင်းကျိုးပေးနိုင်မှုထက် မိရိုးဘလာ ပ-သနေကျကို မ ပ သလျှင် မကောင်းကျိုး ပေးတတ်ဘာက များဟန်ဘူပါတယ်။ မိဘရိုးရာက စ၍ မကိုးကွယ်တဲ့သူများနှင့် မိမိလက်ထက်ကျမှ ကိုးကွယ်မှုကို ဂရုမစိုက်သော လူကြမ်းများကိုတော့ မကောင်းကျိုးလဲ မပေးတော့ပါဘူး။

ဘုန်းကြီး သဘောကတော့ နတ်ကောင်းများကို လူတွေအချင်းချင်း မေတ္တာထားသလို ရောက်လေရာအရပ်၌ မေတ္တာပို့ပြီး ကုသိုလ်ပြုတဲ့အခါ အမျှ ဝေတာဘဲ သဘောကျပါတယ်။ မိမိရဲ့ စားဖွယ် သောက်ဖွယ်များ ပ-သတာကို လဲ မတားမြစ်လိုပါဘူး။ နတ်များက သဘောကျမှာပါဘဲ။ ရောက်လေရာ အရပ်မှာ ပူဇော် ပ-သ မေတ္တာပို့တဲ့အတွက် စောင့်ရှောက်နိုင်သမျှတော့ စောင့်ရှောက်ကြပါလိမ့်မယ်။ သို့သော် တကယ့်အရေးကြီးတဲ့ ကိစ္စမှာတော့ နတ်တွေ မကယ်နိုင်ဘူးဆိုတာကို သိရအောင် ကာလိင်္ဂမင်းနှင့် အဿကမင်းတို့ စစ်တိုက်ခန်းကို ပြောပြမယ်။

## မင်း ၂-ပါး စစ်တိုက်ရာဝယ်

## နတ်-မကယ်နိုင်ပုံ

ကာလိင်္ဂမင်းနှင့် အဿကမင်းတို့ စစ်တိုက်ဘို့စောင်နေတဲ့ နေရာရဲ့ အနီးမှာ ဘုန်းကြီးတို့ ဘုရားအလောင်းတော်ကြီးလဲ ရသေ့ဘဝနဲ့ တရားအားထုတ်နေ တယ်။ သူတော်ကောင်း ရသေ့ထံ သိကြားမင်းလဲ မကြာခဏ တရားနာရောက် တယ်။ ထိုအခါ ကာလိင်္ဂမင်းက သာမန် လူဘသောက်အနေအားဖြင့် ရသေ့ထံ

သွားပြီး ရင်းရင်းနှီးနှီး စကားစမြည်ပြောရင်း မင်း ၂-ပါး စစ်တိုက်လျှင် ဘယ်သူက နိုင်စရာရှိပါသလဲလို့ မေးတယ်။ ရသေ့က ''ငါမသိဘူး။ ငါ့ဆီကို သိကြားမင်းလာလေ့ရှိတယ်။ သူ့ကို မေးပြီးမှ ပြောမယ်။ နက်ဖန်လာခဲ့''လို့ မှာလိုက်တယ်။

သိကြားမင်းလာတဲ့အခါ မေးတော့ ''ကာလိင်္ဂမင်းဘက်က နိုင်ပါလိမ့်မယ်- ရှေ့ပြေးနိမိတ်တွေက ထင်ရှားနေပါတယ်။ ကာလိင်္ဂမင်းရဲ့ အစောင့်အရှောက် နတ်က တကိုယ်လုံးဖြူသော နွားလားဥသဘယောင်ဆောင်ပြီး အဿကမင်း ရဲ့ အစောင့်အရှောက်နတ်က မဲနက်သော နွားလားဥသဘယောင်ဆောင်ပြီး စစ်ထိုးကြပါလိမ့်မယ်။ ထိုအခါ ကာလိင်္ဂမင်းရဲ့ နတ်ဘက်ကဘဲ နိုင်ပါလိမ့်မယ်။ ထိုနိုင်တဲ့နတ်ရဲ့ မင်းဘက်ကလဲ နိုင်ပါလိမ့်မယ်''လို့ သိကြားမင်းက လျှောက် သွားတယ်။

နက်ဖန် ထိုလူလာတော့ ကာလိင်္ဂမင်းကနိုင်လိမ့်မယ်ဆိုတာကို ပြောလိုက်လျှင် ဘဲ ဝမ်းသာအားရဖြစ်ပြီး ပြန်သွားတယ်။ ရှေ့ပြေးနိမိတ်က ဘယ်လိုတွေ့ရ ပါသလဲလို့ မမေးတော့ဘူး။ ဒီသတင်းဟာ စစ်တပ်အတွင်း ပြန့်နှံ့သွားလို့ အဿကမင်းဘက်ကလဲ ကြား သွား တယ်။ ဒါနဲ့ အဿကမင်း စိတ်ပျက်နေ ကြောင်းကို အရှင်သာရိပုတြာအလောင်းဖြစ်တဲ့ နန္ဒိသေနစစ်သူကြီးက ရသေ့ ဟောလိုက်ပုံနှင့်တကွ ကြားသိရတော့ ရသေ့ထံသွားပြန်တယ်။ ရသေ့ကလဲ ''ကာလိင်္ဂမင်းက နိုင်လိမ့်မယ်''လို့ဘဲ ပြောတယ်။ ''ရှေ့ပြေးနိမိတ်ကို ဘယ်လို မြင်ပါသလဲ''လို့ မေးတော့ အစောင့်အရှောက်နတ်များ ပါဝင်တိုက်ခိုက်မယ့် အကြောင်းကို ပြောလိုက်တယ်။

နန္ဒိသေန စစ်သူကြီးဟာ ''ကောင်းပြီ'' ဆိုတဲ့ သဘောနဲ့ ပြန်လာပြီး သူရဲကောင်း တထောင်ကို တောင်ထိပ်ပေါ် ခေါ်သွားတယ်။ အမောင်တို့ ''မင်းတရားအတွက် အသက်ကို စွန့်ဝံ့ကြရဲ့လား'' ''စွန့်ဝံ့ကြပါတယ်'' ''စွန့်ဝံ့ လျှင် တောင်ထိပ်မှ ခုန်ချကြ''လို့ ပြောတော့ အားလုံးက ခုန်ချမယ်လို့ လုပ်ကြတယ်။ ဒီအခါမှာ ''ခု-ခုန်ချတို့ မလိုပါဘူး''လို့ တားမြစ်ပြီး ''စစ် တိုက်တဲ့အခါမှာသာ နောက်မဆုတ်တမ်း ကြိုးစားကြပါ''လို့ တိုက်တွန်း၍ ပြန်ဆင်းလာခဲ့တယ်။

ကာလိဂ်မင်းရဲ့ စစ်တပ်ကတော့ ငါတို့ ကေန်နိုင်မှာဘဲဆိုတဲ့ သဘောနဲ့ ပေါ့ပေါ့ဆဆနေကြတယ်။ နောက် စစ်တိုက်ခါနီးမှာ ရှင်ဘုရင် ၂-ပါး မြင်းစီးပြီးထွက်လာလျှင်ဘဲ နတ် ၂-ယောက်လဲ စစ်တိုက်မယ့်ပုံဟန်ဖြင့် ရှေ့ကပါလာကြတယ်။ အဲဒီ နတ်၂-ယောက်ကို မင်း၂-ပါးသာ မြင်တယ်။ အဿကမင်းရဲ့ နတ်က ကြောက်နေပုံရသတဲ့။

ထိုအခါ စစ်သူကြီးက အဿကမင်းကို "ဘာများ ထူးထူးဆန်းဆန်း မြင်ပါသတုံး"လို့ တိုးတိုးမေးတယ်။ "နတ် ၂-ယောက် စစ်တိုက်မယ်လို့ ဟန်ပြင်နေတာ မြင်တယ်။ ဒို့ဘက် နတ်က ကြောက်ရှုံနေတယ်"လို့ ပြောတယ်။ အရှင်မင်းမြတ် .... သူ့ဘက်က နတ်ကိုသာ အရှင်မင်းမြတ်က ပစ်ခတ်ပါ။ ကျွန်တော်တို့ သူရဲကောင်းတထောင်ကလဲ အရှင်မင်းမြတ်ပစ်တဲ့နေရာကိုဘဲ ဝိုင်းပြီးပစ်ပါ့မယ်လို့ ပြောတော့ ကောင်းပြီဆိုပြီး ကာလိင်္ဂမင်းရဲ့ နတ်ကိုချည်း ဝိုင်းချလိုက်ကြတာ နတ်ဟာ အဲဒီနေရာမှာ ပွဲချင်းပြီးတာဘဲ။ ကေန်နိုင်မယ်ဆိုတဲ့ ရှင်ဘုရင်လဲ ပြေးရရှာရော။

အဲဒီလို သိကြားကိုယ်တိုင် ကေန်နိုင်မယ်လို့ ဟောထားပေမယ့် လုံ့လဝီရိယမရှိတော့ ရှုံးရတယ်။ ကေန်ရှုံးမယ်ဆိုတဲ့ ဘက်ကလဲ လုံ့လဝီရိယနှင့် အကြံကောင်းတော့ နိုင်တာဘဲ။ ဒါ့ကြောင့် တကယ့်အရေးမှာ နတ်-မကယ်နိုင်ရှာဘူးဆိုတာကို နားလည်ပြီး မိမိရဲ့ အကြံဉာဏ်နှင့် ကောင်းသော လုံ့လဝီရိယဟာ နတ်ထက်ပင် အားကိုးလောက်ပါတယ်ဆိုတဲ့ သခ်န်းစာ တရပ်ကို မှတ်သားကြပါ။

# အောင်ခြင်းဂါထာတော်

ဥုံ နမော တေ ဝိဇေတုံ မေ၊

ဇယတော ဒဒတော ဇယံ၊

နင္ဂထမ္ဘံ သဗ္ဗသန္တံ၊

ကရ မေ ဇယမင်္ဂလံ။

ဥုံ၊ အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းစဉ်ကာ မယှဉ်သာအောင်မင်္ဂလာကြီး ဖြစ်ပါစေသတည်း။ နင္ဂထမ္ဘံ၊ ထောက်ပံ့မည့်လူ ကူညီမည့်နတ် ရံပတ်ဝဲယာ ဖြုပ္မာလည်း မရှိပါဘဲ။ သဗ္ဗသန္တံ၊ ကိုယ်နေရှိန်မပျက် တသိန်ထွက်ဘို့ ငြိမ်သက်ဖွေးဖြူ အေးအေးလူလူသာလျှင်။ ဇယတော၊ ပါရမီစက်ဟုန် လက်နက်စုံဖြင့် ချက်ကုန်မလွဲ ပွဲတိုင်းမရှောင် နွဲတိုင်းပင် အောင်မြင်တော်မူပေထသော။ ဇယံ ဒဒတော၊ အောင်ရာစည်းကမ်း အောင်နည်းလမ်း၌ မှီငြမ်းမလစ် အသစ်အဆန်း တစ်ဂဏန်းက မှန်းဆ၍မြော် ပန်းရအောင်လည်း လမ်းပြပေးသနားတော် မူပေထသော။ တေ တဝ၊ မကိုဋ်ရောင်လျှံ ဥသျှောင်ပုံမှာ အောင်လံစွင့်စွင့် လွင့်တလူလူ အောင်တော်မူ မြတ်ဘုရားအား။ မေ၊ မအောင်သေးခင် အောင်ကြေးတင်၍ အောင်မြင်ရန်မြော် တပည့်တော်၏။ ဝိဇေတုံ၊ မရှောင်ခပင်း အခေါင်နင်း၍ အောင်ခြင်းကြီး အောင်ပါရခြင်းအကျိုးငှါ။ နမော၊ အောင်ခဲ့သည့် တန်ခိုးဂုဏ်ကို အမျိုးစုံ မှန်းဆ၍ တမ်းတရှိခိုးပါ၏ ဟုရား။ မေ၊ မအောင်သေးခင် အောင်ကြေးတင်၍ အောင်မြင်ရန်မြော် တပည့်တော်အား။ ဇယမင်္ဂလံ၊ အောင်ရန်အတိတ် အောင်နိမိတ်ဖြင့် အောင်ဘိသိက်သွင်း အောင်ဟိတ်ကျင်းလျက် အောင်ခြင်းဆင်ကာ မင်္ဂလာကို။

ကရ၊ သပြေအနု ငွေခရုဖြင့် ဇေယျတုပုံ မေရုတုန့်အောင် အဖုံဖုံအမူအေးဘို့ ပြုပေးတော်မူပါ့ အောင်တော်မူ အရှင်မြတ် ဘုရား။

[ပါဠိရော အနက်ပါ ဤဂါထာကို ကောင်းစွာ နှုတ်တက်အရကျက်၍ ဘုရားရှင်၏ အောင်မြင်တော်မူပုံကို အာရုံပြုလျက် အိပ်ရာဝင် အိပ်ရာထတိုင်း ရွတ်ဆိုကြပါလေ။]

ဤတွင်ရွေ့ ပြီးပြည့်စုံပြီ။

ဗုဒ္ဓသာသနံ လဇ္ဇီ ရက္ခိဿတိ။
ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

## ဆရာတော် အရှင်ဇနကာဘိဝံသ၏ ကျမ်းစာများ

## ဈေးမှန်ရရှိနိုင်သောဌာနများ။

၁။ သာသနာရေးဦးစီးဌာန စာအုပ်အရောင်းဌာန ကမ္ဘာအေး။

၂။ ကုန်သွယ်ရေးဦးစီးဌာန ကုန်တိုက် (၁) ပန်းဆိုးတန်း ရန်ကုန်မြို့။

၃။ မန္တလေးမြို့ ကုန်တိုက် ၂၆ လမ်း (၈၅၊ ၈၆-လမ်းကြား)။

၄။ မန္တလေးမြို့ တိုင်းသမဝါယမ မြို့တော်ခန်းမ (၂)။

၅။ ရန်ကုန်မြို့ ဦးထိန်ဝင်း ၁၀၇-စိန့်ဂျွန်းလမ်း၊

၆။ ရန်ကုန်မြို့ ဦးထိန်ဝင်း ၁၃၈-ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း၊

၇။ ဦးဘမောင် သိမ်ကြီးဈေး၊ စီရုံ အမှတ်-၁၉ အဝင်ဝ။

၈။ ဒေါ်တင်တင်အေး ၁၄-ရွှေတိဂုံဘုရားကြီးဈေး။


၉။ ဦးအောင်ခန့် လှိုင်ပုံနှိပ်တိုက် ၈၂-လမ်း။

အမှတ် ၂၄၂၃၈
ရက်စွဲ



# နှစ်သက်ရွှင်လန်းနိုင်ပါစေ

တစုံတယောက်၊ ချမ်းသာရောက်ဖို့၊
ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊
ငါတို့ဆရာ၊ ထေရ်မဟာ၏၊
ဘာသာကျမ်းများ၊ စဉ်ပြန့်ပွါး၍၊
မြတ်ဖျား (ဘုရား) သာသနာ၊ ဓွန့်ရှည်ကြာလျက်၊
မြန်မာကောင်းကျိုး၊ အစဉ်တိုးအောင်၊
အားကြိုးမာန်တက်၊ တို့ဆောင်ရွက်သည်၊
နှစ်သက် ရွှင်လန်း နိုင်ပါစေ။



ဆရာတော် ၏ ကျမ်းစာများ ဈေးနှုန်းမှန်ကန်စွာဖြင့် ရနိုင်သော ဌာနများ—

၁။ သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေး။
၂။ ဦးထိန်ဝင်း၊ ၁၀၇၊ စိန်ဂျန်းလမ်း၊ ရန်ကုန်မြို့။
 〃 ၁၃၈၊ ဗိုလ်ချုပ်ဈေးအနောက်ဘက်တန်း၊ ရန်ကုန်။
၃။ ဦးအောင်ခန့်၊ ၈၂- လမ်း၊ လှင်ပုံနှိပ်တိုက်၊ မန္တလေးမြို့။
၄။ မတင်ကင်အေး၊ ပိဋကတ်စာပေ ဖြန့်ချီရေးဌာန၊ အမှတ် (၁၄)၊ ရွှေတိဂုံဘုရား တောင်ဘက်ဈေးတော်ရုံ၊ ရန်ကုန်မြို့။